


www.burmeseclassic.com

www.burmeseclassic.com

ယှ ဂုဏံ အဟံ ဝန္ဒာမိ

မင်းစည္တ-သဒ္ဒါလူမှုလှိုင်

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၆၁၀၆၀၄ |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၈၁၀၆၀၄ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၈၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်မြင့်မြင့်တင် (မြင့်သိဂီပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း -၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးလှနိုင် (မြိတ်စာပေ) အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀) အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။ |
| စီစဉ်သူ | - | ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် ဖြန့်ချိရေး | - | နဂါးစာပေ၊ (မန္တလေး) ထွန်းဦးစာပေ (မန္တလေး) |


# မင်းစည္တ

၏

## ဆက်လက်ထွက်ရှိလာတော့မည့် ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုများ

၁၇။ ပေါရိသအဏ္ဏဝါ

၁၈။ စိတြဒေဝီ

၁၉။ မြိုင်တောကြီးနှင့် သူယောင်မင်းသမီး

၂၀။ မောရိယမာယာ

၂၁။ သိုက်နန်းရှင်နှင့် ရွာပျောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ကြာအင်ပေ မှ

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု စာရေးဆရာ
## မင်းဈဏ္ဏ၏ ထွက်ပြီးစာအုပ်များ


| | | |
|---|---|---|
| ၁။ | မောင်းနှစ်လုံးမောင်ဇီဝ | ထွက်ပြီး |
| ၂။ | ဟိမဝန္တာစေတမာန် | ထွက်ပြီး |
| ၃။ | မျက်နှာမည်းကြီးငိုလိမ့်မည် | ထွက်ပြီး |
| ၄။ | မတစ်ထောင်သား မောင်ထိန်ဘွား | ထွက်ပြီး |
| ၅။ | သေလာတောင်စွယ်ရန်အသွယ်သွယ် | ထွက်ပြီး |
| ၆။ | ဆင်ဂူတောနှင့် သပ္ပေါ်မာယာ | ထွက်ပြီး |
| ၇။ | ကံရာဇာနှင့် ပတ္တမြားလည်ဆွဲ | ထွက်ပြီး |
| ၈။ | ကံရာဇာနှင့် ပဋ္ဌလက်စားညီနောင် | ထွက်ပြီး |
| ၉။ | မဟူရာတောင်ကျိန်စာ | ထွက်ပြီး |
| ၁၀။ | ပြဒါးမြွေ | ထွက်ပြီး |
| ၁၁။ | ဒေဝယက္ခစံအိမ် | ထွက်ပြီး |
| ၁၂။ | လက်ခုပ်သံလား မိုးသံလား | ထွက်ပြီး |
| ၁၃။ | ဗျဂ္ဃပါလသစ္စာ | ထွက်ပြီး |
| ၁၄။ | ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (၁) | ထွက်ပြီး |
| ၁၅။ | ဆင်ကြီးမောင်းထီးနှင့် နန်းစဉ်မကိုင်ရကြီး | ထွက်ပြီး |
| ၁၆။ | သဒ္ဒူလမျက်ရှင် | ယခုထွက်ပြီ |


# မင်းဈဏ္ဏ

# သဒ္ဒူလမျက်ရှင်

ကြာအင်ပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်းစဉ်

## သန္တာ့ပြာကျိုနိဗ္ဗာ


၁။ အကျည်းတန်အကာလ
၂။ သစ်နက်ရုပ်တု
၃။ လိုက်နေသောအန္တရာယ်
၄။ တစ္ဆေကြောက်သူ
၅။ မုဆိုးလေးယောက်
၆။ လျှို့ဝှက်ဂူလိုဏ်လမ်း
၇။ ထူးဆန်းသော မိန်းကလေး
၈။ သစ်နက်ဆိုသည်ကား
၉။ ရှင်နှောင်းဆိုတဲ့ မိန်းကလေး
၁၀။ သစ်ခေါင်းထဲက ပစ္စည်း
၁၁။ ပြန်ဆုံကြရပြီ
၁၂။ လမ်းပြသူရှူးကြီးရာပိုင်
၁၃။ သစ်နက်နောက်က မုဆိုးတွေ
၁၄။ ကဝေပျိုမလေး
၁၅။ တော်လဲသံ
၁၆။ ရွာသူမမင်းစိန်
၁၇။ စုန်းလားလူလား
၁၈။ တောခြောက်တာလား၊ ညည်းတာလား
၁၉။ ဓါးပြသုံးဦးရဲ့ ကြမ္မာ
၂၀။ ရွာထဲရောက်ငနက်ကြီး
၂၁။ ဒေါ်မင်းစိန်အုတ်ဂူ
၂၂။ တောင်ဟီးသံ
၂၃။ မပေါင်းဆိုးရွားလား၊ တောကောင်လား
၂၄။ ရန်ရှာကြသူများ
၂၅။ တော်လဲတောင်ပေါ်မှ ဖြစ်ရပ်များ
၂၆။ သံယောဇဉ်အသစ်နဲ့ကြင်နာမယ်


# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## (၁)

# အကျည်းတန်အကောင်

မိုးကောင်းကင်တစ်ခုလုံး မိုးသားတိမ်လိပ်များဖြင့်. . ဆို့ရစ်ဆိုင်းလျက်ရှိသည်၊ မလင်းတစ်ဖုံ၊ လင်းတစ်ဖုံရှိနေကြသော. . ကြယ်ကလေးများသည်လည်း မည်းမှောင်သော မိုးသားများအောက်မှာ ပျောက်ကွယ်သွားခဲ့ကြလေပြီ၊

"ဂိုမ်း. . ဂိုမ်း. .

ထစ်ချုန်းသံများ ထွက်ပေါ်လာခဲ့သည်၊ တိတ်ဆိတ်နေသော ညကာလပေမို့ ကျယ်လောင်လှသည်၊ မြေပြင်တို့တုန်ဟည်းကာခါထွက်သွားစေသည်၊ သုသာန်ကုက္ကိုပင်ကြီးတစ်ပင်ထက်မှာ အိပ်တန်းတက်နေသော ကျီးများပင်လည်လန့်ပြီး ပျံသန်းကုန်ကြသည်၊ ကျီးပြိုရလောက်အောင်မြည်. . ထစ်ချုန်းမြည်ဟည်းသံကြီးများက နားကွဲမတတ်ထွက်ပေါ်လာနေကြဆဲ. .

"ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. ."

www.burmeseclassic.com

www.burmeseclassic.com



လျှပ်နွယ်လျှပ်ပန်းတွေကလည်း လင်းကနဲ၊ ထိန်ကနဲဖြင့်. . တဖျစ်ဖျစ်မြည်နေကြသည်။ ကောင်းကင်မျက်နှာကြီး တစ်ခုလုံး ထွက်ပေါ်လာနေကြသည့် အက်ကြောင်းရာကြီးများက မိစ္ဆာဘီလူးကြီးများ၏ လက်သည်းရာကြီးများပမာ။ မကြာမီ. .

လေပြင်းများတိုက်ခတ်လာသည်။ သုသာန်ထဲရှိ သစ်ပင်ကြီးငယ်တို့က ပင်ကိုင်းတွေ ညွှတ်ကွေးသွားကြကာ တဖြောင်းဖြောင်းဖြင့် မြည်သွားခဲ့ကြသည်။ အရွက်တွေ တဖြုတ်ဖြုတ်ဖြင့် ကြွေကျကုန်ကြသည်။ လေပြင်းတိုက်ခတ်သံ၊ သစ်ပင်ကြီးငယ်တို့၏ မြည်သံ၊ မိုးထစ်ချုန်းသံများက. . ကျီးအော်မြည်သံများကို ဖုံးလွှမ်းသွားခဲ့သည်။

တစ်ချက်တစ်ချက်. . လျှပ်နွယ်တွေအပြတ်မှာ သုသာန်ထဲရှိ အုတ်ဂူများ၊ မြေပုံမို့မို့များက ထင်းကနဲ. . လင်းကနဲဆို ပြက်ပြက်ထင်ထင်ပေါ် လွင်သွားခဲ့ကြရသည်။ တချို့အုတ်ဂူများမှာ ဟောင်းလောင်းပေါက်များ ဖြစ်နေကြလေပြီ။

လေပြင်းတစ်ချက်တိုက်ခတ်တိုင်း ဇရပ်အိုကြီး၏ အမိုးသွပ်ပြားများက လန်တက်သွားကြကာ တဖြောင်းဖြောင်းဖြင့် မြည်ကုန်ကြသည်။ လေနှင့်အတူ မိုးသက်ရနံ့က ပါလာခဲ့သည်။ မကြာမီ. . မိုးရွာတော့မည့် လက္ခဏာ. .

ထိုအချိန်တွင်. .

ဇရပ်အိုကြီးနှင့် မနီးမဝေးရှိ တဲတစ်လုံးအတွင်း၌ လူနှစ်ယောက်က ထိုင်နေကြသည်။ စကားစမြည်ပြောဆိုနေကြသည်။ တစ်ယောက်က အသက်ငါးဆယ်ကျော်ကျော်ခန့်ရှိမည်။ သုသာန်စောင့်ကြီး ဦးဖုန်း၊ သူ့မျက်နှာက အမြဲတမ်းလိုလို ညှင်းသိုးသိုးနှင့် အရယ်အပြုံးလည်း နည်းသည်။ စကားလည်း





နည်းသည်။ စကားပြောလျှင်လည်း ခပ်ပြတ်ပြတ်. . စိတ်ကောင်းကတော့ရှိသည်။

ဦးဖုန်း၏ရှေ့မှာထိုင်နေသူကတော့ ရာပိုင်ဆိုသူ အသက်သုံးဆယ်ကျော်ကျော်လောက်ပဲရှိဦးမည်။ အသားက နီစပ်စပ်၊ နှာသီးဖျားကလုံးပြီး အနည်းငယ်လန်တက်နေသည်။ ကျီးတစ်ကောင်လို ဂဏှာမငြိမ်သော မျက်လုံးများပိုင်ရှင်၊ ရာပိုင်၏အင်္ဂါရုပ်ကို ဦးဖုန်းက သိပ်သဘောမကျသော်လည်း ခိုကိုးရာမဲ့နေသူတစ်ဦးမို့. . မလွှဲမရှောင်သာ၍ လက်ခံထားရသည်။

"ဦးရီး. . လေရော. . မိုးပါ. . ကျလိမ့်မယ်ထင်တယ်"

"မိုးသက်လေကလည်း တိုက်လာပြီဆိုတော့. . မိုးရွာမှာကတော့ ကျိန်းသေတယ်ဟေ့. . ညဦးပိုင်းက ရုတ်တရက်ချလာတဲ့ အသုဘကိစ္စကြောင့်. . မင်းရော. . ငါပါ အလုပ်များသွားခဲ့ကြရတယ်၊ ပင်လည်းပင်ပန်းသွားကြပြီ၊ စကားကောင်းနေလို့မဖြစ်သေးဘူး. . အိပ်ကြရအောင်. ."

"သေသွားတဲ့ မိန်းကလေးက ဝမ်းရောဂါနဲ့လို့ပြောတယ်၊ ဘျှန်တော်တော့ မယုံဘူး။ သူတို့က ရောဂါကြောက်လို့ ချက်ချင်း သုသာန်ပို့ပြီး သင်္ဂြိုလ်တယ်လို့ပြောတယ်၊ ဒီကောင်မလေးရဲ့ မျက်နှာနဲ့လည်ပင်း . . ခြေသလုံးတွေက ညိုမည်းနေတယ်၊ ဟုတ်မှလွဲရော . . ၊ အဆိပ်သောက်သေတာပဲဖြစ်ရမယ်၊ တာယက်ရှင်တွေက ဒါကို ဖုံးကွယ်ထားချင်တာနဲ့ . . ."

"ဟေ့ကောင် . . ရာပိုင်၊ မင်း . . ထင်ရာတွေ လျှောက်ပြောမနေနဲ့၊ ဒါမင်းအလုပ်မဟုတ်ပါဘူးကွ၊ ရွာက လူကြီးတွေလည်းပါလာကြတာပဲ ဥစ္စာ၊ မင်းပြောသလိုသာဖြစ်ခဲ့ရင် သူကြီးဘာကော လက်ခံပါမလား။ သေသေချာချာစစ်ဆေးမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အရေးယူမှာပေါ့ . . . "

"အဲဒီ သူကြီးရဲ့ ပါးစပ်ပေါက်ကို ပိတ်လို့ရတဲ့ နည်းတွေ အများကြီးရှိပါတယ် . . ဦးရီးရာ . . "

"တော်ကွာ မင်း . . ဘာမှဆက်မပြောရင်ကောင်းမယ်၊ အသံကြောင့်ဖားသေနိုင်တယ်ကွ၊ နေရာတကာ စပ်စပ်စုစုလုပ်တာမကောင်းဘူး . . မင်း မဆင်မခြင်ထပ်ပြောရင် ငါပါဒုက္ခရောက်သွားနိုင်တယ် . . "

ရာပိုင်က ဦးဖုန်းကို စကားဆက်မပြောတော့ တဲ . . အပြင်ဘက်နားမှာပဲ။ ကျောခင်းပြီးအိပ်လိုက်သည်။ မကြာမီ ရေနံဆီမီးတိုင်ခွက်သည်။ လေပြင်းတစ်ချက်ဒဏ်ကြောင့် ဟုန်ကနဲဆို မီးငြိမ်းသွားခဲ့သည်။

➤ ➤ ➤

သန်းကောင်ယံ အလွန်လောက်မှာပင် . . မိုးက အုံးအင်းသရောဖြင့် ရွာချလာခဲ့သည်။ ရွန်းကျင်တစ်ခုလုံး မိုးသံ၊ လေသံများဖြင့် တမဟုတ်ချင်း . . ဖုံးလွှမ်းသွားခဲ့လေ၏။

"ဝေါ . . ဝေါ . . ဝေါ . . ဝေါ . . . "

မိုးသက်လေကလည်း ကြမ်းတမ်းလှသည်။ တဲအစပ်မှာ အိပ်နေသော ရာပိုင်ကို မိုးစက်မှုန်တွေက လာစင်သည်။

ရာပိုင် . . ပိတ်ထားသော မျက်ခွံတွေကိုဖွင့်လိုက်သည်။ တစ်ကယ်တော့ . . သူအိပ်ပျော်နေခြင်းမဟုတ်ပါ။ အိပ်ချင်ယောင်ဆောင်နေခြင်းသာ ရာပိုင်သည် ဘေးတစ်စောင်းအိပ်နေရာက . . ကိုယ်ကိုတဖြည်းဖြည်းနှင့် လှည့်လိုက်ပြီး တဲနောက်





ဘက် အခန်းလေးဆီကို မသိမသာလှမ်းပြီး အကဲခတ်ကြည့်လိုက်သည်။ ဦးဖုန်းသည် သေရည်မူးကာ သူ၏ အခန်းထဲမှာ အိပ်မောကျနေလောက်ပြီဖြစ်သည်။

ရာပိုင်အတွက် အချိန်အခါကျရောက်ခဲ့လေပြီ။ ထို့ကြောင့် အိပ်ပျော်နေရာမှ အသာ ထ,လိုက်သည်။ ဝါးကြမ်းခင်းမြည်သံကို မိုးသံလေသံများက ဖုံးလွှမ်းသွားခဲ့သည်။ ရာပိုင်သည် ခမောက်ကြီး တစ်ခုကို ခေါင်းမှာ ဆောင်းကာ တဲအောက်ကို ဆင်းလိုက်လေသည်။ ထို့နောက်တဲထောင့်မှာ ထောင်ထားသော ပေါက်တူးကို ဆွဲယူလိုက်သည်။

"ဂျိမ်း . . ဂျိမ်း"

ရုတ်တရက် . . . မိုးထစ်ချုန်းသံက ထွက်ပေါ်လာခဲ့သည်။ ရာပိုင် သတိလက်လွှတ်ဖြစ်သွားသည်။ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ ထို့နောက်မိမိကိုယ်ကို ကျိန်ဆဲမိလိုက်လေသည်။ မိုးခြိမ်းသံသည် သူ့ကို ဤမျှလောက်အထိမချောက်ချားစေသင့်ယူ၍ . . . း ။

မိုးထဲလေထဲမှ တဲအပြင်ကို ထွက်လာခဲ့လေသည်။ ခမောက်ကြီးက ခေါင်းလောက်ပဲလုံသည်။ မိုးအပက်ကြမ်းသောကြောင့်တစ်ကိုယ်လုံး ရွဲရွဲစိုသွားခဲ့ရလေ၏။

လျှပ်နွယ်၊ လျှပ်ပန်းတွေက ဖျက်ကနဲ၊ လက်ကနဲ၊ ချုံနွယ်များ၊ ဂမူများ၊ မြေပုံမို့မို့များကို ကောင်းစွာ မြင်လိုက်ရသည်။ ညိုညစ်ညစ်အုတ်ဂူတွေ၊ ဂူပျက်တွေကို ကောင်းစွာမြင်လိုက်ရသည်။ သစ်ပင်ကြီးတွေက ရှည်လျားသော သစ်ကိုင်းသစ်ခက်များကို လက်တံကြီးလိုမြှောက်ကာ ယိမ်းထိုးနေကြသည်။

လျှပ်ပန်း၊ လျှပ်နွယ်တွေ . . အပြက်မှာ သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ငယ်တွေက သူ့ဆီကို ပြေးလာနေကြသလို ထင်လိုက်ရသည်။

သူ မကြောက်တော့ပါ။ သူ့သာန်ထဲမှာအနေကြာလာခဲ့ပြီးဖြစ်၍ ဒီလိုမြင်ကွင်းမျိုးလောက်ကတော့ . . ရိုးနေလောက်ပြီ နေလေပြီ။

ရာပိုင်၏ ခြေလှမ်းများသည် သုသာန်၏ တောင်ဘူးဆီကို ဦးတည်လျက်ရှိသည်။ နေရာတစ်နေရာဆီကို စိတ်ဖော ဖြင့်သွားနေလျက်ရှိသည်။

မြေပုံမှိုမှိုတွေကို ကျော်ကာဖြတ်သွားသည်။ အုတ်ဂူဟောင်းတွေဘေးမှ တွေ့သွားသည်။ တစ်ချို့နေရာတွေဆိုလျှင် မြက်နွယ်ပိုပေါင်တွေကအပြည့်နက်လျက်ရှိနေလေပြီ . . ရာပိုင်သည် ဤသုသာန်ထဲမှာ လအတန်ကြာနေပြီး . . စူးစမ်းလေ့လာခဲ့သဖြင့် မည်သည့်နေရာကိုမဆို မျက်စိမှိတ်ပြီးသွားခဲ့လျှင်ပင် ရောက်နိုင်ခဲ့လေပြီ။ သူ အလွတ်ရနေခဲ့သည်။ မကြာမီ . .

လွန်စွာမှ ကြီးမား မြင့်မားသော ညောင်ပင်ကြီးတစ်ပင်ဆီကို ရောက်လာခဲ့သည်။ အဝေးက ကြည့်နေလျှင် အပင်ကြီး၏ သဏ္ဌာန်သည် . . မည်းမည်းငုတ်တုတ်အုပ်အုပ်ဆိုင်းဆိုင်းကြီးဖြစ်သည်။ မှောင်မိုက်နေသည်။ နေ့လည်ဘက်မှာ အကြောင်းမဟုတ်သော်လည်း ညဘက်မှာတော့ ဒီလိုနေရာမျိုးကို လာရသည်မှာ ခြေလှမ်းတွေက မဝံ့တံ့။

"ဟယ် . . ငါဘာကိုကြောက်ရမှာလဲ။ တစ္ဆေသရဲဆိုတာ တကယ်မရှိဘူး။ သူလည်းမရှိဘူး။ ငါလည်း . . တစ်ခါမှ မဖြစ်ဖူးဘူး။ ငါ . . မယောက်ျားပဲ။ ဘယ်ကောင်ပဲ လာလာ။ ဟောဒီ ပေါက်တူးတာမိသွားမယ် . . "

စိတ်ကို တင်းလိုက်သည် . . ထို့နောက် မိုးရေအစွဲသား





ကိုယ်လုံးဖြင့် ရုပ်ကိုကော့တာ ဆက်၍လျှောက်သွားခဲ့လေသည်။

ညောင်ပင်ကြီး၏ အောက်ကိုရောက်လာခဲ့သည်။ မည်းမည်းငုတ်တုတ်တည်နေသော သဏ္ဌာန်တစ်ခုကို ညောင်ပင်ကြီး၏ အောက်မှာတွေ့လိုက်ရသည်။ တစ်ဝက်တစ်ပြက်ပျက်စီးနေသော အုတ်ဂူမျက်တစ်လုံးကို တွေ့လိုက်ရသည်။

ဂဝံကျောက်ကို အတုံးငယ်များပြုလုပ်ကာ စဉ်သုတ်၍ တည်ဆောက်ထားခဲ့သော ရှေးအုတ်ဂူဟောင်းတစ်လုံး ဤဂူဟောင်းထဲမှာ လဲလျောင်းခဲ့သော သူသည်မည်သူမည်ဝါမှန်းမသိခဲ့။ ကြေးရတက်တစ်ဦး၊ သူဌေးသူကြွယ်လူကုံထံထဲကပဲ ဖြစ်တန်ရာသည်။

သို့သော် မည်မျှပင် ခိုင်ခန့်သော အုတ်ဂူပင်ဖြစ်စေကာမူ နှစ်ပေါင်းရှေ့ကာလကြာမြင့်လာသောအခါ ရာသီဥတုဒဏ်ရန်သူမျိုးငါးပါးဒဏ်ကြောင့် ပျက်စီးရစမြဲပင်။

"ဂိုမ်း . . . ဂိုမ်း"

မိုးခြိမ်းသံများနှင့် အတူလျှပ်စီးကြောင်းတွေက ဖြစ်ပေါ်လာသည်။ တွေဝေနေသော သူ့စိတ်ကို မိုးခြိမ်းသံက နှိုးဆွလိုက်သလိုဖြစ်သွားခဲ့ရသည်။ ထို့ကြောင့် သူ . . ဘာလုပ်ရမည်ကို ချက်ချင်းပင် သိသွားခဲ့ရသည်။

မိုးရေး လေပါ . . တရစပ် အဆက်မပြတ်ကျနေဆဲရှိသည်။ ယင်းအခြေအနေက သူ့အလုပ်ကို တစ်ဖက်တစ်လမ်းအားပေးနေလျက်ရှိသည်။ ရာပိုင်သည် တစ်ဝက်တစ်ပြက်နေသေးသော ဂူအမိုးကို ပေါက်တူးအနောက်ဖြင့် ထုကာ သံးလေးချက်လောက်သာ ရိုက်ချလိုက်သည်။ ဂူအမိုးပြိုကျသွားခဲ့လေ၏။

ထို့နောက် အုတ်ကျိုး အုတ်ပုံများကို ဖယ်ရှားပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်၊ အောက်ခြေသည်ထုတစ်လက်မခန့်သာထူသော အုတ်အပင်းစားများကိုသာ ခင်းထားသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးဖြစ်၍ ပါးလှပ်သောအုတ်များကို ဖေါက်တူးဖြင့် ဆွဲတော်ပြီး ထုတ်ယူရသည်မှာ လွယ်ကူသည်။ တခဏအတွင်းမှာပင် အောက်ခံမြေသားက ပေါ်လာခဲ့လေ၏။ ရန်ပိုင်သည် တစ်ကိုယ်လုံး မိုးခဲရေရွှဲရွှဲစိုလျက်ရှိသည်ကိုပင် ဂရုမစိုက်နိုင်တော့ပဲ . . ဂူအောက်ခြေမြေသားများကို ပေါက်တူးဖြင့် မရပ်မနားပင် ပေါက်လေတော့သည်။

ဂူပျက်ထဲမှာ ဘာမှမရှိတော့သော်လည်း ဂူအောက်မြေပြင်နက်နက်ထဲမှာ တစ်စုံတစ်ရာပစ္စည်းရှိနေသည်ကို သူသိဟန်တူသည်။ ရာပိုင်သည် ဇောကပ်ကာ ပေါက်တူးကို တအားလွှဲကာ၊ လွှဲကားပေါက်နေသည်။ မိုးရေတွေက တရဟောကျလာခဲ့လေရာ မြေသားထဲကို နစ်ပျော်ပြီးတော့ ဝင်သွားခဲ့သည်။ ထို့ကြောင့် တမဟုတ်ချင်းနူးအိသွားသော မြေသားများကို တူးဆွရသည်မှာ လွယ်ကူသည်။ မခဲယဉ်းတော့ . . . ။

မိုးဦးကာလမှာ ပထမဦးဆုံးရွာသွန်းသော မိုးပင်ဖြစ်သည်။ တစ်ရက်၊ နှစ်ရက်လောက်ကတည်းက မိုးသားများက တက်လာကြသည်။ အဇ္ဈောအစ်ခွင်တွင် မိုးရိပ်များက ဆင်လာခဲ့သည်။ မကြာမီ မိုးက ရွာသွန်းဖြိုးတော့မည်ကို ရာပိုင်သိနေခဲ့သည်။ မိုးရွာသည်နှင့် သူ့အတွက် အချိန်ကောင်းက စ, ပြီ၊ အခု . . ဒီနေရာကို သူရောက်နေပြီ။

➤ ➤ ➤





ပေါက်တူးချက်တွေက မြေပြင်ပေါ်ကို တစ်ချက်ပြီး တစ်ချက်ကျလာခဲ့သည်။ ညောင်ပင်ကြီးက အုပ်မိုးနေ၍ မိုးရေတွေက တိုက်ရိုက်ကျမလာခဲ့ကြ။ သစ်ရွက်၊ သစ်ကိုင်းများမှ တစ်ဆင့်ကျလာကြသော မိုးစက်တွေလောက်သာရှိသည်။ မြေသားပြင်ပေါ်မှာ အိုင်မထွန်း သူ့အလုပ်အတွက် အနှောင့်အယှက်မဖြစ်။

သုံးပေလောက်အနက်သို့ရောက်သော် . .

"ဒေါက်"

မြေကြီးပေါ်ကို အရှိန်ဖြင့် ကျလာသော ပေါက်တူးချက်က တစ်စုံတစ်ရာကို ဒေါက်ကနဲမြည်အောင်သွားထိသည်။ သူ့မျက်နှာပြင်မှာ အပြောင်းအလဲတစ်ခုဖြစ်သွားခဲ့ရသည်။ ပေါက်တူးကို လက်မှ ပစ်ချလိုက်သည်။

ဒူးထောက်ချလိုက်ပြီး မြေကြီးကို လက်နှစ်ဖက်ဖြင့် ကုပ်ခြစ်ကာ ဖော်သည်။ အောက်ခြေမှာ မြေသားများက ရွှံ့စေးပမာဖြစ်နေသည်။ မာတောက်ခြင်းမရှိ၊ မြေသားအုံနှစ်တွေကို ဖယ်ရှားရင်း လက်ချောင်းတွေက အမာခံကို စမ်းမိသည်။ သူ . . အားတက်သွားသည် ဆက်၍ဖော်သည်။ မကြာမီ . . .

သံသေတ္တာလေးတစ်လုံးကို စမ်းမိသည်။ သေးသေးလေးရယ် . . ခြောက်လက်မပတ်လည်လောက်ပဲရှိသည်။ အောက်အနက်ကလည်း သိပ်မရှိ၊ ရှစ်လက်မသာသာလောက်ပင်။

သေတ္တာပက်ပတ်လည်မှာ မြေသားများကို လက်နှင့်သက်ပြီးတော့ ဖော်လိုက်သည်။ သံသေတ္တာလေးသည် ရာပိုင်၏ လက်ထဲကို ပါလာခဲ့လေ၏။ သံသေတ္တာကလေးက အလေးသား၊ အဖိုးတန်ပစ္စည်းရှိနေပြီးဆိုသည်ကို တုန်လှုပ်စွာပင်သိနားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒြော် . . ရာပိုင် . . မင်းရဲ့အကြံက ဒီလိုကိုး . . ."

မိုးခြိမ်းသံတွေကြားထဲမှ ဒေါသထွက်ပြီးထွက်ပေါ်လာသည့် . . . အသံ မိုးခြိမ်းသံထက်ပင် ကျယ်လောင်သည်ဟု ထင်ရသည်။ ရာပိုင် . . ဆက်ကနဲဆိုတုန်လှုပ်သွားခဲ့ရသည်။ လက်ထဲမှာ ကိုင်ထားသော သံသေတ္တာလေးသည်ပင် လွတ်ကျသွားမတတ်ဖြစ်သွားခဲ့ရသည်။

ခေါင်းကိုမော့ကြည့်လိုက်ရာ ဆောင်းထားသော ခမောက်သည် နောက်ကိုလန်ကာ ပြုတ်ကျသွားခဲ့ရသည်။

သုသာန်စောင့်ကြီး ဦးဖုန်းသည် သူ့အနားကိုရောက်နေသည်။ ခေါင်းပေါ်မှာလည်း မည်သည့်အဆောင်းမှမပါ။ သူ့တစ်ကိုယ်လုံးသည် မိုးရေတွေဖြင့် ရွှဲပြီးတော့ နစ်နေသည်။

လျှပ်နွယ်၊ လျှပ်ပန်းတွေက တဖျတ်ဖျတ်ဖြင့် ပြတ်နေသည်။ ဦးဖုန်း၏မျက်နှာကြီးကို ထင်းကနဲမြင်လိုက်ရသည်။ တင်းမာခက်ထန်နေသော မျက်နှာထားကြီးက ဒေါသသိပ်ထွက်နေကြောင်းကို ဖော်ပြနေသည်။ လူသေမျှားထားသော သုသာန်ထဲမှာနေသူမို့လားမသိ၊ ဖြူဖျော့ဖျော့မျက်နှာကြီးသည် လူသေကောင်မျက်နှာနှင့်မခြားရှိနေသည်။ ကြောက်စရာကောင်းနေသည်။

ရာပိုင်သည် ဦးဖုန်းကို ဘာပြန်ပြောရမှန်းမသိအောင်ပင် . . အာစေးမိနေသည်။ ငေးကြောင်ပြီးတော့ ကြည့်နေသည်။

"မင်းကို . . ငါမသင်္ကာနေတာကြာပြီ ရာပိုင်၊ ငါ့ဆီကို ခြေလွတ်လက်လွတ်ရောက်လာပြီး ခိုကိုးရာမဲ့ဘဝနဲ့ ပစ္စလက္ခတ်လာနေတယ် . . ပြီးတော့ သုသာန်ထဲမှာ လျှောက်သွားပြီး တစ်ခုခုကို လိုက်ရှာနေတယ်၊ မင်းမှာ အကြံအစည်ရှိနေတယ်ဆိုတာ ငါသိလာခဲ့ရတယ် . .





ခုတော့ ငါထင်တဲ့အတိုင်းဖြစ်လာခဲ့ရတာပဲ . . အကြောင်းရင်းနဲ့အခြေခံက မင်းရဲ့လက်ထဲက ပစ္စည်းကိုး၊ အဲ့ဒီတ္တောလေးက ဘာလဲ၊ အထဲမှာ . . ဘာရှိသလဲ . . ပေးစမ်း ငါ့ကို . ."

"ကျွန်တော် . . အကြောင်းရှိလို့ ဒီနေရာကို ရောက်လာတာတော့မှန်တယ်၊ ဒါပေမဲ့ ဒီပစ္စည်းဟာ ဦးရီးနဲ့မဆိုင်ပါဘူး . ."

"ဘာကွ၊ ငါနဲ့ မဆိုင်ဘူး ဟုတ်လား၊ ငါ့သုသာန်ထဲကို ရောက်လာပြီး ငါ့ကိုအသိမပေးပဲ မင်းက ခိုးကြောင်ခိုးဝှက်နဲ့ ရတနာတွေကိုလာရှာတာ . . သူခိုးသူဝှက်ရဲ့ညဏ်ပဲ . . မင်းက ကလိမ်ခြံတစ်ယောက်ပဲ ရာပိုင် . .

ဒီနေရာဟာ . . ငါ့နေရာ၊ ငါ့ပိုင်နက်ပဲ . . မင်း ဒီပစ္စည်းကို ဘယ်လိုပဲရရ . . ငါနဲ့လည်းဆိုင်တယ် . . မင်း . . ငါ့လက်ထဲကို အပ်မလား . . မအပ်ဘူးလား . . ပြော . ."

ဦးဖုန်းသည် လက်ထဲမှ ဓါးရှည်ကြီးကို မြှောက်ကာ အပေါ်မှ ခုတ်ချတော့မည်ဟန်ပြုသည်။

"ဦးရီး . . ဒီ . . ဒီလိုမလုပ်ပါနဲ့ဗျာ၊ ဒီပစ္စည်းကိုရဖို့အတွက် ကျွန်တော်နှစ်တွေအကြာကြီး စုံစမ်းလာခဲ့တာပါ။ အဲ့ . . အဲ့ဒီတော့ . . ဒီ . . ဒီလိုလုပ်ပါလားဗျာ . ."

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ . . ငါ့ကိုတော့ . . ဈေးမဆစ်နဲ့နော် . ."

"ဈေးဆစ်တာ မ . . မဟုတ်ပါဘူး၊ တစ်ယောက်တစ်ဝက်ယူဖို့ပြောမလို့ပါ . ."

"မင်းက ငါ့အပေါ်မှာမရိုးသားဘူး၊ ငါကျွေးတဲ့မင်းကို ကျွေးပြီးတော့ တစ်ယောက်တည်းကြိတ်ကြံတယ်၊ ငါသာ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခဲ့ရင် ဒီပစ္စည်းကို ယူပြီး . . မင်းထွက်ပြေးမှာပဲ . . မင်းတာ လူမိုက်လို့ . . တစ်ယောက်တစ်ဝက်စကားပြောတာ၊ မလိုချင်ဘူး . . ငါနေရာမှာ ရှာတွေ့တဲ့ပစ္စည်းဟာ ငါ့ပစ္စည်းပဲ၊ ငါနဲ့ပဲဆိုင်တယ် . . ငါ့လက်ထဲကိုထည့် . . "

"ဦးရီး . . ကျွန်တော် ဦးရီးကို မပြောမိခဲ့တာ . . မပြောသင့်တဲ့ကိစ္စလို့ထင်မိလို့ပါ . . တောင်းပန်ပါတယ်၊ ဦးရီးကျွေးခဲ့တဲ့ထမင်းကျွေးကိုလည်း ပြန်ဆပ်ချင်ပါတယ် . . ကျွန်တော့်ရဲ့လုံ့လ၊ ဝီရိယအားကိုလည်း ပြန်ပြီး ငဲ့ညှာတဲ့အနေနဲ့ တစ်ဝက်ပဲ ယူပါဗျာ . . "

"မင်း . . ငါ့ကို စျေးမဆစ်နဲ့ . . မင်းပြောတာကို ငါ . . လက်မခံဘူး၊ မင်းရဲ့လက်ထဲက ပစ္စည်း . . ငါ့ကိုပေးမှာသာ ပေးလိုက်စမ်းပါကွာ . . "

"ကျွန်တော် မပေးနိုင်ဘူး၊ တစ်ယောက်တစ်ဝက်ယူပါမယ်ဆိုလည်း လက်မခံဘူး၊ ကျွန်တော့် ဦးနှောက်၊ အကြံအစည်နဲ့ရထားတဲ့ပစ္စည်းမို့ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး . . "

"အေး . . မပေးနိုင်ဘူးဆိုရင်တော့ ရတဲ့နည်းနဲ့ယူရမှာပေါ့ကွာ၊ မင်းကိုသတ်ပြီးမှ ငါယူမယ်ဟေ့ . . "

စကားဆုံးသည်နှင့် ဦးဖုန်း၏လက်ထဲမှ ဓါးက ရာပိုင်ဆီကိုကျလာခဲ့သည်။

"ဝှစ် . . "

"ရှပ် . . "

လျှပ်ရောင်အပြက်မှာ ဓါးရောင်ကလည်း လက်ကနဲပြ[illegible]သွားခဲ့ရသည်။ ဦးဖုန်း၏အခြေအနေကို သတိထားနေသော ရာပိုင်ကလည်း သူ့အပေါ်မှာ ပန်းကုံးပြတ်ကျလာသော ဓါးချ[illegible]





ကိုလှမ်းရှောင်လိုက်သည်။ ဓါးချက်က သီသီလေး လွဲချော်သွားသည်။

"မင်း . . မင်း ငါ့ကို မလိမ့်တစ်ပတ်လုပ်တယ်၊ မင်းကို . . အရှင်မထားဘူး . . မင်းကိုသတ်ပြီးမှ သေတ္တာကို ငါယူမယ်၊ ဟောဒီ . . မင်းကိုယ်တိုင်တူးထားတဲ့တွင်းဟာ မင်းအတွက်ပဲ မင်းကို . . မြှုပ်ဖို့ပဲ . . "

"ဂျိမ်း . . ဒရိမ်း . . "

ဦးဖုန်း၏ အသံကြည်ကြည်ကြီးက မိုးခြိမ်းသံနှင့်အတူ ထွက်ပေါ်လာခဲ့သည်။ ဓါးချက်တွေကလည်း ရာပိုင်၏ ကိုယ်ပေါ်ကို အဆက်မပြတ်ကျလာခဲ့သည်။ ရာပိုင်သည် ဓါးချက် မမိစေရန် လှိမ့်ပြီးတော့ ရှောင်နေရသည်။

"ဦးရီး . . လွှန် . . လွှန်မယ်နော်၊ ကျွန်တော်တို့ ဒီလိုလုပ်ဖို့ မလိုဘူး၊ ကျွန်တော် ဦးရီးကို တစ်ဝက်ပေးပါမယ်လို့ ပြောထားပြီးပြီပဲ . . "

"ဘာတစ်ဝက်လဲ၊ မလိုချင်ဘူး . . မင်း ငါ့ဓါးချက်နဲ့ သေကိုသေရမယ် . . မင်းသေမှ ဒီသေတ္တာကို ငါယူမယ် . . "

ဒီတစ်ခါပြောပြီး ခုတ်ချလိုက်သော ဓါးချက်က ပိုပြီး အားပါလှသည်။ ထို့ကြောင့် ဦးဖုန်းကိုယ်တိုင်လည်း အရှိန်လွန်ပြီး ခမှောက်လျက်လဲကျသွားခဲ့ရလေသည်။

တစ်ပြိုင်နက်တည်းမှာပင် . . ရာပိုင်သည် ကြောက်ကန်ဘန်ပြီး ဦးဖုန်းကို ပေါက်တူးအနှောင့်ဖြင့် ထုချလိုက်လေ၏။

"ဒုတ် . . "

"အား . . "

ငယ်ထိပ်ကို ထုချမိသွားခဲ့ရသည်ဖြစ်ရကား . . တစ်ချက်သာ . . အော်မိလိုက်နိုင်ပြီး . . တွင်းထဲကို ကျသွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ဦးနိုး . . ဦးနိုး . . "

ရာပိုင်အသိတ်တလန့်ဖြစ်သွားခဲ့ရသည်။ တွင်းထဲကို ဆင်းပြီး ကိုယ်ပေါ်မှာ စမ်းသပ်သည်။ မိုးရောစလေပါ . . တစ်ပေါ်ပေါ်ဖြင့် ထွက်ပေါ်လာနေကြသော အသံတွေက အဆက်မပြတ် . .

ဦးဖုန်းသည် လုံးဝမလှုပ်ရှားတော့ပါ။ ညည်းညူသံလေး ပင်ထွက်ပေါ်မလာတော့ပါ . .

"သေသွားပြီထင်တယ် . . ငါ့ခြေလှမ်းလက်လှမ်းဖြစ်သွားပြီ ငါ့လူတစ်ယောက်ကို အကြောင်းမဲ့ မတော်တဆသတ်မိလိုက်ပြီ ပါတောတီပါတဲ့တကို ငါ . . ကျူးလွန်မိခဲ့ပါပေါ့"

ရာပိုင်သည် အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ ထို့ကြောင့် နေရာမှထလိုက်ရသည်။ သူ . . ဒီမှာ ဆက်နေလို့မဖြစ်တော့။ ပြေးရတော့မည်၊ တွင်းဘောင်ပေါ်မှာ ကျနေသော သံသေတ္တာလေးကို ကောက်ယူလိုက်သည်။

နေရာက ချက်ချင်းထွက်သွားတော့မလို့ပြုပြီးမှ . . တစ်စုံတစ်ခုကို သတိရသွားခဲ့ရသည်။

"ငါ . . သူ့အလောင်းကို ဒီအတိုင်းထားခဲ့လို့မဖြစ်ဘူး မဖြစ်ဘူး . . လုံးဝမဖြစ်ဘူး . . "

ရာပိုင်သည် သံသေတ္တာခါလေးကို ပြန်ချလိုက်ပြီး ပေါက်တူးကိုကောက်ယူလိုက်သည်။ ထို့နောက် မြေစာများကို ပေါက်တူးဖြင့် တွင်းထဲကို ယက်ချနေလေတော့သည်။

၁၅





(၂)

## သစ်နက်ရုပ်တု

ရာပိုင်သည် နက်ရှိုင်းသော တောကြီးမျက်မည်းထဲသို့ ရောက်နေသည်။ မည်သည့်အကြောင်းကြောင့် ဤနေရာကို ရောက်နေသလဲတော့ မသိ . . . သူ့ကိုယ်သူလည်း နားမသည်မီ။

သူသိသည်က . . အလိုလိုနေရင်း စိတ်ထဲမှာ ချောက်ချားသျက်ရှိသည်။ နောက်ကျောမလုံသလို ခံစားနေရသည်၊ ကြောက်လန့်သည့်စိတ်က ဝင်နေသည်၊ နေရာမှာ ရပ်နေသည် ထက် . . လျှောက်သွားနေလျှင် ပိုပြီးတော့ စိတ်သက်သာရာ ရလိမ့်မည်ဟု ထင်နေမိသည်၊

ထို့ကြောင့် . .

သစ်ပင်ကြီးသစ်ပင်ကြားမှာ လျှောက်ပြီးသွားနေသည်၊ တောအုပ်ကြီးသည် နေရောင်ပင်မထိုးနိုင်အောင် ထူထပ်မှိုင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]သော သစ်ပင်ကြီးများကြောင့် မှောင်မည်းနေသည်။ [illegible]ဝင်လာသော အလင်းရောင်ကြောင့်သာ ပတ်ဝန်းကျင်ကို သိသာစွာမြင်နိုင်လေသည်။

သို့ရှိစဉ်. .

ချုံကွယ်တစ်ခုမှ မျက်လုံးအစုံသည် ရာပိုင်ကို စူးစိုက်ပြီး ကြည့်နေလျက်ရှိသည်။ မျက်တောင်ခတ်လိုက်တိုင်းမှာ မျက်လုံးတစ်တွေက တဖျတ်ဖျတ်နှင့် အရောင်ဟောက်သွားခဲ့ရသည်။

ချုံကွယ်တစ်ဖက်မှ ငြိမ်သက်နေသော ကိုယ်လုံးကြီးသည် နှာဖျားမှ အမြီးအထိ. . ကိုးပေခန့်ရှိသည်။ အမြင့်မှာ နှစ်ပေခွဲခန့်ရှိလေသည်။ ယင်းသတ္တဝါကြီး၏ အရောင်အဆင်းမှာ. . တစ်ကိုယ်လုံးနက်မှောင်လျက်ရှိသည်။ နှုတ်ခမ်းမွေး၊ ခြေသည်းလက်သည်းများကအစ နက်မှောင်လျက်ရှိသည်။ ပြောင်လက်သော အမွေးအမျှင်များသည်လည်း နူးညံ့ကာ နက်မှောင်နေကြသည်။

ယင်းသတ္တဝါကား အခြားမဟုတ်၊ သစ်နက်ကြီး တစ်ကောင်ပင်တည်း၊ ရာပိုင်သည် သူ့ကို သစ်နက်ကြီး ချောင်းမြောင်းနေသည်ကို မသိပေ။

ရာပိုင်၏နောက်ကို သစ်နက်ကြီးက တကောက်ကောက် ဖြင့်လိုက်နေသည်။ ရာပိုင်သည် မိမိ၏နောက်ကျောကို မလုံသလို ခံစားလာခဲ့ရသည်။ ရှေ့ကို ဆက်လျှောက်ရန် မဝံ့ရဲတော့၊ ထို့ကြောင့် နောက်ကိုဖျတ်ကနဲဆို လှည့်ကြည့်လိုက်လေသည်။ ရာပိုင် မျက်လုံးတွေသည် ဝိုင်းစက်ပြူးကျယ်သွားခဲ့ရသည်။ ခေါင်းသည် နဂိုထက်ငါးဆခန့်ကြီးသွားခဲ့ရသည်။

သူမြင်လိုက်ရသည်ကား. . ကြီးမားသော သစ်နက်ကြီး





တစ်ကောင်ပင်တည်း. . ထို့နောက်. . သေဘေးကို ချက်ချင်း သတိရသွားခဲ့ပြီး ထွက်ပြေးလေတော့သည်။

"ခွီး. ."

နောက်မှခွီးကနဲဆို အာခေါင်ခြစ်သံကြီးထွက်ပေါ်လာပြီး. . သူ့ခေါင်းပေါ်မှ သစ်နက်ကြီးက ဝှားကနဲဆို ခုန်ကျော်ပြီး ထွက်သွားခဲ့သည်။ ရာပိုင်၏ရှေ့ဆယ်ပေအကွာလောက်မှာ. . ဖုတ်ကနဲဆို သွား၍ကျသည်။

ထို့နောက် ချက်ချင်းပင် ခေါင်းရော၊ ကိုယ်ပါ. . ပြန်လှည့်လိုက်ကာ ရာပိုင်ကို စူးစူးရှားရှားကြီးကြည့်နေလေသည်။

ညအမှောင်မဟုတ်ပဲနှင့်ပင်. . သစ်နက်ကြီး၏ မျက်လုံးများမှာ ထူးခြားစွာပင် အရောင်တောက်ပလျက်ရှိသည်။ သစ်နက်အထီးကြီးတစ်ကောင်ပင်ဖြစ်သည်။

သစ်နက်ကြီးသည် ပါးစပ်ကြီးကိုဖြဲလာကာ တဟင်းဟင်း နှင့်ဝမ်းခေါင်းသံကြီးပေးလိုက်သည်။

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. ."

အစွယ်လေးချောင်းသည် ဖွေးဖွေးထ,နေကာ ချွန်ထက်သောသွားတွေကလည်း ပေါ်နေပြီး ဖြဲခြောက်နေသည်။

ရာပိုင်. . ရှေ့ကိုလည်း မတိုးရဲတော့၊ နောက်ကိုလည်း ဆုတ်ရဲတော့၊ ဘယ်ကိုပဲပြေးပြေး. . လွတ်မည်မထင်ပါ. .

သစ်နက်ကြီးက ဒေါသထွက်နေသည်။ တစ်ကိုယ်လုံး ဘာန်လှုပ်နေသည်။ ရာပိုင်ကို ခုန်အုပ်တော့မည့် အခြေအနေမျိုး ရှိသည်။ သစ်နက်ကြီး၏ စူးလက်သောမျက်လုံးတွေက ရာပိုင်ကို မပြေးနိုင်အောင် ထိန်းချုပ်ထားသလိုပင်၊ နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

[illegible]နေသော ခြေလှမ်းတွေဂ. လည်း မရွေ့လျားနိုင်ကြ [illegible]

သို့သော်. .

တစ်ကယ်ရွေ့လျားနေသူက သစ်နက်ကြီးပင်၊ ရာပိုင့်ကို မျက်နှာမူကာ တစ်ရွေ့ရွေ့တိုးကပ်လာခဲ့သည်။ ယင်းသတ္တဝါကြီး၏... ကြီးမားသော ကိုယ်လုံးကြီးနှင့် မျက်နှာကြီးသည် ရာပိုင်နှင့် နီးသထက်နီးကပ်လာလေ၏။

သစ်နက်ကြီး၏ နက်မှောင်သော နှုတ်ခမ်းမွေးကြီးများ ကကားတက်နေကြကာ လှုပ်လှုပ်ရှားရှားရှိနေကြသည်။ ရာပိုင်၏ တစ်ကိုယ်လုံး ချွေးစေးများပျံလျက်. . ဘယ်ကိုမှ ရွေ့လျား၍မရတော့ပဲ ကျောက်တိုင်ကြီးပမာ. . နေရာမှာ မြဲမြဲလျက်ရှိသည်။ သစ်နက်ကြီးက ရာပိုင်နှင့် လက်တစ်ကမ်း အကွာလောက်ကို ရောက်လာသောအခါ. .

"ဟိတ်. . စနက်ကြီး. . နောက်ဆုတ်လိုက်စမ်း၊ ဘာလဲ နင်ကဒါလောက်တောင် ရန်လိုရသလား. ."

မမျှော်လင့်ပဲ အသံတစ်သံက ထွက်ပေါ်လာခဲ့သည်။ ထိုအခါ. . သစ်နက်ကြီး၏ ခြေလှမ်းများသည် တန့်သွားခဲ့ရသည်။ အမိန့်ပေးလိုက်သောသူသည် သစ်နက်ကြီး၏ သခင်ဖြစ်ဟန်တူသည်။ လေသံက ကျစ်လစ်သည်။ ဩသည်။ ထက်မြက်သည်။ အမျိုးသမီးကြီးတစ်ယောက်၏ အသံပင်ဖြစ်သည်။

"ဟဲ့. . ထွက်သွားလေ၊ ဒီနေရာမှာ ရပ်မနေနဲ့. . ပေကပ်ကပ်နဲ့ ဘာလုပ်နေတာလဲ. ."

အသံကထပ်ပြီးတော့ ထွက်ပေါ်လာသည်။ သစ်နက်ကြီးက ချာကနဲဆိုလှည့်ထွက်သွားသည်။ ရာပိုင်သည် အသံလာရာ





ဆီကို လှမ်းကြည့်မိလိုက်သည်။ တစ်ပင်တိုင်ဝါးရုံကြီး၏ အောက်မှာရပ်နေသော အမျိုးသမီးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ အသက်ငါးဆယ်ကျော် အဖွားအိုတစ်ယောက် ဆိုလျှင် ပိုပြီးတော့ မှန်ပေလိမ့်မည်။

သို့သော်. .

ထိုအဖွားအို၏မျက်နှာကို မြင်လိုက်ရသောအခါ အံ့ဩ ထိတ်လန့်သွားခဲ့ရသည်။

အဘယ့်ကြောင့်ဆိုသော်. . လွန်စွာမှ အံ့ရုပ်ဆိုး၊ အကျည်းတန်သောသူဖြစ်နေသောကြောင့်ပင်တည်း၊ နဖူးက ကျဉ်းကျဉ်း၊ နှာသီးဖျားက ကောက်ကောက်၊ နှုတ်ခမ်းကလည်း ထွဲတွဲ၊ မျက်လုံးတွေကလည်း မွဲခြောက်ခြောက်နှင့် သဖြေသီး မှည့်ရောင်မျက်ခွံနှစ်ဖက်သည် အရောင်အဆင်းမရှိသော မျက်ခုံးတွေကို ဖုံးအုပ်ထားသည်။

နက်မှောင်သော အောက်မျက်ကွင်းသည် ချိုင့်ဝင်လျက် ရှိပြီး မျက်လုံးတွေက အနောက်ဖက်ကိုရောက်နေသည်။ တစ်ခါတစ်ရံမှာတော့ ထိုမျက်လုံးများသည် ချက်ချင်းလိုလို အရောင်တောက်လာသလိုရှိသည်။

သူမ၏မျက်နှာပြင်ထက်က အရေးအကြောင်းများသည် လျော့တိလျော့လဲဖြစ်နေသော မွဲခြောက်ခြောက်အရည်ပြားပေါ်မှာ. . ထင်းထင်းကြီးပေါ်လွင်လျက်ရှိလေသည်။

ယင်းမျက်လုံးများ၏နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေသည်။ သမာမှုများ၊ မသမာမှုများဖြင့် ပေါင်းစပ်ထိုက်နွယ်နေသည်ဟု ယူဆလျှင် ရနိုင်လေသည်။

ထိုအဖွားအိုသည် အသက်ငါးဆယ်ကျော်သော်လည်း


www.burmeseclassic.com

www.burmeseclassic.com



[illegible]သော်လည်းကော်င်း ပိုနိုင်သည်။ အသက်ကို ဆန့်ခန်းနိုင်ရန် ခက်ခဲလှသည်။ လက်ထဲမှ ဟောင်ဒေါ့ တစ်ချောင်း ကိုင်ထားသော်လည်း ခါးကတော့မကိုင်းသေးပေ၊ သံချောင်း တစ်ချောင်းကိုထောင်ထားသလို သန်မာနေဆဲပင်။

ထိုအမျိုးသမီးကြီး၏ မျက်နှာနှင့် သန်မာသော ကိုယ်လုံးကိုယ်ပေါက်၊ အသက်အရွယ်စသည်တို့သည် မည်သို့မျှ လိုက်ဖက်ခြင်းမရှိဟု ထင်မိသည်။

• ရာပိုင်နှင့် ထိုအမျိုးသမီးကြီးတို့သည် အကြည့်ချင်း ဆုံသွားခဲ့လေ၏။ ထိုအခါ မွဲခြောက်ခြောက်ရှိနေသည်ဟု ထင်ရသော မျက်လုံးများသည် ရုတ်တရက် ထူးခြားစွာပင် အရောင်တောက်လာသည်ဟု ထင်လိုက်ရသည်။ သူမ၏ အကြည့်သည် ရာပိုင်၏ရင်ထဲကို ထိုးဖောက်ပြီးတော့ ဝင်ရောက်သွားခဲ့သည်ဟု ထင်လိုက်ရလေသည်။ တစ်ပြိုင်နက်တည်းမှာပင် ကြောက်စိတ်များက ဖြစ်ပေါ်လာခဲ့မိလေသည်။

ထိုကြောက်စိတ်သည် ကျားသစ်နက် (သစ်နက်) ကြီးကိုကြောက်သည့် စိတ်ထက်ပင်ပိုသည်။ ရှိုးတွင်းချဉ်ဆီခိုက်သွားခဲ့သည်အထိ ခံစားလိုက်ရသည်။ ထိုအမျိုးသမီးကြီးသည် ရာပိုင်ကို အတန်ကြာအောင် စူးစူးစိုက်စိုက်ကြီးကြည့်နေပြီးမှ. . သစ်နက်ကြီးနှင့်အတူ တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေသည်။

➤ ➤ ➤





ရာပိုင့်တစ်ကိုယ်လုံး ချွေးစေးများပျံလျက်ရှိသည်။ အိပ်ယာက ရုတ်တရက်ထလိုက်သော်လည်း မထနိုင်ပါ။ အကြောတွေသေနေသလို ခံစားလိုက်ရသည်။ ရင်ထဲမှာလည်း တဒိတ်ဒိတ်ဖြင့် ခုန်နေသည်။ ထို့ကြောင့် ပက်လက်အနေအထား ကပင် ရင်ပတ်ပေါ် လက်နှစ်ဖက်ကို ထပ်၍တင်ကာ မျက်လုံးတွေကိုပြန်မှိတ်ထားလိုက်ရသည်။

တစ်ကယ်တော့ သူ. . အိပ်မက်,မက်နေခြင်းပင်၊ ဒီလို အိပ်မက်မျိုးကို မက်ခဲ့သည်မှာ တစ်ခါမကတော့ပြီ၊ ခဏ ခဏ မက်ရလွန်း၍လည်း ပိုပြီးတော့ ချောက်ချားလာခဲ့ရသည်။

အိပ်မက်ထဲမှ အကျည်းတန်အရုပ်ဆိုး မိန်းမကြီးနှင့် သစ်နက်ကြီးတို့သည် သူ့ကို အပြင်မှာလည်း ခြောက်လှန့်နေဆဲပင်ဖြစ်သည်။ မည်သို့သောအကြောင်းကြောင့် ဤသို့အိပ်မက်မျိုးကို ခဏ ခဏမက်ရသလဲ မပြောတတ်ပါ။

ရာပိုင်သည် စိတ်သက်သာရာ အနည်းငယ်ရသွားသော အခါ အိပ်ယာမှထလိုက်ပြီး မီးခြစ်ကာ. . မီးခွက်ကို ထွန်းညှိလိုက်သည်။ မီးအလင်းရောင်သည် ကျဉ်းမြောင်းသော အခန်းကလေးထဲမှာ ပျံ့နှံ့သွားခဲ့လေ၏။

သူ၏မျက်လုံးတွေက အိပ်ယာဘေးရှိ သံသေတ္တာလေး တစ်လုံးဆီကိုရောက်သွားခဲ့သည်။ လက်ကလည်း သံသေတ္တာ လေးဆီကို ရောက်သွားခဲ့သည်။ လက်ချောင်းလေးတွေက တုန်ယင်နေသည်။ သံသေတ္တာအဖုံးကို ဖွင့်လိုက်သောအခါ သစ်နက်ရုပ်တုလေးတစ်ခုက ပေါ်လာခဲ့သည်။

အလျားခြောက်လက်မ၊ အမြင့် လေးလက်မခန့်ရှိပေမည်။ မည်သည့်အသားဖြင့် ထုလုပ်ထားမှန်းမသိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်ရသည်မှာ နူးညံ့လှသည်။

[သစ်ကတ္တီပါဖြင့် ပြုလုပ်ထားဟန်တူသည်။ ကတ္တီပါကဲ့သို့နူးညံ့သော အသားဖြင့် သစ်ပင်တစ်မျိုးရှိသည်။

လွန်စွာမှ နက်ရှိုင်းသော တောကြီးမျက်မည်းများအတွင်းမှာသာ ပေါက်ရောက်တတ်သည်။ နူးညံ့ပြီး ကျစ်လစ်ပေါ့ပါးသောသစ်သားတစ်မျိုးပင်ဖြစ်သည်။ မင်းစိုးရာဇာတို့၏ ပရိဘောဂပစ္စည်းများကို ထိုသစ်ကတ္တီပါသားဖြင့် ပြုလုပ်သည်ဟု သိရသည်။ ရုပ်တုများကိုလည်း ပြုလုပ်ဟန်တူသည်။ ပိုးမစား၊ ခြမကိုက်၍ လူကြိုက်များသည်။

လွန်စွာမှရှားပါးသော သစ်သားဖြစ်၍ ရရန်လည်း မလွယ်ကူချေ။ တချို့က ဂန္ဓဗ္ဗနတ်မျိုးစောင့်သော သစ်ပင်ဟု ဆိုကြသည်။ သူတို့ကလည်း ပေးမှ ထိုက်သူလည်းရှိမှရသည်ဟု ဆိုကြသည်]

[သစ်ပင်အတွင်း သစ်ခေါင်း၌ဖြစ်သောနတ်ကို ဂန္ဓဗ္ဗနတ်ဟုခေါ်ဆိုကြောင်း သိရပါသည်။ ယခုခေတ်ကာလ၌ သစ်ဘီလူးဟု ခေါ်ကြကြောင်း ပညာရှင်များက ဖွင့်ဆိုကြပါသည်]

ရာပိုင်သည် သစ်နက်ရုပ်လေးကို မထိရဲ၊ ထိရဲနှင့် လက်ဖြင့်ထိလိုက်မိသည်။ လက်ကိုချက်ချင်းပင်ပြန်ပြီး ရုပ်မိလိုက်သည်။ တစ်ကယ့်သစ်နက်အရှင်တစ်ကောင်၏ အရည်ကို ကိုင်လိုက်ရသလိုပင်. . နူးညံ့လှသည်။ သူ. . မကိုင်ရဲမိအောင်ပင်ဖြစ်သွားခဲ့ရသည်။

လက်ရာမြောက်စွာထုလုပ်ထားပြီး ရုပ်လုံးမှာ ကြွတက်နေသည်။ ပါးစပ်ကြီးကိုဖြဲထားကာ အစွယ်လေးချောင်းက



ပေါ်လျက်ရှိသည်။ လျှာသည် ပန်းနုရောင်ပြေးနေသည်။ နှုတ်ခမ်းမွေး၊ မျက်လုံးများကအစ အားလုံးနက်မှောင်နေသည်။ လျှာနှင့် သွား၊ အစွယ်များသာ အရောင်မတူ သွားတွေက ဖြူဖွေးလျက်ရှိသည်။

အထူးသဖြင့် မျက်လုံးတစ်စုံမှာ အသက်အဝင်ဆုံးပင်ဖြစ်သည်။ တင်းမာအေးစက်နေသည်။ သူငယ်အိမ်သည် တစ်ချက်တစ်ချက်မှာ လှုပ်ရှားနေသည်ဟု ထင်ရသည်။

ယင်းတင်းမာအေးစက်သော မျက်လုံးများသည် သူ့ကို စိုက်ကြည့်နေသည်ဟု ထင်မိသည်။ ယင်းမျက်လုံးများ၏ အကြည့်ကို သူမခံနိုင်၊ ကြောက်နေသည်။

သံသေတ္တာလေးထဲမှာ ရတနာတွေရှိလိမ့်မည်ဟု ထင်မိခဲ့သည်။ လောဘဇောကြောင့် လူတစ်ယောက်၏ အသက်သည်လည်း သေဆုံးခဲ့ရပြီ၊ သူ့လက်သည်လည်း သွေးစွန်းခဲ့ရပြီ မဟုတ်ပါလား. .

သူသနစောင့်ကြီးဦးဖုန်းကို သတ်မိခဲ့သော ပြစ်မှုက သူ့ကို အတိတ်တစ္ဆေပမာ ခြောက်လှန့်လျက်ရှိသည်။ တော်လဲရွာမှ ညတွင်းချင်းထွက်ပြေးလာခဲ့သည်။ ချောင်းတစ်ဖက်ကမ်းကိုကူးကာ မိဘဆွေမျိုးများခေါင်းချရာ ဇာတိရပ်ရွာတွင် ဟန်မပျက်ပြန်ပြီးတော့နေသည်။

ရာပိုင်၏ အဖြစ်အပျက်ကို မည်သူမှ မသိကြပေ။ သူတို့သိကြသည်မှာ ရာပိုင်တစ်ယောက် ရပ်ဝေးမှပြန်ရောက်လာခဲ့သည်ဟုပင်။ လူသူလေးပါး မိမိ၏ဒေနားမှာမရှိတော့သည့် အချိန်ကျမှ သံသေတ္တာလေးကို ဖွင့်ကြည့်မိလိုက်သည်။

ရာပိုင်. . ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ဆင်ထားသမျှ မျှော်လင့်ချက်တွေ ဆုံးရှုံးသွားခဲ့ရသည်။

သူတွေ့လိုက်ရသည်က သစ်နက်ရှပ်တုလေးတစ်ခု. . တံတားကား မထင်မှတ်သည်ကိုမှ ဖြစ်လာခဲ့သည်တကား။

➤ ➤ ➤



## (၂)

## လိုက်နေသော အန္တရာယ်

အချိန်မှာ ညနေ နေဝင်ရီတရောကာလ. .

ရာပိုင်သည် မိမိအိမ်မှာ မည်သို့မှ နေထိုင်၍ မရသည်နှင့်. . ရွာထဲမှထွက်လာခဲ့သည်။ ဦးတည်ရာမဲ့ တဖြည်းဖြည်းလျှောက်လာခဲ့လေရာ. . ရွာပြင်ကို ရောက်မှန်းမသိ ရောက်လာခဲ့သည်။

ရှေ့မှာ ရိုးကလေးတစ်ခုကို ကျော်ဖြတ်ကာ ဆောက်ထားသောတံတားအိုကလေးတစ်ခုရှိသည်။ မြစ်ထဲမှစီးဝင်လာသော ရေများက တံတားအောက်မှာ တသွင်သွင်ဖြတ်သန်းလျက်ရှိသည်။ တိတ်ဆိတ်နေသော နေရာဖြစ်၍ ရေစီးသံကိုကောင်းစွာပင် ကြားနေရလေသည်။

ဤတံတားလေးသည် လူသွားလူလာ သိပ်မရှိတော့သလောက်ပင်၊ ယခင်က ရွာသည် ဤမှာဘက်တွင်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုချိန်တွင်.. အနိုင်အနှံတည်ဆောက်ထားသော တံတားကြီးအည် အသွားအလာများခဲ့သည်။ ထိုနောက်.. လင်းလုရွာအစောသည် ဤနေရာမှ အခြေအနေတရ ပြောင်းရွှေ့ခဲ့ရသည်။ နောက်ဆက်ပိုင်းတွင် မြေနုကျွန်းများပေါ် လာခဲ့သောကြောင့်ပင်ဖြစ်သည်။

လင်းလုရွာလူရွာသားများသည် မြေနုကျွန်းများပေါ်သာသည်နှင့်အညီ မရှိဆင်းရဲသားများကို ရွာလူကြီးများက ခွဲဝေပြီးပေးကြသည်။ အညီအမျှရယူကြသည်။ ထို့ကြောင့် ကိုယ်ပိုင်မြေကွက်ကလေးနှင့် အခြေတကျဖြစ်သွားခဲ့ကြရလေသည်။

လင်းလုရွာတွင် အလုပ်ကိုခါးချီးပြီး မလုပ်ကြသူတွေထဲတွင် ရာပိုင်လည်းပါသည်။ ရာပိုင်သည် မိမိကြီးပွားချမ်းသာမည့် အရေးကို မြတ်လမ်းက လိုက်နေသောသူဖြစ်သည်။ သူ့ငွေပဒေသဖြစ်လိုသော စိတ်မျိုးတော့ရှိသည်။

သိုက်ဆရာ မှော် ကဝေဆရာများကို စိတ်ဝင်စားသည်။ ဘုမ္မိသိုက်များ၏ သတင်းများကို လိုက်ထောက်ပြီး ဥစ္စာ ရတနာ ပစ္စည်းများကို ဖော်ထုတ်လိုသော သူဖြစ်သည်။ လက်ကြောမတင်းပဲ ကြီးပွားရာကြီးပွားကြောင်းကို မြတ်လမ်းက လိုက်နေသော သူတစ်ယောက်ပင်။

ထို့ကြောင့် ရာပိုင်သည် တောင်လဲရွာသုသာန်တွင် ဂူဖျက်ပေဟာင်းတစ်ခုကို တူးဖော်ကာ သံသေတ္တာလေးကို ရယူခဲ့ခြင်းပင်။ ဤသိုက်စာညွှန်းကို သူမည်ကဲ့သို့ရရှိခဲ့မှန်းမသိပေ။

ရာပိုင်သည် လင်းလုရွာတံတားဟောင်းဆီကို ရောက်ကာနီးမှ ဖျက်ကနဲ ဆိုသတိရသွားသလိုဖြစ်သွားခဲ့ရသည်။ သူမိန်းမောနေသည့် အသွင်ဖြင့် လျှောက်လာခဲ့ခြင်းပင်ဖြစ်သည်။ ကိုယ့်အပြုအမူကိုပင် ကိုယ်မသိတော့။

မြွေတစ်ကောင်၏ ညှို့ချက်ကို အမိခံရသည့်ဖားတစ်ကောင်တစ်ယောက်၏ ညှို့ဖြင်းအားကို တိုက်ရိုက်အမိခံနေရသည့်အလား သူမိန်းမောတွေဝေနေမိသည်။

ရာပိုင်မျက်လုံးတွေသည် တံတားပေါ်ရှိ သရွာနံတစ်ခုဆီကို ရောက်သွားခဲ့လေ၏။

"ဟင်"

သူတွေ့လိုက်ရသည်ကား သူ့ဘက်ကို မျက်နှာမူပြီး ဆောင့်ကြောင့်ထိုင်နေသော သစ်နက်ကြီးတစ်ကောင်ပင်တည်း။ သစ်နက်ကြီးသည် မလှုပ်မယှက်နှင့် တွေတွေကြီးစိုက်ကြည့်နေသည်။

သစ်နက်ကြီး၏ ဦးလက်၌ တောက်ပနေသော မျက်လုံးတစ်စုံသည် ရာပိုင်၏ ဝမ်းတွင်းကလီစာများအားလုံးကို သိမ်းကျုံးပြီး ဆွဲယူသွားသည်။

သစ်နက်ကြီး၊ သစ်နက်ကြီး၊ ဒီကောင်ကြီး ဒီနေရာကို ဘယ်လိုရောက်နေပါလိမ့်၊ ငါ့ကို ရန်မူတော့မယ်ထင်တယ်။

ကြောက်စိတ်တွေဖြစ်ပေါ်လာပြီး မတ်မတ်ရပ်၍နေလို့မရအောင်ပင် ဒူးအစုံက ချောင်ကျသွားခဲ့ရသည်။ တစ်ကိုယ်လုံးသည်။ တုန်ရီလျက်ရှိသည်။

ငါ.. အိပ်မက်ထဲမှာ မက်ခဲ့တဲ့ သစ်နက်ကြီးနဲ့ တစ်ထေရာတည်းကို တွေ့နေပါလား၊ ဒီပတ်ဝန်းကျင်မှာ သစ်နက်ရှိသတ္တဝါမျိုးမရှိပါဘူး။ ငါ.. ငါမဲ မျက်စိမှားနေသလား.

သစ်နက်ကြီးသည် ရာပိုင်ကို မလှုပ်မယှက်စိုက်ပြီး


www.burmeseclassic.com

တော့ကြည့်နေသည်။ လမ်းကိုလည်း မဖယ်ပေး၊ ပါးစပ်ကြီးကို ဟကာ အစွယ်ဖွေးဖွေး၊ သွားဖွေးဖွေးပေါ်လာခဲ့သည်အထိ ဆန်းဝေပြလိုက်သေးသည်။

တစ်ကယ်တော့ သစ်နက်ကြီးသည် ရာပိုင်သွားမည့် လမ်းမှာ တမင်ပိတ်ဆို့ထားသည်နှင့်တူနေသည်။

"မဖြစ်ဘူး၊ ဒီကောင်ကြီး ငါ့ကို ရန်မူလိမ့်မယ်။ ပြေးမှ ပြေးမှ ဒီနေရာမှာ ကြာကြာမနေသင့်တော့ဘူး. ."

ရာပိုင်သည် ရှေ့ဆက်သွားလို့မရတော့၍ နောက် ကြောင်းကို ပြန်လှည့်လိုက်ရသည်။ ခြေလှမ်းသုံးလေးလှမ်းစ လျှောက်ပြီးပြန်လှည့်လိုက်သောအခါ သစ်နက်ကြီးကို မတွေ့ ရ တော့ပေ။

"ဟင် . . သစ်နက်ကြီးမရှိတော့ဘူး။ ငါပဲ . . မျက်စိမှား သလား"

အံ့အားသင့်သွားခဲ့ရသည်။ သစ်နက်ကြီးဘယ်ရောက် သွားမှန်းပင်မသိတော့ပေ။

"ဟော့ကောင် . . ရာပိုင်"

"အမလေး. ."

ရာပိုင်လန့်သွားခဲ့ရသည်။ သူ့နာမည်ခေါ်လိုက်သံ မမျှော်လင့်ပဲကြားလိုက်ရသောကြောင့်ပင် . .

"ရာပိုင် မင်း . . ဘာလို့တွေးပြီး ဒါလောက်အထိတ်လ သွားခဲ့ရတာလည်းကွ . . ."

အသံလာရာဆီကို ခေါင်းငဲ့ပြီးတော့ ကြည့်လိုက်ရာ. .

"ဟင် . . ကိုပိုက်၊ လန့်လိုက်တာဗျာ . . ခင်ဗျား ကျွန်တော့်ကို ရုတ်တရက်ခေါ်လိုက်တာကိုး. ."





"မင်းက ဘာတွေများ တွေးနေရတာလဲ. ."

"ဟို . . ဟို . . သစ်နက်ကြီး. ."

"ဘာကွ . . သစ်နက်ကြီး၊ ဟုတ်လား . . ဒီနေရာမှာ ဘယ်က သစ်နက်က ရှိနေရမှာလဲ . . မင်းကွာ . . ကြဲကြဲဖန်ဖန်"

နှုတ်မှ မဆင်မခြင်ထွက်သွားခဲ့သည့်စကားအတွက် နောင်တရသွားမိခဲ့သည်။

"မ . . မဟုတ်ပါဘူး၊ ကျွန်တော် . . အတွေးလွန်သွား ခဲ့တာပါ. ."

"ရာပိုင် . . မင်း လင်းလုရွာကို ပြန်ရောက်လာပြီး ကတည်းက ကြောင်စီစီဖြစ်နတယ်၊ မျက်နှာလည်း မကောင်းဘူး၊ အသားအရည်ကလည်း ဖြူဖတ်ဖြူလျော်နဲ့. ."

"ကျွန် . . ကျွန်တော်၊ ဌက်ဖျားမိလာခဲ့လို့ပါ ကိုပိုက်. ."

"မင်းက . . စီးပွားသွားရှာတာတောတောင်ထဲမှာဆို တော့ . . ကိုယ့်ကိုယ်ကိုမှ ဂရုမစိုက်တာကိုး၊ ဌက်ဖျားပိုးခေါင်းထဲ ဝင်ရင် ဦးနှောက်ပျက်တတ်တယ်ကွ၊ ဆေးကုဦး . . လာ . . လာ ရွာကိုပြန်ကြမယ်. ."

ကိုပိုက်က ရာပိုင်ကို ခေါ်သွားခဲ့လေသည်။ အဖြစ်ဆိုး နှင့် ကြုံတွေ့ခဲ့ရပြီး လင်းလုရွာကို ပြန်ရောက်လာခဲ့သော ရာပိုင်သည် မိမိရွာမှ ရွာသားများကို စကားတစ်မျိုးပြောခဲ့သည်။

သူသည် အထက်ဖက်မှာ ရွှေသွားကျင်းဌက်ဖျားမိလာ သည်ဟူ၍ပင်၊ ခြောက်ခြားစရာကောင်းသော အဖြစ်အပျက် များကို ကြုံခဲ့ရသည့်အတွက် သွေးပျက်နေသော မျက်နှာသည် ဖြူဖတ်ဖြူလျော်ဖြစ်နေသည် မဟုတ်ပါလား . . သူ့ဌက်ဖျားမိ နေသည်ဟူသော အကြောင်းပြချက်နှင့် လိုက်ဖက်ညီလှပေသည်။

www.burmeseclassic.com



"ဒီနေရာကို ငါတို့တောင်မလွဲသာမှ လာခဲ့ကြတာ၊ မင်းက ဘာလာလုပ်နေတာလဲကွ. . ဟို. . ဒီလျှောက်ပြီးတော့ မသွားနဲ့ ရာပိုင်. . ကိုယ့် အိမ်ထဲမှာနေ. . "

"ဟုတ်ကဲ့. . "

တစ်ကယ်တော့ ကိုပိုက်သည် ရာပိုင်ကို ၄က်ဖျားမိကာ ဦးနှောက်မမှန်သူဟုထင်ကာ ပြောလိုက်ခြင်းပင်၊ ရာပိုင်ကလည်း ဒီလိုမျိုးထင်အောင် ဖန်တီးခဲ့ခြင်းပင်. . မဟုတ်ပါလား. . ။

➤ ➤ ➤

တစ်ညတွင်. .

ရာပိုင်သည် အိပ်မောကျလျက်ရှိသည်။

ရွာသူရွာသားများသည်လည်း တစ်နေ့လုံး လုပ်ငန်းခွင်များမှာ ပင်ပန်းခဲ့ကြသည့်အတွက် မောပန်းစွာဖြင့် အိပ်ပျော်နေကြလေသည်။ တစ်ခါတစ်ရံမှာ ခွေးဟောင်သံများက တစ်ချက်တစ်ချက်တွင် ထွက်ပေါ်လာခဲ့သည်မှအပ. . တစ်ရွာလုံး တိတ်ဆိတ်နေကြလေသည်။

ထိုစဉ်. .

သဏ္ဌာန်တစ်ခုသည် လက်ခုပ်တစ်ဖောင်ခန့်မြင့်သော ရွာစည်းရိုးကိုခုန်ကျော်ပြီး ဝင်လာခဲ့လေသည်။ ယင်းသဏ္ဌာန်သည် တစ်ကိုယ်လုံးမည်းနက်သော အဆင်းရှိသည်။ ကျောလျား ရှည်သည်။

တစ်ကိုယ်လုံးရှိ အမွေးအမျှင်များက မည်းနက်လွန်း၍ အမှောင်ထဲမှာ ယင်းသတ္တဝါ၏ အကောင်အထည်က





ပျောက်ကွယ်လျက်ရှိသည်။ သေသေချာချာကြည့်လျှင် သစ်နက်ကြီးတစ်ကောင်ဖြစ်နေကြောင်းကို သိနိုင်ပေလိမ့်မည်။

သစ်နက်ကြီးသည် လွန်စွာမှပါးနပ်လိမ္မာလွန်းသည်။ အကင်းပါးသည်။ သူ. . ရွာထဲသို့ဝင်လာသည်ကို မည်သူမှ မသိလိုက်ချေ။

သို့သော်. .

ခွေးတစ်ချို့သည် သစ်နက်ကြီးကိုမြင်လိုက်ရ၍လား မသိ. . တအီအီဖြင့် ညည်းသံပေးကာ တစ်နေရာကို ထွက်ပြေးသွားခဲ့ကြလေသည်။ မကြာမီမှာပင်လျှင် တစ်ချက်တစ်ချက် ထွက်ပေါ်လာခဲ့တတ်သည့် ခွေးဟောင်သံတစ်ချို့သည်ပင် မကြားနိုင်ရတော့. . သစ်နက်ကြီးသည် ရွာလည်လမ်းအတိုင်း လျှောက်လာပြီး ခြံတစ်ခြံအတွင်းသို့ လွှားကနဲဆို ခုန်ကျော်ကာ ဝင်သွားခဲ့ပြန်သည်။

ထို့နောက် ခေါင်းရင်းဘက်ကို လျှောက်သွားခဲ့ပြီး အိမ်ထရံကို ရှေ့လက် (ရှေ့ခြေ)ဖြင့် တဘုန်းဘုန်းပင် ပုတ်ထုတ်လိုက်လေသည်။

"ဘုန်း. . ဘုန်း. . ဘုန်း"

အခန်းထဲမှာ အိပ်ပျော်နေသော ရာပိုင်သည် လန့်နိုးသွားခဲ့ရသည်။

"ဟင်. . ထရံကို တစ်ယောက်ယောက်က လက်နဲ့ လာပုတ်တာပဲ. . ဘယ်သူများပါလိမ့်. . သူခိုးများလား. . "

"ဘုန်း. . ဘုန်း. . ဘုန်း"

စဉ်းစား၍ မဆုံးမီမှာပင် နောက်ထပ်တစ်ဖန် လက်ဖြင့် ပုတ်လိုက်သံကို ကြမ်းတမ်းစွာဖြင့် ကြားလိုက်ရပြန်ပြီး လက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



[redacted]သည် ထရံကို ပေါက်ထွက်ကာ ကျွံပြီးတော့ [redacted]ခဲ့သည်။

"အမလေး. . ဒီ. . ဒီ လက်ကြီးဟာ သစ်နက်ကြီးရဲ့ လက်. . လာကြပါဦး, . ကျုပ်ကို သစ်နက်ကြီးက ရန်ရှာနေပါပြီ"

ရှာပိုင်သည် အလန့်တကြားဖြင့် အော်လိုက်လေ၏။

ပေါက်ထွက်သွားသော ထရံပေါက်ကြီး၏ အပြင်ဘက်မှ မည်းမည်းသဏ္ဍာန်ကြီးတစ်ခုကို မြင်တွေ့လိုက်ရသည်။

လရောင်ကင်းမဲ့နေသော်လည်း ကြယ်ရောင်များကြောင့် ထိုသတ္တဝါကြီးကို သိသာစွာပင် မြင်နေရသည်။

ခေါင်းပိုင်းမည်းမည်းကြီးက ထရံပေါက်ဝမှာကပ်ကာ ရာပိုင်ကို စူးလက်သော မျက်လုံးကြီးနှစ်လုံးဖြင့် စိုက်ပြီးတော့ ကြည့်နေသည်။ ရာပိုင်သည်လည်း အနီးကပ်မြင်နေရသော သစ်နက်ကြီး၏ မျက်လုံးနှစ်လုံးကို အထိတ်တလန့်ဖြင့် ငေးပြီးတော့ကြည့်နေမိသည်။

သစ်နက်ကြီးသည် သူ၏ရှေ့လက် (ရှေ့ခြေ)တစ်ဖက်ဖြင့် ရာပိုင်ကိုလှမ်းပြီး ပုတ်လိုက်လေရာ. .

"အမလေး. ."

အပေါက်ထဲသို့ ရိုပ်ကနဲရောက်လာသော လက်ကြီးကြောင့် ရာပိုင်ကလန့်ကာ အော်လိုက်ပြီး ဘေးကိုလည်း လှိမ့်ထွက်သွားခဲ့လေ၏။ သူ၏လက်က ကြမ်းပြင်းမှာချထားသော ဓါးကိုသွားစမ်းမိခဲ့သည်။ သူ. . အားတက်သွားခဲ့ရသည်။

"ဝှစ်. ."

"ဗျန်း. ."

ဓါးဖြင့် တအားခုတ်ချလိုက်လေရာ လက်ဆကချော်ပြီး





ထရံကိုသာ ခုတ်မိသွားခဲ့လေ၏။ သစ်နက်ကြီးကား. . လွှားကနဲ ခုန်ထွက်သွားခဲ့လေသည်။

"ဒီတစ်ခါဆိုရင်. . အသေကိုသတ်ပစ်မယ်၊ မလွှယ်ဘူး ….တ်. ."

ရာပိုင်သည် ကြောက်စိတ်ကို အတတ်နိုင်ဆုံးဖျောက်ကာ. . ကြိမ်းဝါးလိုက်သည်။ မှောင်ထဲမှာမို့ ပိုပြီးတော့ အားငယ်နေမိသည်။ ထို့ကြောင့် ခေါင်းအုံးအောက်မှ မီးခြစ်ကို စမ်းယူ…က်ကာ မီးတိုင်ခွက်မှာ ထွန်းညှိလိုက်လေ၏။ ထို့နောက်. . အခန်းနံရံမှာ ကျောမှီလိုက်သည်။ ဓါးကိုတော့ လက်မှာကိုင်ထားသည်။ သူ. . မောနေသည်။

ရာပိုင်၏မျက်လုံးတွေက ထရံပေါက်ကြီးထိုသာ စူးစိုက်…ပြီးတော့ကြည့်နေလေသည်။ သစ်နက်ကြီးထပ်ပြီး ပေါ်လာခဲ့…လျှင် တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားသည်။

"ငါ့အော်သံကို မကြားကြဘူးလား မသိဘူး၊ ဘယ်သူမှ သည်းရောက်မလာကြဘူး. . ဒါမှမဟုတ်. . ကြားကြလျက်နဲ့ ဘမင်ပဲမလာကြတာပဲလား. . တောက်. ."

ရွာသားများကို မကျေမနပ်ဖြစ်နေမိသည်။ သူ့မျက်လုံးတွေကလည်း ဂဏှာမငြိမ်၊ ခြံဝင်းထဲမှာ သစ်နက်ကြီးက ရှိနေဆဲပဲဟု ထင်နေမိသည်။ မိမိကိုယ်ကိုလည်း မလုံခြုံတော့ဟု ခံစားလာမိရသည်။

"ဒီ. . သစ်နက်ကြီးဟာ ငါ့ကိုမှ ဘာဖြစ်လို့ ရန်မူချင်နေတာလဲ. . ဘာကြောင့်. . အနှောင့်အယှက်ပေးရတာလဲ. . ဒါလောက်တောင် သဲကြီးမဲကြီးဖြစ်နေတာ. . ဘာသဘောလဲ"

ရာပိုင်၏ အကြည့်သည် အခန်းထောင့်ရှိ …သေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

[illegible]တို့ရောက်သွားခဲ့ပြန်သည်။ သေတ္တာအဖုံးကို သူဖွင့်လိုက်သည်။ သစ်နက်ရုပ်လေးသည် ခေါင်းမော့ပြီးတော့ သူ့ကိုကြည့်နေသယောင်. .

"ဒီ. . သစ်နက်ရုပ်ကြောင့် ငါ ဒုက္ခရောက်နေရတာ၊ သင်းမရှိမှ အေးမယ်၊ ဟုတ်တယ်. . သင်းကို တစ်နေရာမှာ သွားပစ်ရမယ်. . ဟုတ်တယ်၊ ငါ့အိမ်မှာ ထားလို့မဖြစ်တော့ဘူး"

ရာပိုင် ဆုံးဖြတ်ချက်ချလိုက်သည်။ ထို့နောက် သစ်နက်ရုပ်တုလေး၏ အကြည့်ဒဏ်ကို မခံနိုင်တော့၍. . သံသေတ္တာအဖုံးလေးကို ပြန်ပြီးပိတ်လိုက်လေသည်။

ထရံပေါက်ကြီးကိုလည်း မမြင်လိုတော့၍ ထမင်းစားစားပွဲကိုထောင်ကာ ပိတ်လိုက်သည်။ အပေါက်ကွယ်သွား၍ စိတ်သက်သာရာရသွားခဲ့လေ၏။

သစ်နက်ကြီးက အချိန်မရွေးရောက်လာပြီး ရန်မူမှာကိုလည်း စိုးရိမ်ရသေးသည်။ ထို့ကြောင့် ဓါးကိုလက်မှမချပဲ နံရံကိုကျောမှီကာ. . ငိုက်မြည်းရင်းစောင့်နေမိခဲ့သည်။

– ဒီလိုနှင့်. . မိုးစင်စင်လင်းခဲ့ရလေသည်။



(၅)

## တရွေ့ကြောက်သူ

ရာပိုင်၏ခြံထဲကို ကိုပိုက်ခေါင်းဆောင်သော ရွာသားတစ်ချို့သည် ရောက်နေခဲ့ကြသည်။ ရာပိုင်က ကိုပိုက်ကို နက်မိုးအလင်းမှာ သွားရောက်ခေါ်လာခဲ့ခြင်းပင်ဖြစ်သည်။

"ဟောဒီမှာ. . မြင်ကြလား. . သစ်နက်ခြေရာတွေ ဈွန်တော့်ကို သစ်နက်ကြီးက ရန်ရှာခဲ့တာ တစ်ညလုံးလိုလိုပဲ ဗျား ကြည့်ကြစမ်းပါဦး. . ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ. . "

ရာပိုင်က မြေပျော့ပျော့မှာထင်ပြီး ကျန်ရစ်ခဲ့သော ခြေရာတစ်ချို့ကို လက်ညှိုးထိုးပြီးတော့ ပြလိုက်သည်။

ကိုပိုက်သည် ရွာခံမုဆိုးတစ်ချို့နှင့်အတူ ခြေရာများကို သေချာစွာစစ်ဆေးကြည့်ရှုလျက်ရှိသည်။

"ဘယ့်နှယ့်လဲ ကိုလေး၊ ဒီခြေရာတွေဟာ တောတောင်

www.burmeseclassic.com

တောကောင်ရဲ့ ခြေရာအမှန်ပဲလားဗျာ. . ”

“ဟုတ်တယ်. . ကိုပိုက်၊ တောကောင်ရဲ့ခြေရာပဲ. . သစ်ဆင်တစ်ကောင်ရဲ့ ခြေရာလို့လည်း ပြောလို့ရတယ်၊ ကျုပ်တို့ရွာကလည်း တောနဲ့မနီးပါဘူး. . ဒီတောရိုင်းသတ္တဝါကောင်က ဘယ်လိုကြောင့် ရွာထဲကိုဝင်လာနိုင်ခဲ့ရတာလဲ မသိဘူး. . ပြီးတော့. . ရာပိုင်ရဲ့ခြံထဲကိုမှဝင်ပြီး နှောင့်ယှက်ရခဲ့တာ. . ထူးဆန်းတယ်ဗျာ. . ”

“တစ်ခုတော့ရှိတယ်ကိုလေး၊ ဒီမနက်မှာ . . ရွာထဲက ခွေးတစ်ချို့ဟာ အလိုလိုနေရင် ကြောက်လန့်နေကြတယ်။ တစ်ချို့ဆိုရင် အသားတဆတ်ဆတ်တုန်ပြီး ခြံထဲမှာပဲ ကုပ်နေကြတယ်။ အပြင်ကိုမထွက်ရဲကြဘူး။ မဟုတ်မှလွဲရော ညက သစ်နက်ကြီးနဲ့တွေ့ခဲ့ကြလို့ပဲဖြစ်ရမယ်”

“ဖြစ်နိုင်တယ် ကိုပိုက်၊ ဒီသစ်နက်ကြီးဟာ တစ်ခြား ဘယ်သူ့ကိုမှ ရန်မရှာသွားတာ တော်သေးတယ်လို့ ဆိုရမယ်။ ဒါပေမယ့် ၊ ဒီကနေ့ကစပြီး သတိတော့ ထားကြရတော့မယ်ဗျ ရာပိုင် အတွေ့အကြုံအရ ဒီသစ်နက်ကြီးဟာ အန္တရာယ်မပေးနိုင်ဘူးလို့ မပြောနိုင်ဘူး”

“ဟုတ်တယ်၊ သူ . . လင်းလုရွာတံတားဟောင်းမှာလည်းသစ်နက်ကြီးကို တစ်ကြိမ်တွေ့ခဲ့ဘူးပေါ့။ ရာပိုင်နဲ့ သစ်နက်ကြီးဟာ ဘယ်လို့အကြောင်းကြောင့် ပတ်သက်နေရသလည်းဆိုတာ မပြောတတ်တော့ပါဘူးဗျာ. . ”

“ကျွန်တော် သစ်နက်ကြီးနဲ့ ပတ်သက်ပြီးပြောခဲ့တဲ့ စကားလုံး အခုတော့ ယုံပြီးမဟုတ်လား ကိုပိုက်”

“အေး ယုံပြီပဲ ထားလိုက်ပါတော့၊ မင်းလည်း သစ်နက်





ကြီးရဲ့ အန္တရာယ်ကို သတိထားပြီးတော့ သာနေ၊ မင်း ဒီမှာရွာကို ပြန်ပြီးရောက်လာမှ ဒီကိစ္စက ဖြစ်လာခဲ့တာ ၊ တစ်ခုခုတော့ တစ်ခုခုပဲကွ”

ကိုပိုက်သည် ရာပိုက်ကို သတိပေးလိုက်လေ၏။ ထို့နောက် ရာပိုက်၏ ခြံထဲမှ ပြန်သွားခဲ့ကြလေသည်။

➤ ➤ ➤

ထိုညနေမှာပင် ရာပိုင်သည် လင်းလုရွာမှ ပျောက်ကွယ်သွားခဲ့လေသည်။ ရာပိုင် အိမ်မှာရှိသည်. . မရှိသည်ကို မည်သူကမှအလေးမထားမိလိုက်ကြပါ။ တကယ်တော့ သူသည်ခြေသလုံးအိမ်တိုင်ပြုကာ သွားချင်ရာကို လျှောက်ပြီးသွားနေသူမဟုတ်ပါလား။ ဖိုးပစ်၊ အိမ်ပစ်နှင့် မကြာခဏရွာမှ ထွက်သွားတတ်သူမို့ သူ့အကြောင်းကို တစ်ရွာလုံးက သိထားပြီးဖြစ်လေပြီ။

မိဘနှစ်ပါးရှိခဲ့ကြစဉ်ကတည်းက ရှိုးမဲ့စုများကို သုံးဖြုန်းပစ်လာခဲ့သူတစ်ဦး၊ မိဘများမရှိပြန်တော့လည်း ဒီအတိုင်းပါပဲဟု ဆိုရမည်သာ၊ ရွာမှာ ညီအစ်ကို မောင်နှမအရင်းအချာများမရှိ၍ သူသည်တစ်ကောင်ကြွက်ဘဝနှင့် ရပ်တည်ခဲ့ရသည်။ ဝမ်းကွဲများကိုလည်း အာမကိုးပါ။ ဒုက္ခမပေးပါ။ တစ်ကယ်တော့ ရာပိုင်သည် တစ်နေ့ကျသူတစ်ပါးထက်ပိုပြီးတော့ . . ချမ်းသာရမည်ဟု စိတ်ကြီးဝင်သူတစ်ဦးပင်. . ”

“ ထိုခေတ်အခါက . . ဥစ္စာသိုက်များကို လိုက်လံရှာဖွေတူးဖော်တတ်သော သိုက်ဆရာများ၏ နောက်ကိုလိုက်ကာ ရွှေ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ရနိုးနိုး ရတနာပစ္စည်းများရနိုးနိုးဖြင့် တပည့်ခံ၊ အလုပ်အကျွေးပြုများရှိခဲ့ကြသည်။ ရာပိုင်သည်လည်း ထိုကဲ့သို့သော လူစားမျိုးဖြစ်သည်။

ရွာမှပျောက်သွားသည်ဟူသော ရာပိုင်သည် တစ်နေရာကိုသွားသလိုလိုနှင့် ရွာမှ တိတ်တဆိတ်ထွက်လာခဲ့ခြင်းပင်ဖြစ်သည်။ ညနေဘက်တွင် ရာပိုင်သည် ကူတို့လှေတစ်စီးဖြင့် တစ်ဖက်ကမ်းကို ကူးသွားခဲ့သည်ဟူသော သတင်းကို ရရှိလိုက်ကြသည်။

"ရာပိုင်တစ်ယောက်တစ်ဖက်ကမ်းကို ကူတို့လှေနဲ့ ကူးသွားတာမြင်လိုက်တယ်။ သူ့ကိုယ်ပေါ်မှာ လွယ်အိတ်တစ်လုံးနဲ့ ဆောင်မားတစ်ချောင်းတော့ပါသွားတယ်"

"ဟုတ်လား၊ ဒီကောင်က ခြေမငြိမ်တဲ့ကောင်ဆိုတော့ သွားချင်ရာသွားနေမှာပဲ မဆန်းပါဘူး။ အိမ်စောင့်နတ်နဲ့ ရန်ဖြစ်ထားတယ်နဲ့ တူပါတယ်ကွာ"

ရာပိုင်နှင့် ပတ်သက်ပြီး မည်သူကမှ အရေးအရာထားပြီး ခေါင်းထဲမထည့်ကြတော့ပေ။ သို့သော် သစ်နက်ကြီးနှင့် ပတ်သက်သည့် အကြောင်းအရာကတော့ ရွာသားတို့၏ ခေါင်းထဲမှာ ကျန်ရစ်ခဲ့ကြသည်။

ထိုသစ်နက်နှင့် ပတ်သက်သည့် အဖြစ်အပျက်များသည် နောင်အခါ လွန်စွာမှ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ ပေါ်ထွက်လာခဲ့မည့်အကြောင်းကို မည်သူကမှ စဉ်းစားမိကြလိမ့်မည်မဟုတ်ပါတကား . . . ။

ချုပ်စနရီ၊ နေဝင်စကာလတွင် တော်လဲရွာသူသန်တစ်ခုလုံးသည်။ တိတ်ဆိတ်ငြိမ်သက်မှုကပိုပြီးတော့ ကြီးစိုးစိုး





လာခဲ့လေ၏။ သို့သော် ညပိုးကောင်လေးများကလည်း တစီစီဖြင့် အော်မြည်စပြုလာခဲ့ကြလေပြီ။

ကြီးမားသော သုသာန်ကြီးတစ်ခုဖြစ်၍ သုသာန်ဟောင်းနှင့် တွဲလျက်တည်ရှိနေသည်။ သို့သော် တစ်ချို့ကတော့ မြေကျင်းဟောင်းများကို ပြန်၍ တူးဖော်ကာ အသုံးပြုကြလေသည်။

တော်လဲရွာသည် အလယ်ရိုးမ (ပဲခူးရိုးမ) နှင့် မနီးမဝေးမှာရှိသည်။ တောင်ပြတ်တစ်ခုနှင့် ရိုးမတောင်ကြောသည်လည်း ဆက်သွယ်နေသည်။ ယင်းဘောင်ပြတ်သည့် မကြာခဏ တဟီးတီ အသံပေးကာ လျှင်တော်လဲသံမျိုးပေးတတ်သည်။ ပဲတစ်ခထောင်ကျော်မြင့်မားပြီး သစ်ပင်များလည်း ထူထပ်လေသည်။ ရှေးယခင်က သူတော်စင်ကြီးများ ရှင်ရသေးများ၊ သူတော်ကောင်းတရားများကို ကျင့်စဉ်ပွားများရာနေရာ ဉာဏ်စဉ်တက်သည့်နေရာဟု ဆိုကြသည်။

လျှင်တော်လဲသံများပေးတတ်သောကြောင့် တော်လဲတောင်ဟု ခေါ်ကြသလို၊ တော်လဲတောင်နှင့် အနီးဆုံးရွာကိုလည်း တော်လဲရွာဟု ခေါ်ခဲ့ကြခြင်းပင်၊ ယခင်က တော်လဲတောင်ကြီးသည် လွန်စွာမှ ကြီးကျယ်စွာ သုံးကြိမ်သုံးခါတုန်လှုပ်ခဲ့ဖူးသည်။

တစ်ချို့က ထိတ်လန့်ပြီး ရွာပြောင်းပြေးကြသည်။ တတိတတိနှင့် ရွှေ့ပြောင်းသွားခဲ့ကြရာ ရွာဟောင်းမှ လူများသည် ကုန်သလောက်နီးပါးဖြစ်သွားခဲ့ကြသည်။

တော်လဲရွာတည်ကာစက ရှေးသူကြီးသူမများသည် တော်လဲတောင်ပေါ်သို့ မတက်ကြချေ၊ မည်သူကမှလည်း



www.burmeseclassic.com

www.burmeseclassic.com

ပေးမတက်ကြ၊ တားမြစ်ကြသည်။

"သူတော်စင်တွေ တရားအားထုတ်ကြတဲ့နေရာဖြစ်တယ်၊ ဝိဇ္ဇာမိုရ်တွေ . . ဇော်ဂျီတွေ၊ ကျက်စားရာ၊ အလုပ်လုပ်ကြတဲ့ စခန်းဖြစ်တယ်။ သူတို့အလုပ်ကိုသွားပြီး မနှောင့်ယှက်ကြနဲ့ . . ."

ဟု . . သတိပေးတားမြစ်ကြသည်။ သူတော်ကောင်းတွေ. . တရားအားထုတ်ရာနေရာဟူသော အသိကြောင့် တော်လဲတောင်ပေါ်ကို မတက်ရောက်ကြပေ။ တော်လဲရွာသည် ရွာဟောင်းရွာသစ် အစဉ်အဆက်တည်ကာ ပြောင်းလဲခဲ့သည်။

ထိုကြောင့်. .

တော်လဲရွာသုသာန်သည်လည်း တစ်နေရာတည်းမှာပင် အဟောင်းမှသည်အသစ်၊ တဖြည်းဖြည်းချဲ့တွင်ခဲ့လေသည်၊ ဂူဟောင်း၊ ဂူပျက်များက သပ်သပ်ဂူသစ်၊ မြေပုံသစ်များက သီးခြားရှိခဲ့လေသည်။ တော်လဲရွာတည်ခဲ့သည်ကား နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။

➤ ➤ ➤

အလင်းခေတ်ကို အမှောင်ကဝါးမြိုသွားခဲ့လေပြီ၊ အလင်းရောင်ပြေးလေးမျှသာ ကျန်တော့သည်။ ပတ်ဝန်းကျင်ကို ထင်သာမြင်သာလောက်သာရှိတော့သည်။

အုတ်ဂူဟောင်းတစ်ခုကို ကျောမှီကာ ထိုင်နေသော လူတစ်ယောက် အခြားသူမဟုတ် သူကတော့ ရာပိုင်. . .

မိုးမချုပ်မီကပင် တော်လဲရွာသုသာန်ထဲကို သူရောက်





နေခဲ့သည် ပုန်းအောင်နေခြင်းပင်ဖြစ်သည်။ ဘေးနားမှာ လွယ်အိတ်တစ်လုံးကို ချထားသည်။ သံသေတ္တာလေးက လွယ်အိတ်ထဲမှာရှိနေသည်။ သစ်နက်ရုပ်တုလေးက သံသေတ္တာလေးထဲမှာ များစွာ စိတ်အနှောင့်အယှက်ပေးခဲ့သော ဒုက္ခပေးခဲ့သော သစ်နက်ရုပ်တုလေးကို သူယူလာခဲ့သည့်နေရာမှာ ပြန်ပြီးထားရန်ပြန်ယူလာခဲ့ခြင်းပင်ဖြစ်သည်။

"ဒီသစ်နက်ရုပ်တုကို တစ်ခြားတစ်နေရာမှာ ထားလိုက်ရင် ဖြစ်လျက်သားနဲ့ ဒီသုသာန်ကို ဘာဖြစ်လို့ပြန်ပြီး ယူလာခဲ့ရတာလဲ . . ငါ, ငါ, မလာသင့်ဘူး"

ရာပိုင်သည် ကိုယ့်ကိုယ်ကို ဝေခွဲ၍မရပေ။ သူသည် သုသာန်စောင့်ကြီး ဦးဖုန်ကို သတ်ဖြတ်ခဲ့သူဖြစ်သည်။ ရာဇဝတ်မှုကျူးလွန်ခဲ့သူဖြစ်သည်။ ဦးဖုန်၏ အလောင်းကို ကိုယ်တိုင်မြေမြှုပ်ပြီး ဇာတ်သိမ်းပေးခဲ့သူ လက်စဖျောက်ခဲ့သူ မဟုတ်ပါလား . .

မိမိကိုယ်တိုင် ဥပဒေကိုဖောက်ဖျက်ကျူးလွန်ခဲ့သူတစ်ဦးက မကောင်းမှုပြုခဲ့သော နေရာကို တစ်ခေါက်ပြန်လာခဲ့ခြင်းသည်။ ဖြစ်လေ့ဖြစ်ထရှိသလို ရှိသည်ရှိတတ်ကြလေသည်။ မလွန်ဆန်နိုင်သော စိတ်ဖိစီးမှုတစ်ခုက ထိုသူကို ဖိအားပေးခြင်းဟု ယူဆသည်။

ထို့အပြင် မိမိကျူးလွန်ခဲ့သော ပြစ်မှုသည် အထမြောက်၊ မမြောက်၊ သဲလွန်စ ကျန်ခဲ့ခြင်းရှိမရှိ မိမိကို ထင်၊ မထင်၊ လွတ်မြောက်နိုင်ခြင်း၊ ရှိ၊ မရှိ အခြေအနေ စသည်တို့ကိုသိနိုင်စေရန် တစ်ခေါက်ပြန်လာပြီး စုံစမ်းသည်မျိုးလည်းဖြစ်နိုင်သည်။

ထိုနေရာကို မရောက်ရောက်အောင် ပြန် သွားရန်

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းစွာ ဖြစ်ပေါ်လာသော စိတ်က အမမှုစေ့ဆော်ကာ တိုက်တွန်းခဲ့ခြင်းပင်လား . .

ရာပိုင်သည် အမှောင်ကို အားပြုကာ နေရာမှ ထ, လိုက်သည်။ ထို့နောက် တစ်နေရာဆီကို တဖြည်းဖြည်းနှင့် လျှောက်လာခဲ့လေသည်။ ခြေလှမ်းများသည် ညောင်ပင်ကြီးဆီကို ဦးတည်လျက်ရှိသည်။

အဝေးမှ လှမ်းပြီးကြည့်သည်နှင့်ပင် ညောင်ပင်ကြီး၏ ထီးတည်းမားမားသဏ္ဌာန်ကြီးကို မြင်တွေ့နေရသည်။

ရာပိုင်၏ ခြေလှမ်းတွေက အစပိုင်းမှာ သွက်သလောက်၊ ညောင်ပင်ကြီးနှင့် တဖြည်းဖြည်းနီးသထက်နီးလာသောအခါ လေးလံလာခဲ့သည်။

"ဟယ် ငါ , ဒါကြီးကို သူ့နေရာမှာပဲ မြန်မြန်ထားပြီး ပြန်မှအေးမှာပါ။ ငါဘာကိုကြောက်ရမှာလဲ၊ ဘယ်သူ့ကို ကြောက်ရမှာလဲ ၊ ဦးဖုန်းကသေပြီ၊ သေတဲ့သူက ငါကို ဘယ်လိုမှ စိတ်အနှောင့်အယှက်မပေးနိုင်တော့ဘူး၊ ငါ့ကို ဒုက္ခပေးဖို့ မတတ်နိုင်တော့ဘူး . . . "

သူ့စိတ်ကို အတတ်နိုင်ဆုံးတင်းထားနိုင်ခဲ့သည်။ လက်ထဲမှ ဓားရှိုးကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ မြေပုံဟောင်းများအုတ်ဂူဟောင်းများကြားမှ သတိထားပြီးတော့ လျှောက်လာခဲ့သည်။ အကောင်ရှည်ရှည်တွေ၏ ရန်ကိုလည်း ကြောက်ရသေးသည်။ သွားရင်း၊ လာရင်းမတော်တဆနင်းမိခဲ့လျှင် သက်သာမှာမဟုတ်၊ မနင်းမိသော်မှ ရန်လိုသော ထိုသတ္တဝါက ဝင်ပြီးခဲလျှင် ခဲသွားတတ်သည်။ သူ့ဒေါသနှင့် သူတို့. . .



"ခွီး"

"အမလေး"

ကြွက်တစ်ကောင်က သူ့ခြေဖဝါးပေါ်မှ ဖြတ်ပြီးပြေးသွားသည်။ ဒေါသနှင့် ခွီးကနဲ ဆိုလုပ်သွားသေးသည်။ ရာပိုင် ခေါင်းနားပန်းကြီးထွက်သွားတာ လန့်ပြီးတော့ အော်မိလိုက်သည်။ ကြွက်မှန်းသိသွားတော့မှ စိတ်ထဲမှ ကျိန်ဆဲပစ်မိလိုက်လေသည်။

"တောက် . . အရေးထဲမှာကွာ ဒီကြွက်ကလဲ တမှောင့်"

ညောင်ပင်ကြီးနားကို ရောက်မှန်းမသိရောက်လာခဲ့သည် စောစောက အားတင်းထားသလောက် ကြွက်ကြောင့် ကြောက်စိတ်ကပြန်ပြီးတော့ ဝင်သွားခဲ့ရသည်။

ညောင်ပင်ကြီးအောက်မှာ မှောင်မည်းနေသည်။ သူ တူးဆွထားခဲ့ဖူးသည့် ဂူပျက်တစ်ခုကရှိနေသည်။ မြေကျင်းကြီးထဲမှာတော့ . . . ။

ရာပိုင်ဆက်ပြီးမတွေးရဲတော့၊ သုသာန်စောင့်ကြီး ဦးဖုန်းသည် မြေကျင်းထဲမှာ လဲလျောင်းနေဆဲ၊ ခုလောက်ဆိုပုပ်ကောင်းတုန်းရှိနေလိမ့်ဦးမည်။

ရာပိုင်သည် ကြောက်စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းလိုက်ပြီး လွယ်အိတ်ထဲသို့ လက်ကနှိုက်လိုက်သည် နှင့် . .

"ဟော့. . ဟော့ကောင်. . ရာပိုင်"

အမှတ်မထင် နက်ကြောသော အသံကြီးတစ်သံက ထွက်ပေါ်လာခဲ့လေရာ. .

"ဟင်. . အ. . အမလေး. ."

www.burmeseclassic.com

www.burmeseclassic.com



ရာပိုင်လန့်ပြီးတော့ အော်မိလိုက်သည်။ ဆံပင်မွေးများ ပင်လျှင် တစ်ပြိုင်တည်း ထောင်တက်သွားခဲ့ရသည်။ ကြက်သီး မွေးညင်းတွေထသွားခဲ့ရသည်။ ထိုအသံကြီးသည် သုသာန် စောင့်ကြီး ဦးဖုန်း၏အသံ၊ သူ. . ကောင်းကောင်းမှတ်မိသည်။

ရာပိုင်မျက်လုံးတွေက အသံလာရာဆီကိုတန်းပြီးတော့ ရောက်သွားခဲ့သည်။ လူတစ်ယောက်က ညောင်ပင်ကြီးနှင့် မလှမ်းမကမ်းမှာ ရပ်နေသည်။ မည်းမည်းသဏ္ဍာန်ကြီးဖြစ်နေ သည့်အတွက် မျက်နှာကမသဲကွဲ. . သူသည် တောင့်တောင့်ကြီး ရပ်လျက်ရှိသည်။

"ဟင်. . ဒါ. . ဒါ. . ဦးဖုန်း၊ ဦးဖုန်းပဲ. . "

"ဟေ့ကောင်. . ရာပိုင်၊ မင်း. . မင်းကို ငါ. . လုံးဝ မကျေနပ်ဘူးကွ၊ မင်း. . ငါ့. . ကို. . သတ်. . သွား. . တယ်၊ မင်းကို. . ငါပြန်ပြီးတော့ သတ်မယ်၊ ဟား. . ဟား. . ဟား ဟား. . "

ဦးဖုန်း၏နက်ကြောသောအသံကြီးက လည်ချောင်း ထဲမှ အက်ကွဲကာ ပေါ်လာခဲ့သည်။

"ဟင်. . ဦး. . ဦးဖုန်း၊ သူ. . သူမကျွတ်ဘူး၊ ငါ့ကို လာခြောက်နေပြီ. . ခြောက်လှန့်နေပြီ၊ သွား. . သွား ကျုပ် အနားကိုမလာနဲ့. . မကပ်နဲ့. . "

ရာပိုင်သည် ငယ်သံပါအောင် အော်ပြောလိုက်သည်၊ ပုံမှန်အသံမျိုးမဟုတ်တော့. . ကြောက်သံကြီးမှ တစ်ကယ့်ကို လိပ်ပြာလွင့်ကာ ထွက်ပေါ်လာသည့် ကြောက်သံကြီး. .

"မင်း. . မင်း. . ငါ့. . ငါ့ကို ဒီလိုတားဆီးလို့ ရမယ်တဲ့ လားကွ၊ မင်း. . မင်းတို့ပြန်ပြီး ကလဲ့စားချေ. . ချေမလို့၊ ငါ





စောင့်. . စောင့်နေတာ. . သေ. . သေပေ. . တော့. . "

ဦးဖုန်းသည် ရာပိုင်ကို တစ်ချက်တည်း ခုန်အုပ်လိုက် လေ၏။ ရာပိုင်က ခုန်ရှောင်လိုက်သော်လည်း လက်သည်းများ ဖြင့်မျက်နှာကို ကုပ်ခြစ်မိသွားသည်။

"အား. . "

အကြောက်လွန်ပြီး လက်ထဲမှဓါးက လွတ်ကျသွားခဲ့ လေသည်။ သူ့ကို ဦးဖုန်းက ဖက်ပြီးတော့လုံးသည်။

"မင်း. . မင်းကို ငါ့လိုပဲ သေအောင်သတ်ပစ်မယ်၊ ပြီး. . ပြီးတော့ ဟော့ဒီ တွင်းထဲမှာ. . မြှုပ်. . မြှုပ်. . ပစ်မယ်၊ ဟား. . ဟား. . ဟား. . ဟား၊ ဟီး. . ဟီး. . ဟီး. . ဟီး. . "

ရာပိုင်၏ လည်ပင်းကို လက်ဖြင့်ညှစ်သည်။

"အောင်မယ်လေးဗျ၊ သေပါပြီ. . "

ရာပိုင်သည် ဦးဖုန်းကို တွန်းလွှတ်ပြီး သွေးရူးသွေးတမ်း ဖြင့် အော်ဟစ်ကာ ထွက်ပြေးလေတော့သည်။

"ဟား. . ဟား. . ဟား. . ဟား. . "

ဦးဖုန်း၏ နက်ကြောသော ရယ်သံကြီးသည် သုသာန် ထဲမှာ လွင့်ပျံ့ပြီး ကျန်ရစ်ခဲ့လေ၏။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၂)





## (၅)
## မုဆိုးလေးယောက်

တစ်နှစ်ခန့်ကြာသောအခါ. .

မိုးကောင်းကင်. . တစ်ခွင်တစ်ပြင်လုံးသည် မိုးသားတိမ်လိပ်များဖြင့် ဖုံးအုပ်လျက်ရှိသည်။ ခြိမ်းဟန်မပြသော်လည်း လျှပ်နွယ်တွေက တဝင်းဝင်းတလက်လက်ဖြင့်. . မကြာခဏ. . မြိုးပြက်လင်းလက်လျက်ရှိသည်။

တော်လဲဇတောင်ခြေရှိ တောအုပ်ကြီးထဲတွင် ကိုးတောင်ပြည့်စေတီတစ်ဆူရှိလေသည်။ စေတီတော်ကို တစ်ဦးတည်း ငြိမ်းဆင်ကာ ထုံးသင်္ကန်းကပ်လျက်ရှိသူတစ်ယောက်၊ ထိုသူသည် အသက်နှစ်ဆယ်ကျော်ရှိသာရှိဦးမည်။

မဖြူမညို. . အသားကလတ်သည်။ ထူထည်းမည်းမှောင်သော မျက်ခုံးမွေးရှိသည်။ ပေါ်လွင်ဖြောင့်စင်းသော နှာတံ၊ ပိရိစေ့စပ်သော နှုတ်ခမ်းပါးပါးတို့သည် ကြည်လင်သော



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါရှုပ်နှင့် လိုက်ဖက်ညီသည်။

ကျယ်ပြန့်သော နဖူးပြင်က မဟာဆန်ပြီး ယောကျ်ား ပီသမှုကို ဖော်ပြနေသည်။

"မိုးမင်းကြီးရယ်၊ မရွာပါစေနဲ့ဦး.. မရွာပါနဲ့ဦးဗျာ၊ ကျွန်တော်.. ထုံးသင်္ကန်းကပ်တာ.. အလဟဿဖြစ်သွားပါဦးမယ်.. ကူညီပါဗျာ.."

ကောင်းမြတ်သည် တစ်ကယ်လည်း မိုးရွာမှာကို စိုးရိမ်နေမိသည်။ စေတီတော်ပေါ်မှာ ကပ်ထင်နေသော ချေးညှော်များကို တိုက်ချွတ်ဆေးကြောရသည်မှာလည်း နှစ်ရက် ကြာမြင့်ခဲ့လေသည်။ ခုနေသာ.. မိုးရွာလိုက်လျှင်.. သူ ကပ်နေဆဲဖြစ်သည့် ထုံးသင်္ကန်းသည် မိုးရေများကြောင့် ပျက်ပြယ်သွားမည်မှာ.. အမှန်ပင်။

သို့သော်.. စောစောက မည်းမှောင်ပြီးတက်လာကြ သော မိုးသားများသည် တော်လဲတောင်ကြီး၏တစ်ဖက်ကို လေနှင့်အတူ လွင့်ပါးသွားခဲ့ကြလေသည်။ ထိုအခါကျမှ ကောင်းမြတ်လည်း သက်ပြင်းချမိရလေတော့သည်။

နေ့ခင်းလောက်တွင် နေရောင်ခြည်က ပြည့်ဝစွာဖြင့် ပက်ဆမ်းလာခဲ့သည်။ စေတီတော်မှာ ဆက်ကပ်ထားသော ထုံးသင်္ကန်းသည်လည်း ခြောက်သွေ့သွားခဲ့ကာ လွန်စွာမှ သပ္ပါယ်စရာအဆင်းကိုဆောင်နေလျက်ရှိနေလေပြီ။

ကောင်းမြတ်သည် သစ်ပင်ကြီးတစ်ပင်အောက်မှာ အပန်းဖြေကာ စေတီတော်ကြီးကို တစိမ်းစိမ်းဖြင့် ကြည့်နေ လျက်ရှိသည်။ မိမိပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအတွက် ပီတိဖြစ်နေမိသည်။





စေတီတော်၏ ထောင့်လေးထောင့်ရှိ ကျောက်ဆင်းတု တော်လေးဆူကိုတော့ သူ.. မကြာခဏရေသပ္ပါယ်သည်။ ထို့ကြောင့်.. ကြည်လင်ဝင်းလက်လျက်ရှိနေလေသည်။

ဘုရားညောင်ရေအိုး၊ သောက်တော်ရေဖန်ခွက်များကို မကြာခဏတိုက်ချွတ်ဆေးကြောသည်။ ပန်း၊ ဆီမီးနှင့် သောက်တော်ရေချမ်းကတော့ မည်သည့်အခါမှ မပြတ်လပ်ရ ပေ။ စေတီတော်၏ ပရဝုဏ်သည်လည်း သစ်ရွက်၊ သစ်ကိုင်း၊ အမှိုက်သရိုက်များ ကင်းရှင်းကာ.. အမြဲတမ်းသန့်စင်လျက် ရှိသည်။

ဤစေတီတော်ကို မည်သူက မည်သည့်အချိန်က တည်သွားခဲ့မှန်းပင်မသိ၊ ပျက်စီးယိုယွင်းနေသော စေတီတော်ကို မည်သူကမှ ပြုပြင်ရမှန်းလည်းမသိ၊ ပြုပြင်ဖို့လည်း မစဉ်းစား၊ တောထဲတောင်ထဲမှာ ထီးတည်းတည်ထားသော စေတီတော်ကြီး ၏အနားမှ.. လူတကာ ဖြတ်သွားဖြတ်လာသာရှိခဲ့ကြသည်။ ငဲ့စောင်း၍ပင် မကြည့်ကြပေ။

စေတီတော်၏ တောင်ဘက်မုခ်တွင် လူတစ်ရပ်ခန့် မြင့်သော ခြင်္သေ့ကြီးနှစ်ကောင်ကလည်း အင်္ဂတေများကွာကျ ကာ.. အထဲမှ အုတ်သားများပင်ပေါ်လျက်ရှိခဲ့သည်။ နားရွက်၊ နှာခေါင်းများကလည်း ပဲ့လျက်ရှိနေလေရာ.. ကြည့်ရအရုပ်ဆိုး လှ၍ ကောင်းမြတ်ကပဲ တတ်သ၍ မှတ်သ၍ ပြုပြင်ခဲ့လေသည်။ ခြင်္သေ့ကြီးနှစ်ကောင်ကိုလည်း ကောင်းမြတ်ကပင် ထုံးသုတ်ပေး ခဲ့လေသည်။

ကောင်းမြတ်ကြောင့် စေတီတော်သည်လည်း လွန်စွာမှ သပ္ပါယ်စရာကောင်းသွားခဲ့ရသည်။ အားလပ်သော အချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ဆီကိုသာ အမြဲလာရောက်ဖူးတွေ့ကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူခြင်း အမှုများကို ဆောင်ရွက်လေသည်။

လက်ရာမြောက်စွာဖြင့် ထုလုပ်ထားသော ခြင်္သေ့ကြီးနှစ်ကောင်သည် မည်သည့်နေရာကပဲကြည့်. . ကြည့် အသက်ဝင် လွန်းလှသည်။ တစ်ကယ့်သက်ရှိ ထင်ရှား သတ္တဝါကစ်ဦးအနားမှာ ရှိနေသကဲ့သို့ပင်ထင်နေရလေသည်။

ကောင်းမြတ်သည် သစ်ပင်ကြီးကိုမှီကာ ထိုင်နေရင်းက မှေးကနဲဆို ဖြစ်သွားခဲ့လေသည်။

"ဖျောက်. . ဖျောက်. . ဖျောက်. . ဖျောက်"

အသံတစ်ချို့က မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့လေသည်။ တိုးညင်းသောအသံများဖြစ်သော်လည်း နားပါးလှသောကြောင့်. . အသိတရားက ကောင်းမြတ်ကို နှိုးစေလိုက်သည်။

သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်တစ်ချို့ကို နင်းကာ ဖြတ်ကျော်ပြီးလာနေသော အသံပင်တည်း၊ ကောင်းမြတ်သည် လွန်စွာမှ နားပါးလှသူဖြစ်သည်။ ခြေသံသည် မည်သည့်နေရာက လာနေသည်ကို ခန့်မှန်းသိရှိလိုက်သည်။

သူ၏ ကျောဘက်နားဆီက လာနေသော အသံပင်တည်း။

"ဖျတ်. . ဖျတ်. . ဖျတ်. . ဖျတ်. . "

မြေပြင်ပေါ်မှာ လွတ်လွတ်ကျွတ်ကျွတ်ပင် ပြေးလာသောခြေသံမှန်းသိလိုက်ရသည်။ သတ္တဝါသည် ခရီးတစ်လျှောက်လျှောက်မရပ်မနားပဲ ပြေးလာခဲ့ဟန်တူသည်။ နေရာတွေကိုတစ်ဆင့်ပြီးတစ်ဆင့် ဖြတ်ကျော်လာခဲ့ပုံရသည်။





တစ်ခဏအကြာတွင်. .

ချုံကွယ်တစ်ခုကြားမှ သစ်နက်ကြီးတစ်ကောင်သည် ဘွားကနဲဆိုပေါ်လာခဲ့လေ၏။

ကောင်းမြတ်သည် မမျှော်လင့်ပဲ တွေ့လိုက်ရသော သစ်နက်ကြီးကို အံ့အားသင့်စွာဖြင့် ကြည့်နေမိသည်။

"သစ်နက်ကြီးပါလား၊ တစ်ကိုယ်လုံးမည်းပြောင်နေတာပဲ၊ ဒီတောထဲမှာ ငါတစ်ခါမှမမြင်ဖူးပါဘူး. . ဘယ်ကနေဘယ်လိုရောက်လာခဲ့ပါလိမ့်. . "

သစ်နက်လိုသတ္တဝါမျိုးသည် လွန်စွာမှ ရှားပါးလှသည်။ မည်သည့်နေရာမှာမှ တွေ့နိုင်မှာမဟုတ်သလောက်ကိုပင် ရှားပါး လှသည်။ ယခု. . ကောင်းမြတ်မျက်ဝါးထင်ထင်မြင်တွေ့လိုက် ရသောအခါ မိမိ၏မျက်လုံးများကိုပင် မယုံကြည်နိုင်လောက် အောင်ဖြစ်သွားခဲ့ရသည်။

"ငါ့အသိ၊ အာရုံကို လှည့်စားနေတာတော့ မဖြစ်နိုင်ဘူး၊ တစ်ကယ့်သစ်နက်ကြီးပဲ. . "

စဉ်းစားဆုံးဖြတ်၍ မပြီးမီမှာပင်လျှင်. . သစ်နက်ကြီးသည် နေရာမှ ဖျတ်ကနဲဆို ခုန်ကျော်ပြီး ကောင်းမြတ်နှင့် လှမ်းမကမ်းမှာ ပေါ့ပါးစွာ ကျလာသည်။ ဖဝါးလေးဘက်စလုံး ကျလာပုံက ညင်သာသည်။ ဖက်ရွက်ကလေးတစ်ရွက်က ပေါ့ပါးစွာဖြင့် ကျလာပုံမျိုး. .

သစ်နက်ကြီးသည် ကောင်းမြတ်နှင့် မဝေးလှ၊ လွန်စွာမှ နီးကပ်နေသော အနေအထားမျိုးမှာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်ကို ပစ်အကျ၌ ကောင်းမြတ်တို့မြင်သွားသည်။ ခေတ္တငြိမ်သက်သွားကာ လှည့်ကြည့်လိုက်သည်။ ကောင်းမြတ်ကလည်း သစ်နက်ကြီးက သူ့ကိုရန်များရှာလေမလားဟု ရင်ထဲဖိုကနဲဖြစ်သွားခဲ့ရလေ၏။

"ကိုယ့်လမ်းကိုယ်သွားပါ။ ခင်ဗျားကို ကျွန်တော်. . အနှောင့်အယှက်မပေးပါဘူး. . "

ကောင်းမြတ်က စိတ်ကူးရပြီး နှုတ်မှလွှတ်ကနဲဖြစ်သွားခဲ့လေသည်။ သစ်နက်ကြီးသည် ကောင်းမြတ်ဆီမှ အကြည့်ကိုဖယ်ရှားကာ. . သူလာခဲ့ရာနောက်ကြောင်းကို တစ်ချက်လှည့်ကြည့်လိုက်သည်။ ပြီးမှ. . ခြသေ့ံရုပ်တုကြီးများဆီကို ပြေးသွား ခဲ့သည်။ ထို့နောက်. . ခြသေ့ံတစ်ကောင်၏ ဝမ်းဗိုက်အောက် တစ်တောင်ခန့်ကွာနေသောနေရာ ကိုဝင်သွားခဲ့လေသည်။ သစ်နက်ကြီးသည် ကောင်းမြတ်၏ မြင်ကွင်းထဲမှ ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့လေ၏။

ခြသေ့ံရုပ်တုကြီးများ၏ ခြေလေးချောင်းသည် အုတ်ဖိနပ်များပေါ်ကို ချထားလေရာ ဝမ်းဗိုက်အောက်မှာ လွတ်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရုပ်လုံးကြီးများက ကြွပြီးတော့ တက်နေကြလေသည်။ ခြသေ့ံကိုယ်များ၏ အောက်မှာ လူတစ်ယောက်ဝပ်တွားပြီး ဝင်နိုင်လောက်အောင် နေရာလွတ်များရှိနေကြောင်းကို ကောင်းမြတ်က အခုမှပဲ. . သတိပြုမိလေတော့သည်။

"သစ်နက်ကြီးဟာ ခြသေ့ံရုပ်တုကြီးရဲ့အောက်ကို ဝင်သွားပါလား. . ဘာကြောင့်များပါလိမ့်၊ မဟုတ်မှလွဲရော. .





သူ့နောက်က ရန်သူလိုက်လာလို့ပဲဖြစ်ရမယ်. . "

ကောင်းမြတ်သည် စိတ်ကူးတစ်ခုရသွားခဲ့ပြီး. . နေရာထလိုက်သည်။ သစ်ပင်မှာထောင်ထားသည့် တံမြက်စည်းရှည်ကြီးကိုကောက်ယူလိုက်ရာ သစ်နက်ကြီး၏ ခြေရာများထင်ကျန်ခဲ့သည့် မြေပြင်ပေါ်မှာ လှဲကျင်းနေလေတော့သည်။ သူသည်သည့်အကြောင်းကြောင့် ယခုလိုစိတ်ကူးရသွားပြီး ဆောင်ရွက်နေသည်ကို မပြောတတ်တော့ပါ။ ကောင်းမြတ် တံမြက်စီးလှဲနေစဉ်မှာ နောက်မှအပြေးလိုက်လာသော. . ခြေသံများကို ကြားလိုက်ရသည်။ လူတစ်စု၏ စကားပြောသံများကလည်း ပျံ့လွင့်လာခဲ့လေသည်။

"ငါထင်တဲ့အတိုင်းပါပဲလား. . သစ်နက်ကြီးရဲ့နောက်ကိုလိုက်လာကြတဲ့သူတွေ. . ဖြစ်နိုင်တယ်. . "

အတွေးမဆုံးမီမှာပင်လျှင် လူတစ်စုသည် တောနက်ထဲသို့ဝင်သွားမည်ပြုပြီးမှ. . ကောင်းမြတ်ကို တွေ့သွားခဲ့ကြလေရာ. .

"ဟိုမှာ. . လူတစ်ယောက်၊ သူ့ကိုမေးကြည့်ရင်ကောင်းမယ်. . "

ခေါင်းဆောင်နှင့်တူသူတစ်ယောက်က ပြောလိုက်ပြီး ကောင်းမြတ်ဆီကို လျှောက်လာခဲ့ကြလေသည်။ ထိုသူအပါအဝင် လေးယောက်ဖြစ်သည်။ ကောင်းမြတ်က မြင်ချင်ယောင်ဆောင်နေပြီး တံမြက်စီးကိုသာ လှဲနေသည်။

မကြာမီ. .

ထိုသူများသည် ကောင်းမြတ်၏ အနားကိုရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။

"ဟော့ . . ကောင်လေး၊ မင်းက ဒီလိုလူခေါင်တဲ့နေရာ မျိုးမှာ . . ဘာလုပ်နေတာလဲ . . "

ထိုသူသည် မျက်နှာလေးထောင့်စပ်စပ်နှင့် . . အသား နီစပ်စပ်ရှိသည်။ မျက်ပေါက်တွေက ကျဉ်းပြီး နှုတ်ခမ်းထူသည်။ အလိုရှမ့်မှက်၊ ဒေါသကြီးသည်။ ဝန်တိုမှုကို ပြသသော လက္ခဏာ ဥပမိရုပ်မျိုးပင် . . အသက်လေးဆယ်နီးပါးခန့်ရှိလိမ့်မည်။

"ကျွန်တော် . . စေတီတစ်ဝိုက်မှာ သန့်ရှင်းရေးလုပ်နေ တာပါ . . "

ထိုသူ၏လေသံက ခက်ထန်သော်လည်း ကောင်းမြတ် သည် အေးဆေးစွာပင် ဖြေလိုက်လေ၏။

"မင်းလိုအရွယ်က အလုပ်မရှိအလုပ်ရှာလို့ကွာ၊ ကဲ . . မင်းတံမြက်စီးလှဲတာ . . ခဏရပ်ပါဦး၊ ငါ . . မင်းကို တစ်ခုမေးချင်လို့ . . "

အထက်စီးကပြောသော လေသံပဲဖြစ်သည်။ သူ ကိုယ်ပေါ်မှာ လေး၊ မြား၊ ဓါး၊ လှံ၊ လက်နက်ကိရိယာတွေ ပါလာကြကတည်းက မုဆိုးတွေပဲဆိုသည်ကို ရိပ်မိလိုက်သည်။ ကောင်းမြတ်က တံမြက်စီးလှဲသည်ကို ရပ်လိုက်ပြီး ထိုသူ၏ မျက်နှာကို ကြည့်နေလိုက်လေ၏။

"မင်းဒီမှာ . . ဘာလုပ်နေတာလဲ၊ ဒီနေရာကိုရောက် နေတာ . . ကြာပြီလား . . "

စောစောက မေးခွန်းကိုပဲ ပြန်ပြီးတော့မေးသည်။

"ကျွန်တော် . . စေတီကိုထုံးသက်န်းကပ်ပြီး ဒီ သန့်ရှင်းရေးလုပ်နေတာပါ . . ဦးရိုး"





ထိုသူသည် စေတီဘက်ကိုလှမ်းပြီး ကြည့်လိုက်သည်။ ငြမ်းများကိုတွေ့ရသည်။ ထုံးသက်န်းဖွေးဖွေးကို တွေ့ရသည်။ ထို့နောက် . .

အကြည့်သည် ခြင်္သေ့ရုပ်တုကြီးများဆီကို ရောက်သွား ပြန်သည်။ ခြင်္သေ့ကြီးများသည်လည်း . . ထုံးဖွေးဖွေးနှင့်ပင် . . သူက နှုတ်ခမ်းကို မလှုပတွာမဲ့ပစ်လိုက်ပြီး . .

"မင်းက . . အလာသားပဲကွ၊ ကုသိုလ်ကောင်းမှုတွေ ဘာတွေလုပ်လို့ ဘုရားဖြစ်မယ့် အုတ်ခဲကျိုး၊ မင်းကိုယ်မင်း ဘုန်းကို တန်းပြီးတော့ ရောက်လိမ့်မယ်ထင်သလား . . "

တော်တော်ကြောက်စရာကောင်းသည့်လူပင် . . . များကုသိုလ်လုပ်သည်ကိုပင် . . မစ္ဆေရိယစိတ်တွေများ လိုက်သေးသည်။ ဘုရားမကြိုက်သည့် လူမိုက်တွေပင်၊ ကမှ ရှုတည်တည်နှင့် ကြည့်နေကြသည့် လူသုံးယောက် လည်း သူ့လိုမျက်နှာထားမျိုးနှင့်ပင်။ ဟုတ်ပဲဟုတ်ကြ သားတော့ . .

ကောင်းမြတ်က ထိုသူ၏ မစ္ဆေရိယဆန်သော အားများကို မည်သို့မှ မတုန့်ပြန်ပေ၊ အပြုံးမပျက်ပင် ကြည့်နေ က်သည်။

"သစ်နက်တစ်ကောင် . . ငါတို့ရှေ့က ထွက်ပြေးသွား သည်ကွ၊ မင်းမြင်လိုက်မိသလားလို့ပါ . . "

လေသံက အနည်းငယ်ပျော့ပျောင်းသယောင်ရှိသွား သည်။ စိတ်မငြိမ်သက်သောသူပင်။

"ကျွန်တော် . . ဒီနေရာကိုရောက်နေတာ ကြာပြီ၊ တွေ့မိပါဘူး ခင်ဗျာ . . "



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား. ."

"သေချာပါတယ်၊ ဒီအနားက ဘာကောင်မှ ဖြတ်မသွား
ခဲ့ပါဘူး၊ ဘယ်သတ္တဝါပဲဖြစ်ဖြစ်. . ဖြတ်သွားဖြတ်လာလုပ်ခဲ့
ရင်လည်း. . ကျွန်တော်မြင်မိမှာပါ. ."

"သစ်နက်ဆိုတာကိုကော မင်းသိရဲ့လား၊ သိပ်ပြ
ရှားပါးတဲ့သတ္တဝါတစ်ကောင်ပဲကွ၊ တန်ဖိုးရှိတယ်. ."

"ကျွန်တော်မြင်တောင် မမြင်ဖူးပါဘူး ခင်ဗျာ. ."

"ဆရာ မုန်တိုင်း၊ ဒီကောင်က အူတူတူနဲ့ ဘာမှသိ
ရမှာမဟုတ်ပါဘူး၊ ကျွန်တော်တို့ သစ်နက်ကြီးရဲ့နောက်
ဆက်ပြီးလိုက်ကြမယ်. ."

"ဟေ့ကောင်. . ငမိုး၊ သစ်နက်က ဒီနားမှာပဲ ပျော
သွားတာကွ၊ ငါတော့ သင်းဘယ်ကိုမှ မပြေးပဲ ဟောဒီနာ
တစ်ဝိုက်မှာပဲ ပုန်းနေလိမ့်မယ်လို့ထင်တယ်. ."

"ဒီကောင်ကြီးက ပြေးရင်တောက်လျှောက်ပဲပြေးမှာ
ဆရာကြီးမှ့. . ကျွန်တော်က ငမိုးထင်သလိုပဲ ယူဆမိတယ်"

ဂင်တိုတိုပုကွကွနှင့် တောလုံးဆိုသူကလည်း ဝင်ပြေ
သည်။ တောလုံး၏လက်ထဲမှာ ရဲဒင်းတစ်လက်ကို ကိုင်ထာ
သည်။ သူက ရဲဒင်းသမား. . ငမိုးကလှံသမား. .

ကောင်းမြတ်သည် ဿူတို့သုံးယောက် ခြသေ့်ကြီး
ဝမ်းဗိုက်အောက်ကို အာရုံရောက်မသွားပါစေနှင့်ဟု သ
ဆုတောင်းနေမိသည်။

ကိုယ်လုံးကိုယ်ပေါက်က ဆင်ပေါက်တစ်ကောင်ကဲ့
တုတ်ခိုင်ပြီး မြင့်မားသော အရပ်ရှိသည့် ဗလကလည်း. .

"ဟုတ်တယ် ဆရာမုန်တိုင်း၊ ငမိုးနဲ့ တောလုံး



အယူအဆကို ကျွန်တော်လည်း လက်ခံတယ်၊ သစ်နက်ကြီးဟာ
ဒီမှာပုန်းစရာနေရာမှ မရှိတာ၊ ဒီကောင်ကြီး ကြောက်ကြောက်နဲ့
ဆက်ပြီးပြေးမှာပဲ. ."

လက်ထဲမှာ ဗျက်လေးလက်မ အရှည်သုံးပေခန့်ရှိသည့်
ငှက်ကြီးတောင်ဓါးကြီးကို ကိုင်ထားသည့် ဗလ၊ ဘယ်ပခုံးထက်
မှာလည်း ကြိုးတစ်ခွေကို လွယ်ထားသေးသည်။ သူ့ပုံစံက
အရာရာကိုခွန်အားနှင့် အနိုင်ယူမည်ဆိုသည့် ဗလအားကိုး
သဘော. . မျက်နှာက မဲဆင်မခြင်မိုက်ကန်းမည့်ပုံလည်း
ပေါ်နေသည်။

ထိုအခါ. . မုန်တိုင်းက လက်မှာကိုင်ထားသော
ဒူးလေးကြီးကို သားရေပတ်ကျိုးမှ တစ်ဆင့်ပခုံးမှာ သွယ်
လိုက်ပြီး-

"ကောင်းပြီလေ၊ မင်းတို့သုံးယောက်ရဲ့ ဆန္ဒက
တူညီနေတယ်၊ ငါ. . လိုက်လျောရမှာပေါ့. ."

ခေါင်းဆောင်မုန်တိုင်း၏အကြည့်သည် ကောင်းမြတ်
ဆီကို ရောက်သွားပြန်သည်။

"ငါတို့ သစ်နက်နောက်ကို မှန်းပြီးလိုက်သွားဦးမယ်၊
မင်းက ဒီမှာ ဘယ်လောက်ကြာကြာနေဦးမှာလဲ. ."

"ကျွန်တော့်ကိစ္စပြီးပါပြီ၊ တစ်အောင့်ကြာရင်ပြန်မှာပါ"

"မင်းက ဘယ်ရွာသားလဲ. ."

"သီလရွာကပါ. ."

"ဩော်. . သီလရွာကကိုး၊ ဒါကြောင့်မို့ မင်းက
ဥပသကာရုပ်ပေါက်နေတာကိုး၊ အေး. . ဘာပဲဖြစ်ဖြစ်. .
မပြန်ခင်. . သစ်နက်ကြီးရဲ့ အခြေအနေကိုကြည့်ထား၊

www.burmeseclassic.com

www.burmeseclassic.com

ထုးခြားရင်. . တစ်ပင်တိုင်ရွာကိုလာပြီးပြော၊ ငါတို့ရှိနေမယ်. . မင်းကိုလည်း ဆုချီးမြှင့်မှာပေါ့ကွာ. . ဟုတ်ပြီလား. . "

"ဟုတ်ကဲ့. . "

မုဆိုးလေးယောက်က အလျှင်စလိုဖြင့် ထွက်သွားခဲ့ကြသည်။ ကောင်းမြတ်သည် မြသော့ရုပ်တုကြီး၏အောက်ကို မသိမသာလှမ်းကြည့်မိလိုက်လေသည်။

➤ ➤ ➤





(၆)

## လျှို့ဝှက်ဂူလိုဏ်လမ်း

သီလရွာသည် တော်လဲတောင်ကြီး၏ တစ်ဖက်တွင်ရှိသည်။ တောင်၏ သည်မှာဘက်တွင်တော့ တော်လဲရွာနှင့်လင်းလုရွာတို့ဖြစ်ကြသည်။ တစ်ပင်တိုင်ရွာသည် သီလရွာနှင့်ခနှစ်မိုင်ခန့်ဝေးလေသည်။ ထိုရွာနှစ်ရွာစီကို တော်လဲတောင်ကြီးကခြားထားသည်။

သီလရွာသည် နာမည်နှင့်လိုက်အောင်ပင် ရတနာသုံးပါးကို ဦးထိပ်ထားပြီး ဘာသာရေးကို အလေးထားသူတွေများကြသည်။ လူကြီးသူမများသာမက လူငယ်များကပါ ကိုယ်ကျင့်တရားနှင့်အညီ နေထိုင်ကြသည်။

သို့သော်. .

ချွင်းချက်အနေဖြင့်ထားပြီး ပြောရမည်ဆိုလျှင်. . ဖွဲ့သတ္တိ၊ သစ္စာအရာများတွင်တော့ စံထားရလောက်အောင်


www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံကြလေသည်။ ငါးပါးသီလကို အတတ်နိုင်ဆုံး လုံခြုံအောင် ထားကြသော်လည်း အမျိုး၊ ဘာသာ၊ သာသနာကို ထိခိုက်စေခဲ့ကြလျှင်တော့ မခံကြ၊ မဟုတ်မခံသမားများ ဖြစ်သွားခဲ့ကြလေသည်။

သည်းခံခြင်းတရားတို့ လက်ကိုင်ထားကြသော်လည်း လူငယ်များကတော့ တစ်ခါတစ်ရံတွင် ရွာနှင့်ပတ်သက်ပြီး ထိပါးပုတ်ခတ်၊ အတိုက်အခံကိစ္စများပေါ်ပေါက်လာခဲ့ကြလျှင် တရားတစ်ဘက်ဓါးတစ်လက် ဖြစ်ကုန်ကြသည်။

အကြောင်းကြီးငယ်ကိစ္စမျိုးမပေါ်ပေါက်လာခဲ့လျှင်တော့ သည်းခံစိတ်ကတော့ အတတ်နိုင်ဆုံးထားကြပါသည်။

"ခွေးရူးတစ်ကောင်က ကိုယ့်ရှေ့တည့်တည့်က ပြေးလာခဲ့လျှင် မေတ္တာပို့ကြည့်ပါလား.."

"ခွေးရူးက ဆက်ပြီးပြေးလာရင် ဘယ့်နှယ်လုပ်မလဲ.."

"မေတ္တာဆက်ပို့ကွာ.."

"မေတ္တာမပြတ်ဆက်ပို့ပါလျက်နဲ့ ခွေးရူးက ရှောင်မသွားပဲ.. ဆက်ပြီးပြေးလာခဲ့ရင်ကောကွာ.."

"မေတ္တာသာမပြတ်ဆက်ပို့နေစမ်းပါကွာ၊ မေတ္တာမပျက်ကြနဲ့၊ ပို့သာပို့.."

"ဟုတ်ပါပြီ.. ခွေးရူးက ငါနဲ့ ဒါမှမဟုတ် မင်းနဲ့နီးသထက်နီးလာခဲ့ရင်ကောကွာ၊ မင်းလည်း ရှောင်ပြေးလို့မလွတ်တော့ဘူး။ ကဲ.. ဒါဆို မင်းဘာဆက်လုပ်မလဲ၊ ကဲ.. ပြော.. ပြောလေကွာ.."





"ဟော.. အဲ့သလောက် မေတ္တာပို့လို့မှ မရရင် ဘာမှလုပ်မနေနဲ့တော့ဟေ့.. ခဲနဲ့သာကောက်ပြီး ထုပေတော့ကွာ.."

လူငယ်များက တစ်ခါတစ်ရံမှာ အပြောင်အပြတ်စကားမျိုးပြောတတ်ကြသည်။ ရွာမှ လူကြီးသူမများက မကြားချင်ယောင်ဆောင်နေကြသည်။ လူငယ်တို့၏ သဘာဝကို မတားမြစ်တန်ကောင်းရာ ဤသို့ပင် ရှိလိမ့်မည်။

သီလရွာတွင် လူငယ်မှန်သမျှ ရပ်ရေးရွာရေးတွင် လွန်စွာမှတက်ကြွကြကာ မည်သူ့ကိုမှလည်း ကိုယ်ကကျူးပြီး မတရားမှုကိစ္စများ မပြုလုပ်ကြချေ။

ကောင်းမြတ်သည် သီလရွာကို ပြန်ရောက်လာပြီးသောအခါ ဆိုးတောင်ပြည့်စေတီတော်မြတ်ကြီးကို ထိုးသက်နန်းကပ်ခဲ့သည့်အတွက် ပြန်လည်စဉ်းစားမိပြီး ကြည်နူးနေမိသည်။

တစ်ဆက်တည်းမှာပင် သစ်နက်ကြီးကိုလည်း အမှတ်မရပဲ မနေနိုင်အောင်ပင်ရှိနေခဲ့ရသည်။

"တော်တော်ထူးဆန်းတာပဲ၊ ငါတစ်သက်မှာ သစ်နက်ဆိုတဲ့သတ္တဝါကို ကြားသာကြားဖူးခဲ့တယ်၊ တစ်ခါမှ မမြင်ဖူးဘူး။ ခုတစ်ကြိမ်ပဲ.. ငါမြင်ဖူးသေးတယ်၊ ဒီတော.. ဒီတောင်ကြီးထဲမှာလည်း သစ်နက်လို သတ္တဝါမျိုးရှိတယ်လို့ မကြားဖူးပါဘူး။ ဘယ်သူကမှလည်း မပြောဖူးကြဘူး.. ဘယ်လိုက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရောက်လာခဲ့တာပါလိမ့်. .

ဟိုလူတွေက သစ်နက်ကြီးကိုလိုက်ပြီး ဖမ်းနေကြတယ်၊ ရန်သူတွေရဲ့ လက်ထဲကို မရောက်ဖို့အတွက် လွတ်ရာလွတ်ကြောင်းပြေးလာခဲ့တဲ့ သစ်နက်ကြီး အမိမခံရပါစေနဲ့. . လွတ်မြောက်သွားပါစေ. . ”

ကောင်းမြတ်က ရင်ထဲမှာပဲ ကြိတ်ပြီးတော့ ဆုတောင်းနေမိသည်။

“သစ်နက်ကြီးဟာ. . ဟိုခြသေ့ရုပ်တုကြီးရဲ့ ဗိုက်အောက်ကိုဝင်သွားခဲ့တယ်၊ ပြန်ထွက်မလာဘူး. . သူ. . ဘယ်လောက်အထိ အကြာကြီးနေနိုင်မှာတဲ့လဲ၊ ဒီကိစ္စ ဘယ်သူ့ကိုမှ ပြောလို့မဖြစ်ဘူး၊ သိသွားရင်. . သစ်နက်ကြီးအတွက် အန္တရာယ်ပိုပြီး ကြီးထွားလာနိုင်တယ်. . ”

ကောင်းမြတ်သည် သစ်နက်ကြီး၏ မျက်နှာကို ပြန်ပြီးတော့ မြင်ယောင်လာမိခဲ့သည်။ ခြသေ့ရုပ်တုကြီး၏ ဗိုက်အောက်ကို မဝင်မီ ခေါင်းကိုလှည့်ကာ မိမိမျက်နှာကို ကြည့်သွားခဲ့သေးသည်။ လိမ္မာပါးနပ်သော သစ်နက်ကြီးသာ ဖြစ်ခဲ့လျှင် ဟိုလူတစ်စုနှင့် မိမိတို့ပြောဆိုနေကြသည့် စကားများကိုကြားနေခဲ့ပေလိမ့်မည်။ မိမိက သူ့ကို အကာအကွယ်ပေးလိုက်သည်ကို သိနိုင်ပါလိမ့်မည်။

“သား. . မနေ့က တောထဲကိုသွားပြီး တစ်နေကုန် ဘာလုပ်နေတာလဲ. . ”

ဒေါ်ကြာညိုက မေးလိုက်သည်။ ခြံထဲမှာ သစ်ခင်းများကို လိုက်လံကြည့်ရှုပြီး ပေါင်းမြက်များနုတ်ကာ. . သင်ကာရှိနေသော ကောင်းမြတ်နှင့် ဖခင်ဖြစ်သူ. . ဦးထင်ပေါ်



သားအဖနှစ်ဦး. .

“အေး. . ငါလည်း မင်းကို မေးမလို့ပဲကွ၊ မင်း. . တောထဲက ကိုးတောင်ဖြည့်စေတီဘက်ကိုသွားတယ်ဆို. . ”

“ဟုတ်တယ်. . အဖေ၊ သား စေတီတော်ကို ရေသန့်စင်ပြီး. . ထုံးသင်္ကန်းကပ်ခဲ့တာပါ. . ”

“အဲ့ဒီဘက်မှာ နတ်ကြီးတယ်၊ တစ္ဆေခြောက်တယ်၊ တောခြောက်တယ်လို့ နာမည်ကြီးနေတာ သားကတစ်ယောက်တည်းသွားတာကိုး၊ ကုသိုလ်အလုပ်ဆိုတာကိုတော့ အမေ နားလည်ပါတယ်. . ”

“ရွာကလူတွေ. . ဘာသာရေးကို ရိုသေကိုင်းရှိုင်းကြပြီး ဒီလိုအယူသည်းမှုမျိုးတွေရှိနေကြတာ. . မသင့်တော်ဘူးထင်တယ်။ ဘုရားကိုပြုပြင်တာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကတောင် ပိုပြီးစောင့်ရှောက်ကြဦးမယ် အမေ. . ”

ထိုအခါ. . မိခင်ဒေါ်ကြာညိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး. .

“ကံနိမ့်. . ကံမြင့်ဆိုတာရှိသေးတယ် သား၊ ဒါမျိုးဆိုတာ ပြောလို့ ဘယ်ရမလဲ၊ သားအဲ့ဒီဘက်ကိုသွားတာ ကံမြင့်နေလို့သာ. . ဘာမှမဖြစ်တာ. . ”

ကောင်းမြတ်က မိခင်၏ စကားကို မည်သို့မှ မချေပတော့ပေ။ လိမ္မာရေးခြားရှိကြသော သားသမီးများသည် မိဘတို့အား. . ပြန်ပြီး စောဒကမတက်ကြချေ။ ဘာသာရေးနှင့် အယူသည်းမှုတို့ကတော့ ဒွန်တွဲနေကြသည်။ သိလျှင်မှ တစ်ချို့တွင် မိမိ၏ မိဘနှစ်ပါးသည်လည်း အပါအဝင်ပင်၊ ထိုင်အခါ တဖြည်းဖြည်းနားလည်လာနိုင်ကြပါလိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မိရသည်။

➤ ➤ ➤

စေတီတော်ဆီကို ကောင်းမြတ်ရောက်လာခဲ့ပြန်သည်။ ဘုရားရှိခိုးအပြီး. . ဆွမ်း၊ ပန်း၊ ဆီမီး၊ သောက်တော်ရေချမ်း ကပ်အပြီးမှာ. . တနလာ်ထောင့်မှာ ပုတီးစိပ်နေလေသည်။

ပုတီးစိတ်အပြီးမှာ ခြင်္သေ့ရုပ်တုကြီးများရှိရာကို လျှောက်လာခဲ့လေသည်။ သစ်နက်ကြီးသည် ဘယ်ဘက်ရှိ ခြင်္သေ့ရုပ်တုကြီး၏ ဗိုက်အောက်ကိုဝင်သွားခဲ့ခြင်းပင်ဖြစ်သည်။ ကောင်းမြတ်သည် ခြင်္သေ့၏ အနားကိုမဝံ့မရဲနှင့် ကပ်လာခဲ့သည်။ ရုပ်တုကြီး၏အောက်ကို ဝင်သွားခဲ့သည့် သစ်နက်ကြီးသည် မည်သည့်အချိန်ကပြန်ပြီးတော့ ထွက်သွားခဲ့ပါသလဲ. . သစ်နက်ကြီးသည် ဤအောက်မှာ အကြာကြီးနေမှာတော့ မဟုတ်ပါ။ အန္တရာယ် ကင်းဝေးသွားသည်နှင့် တစ်နေရာကို ထွက်သွားမှာ အမှန်ပင်. .

"သစ်နက်ကြီးဟာ ဒီအောက်မှာ လုံလုံခြုံခြုံစိတ်ချ. . လက်ချနဲ့နေနိုင်ခဲ့တာ၊ အံ့အားသင့်စရာပဲ. . သူ့တစ်ကိုယ်လုံး မြုပ်ပြီးနေနိုင်လောက်အောင် ကျယ်ဝန်းလို့လား. . "

ကောင်းမြတ်သည် မဝံ့မရဲနှင့် ခြင်္သေ့ရုပ်တုကြီး၏ ဗိုက်အောက်ကို ဝင်ရန်ကြိုးစားသည်။

မှောက်လျက်အနေအထားဖြင့် ငုံ့ကြည့်နေရာက စိတ်ပါပြီး ခေါင်းပါတိုးပြီးတော့ ဝင်သွားမိသည်။ ခြင်္သေ့ကြီး၏ ခြေလေးဖက်နင်းထားသော အုတ်ဖိနပ်များသည် လွန်စွာမှ



ခိုင်ခံ့လှပြီး ဘောင်လေးဘက်ခတ်ထားသလို ရှိနေသည်။ အလယ်ပေါက်သည် တွင်းကြီးတစ်တွင်းပမာရှိနေ၏။ မြေတွင်းကြီးတစ်ခုပင်. .

"ဒီအလယ်ခေါင်နေရာကို မပိတ်ပဲ ဘာဖြစ်လို့ အခေါင်းပေါက်ကြီးလုပ်ထားခဲ့ပါလိမ့်. . "

စူးစမ်းသောအကြည့်ဖြင့် တွင်းဝကို မျက်နှာအပ်ပြီး ငုံ့ကြည့်လိုက်လေရာ ပထမတော့ မှောင်နေသည်။ မျက်လုံးတွေ ဆ. . အမှောင်မှာ တဖြည်းဖြည်းကျင့်သားရလာသောအခါ ထူးခြားမှုများကို မြင်တွေ့လာခဲ့ရသည်။

တွင်းက မတ်စောက်ကြီးမဟုတ်ပဲ ကွေ့ကွေ့ဝိုက်ဝိုက် လေးဖြစ်နေသည်။ တွင်းနံရံမျက်နှာပြင်က ချောမွတ်နေသည်။ ဘစ်ဆစ်ချိုးအကွေ့များရှိ၍ ခြေချနိုင်သည်။

ထို့ကြောင့် ကောင်းမြတ်သည် မြေဂမူအထစ်တစ်ခုပေါ်ကို ခုန်ချလိုက်လေသည်။ တွင်းဝတွင် သူ့ခေါင်းပေါ်ရှိသာ ရှိတော့သည်။ လက်နှစ်ဖက်ဖြင့် တွင်းနံရံနှစ်ဖက်တွန်းကာ ထိန်းပြီးအောက်ကို တဖြည်းဖြည်းဆင်းသွားခဲ့သည်။

ဂူလိုဏ်လမ်းကြောင်းတစ်ခုပမာရှိနေသည်ကို တွေ့လိုက်ရသည်။ လမ်းကပြေပြစ်သည်။ ဆက်ပြီး ဆင်းသွားလို့ရသေးသည်။ သို့သော်. . အလင်းရောင်က အောက်ကို ထိပ်မရောက်တော့. . အောက်မှာ မှောင်နေပြီဖြစ်သည်။ အန္တရာယ်မရှိဟု မပြောနိုင်။

"ငါ. . အဆုံးအထိလိုက်ပြီး ကြည့်ချင်သေးတယ်၊ အောက်နေ့မှ မီးတုတ်ယူလာပြီး အောက်ကို ဆက်ဆင်း ကြည့်ရမယ်၊ သစ်နက်ကြီးဟာ ဒီလမ်းကြောင်းအတိုင်း

www.burmeseclassic.com



ဆင်းသွားသလား မပြောတတ်ဘူး၊ ဒီနေရာကို သူသိနေလို့ဖြစ်ရမယ်. . "

စိတ်ထဲမှာ မချင့်မရဲဖြင့် တွင်းပေါ်ကို ပြန်တက်လာခဲ့ရသည်။ တွင်းဝကိုရောက်သော်. . အပြင်မှ လူရိပ် လူခြေကိုကြည့်ပြီး. . ခြသေ့်ကြီး၏ဝမ်းဗိုက်အောက်မှ ပြန်ထွက်လာခဲ့လေသည်။

➤ ➤ ➤

ကောင်းမြတ်သည် နောက်နှစ်ရက်အထိ ဤနေရာကို မရောက်ဖြစ်ခဲ့၊ သုံးရက်မြောက်သောနေ့မှာမှ နံနက်စာအဆာပြေစားသောက်ပြီး လွယ်အိတ်တစ်လုံးနှင့် သီလရွာမှ ထွက်လာခဲ့သည်၊ မနက်မိုးမလင်းမီအချိန်ဖြစ်၍ သူရွာမှထွက်လာခဲ့သည်ကို မည်သူမှမသိကြ။

မိဘများကိုတော့ စေတီဆီကိုသွားဦးမည်ဟု အသိပေးထားခဲ့သည်။ သားကိုစိတ်မချကြသော်လည်း ကသိုလ်စိတ်များ၍ အန္တရာယ်မဖြစ်နိုင်တော့ဟု ယုံကြည်စိတ်ချသွားခဲ့ကြ၍ မတားဆီးကြတော့ပါ၊ သတိလည်း မပေးကြတော့ပါ. . ကောင်းမြတ်သည် မိုးမလင်းမီမှာပင်လျှင်. . တော်လဲတောင်ခြေကို. . ရောက်လာခဲ့လေသည်။

ရောက်ရောက်ချင်း ခေတ္တခဏနားကာ စေတီတော်ကို ဦးချကန်တော့သည်။ ပုတီးစိပ်သည်။

မကြာမီ. .

အလင်းရောင်က ထွက်ပေါ်လာခဲ့သည်။ ပတ်ဝန်းကျင်



ကို. . ထင်ရှားစွာမြင်လာခဲ့ရသည်။ ခြသေ့်ကြီးနှစ်ကောင်၏ အနီးမှာ ရောမကျောက်ပြင်ကြီးတစ်ပင်နှင့်. . မန်ကျည်းပင်ကြီးတစ်ပင်ကရှိနေသည်။ အပင်ကြီး၏ အကိုင်းအခက်အရွက်အလက်များသည် စေတီတော်ကိုရော၊ ခြသေ့်ကြီးနှစ်ကောင်ကိုပါ. . အရိပ်သာယာမိုးပေးထားကြသည်။

ကောင်းမြတ်သည် မန်ကျည်းပင်ကြီးအောက်မှ ထလိုက်ပြီး ခြသေ့်ရုပ်တုကြီးဆီကို တည့်တည့်လျှောက်မသွားဘဲ စေတီတော်၏ အနောက်ဖက်ကို အရင်လျှောက်သွားသည်။ မြောက်သားမာမာပေါ်ကို နင်းလျှောက်လာသည်၊ ဓိမိခြေရာ ထင်စေရန်ဖြစ်သည်။ ခြသေ့်ရုပ်တုကြီး၏ အနားကိုရောက်သော်. . လူရိပ်လူခြည်တစ်ချက်ကြည့်သည်။

စိတ်ချပြီဆိုတော့မှ ခြသေ့်ကြီး၏ ဝမ်းဗိုက်အောက်ကို ထိုးလျှိုးဝင်လေသည်။ ထို့နောက်. . တွင်းထဲကို ဆင်းသည်။ တွင်းက တိုးလျှိုပေါက်ကြီးမဟုတ်၊ အောက်မှာ ဂူလမ်းကြောင်းအစ မြေဂူအထပ်ကြီးတစ်ခုက ခံနေသည်။ ယင်းအထပ်ပေါ်ကို ခုန်ချလိုက်ရသည်၊ ထို့နောက်. . ဂူလမ်းအတိုင်း ဆင်းလာခဲ့သည်။ လက်နှိပ်ဓာတ်မီးကလည်း ကျဉ်းမြောင်းသော တွင်းနံရံများကိုကိုင်ကာ ထိန်းလာခဲ့ရသည်။

ပထမသော်. . နိမ့်လျှောကြီးဖြစ်နေ၍ သတိထားပြီးတော့ ဆင်းယာခဲ့ရသည်။ ပေနှစ်ဆယ်လောက်ဆင်းလာပြီးသောအခါ. . လမ်းက ကျယ်သလောက်ရှိလာခဲ့သည်၊ အလင်းရောင်က နည်းပါးလာခဲ့သည်၊ သို့သော်. . မြင်နိုင်ရုံမျှ အားစိုက်ကာကြည့်ပြီး ဆက်ဆင်းလာခဲ့သည်။

ပြေပြစ်သော လမ်းတစ်လမ်းကို စတင်ပြီးတွေ့ရှိလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ မြေနီလမ်းကြောင်းပေါ်ကို ခြေချမိသည်။

ခေတ္တခဏရပ်ပြီး လွယ်အိတ်ထဲမှ ဝါးဆစ်ပိုင်း နှစ်ပိုင်းကိုထုတ်သည်။ နှစ်ခုကို အဆစ်မှနေ၍ ဆက်လိုက်သော် မီးတုတ်တစ်ချောင်းကိုရလေသည်။ မီးတုတ်အရှည်ကြီးဆိုလျှင် လူသိမည်. . မြင်မည်စိုး၍ ဝါးတံနှစ်ခုကို သံပြားဝိုင်းကွပ်ကာ တစ်ခုနှင့်တစ်ခုစွပ်၍ရနိုင်ရန် စီစဉ်ထားခြင်းပင်ဖြစ်သည်။

ရေနံဝအောင်စိမ်ထားသော မီးတုတ်ထိပ်မှ အဝတ်စထုတ်ကို မီးခြစ်မှမီးညှိလိုတ်သည်နှင့် လင်းလင်းချင်းချင်းဖြစ်သွားခဲ့လေသည်။ ထို့နောက်. . မီးတုတ်ကိုကိုင်ကာ အောက်ကိုဆင်းလာခဲ့သည်။ အနိမ့်ပိုင်းနှစ်နေရာကို ဆင်းလာခဲ့ပြီးသောအခါ လမ်းက မူလအတိုင်းပြန်ပြီးတော့ ပြေပြစ်သွားပြန်သည်။ လမ်းလျှောက်၍ကောင်းသွားခဲ့သည်။

တောက်လျှောက် ဆက်ပြီး လျှောက်လာခဲ့သည်။ ဂူလိုဏ်လမ်းကြောင်းထဲမှာ လေကိုလတ်ဆတ်စွာ ရှူလို့ရသည်။ အသက်ရှူမဝမရှိ၊ မကောင်းသောအနံ့အသက်မျိုးမရှိ၊ မြေပြင်ထက်မှာ လျှောက်နေရသလိုပင်. .

အကွေ့အကောက်တွေရှိသည်။ အခြားသောလမ်းကြောင်းတွေမရှိ၊ ကောင်းမြတ်သည် ဂူလမ်းကြောင်းကြီးကို ပိုပြီးတော့ စိတ်ဝင်စားလာခဲ့သည်။

"ဒါ. . သဘာဝဂူလမ်းကြောင်းကြီးပဲ၊ ဒီနေရာကို ဘယ်သူကမှ သိကြဟန်မတူကြဘူး၊ မသိနိုင်. . မမြင်နိုင်အောင်ပဲ သမ္မာဒေဝနတ်ဗကောင်းနတ်မြတ်တွေက ကာကွယ်ထားကြလေသလား. . တောစောင့်နတ်၊ တောင်စောင့်နတ်တွေကပဲ ဒီနေရာ





စေတီတော်တစ်ဝိုက်ကို ရောက်မလာကြရလေအောင် တားဆီးထားကြလေသလား. ."

တစ်နေရာကိုရောက်သော် ကောင်းမြတ်၏ အတွေးများသည် ပြတ်တောက်သွားခဲ့ရသည်။

မြေသားပျော့ပျော့မှာ ထင်ကျန်ရစ်ခဲ့သော အရာတစ်ခုကိုတွေ့လိုက်ရသောကြောင့်ပင်. . မီးရောင်အောက်မှာ သေချာကြည့်လိုက်သောအခါ တိရစ္ဆာန်ကောင်၏ခြေရာ၊ (ဝါ) သစ်နက်ကြီး၏ ခြေရာဖြစ်နေသည်ကို ယုံမှားသံသယရှိစရာမလိုတော့ပေ။

"သစ်နက်ကြီးဟာ. . ဒီ. . လိုဏ်လမ်းကြောင်းကို ကောင်းကောင်းသိနေတယ်၊ သူ. . ဒီကနေ ဖြတ်ထွက်သွားခဲ့တာကိုး. ."

ထူးခြားသည်က ဤနေရာကို အခြားမည်သူတစ်ဦးတစ်ယောက်မှ ဖြတ်သွားဖြတ်လာလုပ်ခဲ့ကြသည်ကို မတွေ့ရှိခဲ့ပေ။ သဘာဝအလျောက် ဖြစ်ပေါ်နေသော မြေအောက်ဥမင်လိုဏ်လမ်းကြောင်းသက်သက်သာ။

ခရီးတော်တော်ကလေးပေါက်လာခဲ့ပြီဖြစ်သည်။ ပြီးတော့ အေးစိမ့်လာသည်။ အစိုဓါတ်ရှိသည်။ စိမ့်စမ်းနှင့်နီးသောနေရာကို ရောက်လာပြီဟု သိသည်။

လက်ထဲမှာ ကိုင်ထားသော မီးတိုင်မှ မီးညွန့်သည် ညှပ်ခတ်လာခဲ့သည်။ ပြင်ပလေတဟူးဟူးနှင့် တိုးလာသည်။ ထိုသောအခါ တစ်ဖက်ဂူပေါက်ဝနှင့် နီးကပ်လာပြီဟု နားလည်နေသည်။ တစ်ဖက်ပိတ်ဂူလိုဏ်မျိုးဖြစ်မနေသည်ကို သိရ၍ စိတ်သက်သာရာရမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေမှာကွေ့တစ်ကွေ့က ဆီးပြီးခံနေသည်။ ဘယ်ကွေ့ ဖြစ်သည်။ ထိုအကွေ့ကို ကျော်လွန်သွားခဲ့သည်နှင့် အပေါ်မှ အလင်းပေါက်တစ်ခုကို တွေ့လိုက်ရသည်။ သဘာ အလင်းရောင်က ဂူလိုဏ်ထဲကို ဖြန့်ကျက်ပြီးတော့ ဝင်လာ လေသည်။

➤ ➤ ➤





## (၇)
## ထူးဆန်းသောမိန်းကလေး

ဂူပေါက်ဝသည် လူတစ်ကိုယ်စာသာသာ ထွက်နိုင် ဝင်နိုင်လောက်အောင်သာရှိသည်။ ကျဉ်းမြောင်းသည်။ ဂူဝမှာ ခြင်းလင်းစွာမရှိ၊ ချုံငယ်တစ်ခုက ကာဆီးလျက်ရှိသည်။ အောက်မှမော့ကြည့်လျှင် မြင်ရသည်။

ခပ်ပြေပြေတက်သွား၍ရသော လမ်းကြောင်းရှိသည်။ ဓာတ်ကို မီးငြိမ်းသတ်လိုက်သည်။ နောက်ထပ်ဘာမှ စဉ်းစား နေတော့ပဲ အပေါ်ကိုတက်လာခဲ့လေသည်။

ဂူပေါက်ဝက သမျက်နှာရေပေါ်မှာရှိနေသည်။ အလာတုန်း ကလိုပင်.. အပေါ်ကို ရောက်တာမှ သိလိုက်ရသည်က ထားသောချုံဖုတ်ကြီးတစ်ခုက တွင်းပေါက်ဝပေါ်ကို မိုးပြီး ကျနေခြင်းသာ.. အပေါက်ဝနှင့် ထိတွေ့ခြင်းရှိ လင်းရောင်သည် ချုံကိုထိုးဖောက်ပြီး ဂူလိုဏ်ထဲကို ဝင်ရောက်


www.burmeseclassic.com

www.burmeseclassic.com


လာခဲ့ခြင်းပင်။

တဖြည်းဖြည်းနှင့် တက်လာခဲ့ပြီးနောက်. . တွင်းပေါက်ဝ ကိုရောက်သောအခါ လွယ်ကူစွာပင်တက်၍ ရသွားခဲ့လေသည်။ အခုမှ. . ပြင်ပလေကို. . တစ်ဝကြီးရှူခွင့်ရခဲ့သည်။ ထို့နောက် ပတ်ဝန်းကျင်ကို လှေ့လာကြည့်မိသောအခါ မိမိသည် တော်လဲ တောင်ကြီး၏ အခြားတစ်ဖက်ကို ရောက်နေမှန်း သိလိုက်ရလေ တော့သည်။

[ကောင်းမြတ်ရောက်လာသောနေရာသည် သီလရွာ၊ တစ်ပင် တိုင်ရွာရှိရာဘက်ကိုမဟုတ်၊ အခြားတစ်ဖက်မှာဖြစ်သည်။ အနောက်ဇုမြောက်ယွန်းယွန်းဘက်ကိုကျသည်ဟု ခန့်မှန်းမိ လေသည်။]

အလယ်ရိုးမ (ပဲခူးရိုးမ) တောင်ကြောကြီးနှင့် တစ်ဆက် တည်း. . တစ်စပ်တည်း. . အနီးကပ်ဆုံးတည်ရှိနေသော နေရာ ပင်တည်း၊ ဆိုရလျှင်. . သူတစ်ခါမှ မရောက်ဖူးခဲ့သော နေရာ စိမ်းတစ်ခုဖြစ်နေသောကြောင့်ပင်တည်း။

"သစ်နက်ကြီးဟာ ငါနေတဲ့ရွာဘက်မှာ တစ်ခါမှ. . မတွေ့ဖူးပါဘူး၊ ငါသာမဟုတ်ဘူး၊ ဘယ်သူကမှ တွေ့မြင်ဖူး ကြဟန်မတူကြဘူး၊ အခုမှပဲ. . ဒီနေရာကို မမျှော်လင့် ရောက်လာခဲ့တာဖြစ်ရမယ်. . ဟိုမုဆိုးလေးယောက်က ရှားပါး သစ်နက်ကြီးရဲ့နောက်ကို တောက်လျှောက်လိုက်လာခဲ့တာ. . လောဘဇောကြီးနေကြပြီ. . စိတ်ပျက်စရာပဲ၊ သူများကို ဒု ပေးဖို့အတွက် ဒါလောက်ကြီးအသဲအသန်ဖြစ်နေကြတ မကောင်းဘူး. . "

ကောင်းမြတ်သည် သစ်နက်ကြီးကို တွေ့လိုတွေ့ငြ

ဟိုဒီကြည့်ကာ ရှာဖွေနေမိသေးသည်။

"သူ. . လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ရှာဖွေ ပြီး. . ထွက်သွားခဲ့ပြီထင်ပါရဲ့. . ကောင်းပါတယ်လေ၊ သူယုတ်မာ မုဆိုးတွေရဲ့ လက်ထဲကို မရောက်ပဲ. . လွတ်မြောက်သွားပါစေ"

ကောင်းမြတ်သည် သူ. . မရောက်ဖူးသေးသော နေရာ စိမ်းကို လှည့်ပတ်ပြီး ကြည့်ရှုလိုစိတ်ဖြစ်ပေါ်လာခဲ့သည်။

"ဒီဘက်မှာ. . တောတောင်ကပိုပြီးတော့ ထူထပ် တယ်၊ သားရဲကျားရဲကြီးတွေများရှိကြမလားမသိဘူး၊ ကိုယ့် အတွက် အကာအကွယ်တစ်ခုခုလုပ်ထားမှ ဖြစ်မယ်. . "

စဉ်းစားမိပြီး လွယ်အိတ်ထဲမှ အဝတ်ဖြင့်ပတ်ကာ ယူလာခဲ့သော ဓါးမတိုလေးကို ထုတ်ယူလိုက်သည်။ ဝါးရုံပင် တစ်ရုံကို ခပ်လှမ်းလှမ်းမှာ တွေ့လိုက်ရသည်နှင့် ဝါးတစ်လုံးကို ခုတ်ယူလိုက်သည်။ ထို့ကြောင့်. . ခုတ်ပိုင်းဖြတ်တောက်ပစ် လိုက်ပြီး. . အရင်းပိုင်းကို ယူလိုက်လေသည်။

[သီလရွာသူရွာသားများသည် ငါးပါးသီလကို အတတ် နိုင်ဆုံးလုံခြုံအောင် ထိန်းသိမ်းကြသည်။ အမဲမလိုက်၊ သားစား တိရစ္ဆာန်ဖြစ်ကြသော ဝက်၊ သိုး၊ ဆိတ်များကို မမွေးကြ၊ တစ်ချို့က နွား၊ ဆိတ်များကို မွေးမြူကြလျှင်လည်း နွားနို့၊ ဆိတ်နို့ များသောက်ရန်. . ဆေးဝါးဖော်စပ်ရန်အလို့ငှာသာ မွေးမြူ ကြသည်။

ဓါး၊ လှံ လက်နက်များကို ကိုင်ဆောင်ထားကြသည် ကလည်း လုပ်ငန်းများအတွက်သာ တစ်ပါးသူ (တစ်ရွာသား)၏ ရန်မူလာခဲ့လျှင်လည်း အတတ်နိုင်ဆုံး ရန်မဖြစ်ရန် ဖြေရှင်းဖြ ကြသည်။ တားဆီးကြသည်။ လွန်ကျူးလာပါက အသက်သေသည်



www.burmeseclassic.com

www.burmeseclassic.com



အသိ မထိတ်နိုက်ကြပဲ. . တုံးသောလက်နက်မျိုးဖြင့် ထိခိုက် အနာတရဖြစ်စေသည်။ မိမိကိုယ်ကို ကာကွယ်ကြရှိသာ. . အတတ်နိုင်. . သည်းခံကြပါသည်၊

ကောင်းမြတ်သည် ဓါးမတိုကို အဝတ်နှင့်ပတ်ပြီး လွယ်အိတ်ထဲပြန်ထည့်လိုက်သည်။ ထို့နောက်. . ဝါးဆစ်ပိုင်းတို ကိုင်ကာ. . နေရာမှထွက်လာခဲ့လေသည်။ တောသည် မထူ မကြဲ၊ စိမ့်စမ်းတို့နှင့်တကွ သစ်ပင်များမြိုင်မြိုင်ဆိုင်ဆိုင်ရှိသည် မြိုင်. . ဆန်သည်။

တော်လဲတောင်ကြီးပေါ်ကို မော့ကြည့်လိုက်သော် အဝေးကကြည့်သည်နှင့်မတူ၊ ယခု. . အနီးကပ်ကြည့်မှ ပိုမို တော့မြင့်မားနေသည်ကို တွေ့လိုက်ရသည်။ ဤထူးခြားသော တောင်ကြီးပေါ်ကို တက်လိုစိတ်ကလည်း တဖွားဖွားဖြင့် ပေါ်လာခဲ့ရပြန်လေသည်။ လူကြီးသူမတို့၏ တားမြစ်ချက် ပြန်ပြီးသတိရသွားခဲ့၍ စိတ်ကိုလည်း ချုပ်တီးလိုက်ရလေသည်။

ဒရယ်တစ်ကောင်က မလှမ်းမကမ်းမှ ဖြတ်ပြေးသွား ခဲ့သည်။ သစ်ပင်ပေါ်မှာ မျောက်တစ်ချို့ကိုလည်း တွေ့လိုက် သည်။ သားရိုင်းသတ္တဝါမျိုး မတွေ့ပါစေနှင့်ဟု ဆုတောင်း သည်။

မကြာမီ. .

ရေသံများကို ကြားလာခဲ့ရသည်။ မှန်းဆပြီးဆင် လျှောက်လာခဲ့ရာ စမ်းချောင်းကြီးတစ်ခုဆီကို ရောက်လာခဲ့လေ သည်။ စမ်းချောင်းသည် ဟိုဘက်၊ ဒီဘက်ပေသုံးဆယ်နီးပါး ကျယ်မည်ဟု ခန့်မှန်းရသည်။ ရေစီးမြန်သည်။ အရှည် ကတော့ မမှန်းဆနိုင်ပါ။





စမ်းချောင်းကို ဒီမှာဘက်၊ ဟိုမှာဘက်ရှိ. . ကမ်းနှစ် ဖက်မှ သစ်ပင်ကြီးများက အုပ်မိုးထားသည်။ စမ်းချောင်း၏ နံဘေးတွင် သစ္စာန်တစ်ခုကို မသဲမကွဲမြင်တွေ့လိုက်ရသည်။ အမှောင်ရိပ်အနည်းငယ် သန်းနေ၍ ထိုသစ္စာန်သည် မသဲကွဲချေ။ ရေသောက်ဆင်းသော သားကောင်တစ်ကောင် ကောင်ဖြစ်လိမ့်မည်ဟု ထင်မှတ်မိသည်။

သို့သော်. .

သစ္စာန်က ရှည်သွယ်သွယ်နှင့်မို့ မည်သည့်သား ကောင်များဖြစ်လိမ့်မလဲဟု. . စိတ်ဝင်စားသွားကာ တရွေ့ရွေ့ တိုးကပ်သွားမိသည်။ သစ်ပင်အကွယ်တစ်ခုသို့ရောက်သော် တစ်စေ့တစ်စောင်းအကဲခတ်ပြီး ကြည့်မိလိုက်လေရာ. .

“ဟင်. .”

သေချာစွာမြင်တွေ့မိလိုက်ရစဉ်မှာ အံ့အားသင့်သွား ခဲ့ရသည်။ မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို သိလိုက်ရ လေသည်။

“မိန်းကလေးတစ်ယောက်ပါလား၊ ဒီတော. . ဒီတောင် ထဲမှာ. . ဒါလောက်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ရှိနေတာ. . မယုံနိုင်စရာပဲ. .”

ကောင်းမြတ်သည် ဘေးတစ်စောင်းအနေအထားနှင့် ကြည့်လျှင်ပင်. . လွန်စွာမှကြည့်ကောင်းပြီး. . ချောမောလွန်း သော မိန်းကလေးကို စိတ်ဝင်စားသွားခဲ့လေသည်။ ခေါင်လွန်း သည့်နေရာမျိုးမှာ တွေ့ရသူမို့. . သူယောင်မယ်လား၊ ဥစ္စာ စောင့်များဖြစ်နေမလားဟုပင် မတွေးမိတော့၊ မိန်းကလေး၏ အနားကို တိုးကပ်သွားလေလေ. . ပိုပြီးနီးလာလေလေ. .



www.burmeseclassic.com

www.burmeseclassic.com



အလှသည်ပိုပြင်လာလေလေ . .

"ဟင် . . "

မိန်းကလေးက နှားပါးလှသည်။ သူမ၏ အာရုံကြောကို မသိစိတ်က လှုပ်နှိုးလိုက်ဟန်တူသည်။ ကိုယ်လုံးလေးက ဆတ်ကနဲဆို လှုပ်ခတ်သွားသည်။ တုန်လှုပ်သွားဟန်ပင် . . ကောင်းမြတ်ဘက်ကို ချက်ချင်းလိုလို လှည့်ကြည့်လိုက်သည်။

သို့သော် နေရာမှထ,ပြီး မပြေးပါ၊ စောစောက . . လန့်သွားဟန်ရှိသော်လည်း ပြန်ပြီးတည်ငြိမ်သွားဟန်တူသည်။ ကောင်းမြတ်ကိုကြည့်နေသော အကြည့်ကတော့ ပျောက်ပျက် မသွားခဲ့ပေ။ ကောင်းမြတ်သည် မိန်းကလေး၏ အနားကို တဖြည်းဖြည်းတိုးကပ်သွားခဲ့သည်။

ပရလောကသားများ၊ ဥစ္စာစောင့် . . စသည်တို့ဆိုလျှင် ကမ္ဘဇိဒ္ဓိတန်ခိုးရှင်များပေမို့ ကိုယ်ယောင်ဖျောက်နိုင်စွမ်းရှိ သည်။ ယခု . . မိန်းကလေးက ပျောက်မသွားပဲ ဒီအတိုင်းရှိနေ သဖြင့် တွေးရခက်သွားခဲ့သည်။

"ရှင်က . . ကျွန်မကို ဘာဖြစ်လို့ အဝေးကနေ ခိုးကြောင်ခိုးဝှက်နဲ့ ကြည့်နေရတာလဲ . . "

အသံလေးက မာဆတ်သော်လည်း လွင်သယော ထင်ရသည်။ ကျယ်လောင်ခြင်း မရှိ ခပ်အုပ်အုပ်သာ ထွက်ပေါ် လာသည်။ မျက်နှာလေးက အနီးကပ်ကြည့်မှ ပိုပြီးတော့ ချစ်စရာကောင်းနေသည်။

"ကျွန်တော် . . ခိုးကြောင်ခိုးဝှက်နဲ့ ကြည့်နေတာ မဟုတ်ပါဘူး၊ အံ့အားသင့်ပြီး ကြည့်နေမိတာပါ . . "

"အံ့အားသင့်လို့ . . ဟုတ်လား၊ လူတစ်ယောက်လုံး





မြင်ပြီးမှ အံ့အားသင့်စရာ ဘာရှိသလဲ . . "

"ဒီတောနက်ထဲမှာ မိန်းကလေးတစ်ယောက်တည်းမို့ ခုလိုမထင်မှတ်ပဲ တွေ့လိုက်ရတော့ . . "

"ဟွန်း . . ရှင့်အတွေးကို ကျွန်မ,သိပြီ၊ ရှင်က . . ကျွန်မကို မကောင်းဆိုးဝါးတစ်ယောက်က လူယောင်ဆောင် ထားတယ်လို့ ထင်သွားတာ မဟုတ်လား . . "

"အဲ . . အဲ့ဒါတော့ . . "

သူ . . မှ သားစကားမသုံးလိုပါ၊ မိန်းကလေးကို အားနာပြီး မည်သို့ပြန်ပြောရမှန်းပင် မသိတော့။

"တဲပါလေ၊ ရှင် . . အပြောရခက်တယ်၊ အားနာတယ် ဆိုလည်း မပြောပါနဲ့တော့ . . ကျွန်မက ရှင်ထင်သလို မဟုတ် ဘူးဆိုတာကတော့ သဘောပေါက် . . "

"အေးဗျာ၊ ကျွန်တော်လည်း ရုတ်တရက်မို့ တွေးမိသွား ခဲ့တာပါ . . တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ . . "

မိန်းကလေးက မည်သည့်စကားမှ မတုန့်ပြန်၊ သူ၏ လက်ထဲမှ ဝါးရင်းတုတ်ကို မြင်သွားခဲ့ရပြီး . .

"ဒီတုတ်ကြီးက ဘာဖြစ်လို့ ကိုင်ထားတာလဲ . . ကျွန်မ ကိုရိုက်မလို့လား . . "

"မဟုတ်ပါဘူး၊ မလွဲမရှောင်သာ . . ပေါ်လာခဲ့တဲ့ ဘေးရာယ်မျိုးကို ကာကွယ်နိုင်ဖို့ပါ၊ ဒါပေမဲ့ ကိုယ်က လူတစ် ယောက်ကို နာကျင်သွားအောင် ဘယ်တော့မှ မလုပ်တတ်ပါ ဘူးလေ . . "

"အင်း . . ရှင်ကတော့ နူးညံ့တဲ့စိတ်ထားမျိုးရှိမယ့်သူပါ၊ ကျွန်မကို နိုင်လိုမင်းထက်စော်ကားမယ့်သူ . . အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ေနးမယ့်သူ မဟုတ်လောက်ပါဘူးလို့ ထင်ရတာပဲလေ. ."

မိန်းကလေးသည် အံ့ပြောက်သွက်သည်။ ထက်မြက်ပုံရသည်။ သို့သော်. . တစ်ခါတစ်ရံမှာတော့ သူမ၏ မျက်ဝန်းတစ်စုံသည် မှိုင်းရီဝေနေတတ်သည်။ အားငယ်မှုမျိုးတွေ ဝင်လာသည့် သဘောမျိုးလေလား. .

"ဒါနဲ့. . ရှင်ကကော ဒီနေရာကို ဘယ်လိုရောက်လာခဲ့တာလဲ. . ဘယ်သူလဲ၊ ပြောပြဦးလေ. ."

"ကျွန်တော်က သီလရွာကပါ၊ အကြောင်းတစ်ခုခုကြောင့်. . ဒီကိုရောက်လာခဲ့တယ်ဆိုပါတော့. ."

ဂူလိုဏ်လမ်းကြောင်းမှ လာခဲ့သည်ဟု အမှန်အတိုင်း ပြောပြရန်လည်း မဖြစ်၊ မုသားသုံး၍လည်း မပြောချင်၊ ထို့ကြောင့်. . အဆင်ပြေသလို ပြောလိုက်ရလေသည်။ မိန်းကလေး၏မျက်နှာပေါ်မှာ အံ့အားသင့်သယောင်လေးဖြစ်သွားခဲ့ရသည်။

"သီလရွာ. . ဟုတ်လား၊ ဒီရွာနာမည်ကို ကြားဖူးတယ်၊ အဲ့ဒီရွာက လူတွေဟာ ငါးပါးသီလကို အတတ်နိုင်ဆုံး စောင့်ထိန်းကြတယ်လို့ သိရတယ်၊ သူတစ်ပါးကိုလည်း. . ဘယ်တော့မှ မတရားမလုပ်ကြဘူးတဲ့၊ အကျင့်သီလပြည့်စုံကြတဲ့ သူတွေများတယ်ဆို. ."

"ဟုတ်ပါတယ်. . တစ်ရွာလုံးလိုလို စိတ်ထားဖြူစင်ကြပါတယ်၊ ဒါပေမဲ့. . တစ်ချို့. . စုန်းပြူးတွေလည်းရှိတတ်ကြပါတယ်လေ၊ ဘုရားမကြိုက်. . နတ်မကြိုက်. . လူ့ခွစာတွေပေါ့၊ ဒီလိုလူစားမျိုးတွေကတော့ လူကောင်းတွေရဲ့ ကြားထဲမှာ. . ရောရောနှောနှောရှိတတ်ကြပါတယ်လေ. ."

တစ်ယောက်နှင့်တစ်ယောက် အကြောင်းမသိကြပဲနှင့်





ရင်းနှီးမှုတွေကို တမင်ဖန်တီးယူကြသူများ မဟုတ်ကြပါ။ ယုံကြည်မှုတွေ အလိုလိုဖြစ်ပေးလာခဲ့ကြပြီး. . ပွင့်လင်းသွားခဲ့ကြခြင်းပင်ဖြစ်ကြသည်။

"ဒါထက် ခင်ဗျားကကော. . ဘယ်ရွာကလဲ. ."

"ကျွန်မ ဘယ်ရွာကလဲဆိုတာ အရေးမကြီးပါဘူး၊ ရှင်နဲ့ နောက်ထပ်ဆုံဖြစ်ကြမှာ မို့လို့လား. ."

"ကံတရားဆိုတာ ပြောလို့မရဘူးလေ၊ ရှေးက ရေစက်ပါလာခဲ့ရင်တော့ တစ်ကြိမ်မကဆုံနိုင်တဲ့ အခွင့်အရေးရှိတတ်ပါတယ်. ."

"ဟုတ်တယ်၊ ကျွန်မလည်း ကံတရားကို ယုံကြည်တယ်၊ ကံဆိုတာ အလုပ်ပဲမဟုတ်လား. . ကောင်းတာလုပ်ရင် ကောင်းကျိုးကိုခံစားရမယ်. . မကောင်းတာလုပ်ရင် မကောင်းကျိုးကိုခံစားရမယ်. . ဒါပေမဲ့. ."

မိန်းကလေးက ဒါပေမဲ့ အပြီးမှာ. . မဆက်ဖြစ်တော့ပဲ ဆွေဝေသွားခဲ့သည်။

"ဒါပေမဲ့ ကောင်းတာလုပ်ပြီး. . မကောင်းကျိုးတွေကို ခံစားရတတ်ကြတာကို ပြောမလို့မဟုတ်လား၊ ဒါကလည်း အတိတ်ကဝဋ်ကြွေးပါလာလို့. . ဆိုးကျိုးကို ခဏခံစားရတာပါ၊ နောက်တော့လည်း ကောင်းကျိုးချမ်းသာကို ပြန်ပြီးတော့ ရရှိတတ်ပါတယ်. ."

"ဟင်. . ရှင်က ကျွန်မခေါင်းထဲက အတွေးကို သိနေတယ်ဟုတ်လား. ."

"မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ စကားအသွားအလာကို ရိပ်မိသပ်ပြီးတော့ ပြောလိုက်တာပါ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့. . ရှင် ဒီဘက်ကလာတာ. . ထူးခြားချက် ဘာများတွေ့ခဲ့သေးသလဲ. ဟင်. ."

"ထူးခြားချက် ဟုတ်လား၊ ဘယ်လိုထူးခြားချက်မျိုးကို ပြောတာလဲ. ."

"အို. . ရှင်၊ ထူးခြားချက်တစ်ခုခုပေါ့၊ ဘာပဲဖြစ်ဖြစ်ပေါ့"

"မတွေ့ခဲ့ပါဘူး၊ ခင်ဗျားရဲ့မေးခွန်းက မပြတ်သားတော့ ဖြေရခက်တယ်. ."

"ကဲပါ. . မတွေ့ခဲ့ဘူးဆိုရင်လည်း ပြီးတာပဲ၊ ဟော. . ကျွန်မ. . ဒီကိုရောက်နေတာကြာပြီ. . သွားတော့မယ်. ."

မိန်းကလေးသည် နေရာမှပြေးထွက်သွားခဲ့သည်။

"ဟေ့. . ဟေ့၊ နေဦးလေ. ."

ကောင်းမြတ်က ဟန့်တားလိုက်သော်လည်း မိန်းကလေး က. . နောက်ကြောင်းကို လှည့်မကြည့်မိတော့ပါ။ တောတန်း တစ်ခုထဲသို့ ပြေးဝင်သွားခဲ့လေသည်။ သက်ပြင်းတစ်ချက်ချကာ ကျန်ရစ်ခဲ့သူကတော့ ကောင်းမြတ်. .။

➤ ➤ ➤





(၈)

## သစ်နက်ဆီသည်ကား

ကောင်းမြတ်သည် သီလရွာကို ပြန်ရောက်လာခဲ့ သည့်တိုင် ခြသေ့်ကြီး၏ ဝမ်းဗိုက်အောက်ရှိ ဥမင်လမ်းကြောင်း ကြီးနှင့် မိမိရောက်သွားခဲ့သည့်နေရာကို ပြန်ပြီးတော့ အမှတ်ရ နေမိသည်။ ယင်းနေရာသည် တော်လဲတောင်၏ အခြားတစ်ဖက် မှာရှိနေပြီး လူသူအရောက်အပေါက်နည်းသော နေရာလည်း ဖြစ်နေသည်။

လူသူလေးပါးဖြတ်သွား ဖြတ်လာတော့ ရှိတတ်ပါ့မလား မသိပေ။ လွန်စွာမှ ခေါင်လှသော နေရာဖြစ်နေသည်ကိုလည်း သတိပြုမိခဲ့သည်။ ထို့အပြင်. .

ယင်းဥမင်လိုဏ်လမ်းမှ ထွက်သွားသည်ဟု ထင်ရသော သစ်နက်ကြီးကိုသော်လည်းကောင်း၊ အမည်မသိ မိန်းကလေး သည်သော်လည်းကောင်း၊ ထူးခြားချက်တစ်ခုပင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သောကြီးမှုက်မည်းထဲမှာ အမှတ်မထင် တွေ့မြင်ခဲ့ရသော ခိန်းကလေးသည် လူသားစင်စစ်ဖြစ်သည်ကတော့ သံသယ ရှိစရာမလို၊ မိမိနှင့် စကားအခြေအတင် ပြောသွားခဲ့သည်။ အမေးအဖြေသဘောမျိုးတွေလည်း ပြောခဲ့ကြသည် မဟုတ်ပါလား။

ဒါပေမဲ့. . ကမ္ဘာဇီဝိတန်ခိုးရှိကြတဲ့. . ပရလောက,က ပုဂ္ဂိုလ်တွေကလည်း ဒီလိုပဲ. . လူယောင်ဆောင်ပြီး မပြောတတ် ကြဘူးလား။ ငါက. . သရဏဂုံတည်ထားတဲ့လူမို့. . သူ အနှောင့် အယှက်မပေးနိုင်တာလား. .

တစ်ခါတစ်ရံမှာ ထိုမိန်းကလေးကို လူသားဟူ၍ မထင်မိပြန်၊ ဥစ္စာစောင့်လား. . နာနာဘာဝလားဟု. . အလိုလို ပင်ထင်လာမိခဲ့ပြန်လေသည်။

မုဆိုးလေးဦး၏ နှုတ်မလုံမှုကြောင့်လား၊ အခြားသော အကြောင်းများကြောင့်ပေလားမသိ၊ သစ်နက်ကြီး၏ သတင်းက ထွက်လာခဲ့သည်။ ဟိုနေရာမှာတွေ့လိုက်ရသလိုလို. . ဒီနေရာ မှာပဲတွေ့လိုက်ရသလိုလို. . လူပြောသူပြောများလာခဲ့သည်။

"ဒီနေရာတစ်ဝိုက်မှာ သားကောင်ကြီးတွေဆိုတာ အင်မတန်မှ တွေ့ရခဲတယ်၊ သူတို့ တောနက်ထဲမှာရှိနေကြတာ သစ်နက်ဆိုတာ ငါတို့တစ်သက်မှာ ကြားဖူးရုံပဲရှိခဲ့တယ်. . မမြင်ဖူးခဲ့ဘူး၊ အခုလူတွေက သစ်နက်အကြောင်းကို ပြောနေ ကြတယ်. . သတ္တဝါတစ်ကောင်ကောင်ကို ထင်ယောင်ထင်မှား ဖြစ်ပြီး. . ပြောဆိုနေကြတာပဲလား. . ဒါမှမဟုတ်. . ရိုပ်ဖမ်း သံဖမ်းနဲ့ တစ်ယောက်အစ. . တစ်ရာဆိုသလို စကားကားဖြီး သစ်နက်အကြောင်းပုံကြီးချဲ့ ပြောခဲ့ကြတာလား မသိဘူး. . လူလေးရာ. .





အဘမှန်က ခေါင်းကို ခါရမ်းပြီးပြောသည်။ အဘမှန် သည် သီလရွာတွင် အသက်အကြီးဆုံး၊ ဘိုးသက်ရှည်ဖြစ်လေ သည်။ ရှေ့မီနောက်မီ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး နှံ့စပ်သည်ဟု သုတ ကြွယ်ဝသည်။

"အင်း. . ရှားပါးလှတဲ့ သစ်နက်လိုသတ္တဝါမျိုးကို အဘမှန်တောင် မမြင်ဖူးခဲ့ဘူးတဲ့၊ ငါကတော့ တစ်ကြိမ်. . ကောင်းကောင်းမြင်ဖူးလိုက်ပြီ. ."

ကောင်းမြတ်က သစ်နက်ကြီးနှင့်ပတ်သက်သည့် ကိစ္စ၊ ကိုယ်သိ. . ကိုယ့်ဝမ်းထဲမှာပဲ ထားလိုက်သည်။

"ဒါနဲ့. . သစ်နက်လိုသတ္တဝါမျိုးဟာ. . သိပ်ပြီးတော့ ရှားပါးလှတယ်ဆို. . အဘ"

"ဟုတ်တယ်၊ သိပ်ပြီးရှားပါးလှတဲ့အကောင်ကွယ်၊ တွေ့မြင်ဖူးတဲ့လူကတော့ သိပ်မရှိလှဘူး၊ တစ်ချို့သူတော်စင် တွေ. . တောမှီရဟန်းတွေတော့ တွေ့ဖူးကြတယ်. . အဘ. . ကြားဖူးတာလေးကို ပြောပြရဦးမယ်၊ ၁၂၄၄ ခု၊ တန်ခူးလဆန်း ရက်၊ သောကြာနေ့ မွန်းလွဲချိန်မှာ. . ထူးဆန်းတဲ့ မောင်မယ် နှစ်ဦးဟာ အုတ်ဖိုဆရာတော်ဘုရားကြီးဆီကို ရောက်လာခဲ့ကြ တယ်ကွယ့်. .

အဲဒီမောင်မယ်နှစ်ဦးဟာ နတ်တံဆိပ်ခတ်နှိပ်ပါရှိတဲ့ သစ်နက်ရေကို ကပ်လှူကြတယ်တဲ့. ."

"နတ်တံဆိပ်ဆိုတာ ဘာကိုခေါ်တာလဲ အဘ"

"အေး. . အဘ စကားတစ်ခွန်းကျန်ခဲ့တယ်၊ အုတ်ဖို ဆရာတော်ဘုရားကြီးဟာ ၁၂၄၄ နှစ်၊ တပေါင်းလပြည့်ကျော် ရက်နေ့ညက အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ်၊ အိပ်မက်က



www.burmeseclassic.com

www.burmeseclassic.com



တော့. . ကောင်းကင်ထက်မှာ ထွန်းလင်းတောက်ပနေတဲ့ လမင်းကြီးဟာ အောက်ကို ကျလာခဲ့တယ်တဲ့. .

အဲ့ဒီလမင်းကြီးကို နတ်သားတစ်ပါးက လက်မြှောက်ပြီး တော့ခံယူတယ်တဲ့၊ အဲ့ဒီအချိန်မှာ. . လူတွေလည်း ရောက်လာခဲ့ကြပြီး နတ်သားဆီက လ,ကိုတောင်းကြသတဲ့. .

နတ်သားက ဝိနည်းကို အထူးသဖြင့်ဆောင်တဲ့ ပုဂ္ဂိုလ်ကိုသာပေးမယ်လို့ဆိုပြီး အုတ်ဖိုဆရာတော်ကို လာရောက်ဆက်ကပ်သတဲ့၊ အဲ့ဒီနောက် စန္ဒရာလနတ်ဟာ မိုးကောင်းကင်ပေါ်ကိုပြန်ပြီးတော့ ကြွသွားခဲ့သတဲ့. ."

"သစ်နက်ရေက ဘယ်လိုထူးခြားချက်တွေများ ရှိသလဲ အဘ. ."

"အုတ်ဖိုဆရာတော်ကြီးကို မောင်မယ်နှစ်ဦးလာရောက်ဆက်ကပ်တဲ့ သစ်နက်ရေဟာ သိမ်မွေ့နူးညံ့ပြီး နက်ပြောင်နေတယ်. . နတ်စာဆိပ်နှစ်ခုကြားမှာ ငါ၊ ဂ နဲ့ ဒ အက္ခရာသုံးလုံး ရေးထိုးပါရှိသတဲ့. ."

"အဲ့ဒီ ငါ၊ ဂနဲ့ ဒ အက္ခရာသုံးလုံးရဲ့ အဓိပ္ပါယ်ကို အဘသိသလား. ."

"အေး. . ပညာရှင်တွေက အဓိပ္ပါယ်ဖော်ကြတာက 'ငါ'ဆိုတာ ဘေးအန္တရာယ်ဆိုတဲ့အနက်၊ 'ဂ'အက္ခရာကတော့ 'အပေါင်း'ဆိုတဲ့အနက်၊ 'ဒ'အက္ခရာကတော့ ဖျက်ဆီးပိုင်းဖြတ်ခြင်းဆိုတဲ့အနက်အဓိပ္ပါယ်ကိုရတယ်. . ဆိုလိုတာကတော့ဤသစ်နက်ရေဟာ ဘေးအန္တရာယ်အပေါင်းကို ဖျက်ဆီးဖယ်ရှားပေ၏ ဆိုတဲ့ အနက်အဓိပ္ပါယ်ကိုရတယ်လေ. ."

"ဆရာတော်ဆီကိုလာရောက်ပြီး သစ်နက်ရေလှူဒါန်း





တဲ့ထူးဆန်းတဲ့ မောင်မယ်ဆိုတာ ဘာကိုဆိုလိုတာလဲ အဘ. ."

"အေး. . ဒါကတော့ ဒီလိုကွယ့်၊ တစ်ချို့က သူတို့ကို နဂါးလို့လည်း ဆိုကြတယ်၊ တစ်ချို့ကလည်း နတ်တဲ့၊ တစ်ချို့က ဝိဇ္ဇာချိန်လို့လည်း ပြောကြတယ်၊ ထင်ကြေးကတော့ အမျိုးမျိုးပေါ့လေ. . မုဆိုးလို့လည်း ပြောကြတဲ့သူတွေရှိကြရဲ့. .

အင်္ဂဖုလို့ခေါ်တဲ့ အုတ်ဖိုအောက်ကျင့်တန်းက တောင်ဘက်အရပ်လိပ်ချောင်းရွာအနီး လက်ပံရွာ၊ နန်းတော်ကျွန်းနဲ့ သက်ပြင်ငယ်သုံးရွာတို့ရဲ့ အလယ်ကျော၊ တောကျောင်းတိုက်ရဲ့ ရာဟုထောင့်က တစ်ယူဇနာခွဲအကွာမှာ ထုံးအိုင်ကြီးရှိတယ်လို့ ဆိုတယ်. .

ထုံးအိုင်ကြီးရဲ့ အရှေ့မျက်နှာမှာ မန်ကျည်းကုန်းရွာရှိတယ်တဲ့၊ အဲ့ဒီ သစ်နက်ရေကို တံဆည်ကျောင်း (ယခု စေတျာရာမကျောင်းတိုက်)ရှိ ဒက္ခိဏသာခါရုပ်ပွားတော်အောက်မှာ. . နိသီဒိုင် အခင်းအနေနဲ့ ကပ်လှူပူဇော်ထားတာကို ဘားအံဆရာတော် ဦးဂုဏရတ္တရ က ပရိယာယကာရိဝိတ္တာရ ဂါထာ ဘာသာပြန်မှာ ရေးသားခဲ့တယ်တဲ့. ."

"သစ်နက်နဲ့ ပတ်သက်ပြီး ထူးခြားချက်က ဘာတွေများလဲ. . အဘ. ."

"ကျေးဇူးရှင် အုတ်ဖိုဆရာတော် ဘုရားကြီးကိုယ်တော်တိုင်ပြုစုတဲ့ ပရိယာယကာရီကျမ်းမှာ သစ်နက်နဲ့ပတ်သက်ပြီး ဝေါဟာရအနေနဲ့ ပရိယလို့လည်း ခေါ်တယ်၊ ရိယုယလို့လည်း ခေါ်တယ်. . သာရင်္ဂလို့လည်း ခေါ်တယ်တဲ့. ."

"သဒ္ဒါလူ လို့လည်း ခေါ်သေးတယ်ဆို အဘ"

"လူလေးက ဘယ်ဆိုးလို့လဲ၊ လေ့လာထားသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြားဖူးနားဝရှိထားတာပါ အဘ. . "

"တစ်ကယ်တော့ သစ်နက်ကလည်း အမည် ၂၅ မျိုး လောက်ရှိထားတာ၊ သဒ္ဒူလကလည်း အမည်တစ်မျိုးအနေနဲ့ ပါမှာပေါ့ကွယ်၊ သစ်နက်ဟာ တစ်သက်မှာ တစ်ကြိမ်သာ မေထုန်အမှုကိုပြုတယ်၊ မေထုန်မှုကိုလည်း စက်ဆုပ်တယ်တဲ့ သွားလာလှုပ်ရှားရာမှာလည်း လျှပ်ပေါ်လော်လီခြင်း ကင်းမဲ့ တယ်၊ အရှက်အကြောက်လည်း သိပ်ပြီးကြီးတယ်တဲ့. .

သစ်နက်ဟာ တင့်တယ်စွာလည်း စံပွါယ်တတ်တယ် မျက်စိဝွေဝွေးတို့ရှိတယ်၊ လက်ယာ၊ လက်ဝဲ၊ မောင်းရင်း မောင်းဖျားမှာဖြစ်တဲ့. . ဝွေဝနဲ့ လက်ကျပ်၊ နားရင်းမှာဖြစ်တဲ့ ဝွေနားပန်ဝန်း၊ ခြေမှာလည်း ဝွေခြေချင်း၊ လည်တိုင်မှာဖြစ်တဲ့ ဝွေသံလျက်၊ ဝွေလည်ဆွဲ၊ ပုလဲဝန်းတို့ရှိတယ်. .

မြင်းခွာလိုပဲ. . တစ်လုံးတည်းသော ခွာရှိတယ်၊ နေမင်း ပမာလျှံဝါပြောင်ပြောင်တောက်လောင်တဲ့ မျက်လုံးတွေရှိတယ်

ခရုသင်းဟန်လို ကျဉ်းကျယ်သွယ်လျားပြီး ကိုယ်အလျား လိုက်. . သိုက်မြိုက်ဖွံ့နှောင်တဲ့ မျက်လုံးအိမ်ကို ဖော်ပြထားတယ်

"သစ်နက်ဟာ တော်တော့်ကို ထူးခြားတာပဲနော် အဘ"

"ရှိသေးတယ်ကွယ့်. . သူ့ရဲ့အမွေးကလည်း ဖဲကတ္တီပါ ရောင်လို ပြောင်ထိန်ပြန့်ပြူးအဆင်းထူးတဲ့ အမွေးနုတွေလည်း ရှိတယ်တဲ့၊ အရေမှာ ဖုန်းညက်ပန်းနက်၊ ဒေါင်းမြီးကွက်အဆင်း တွေလည်းရှိတယ်၊ ခွေလိပ်တဲ့. . အမြီးလည်းရှိတယ်၊ မြင်းနဲ့ သွားနဲ့တူတဲ့ သွားတွေလည်းရှိတယ်တဲ့. . "

အဘက တော်တော်လေးကိုဗဟုသုတ လင်းသိထားတာပဲနော်

"ရှိသေးတယ်ကွယ့်၊ သစ်နက်ဟာ. . သိပ်ပြီးတော့





သန့်ရှင်းတဲ့ သတ္တဝါလည်းဖြစ်တယ်၊ မင်္ဂလာရှိပြီး. . တစ်ကိုယ် လုံးနက်မှောင်တဲ့ အဆင်းလည်းရှိတယ်တဲ့၊ ရန်သူကိုမြင်ရင် လည်း. . မိမိကိုယ်ကဲ့သို့ ချစ်ခင်တယ်၊ သာယာမြင့်မြတ်တဲ့ မြည်သံကိုပြုတတ်တယ်. . လေရဲ့အလျှင်လိုပဲ. . လျင်မြန်စွာနဲ့ သွားတတ်တယ်တဲ့. .

သူ့မှာ လက်နက်မပါပေမယ့်လည်း တစ်ခြားသော သတ္တဝါတွေက တုန်လှုပ်ကြောက်ရွံ့ကြရတယ်၊ နတ်ကောင်း နတ်မြတ်တွေကလည်း ချစ်ခင်ကြတယ်၊ တစ်ကောင်တည်း တိတ်ဆိတ်ရာအရပ်မှာ နေထိုင်တတ်တယ်တဲ့. . "

"သစ်နက်ဟာ သားစားသတ္တဝါလား အဘ. . "

"မဟုတ်ဘူးကွယ့်. . သစ်သီးဝလံတွေကိုသာ စား သောက်တတ်တယ်၊ ရွာကိုမမင်၊ တောကိုသာခင်တွယ်တယ်. . ကြောက်စိတ်လည်း လုံးဝမရှိဘူးကွယ့်. .

ပြီးတော့ သစ်နက်ဟာ သူတစ်ပါးပယောဂကြောင့် ဖြစ်တဲ့ရောဂါလည်းမရှိဘူး. . သင်းကြိုင်တဲ့ ရနံ့လည်းရှိတယ်၊ သစ်နက်သားရေကို ခြုံရုံစီးလေ့ရှိတဲ့ ရှင်ရသေ့တွေသာ ဝတ်ဆောင်အပ်တယ်. . သမာဓိဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေသာ ဝတ်ဆောင်အပ်တယ်တဲ့. . "

"ဒါလောက်တောင် ထူးခြားလှတဲ့ သစ်နက်ဟာ ဘယ်မှာနေထိုင်တတ်ကြသလဲ အဘ. . "

"ဟိမဝန္တာတောမှာသာ ပျော်မွေ့လေ့ရှိကြတယ်၊ အဲဒီမှာ ချဉ်ဆီတည်ရာတို့ဟာ နှစ်ပေါက်ရှိတယ်၊ ပြီးတော့ သူ့အရိုးဟာ ဆင်စွယ်နှစ်လိုအဆင်းရှိတယ်တဲ့ကွယ့်. . "

ဗဟုသုတအကြားအမြင်နှင့် ပြည့်စုံသော အဘမှန်ထံမှ

www.burmeseclassic.com

www.burmeseclassic.com



သစ်နက်နှင့်ပတ်သက်ပြီး သိခွင့်ရခဲ့သည့်အတွက် ကောင်းမြတ်မှာ များစွာအကျိုးရှိခဲ့လေသည်။

"အဘက. . သစ်နက်နဲ့ပတ်သက်ပြီး စိတ်ရှည်စွာနဲ့ ပြောပြခဲ့တာ. . ကျေးဇူးတင်ပါတယ်. . ဝမ်းသာပါတယ်"

"အေး. . နောက်ကိုလည်း သိချင်တာရှိရင် လာမေးကွယ်၊ အားမနာနဲ့. . အဘသိသလောက် နားလည်သလောက်ပြောပြမယ်. . သိလား. ."

"ဟုတ်ကဲ့. . အဘ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး. ."

ကောင်းမြတ်သည် အဘမှန်ကိုနှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။

➤ ➤ ➤

ကောင်းမြတ်သည် အမည်မသိမိန်းကလေးကို သတိရနေမိသည်။ ခြသေ့်ရုပ်တုကြီး၏ ဝမ်းဗိုက်အောက်ရှိ မြေလိုဏ်လမ်းကြောင်းကြီး၏တစ်ဖက်၊ တော်လဲတောင်ကြီး၏ အနီးကဆုံးနေရာရှိတောထဲမှာ တစ်ဦးတည်း တွေ့လိုက်ရသော မိန်းကလေးသည် အဖော်အသင်းရှိဟန်မတူ၊ မည်သည့်နေရာမှ နေသလဲမပြောတတ်၊ ရွာတစ်ရွာ. . ရွာတွင် နေတန်ကောင်းသည်။ တောထဲမှာ တစ်ဦးတည်းသွားရဲ. . လာရဲသည့် သတ္တိမသေးလှ. . ရဲတင်းလှသည်။ သာမန်မိန်းကလေးမှ ဟုတ်ပါလားဟုပင် တွေးမိသည့်အခါမျိုးလည်း ရှိသည်။

မိမိ. . လျှို့ဝှက်ဥမင်လိုဏ်လမ်းကြောင်းထဲမှ အသွားအလာလုပ်ခဲ့သည်ကို မည်သူမှ မတွေ့ခဲ့ကြသည်က ကံကောင်းသည်ဟုဆိုရပေမည်။





"သစ်နက်ကြီးကလည်း ဒီလိုဏ်လမ်းကြောင်းအတိုင်း ထွက်သွားမှာပဲ၊ ဟို. . မိန်းကလေးနဲ့ သစ်နက်ကြီးတို့ဟာ မဆုံတွေ့ကြဘူးလား. ."

ကောင်းမြတ်သည် ထိုနေရာကို တစ်ဖန်သွားလိုစိတ်ဖြစ်ပေါ်လာခဲ့ပြန်သည်။ မိမိ၏စိတ်ကို တားဆီး၍မရခဲ့၊ အလုပ်မအားလပ်သေး၍သာ အောင့်အည်းပြီးတော့ နေနေရသည်။

တစ်ရက်တွင်. . အလုပ်များကိုပြီးပြတ်အောင်လုပ်ကိုင်ပြီးသည်နှင့် အိမ်မှထွက်လာခဲ့လေသည်။ မိဘများကတော့ စေတီဘက်ကိုသာ သွားသည်ဟု ထင်ကြပေလိမ့်မည်။

မကြာမီ. .

တောစပ်ဆီကိုရောက်လာခဲ့သည်။ စေတီတော်ဆီကိုအမြန်ဆုံးရောက်ရန်သာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်နေမိသည်။

"ဟေ့ကောင်. ."

နောက်မှ တစ်ဦးတစ်ယောက်က လှမ်းပြီးခေါ်လိုက်သည်။ ကြားဖူးသလိုလိုရှိသော အသံရှင်ကို လှည့်ကြည့်မိလိုက်ရာ. .

တစ်မင်တိုင်ရွာမှ မုဆိုး မုန်တိုင်းနှင့် ငမိုး၊ တောလုံး၊ သတို့လေးယောက်၊ သူတို့ကိုမြင်လိုက်ရသည်နှင့် မိမိရည်ရွယ်ချက်ပျက်သွားခဲ့ပြီဟု သိလိုက်ရသည်။

မုန်တိုင်းက ရပ်စောင့်နေသော ကောင်းမြတ်ဆီကိုသွက်သွက်ပင်လျှောက်လာခဲ့သည်။ အနားကိုရောက်လာသည်။ ကောင်းမြတ်က လွယ်အိတ်ထဲမှာ ပါလာသောသည်များကို မုန်တိုင်း. . မမြင်ပါစေနှင့်ဟု ဆုတောင်းမိသည်။

"မင်းဘယ်ကိုသွားမလို့လဲကွ. ."



www.burmeseclassic.com

www.burmeseclassic.com



"စေတီဘက်ကိုပါ ခင်ဗျာ၊ ပုတီးသွားစိပ်မလို့. ."

"မင်းကတော့ကွာ၊ ကုသိုလ်ရေးကိစ္စကိုပဲ. . စိတ်
စားနေတာကိုး၊ ငါတို့နဲ့ကတော့ တစ်ခြားစီဖြစ်နေပြီ၊ ဒါနဲ့. .
သစ်နက်ကြီးရဲ့သတင်းကို မင်းကြားရသေးသလား. ."

"ဟုတ်ကဲ့. . သူပြောကိုယ်ပြောနဲ့ ကြားမိပါတယ်. ."

ကောင်းမြတ်က မယုတ်မလွန်ပင်ပြောလိုက်လေသည်

"ဒီကောင်ကြီးဟာ ဒီအနားတစ်ဝိုက်မှာပဲရှိနေမှာပဲ
တစ်ချို့မြင်တွေ့ကြတဲ့သူတွေလည်း ရှိကြတယ်၊ မင်း. . တွေ့ရ
လည်း ငါတို့ကို လာပြောဦးနော်. ."

"စိတ်ချပါ. . ချက်ချင်းလာပြောပါ့မယ်. ."

"အေး. . အေး. ."

မုဆိုးလေးယောက်သည် ထိုနေရာမှ ထွက်သွား
ကြသည်။

"ဒီလူတွေ. . သစ်နက်နောက်ကို လိုက်နေကြဆဲပါလား
သဲကြီးမဲကြီးကို ဖြစ်နေကြတာပဲ၊ သစ်နက်ကြီးဟာ သူတို့လက်
ကိုသာရောက်သွားခဲ့ရင်တော့ မလွယ်ဘူး. . ဘေးအန္တရာယ်
လွတ်မြောက်ပါစေ. ."

သူတို့ထွက်သွားရာဆီကို မျက်စိတစ်ဆုံး ကြည့်နေလိုက်
သည်။ စေတီတော်ဆီကိုရောက်သော် ဝတ်ဖြည့်လိုက်သည်
အတန်ကြာပင်. . ပုတီးစိပ်နေမိသည်။ ထို့နောက် မိမိကို
တစ်ယောက်ယောက်က စောင့်ပြီးကြည့်နေ. . မနေ၊ အကဲခတ်
ပြီးမှ ခြသေ့်ရုပ်တုကြီးဆီကို လျှောက်လာခဲ့လေသည်။

➤ ➤ ➤

(၉)

## ရှင်နှောင်းဆိုတဲ့မိန်းကလေး

ကောင်းမြတ်သည် ဂူလိုဏ်လမ်းတစ်လျှောက် ဖြတ်သန်း
ခဲ့ပြန်လေပြီ။ နာရီဝက်နီးပါးခန့် လျှောက်လာခဲ့ပြီးသည့်နောက်
ဘာလဲတောင်နှင့် မနီးမဝေးကို ရောက်လာခဲ့သည်။ သူထားခဲ့
သော ဝါးဆစ်ပိုင်းကို သစ်ပင်ကြီးတစ်ပင်၏အရှင်းမှာ ထောင်
လျက်သားပင် တွေ့လိုက်ရသည်။

ဝါးဆစ်ပိုင်းကို လက်မှာကိုင်ပြီး မိန်းကလေးနှင့်တွေ့
ခဲ့သည့်နေရာကို လျှောက်လာခဲ့လေသည်။ စမ်းရေက တသွင်
သွင်ဖြင့်စီးဆင်းလျက်ရှိသည်။ ရေစီးသံကိုလည်း ကောင်းစွာ
ကြားနေရသည်။ စမ်းချောင်းတစ်လျှောက် သတိထားပြီး
ကြည့်ကာ လျှောက်လာခဲ့သည်။ မိန်းကလေးကို မတွေ့ရ. .
အရိပ်အယောင်ပင် မမြင်ရ။

ထို့ကြောင့် ရင်ထဲမှာ ဟာသွားမိသည်။ မမြင်တွေ့ရ

www.burmeseclassic.com



လေးလေး တွေ့ချင်ဇောက မျှားလေးလေဖြစ်သည်။

"ရှေ့မှာ ရွာများရှိမလားမသိဘူး၊ တွေ့လိုတွေ့ငြ ငါဆက်လိုက်သွားမယ်. . "

တွေဇေစိတ်မရှိ ဆုံးဖြတ်ပြီးသည်နှင့် တောလမ်းအတိုင် ဆက်လျှောက်သွားသည်။ ချေ၊ ဒရယ်၊ သမင်၊ ယုန်ကလေးတေ ကိုတော့ ကြုံကြား. . ကြုံကြား တွေ့နေရသည်။ သားကောင်ကြ တွေကိုတော့ မတွေ့ရ၊ မရှိနိုင်ကောင်းဟု ထင်နေမိသည်။

သစ်ပင်ကြီးတစ်ပင်အောက်ကို ရောက်လာခဲ့သည် အပင်ကကြီးသည်၊ အရွက်၊ အလက်၊ အကိုင်းအခက်တွေ ထူထပ်သည်။ နေပြောက်မထိုးနိုင်အောင် ကြီးမားပိတ်သိပ်နေ သောအပင်ကြီးပင်ဖြစ်သည်။ မည်သည့်အကြောင်းကြောင့်ရ မသိ၊ ယင်းအပင်ကြီးအောက်က ဖြတ်လျှောက်မိရာတွင် စိတ် အလိုလိုပင် လေးနေမိသည်။ ထို့ကြောင့်. . ဘုရားစာမျာ ရွတ်ဖတ်လာခဲ့သည်။

ထိုစဉ်. .

ရိုပ်ကနဲဆို သဏ္ဌာန်တစ်ခုက သစ်ပင်ထက်မှ ကျလ ခဲ့သည်။ ထို့ကြောင့်. . ကိုယ်ကို နောက်သို့ရို့ပြီး ချက်ချင်းပ ရှောင်တိမ်းမိလိုက်သည်။ သို့သော်. . မရပါ၊ ယင်းသဏ္ဌာန်ကြ သည် ကောင်းမြတ်၏ချိုင်းအောက်မှ ရစ်ပတ်ကာ အပေါ် ဆွဲတင်သွားခဲ့လေသည်။ သူ၏ခန္ဓာကိုယ်သည် လေထဲ မြောက်ကာပါသွားခဲ့သည်။

"ဟင်. . "

ရစ်ပတ်ခဲ့ရမှုက ဆင်းြ ပ်လွန်း၍ နာကျင် အနည်းငယ်ကို ခံစားလိုက်ရသည်။ ရုတ်တရက်ဖြစ်လာသ





ဘီစွမ်း လွတ်မြောက်အောင် မည်သို့ရှောင်တိမ်းရမှန်းမသိ၊ ရုန်းကန်ဖို့ရန်လည်းမလွယ်၊ လက်နှစ်ဖက်က လေထဲမှာ သမ်းခါနေပြီး ခြေလွတ်လက်လွတ်ဖြစ်သွားခဲ့ရလေသည်။

တစ်ကယ်တော့ လွန်စွာမှ ကြီးမားလှသော မြွေကြီး တစ်ကောင်က သူ့ကို ရစ်ပတ်ပြီး သစ်ပင်ပေါ်ကို ဆွဲတင်သွားခဲ့ ခြင်းသာတည်း။

ကောင်းမြတ်သည် ချက်ချင်းပင် သတိပြန်ဝင်လာခဲ့ပြီး မြွေကြီး၏လက်ထဲမှ လွတ်မြောက်ရန် ရုန်းကန်လေတော့သည်။

သို့သော်. .

ခြေလွတ်လက်လွတ်ဖြစ်နေသောသူသည် မည်ကဲ့သို့ ထိရောက်စွာ ရုန်းကန်နိုင်လိမ့်မည်နည်း၊ ကောင်းမြတ်သည် မြွေကြီးရစ်ပတ်ခေါ်ဆောင်ရာကို တဖြည်းဖြည်းနှင့် ပါသွားခဲ့ သည်။ မြွေကြီးက မိမိကို မည်ကဲ့သို့ပြုမည်နည်း၊ စိုးထိတ်စိတ် များက သိသာစွာပင် ဝင်လာမိခဲ့သည်။

ထိုစဉ်. .

သစ်ပင်ကြီး၏ အပြင်ဘက်မှ ကျောလျားရှည်သော သဏ္ဌာန်တစ်ခုသည် အပင်ကြီးဆီကို လျှားကနဲဆို ခုန်ဝင်လာ ခဲ့သည်။ ခွန်အားပြည့်ဝသော အနက်ရောင်သတ္တဝါကြီးသည် လေထဲမှာ မြောက်တက်သွားပြီး သစ်ပင်ထက်မှ တွဲလျောင်းကျ နေသော မြွေကြီး၏ ကိုယ်ထည်ကို တိုက်ချသွားခဲ့သည်။ ကောင်းမြတ်၏ ကိုယ်အထက်မှ မြွေကိုယ်ထည်ရှည်မျောမျော ကြီးကို တစ်ချက်တည်းနှင့် တိုက်ခိုက်သွားခဲ့ခြင်းပင်ဖြစ်သည်။

သစ်နက်ကြီး၏ ရှေ့လက် (ရှေ့ခြေ) နှစ်ဖက်က မြွေကြီး၏ ကိုယ်ထည်ကို ပြင်းထန်စွာ ပုတ်ချသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပုတ်လိုက်သည့်အချိန်က မည်မျှမြင့်ထန်သလဲ ဆိုမူ.. သစ်ကိုင်းတစ်ခုကို ခွရစ်ထားသော မြွေကြီး၏ ကိုယ်ထည်နောက်ပိုင်း ပြေလျော့သွားပြီး အောက်ကိုပြုတ်ကျ သွားခဲ့လေတော့သည်။

ကောင်းမြတ်၏ကိုယ်ထည်ကို ရစ်ပတ်ထားသော နေရာမှလည်း ချက်ချင်းပင် ပြေလျော့သွားခဲ့ရသည်။ ကောင်းမြတ်သည်လည်း အောက်ကို ပြုတ်ကျသွားခဲ့ရလေသည်။

သစ်နက်ကြီး၏ သန်မာသော ခွန်အားကြောင့် မြွေကြီးသည် အတော်ဝေးဝေးဆီကို လွင့်ထွက်သွားခဲ့ရသည်။

"ဘိုး.."

အကျယ်အကျယ်မဲ့ မြေလွတ်လက်လွတ် ပစ်ကျသွားခဲ့ရပြီး ခေတ္တခဏ အချိန်ဖြင့် လိမ့်သွားခဲ့သေးသည်။ ကောင်းမြတ်သည် နာကျင်မှု ဝေဒနာကို မခံစားရပဲ မြေပျော့ပျော့ပေါ်ကို သက်တောင့်သက်သာပင်ကျသွားခဲ့လေသည်။

ထိုမြွေကြီးသည် စပါးကြီးမြွေကြီးတစ်ကောင်ပင်ဖြစ်သည်။ အောက်ကိုပစ်ပြီး ကျသွားခဲ့သော်လည်း အဆစ်များကြ ပြုတ်ထွက်မသွားခဲ့၊ ခေါင်းကိုမထောင်ကာ တရှူးရှူးဖြင့် နာမတ်နေသည်။ ဒေါသထွက်နေသည်။ ရန်သူကိုရှာဖွေကာ တိုက်ခိုက်ရန်ပြင်ဆင်နေသည်။ သစ်နက်ကြီးသည် မြေပြင်ပေါ်ကို ပေါ့ပါးစွာဖြင့် ကျသွားခဲ့ပြီး နေရာမှာ ရပ်မနေပဲ မြွေကြီးဆီကို တဟုန်ထိုးပြေးသွားခဲ့လေ၏။

ထောင်နေသော မြွေကြီး၏ခေါင်းကို လက်ဖြင့် ပုတ်ပစ်လိုက်သည်။ ကိုယ်ထည်ကိုလည်း ခြေလက် (ရှေ့ခြေ) များဖြင့် ဘယ်ပြန်၊ ညာပြန် ပုတ်ပစ်လိုက်သည်။ ထက်ခဲ့သော



...အားများဖြင့် တိုက်ခဲခြင်းတော့ မရှိပါ။ တားဆီး ခြောက်လှန့်သော.. မြွေကြီးမှာ သစ်နက်ကြီးမုန်း သိလိုက်ရသောအခါ ထွက်လန့်သွားဟန်ရှိသော်လည်း ဒေါသအရှိန်မသေသေးပဲ သစ်နက်ကြီးကို အမြီးရှည်ကြီးဖြင့် ပစ်လွှဲရမ်းကာ တိုက်ခိုက်ခြင်း၊ ...ကိုယ်ချွန်ချွန်ကို လုံးသွားသဖွယ် ထိုးကာ တိုက်ခိုက်ခြင်း၊ ခေါင်းဖြင့် တိုက်ခိုက်ခြင်း.. စသည်ဖြင့် နည်းမျိုးစုံကိုသုံးပြီး တိုက်ခိုက် ...သေးသည်။

သို့သော်..

သစ်နက်ကြီး၏လက်ဖြင့် ပုတ်ကာ တိုက်ခိုက်မှုကို ...ခံနိုင်တော့သည့်အဆုံးမှာ တစ်ဖြည်းဖြည်းနှင့် ဆုတ်ခွာပြီး ...ထွက်ပြေးသွားလေတော့သည်။ နောက်ဆုံး.. တောနက်ထဲသို့ ...ငံရောက်ပျောက်ကွယ်သွားခဲ့လေ၏။

ကောင်းမြတ်သည် သစ်နက်ကြီးကို မမျှော်လင့်ပဲ ...တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။ မြွေကြီး၏ ...ခံတွင်းထဲမှ သူ့အသက်ကို လုယူသွားခဲ့သူသည် သစ်နက်ကြီး ...ပင်တည်း။

"ဟင်.. ဒီသစ်နက်ကြီးက ငါ့အသက်ကို ကယ်လိုက် ...တာပါလား.."

သူ့ရှေ့မှာ သစ်နက်ကြီးကို မျက်ဝါးထင်ထင်မြင်လိုက် ...ရသည်ကိုပင်.. မယုံကြည်နိုင်၊ ဤကဲ့သို့ ပတ်ပင်းတိုးမိလိမ့် ...မည်ဟုလည်း မထင်မိခဲ့။

သစ်နက်ကြီးသည် မြွေကြီးထွက်သွားရာဆီကို အတန်ကြာ ...ငေးပင်ကြည့်နေခဲ့သည်။ စိတ်ချရပြီဆိုတော့မှ ကောင်းမြတ် ...ဆီကို ခေါင်းလှည့်လာခဲ့သည်။ သစ်နက်ကြီး၏ ဟန်ပန်

www.burmeseclassic.com

www.burmeseclassic.com



[illegible]သည် လွန်စွာမှကြည့်ကောင်းလှသည်။ မဟူရာကိုယ် [illegible]သည် တက်နေခြည်အောက်မှာ ဖိတ်ဖိတ်လက်နေသည်။ တောက်ပစူးလက်သော မျက်လုံးအစုံရှိသည်။ ယင်းမျက်လုံးများသည် ရဲတင်းသည်၊ မာန်ရှိသည်။ တစ်ခါတစ်ခါမှာ ဂရုဏာမျက်လုံးများအဖြစ် ပြောင်းလဲသွားခဲ့သည်။ ကောင်းမြတ်ကိုကြည့်သောအကြည့်ကတော့ ရင်းနှီးမှု၊ ချစ်ခင်မှု၊ သိတတ်မှုများဖြင့်.. ပေါင်းစုထားသော အကြည့်..

ထိုနည်းတူစွာ..

ကောင်းမြတ်သည်လည်း သစ်နက်ကြီးကို အစပထမတော့ ကြောက်ရွံ့သလိုလိုရှိမိခဲ့သည်။ ယခုတော့.. သစ်နက်ကြီး၏ သူ့အပေါ်မှာ သိမ်မွေ့သော အကြည့်ကြောင့် ကြောက်သလိုဖြစ်မှုများ.. တဖြည်းဖြည်းနှင့် လျော့ပါးလာခဲ့သည်။ ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာခဲ့ရလေသည်။

သစ်နက်ကြီးသည် ကောင်းမြတ်ဆီကို ဦးတည်ပြီးတော့ လျှောက်လာသည်။ ခြေလှမ်းတွေက ညင်သာသည်။သိမ်မွေ့သည်။ သစ်နက်အထီးကြီးဖြစ်သည်။ အနီးကိုရောက်လာသောအခါတွင် သူ့ကိုယ်ပေါ်မှာ မွှေးကြိုင်သောအနံ့များကိုရသည်။ သားစိမ်းရနံ့.. အညှီအဟောက်ရနံ့များကို မရရှိပေ။

သစ်နက်ကြီး၏ခေါင်းက ကောင်းမြတ်၏ ကိုယ်ကို ပွတ်သပ်သည်။ လည်တိုင်၊ ခန္ဓာကိုယ်နှင့်လည်း ပွတ်တိုက်သည်။ ကတ္တီပါထက်ပင် နူးညံ့သော အတွေ့အထိကို ခံစားမိရသည်။ ကောင်းမြတ် သည် ထိုင်လိုက်ပြီး သစ်နက်ကြီး၏ ခေါင်းကို လက်ဖြင့် ပွတ်သပ်နေမိသည်။ ကောင်းမြတ်၏ အပြုအမူက ငြိမ်သက်စွာဖြင့် ခံယူနေလေသည်။





"ကျွန်တော့်အသက်ကို ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီကျေးဇူးကို တစ်သက်မမေ့ပါဘူး"

ကောင်းမြတ်က ပြောလိုက်ရာ သစ်နက်ကြီးက နားလည်သလိုနှင့် မော့ပြီးကြည့်လာသည်။ မျက်လုံးအကြည့်တွေထဲမှာ..

"ကျွန်တော့်ကိုလည်း မုဆိုးတွေနဲ့ မဆုံမိအောင် လမ်းလွှဲပေးခဲ့အတွက် ကျေးဇူးတင်နေရတာပါဗျာ.."

ဟု ပြောနေသယောင်..

"ခင်ဗျားကို မုဆိုးတစ်စုက လိုက်ရှာနေကြတယ်၊ သူတို့လက်ထဲအရောက်မခံပါနဲ့.. ဒီလူတွေက ခင်ဗျားကို ဒုက္ခကောင်းကောင်းပေးနိုင်ကြတယ်.."

ကောင်းမြတ်က ပြောလိုက်ရာ.. သစ်နက်ကြီးမှာ နောက်ကိုတဖြည်းဖြည်းဆုတ်သွားပြီး ခပ်လှမ်းလှမ်းကို ရောက်သွားတော့မှ တောချုံကြီးတစ်ခုကို တစ်ချက်တည်းနှင့် လွှားကနဲခုန်ကျော်ကာ ထွက်သွားခဲ့လေတော့သည်။

➤ ➤ ➤

သစ်နက်ကြီးထွက်သွားသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ပြီးတော့ ကျန်ရစ်ခဲ့သည်။ သစ်နက်ကြီးနှင့် နီးကပ်စွာထိတွေ့ခဲ့ရသည်များသည်။ မယုံနိုင်စရာ အခြေအနေများပင်၊ အိပ်မက်လား.. တစ်ကယ်လားဟု ပြန်ပြီးတွေးမိတာနေရင်းက.. နောက်ဆုံးမှာတော့ တစ်ကယ်ဟု ခံစားသိနားလည်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ. . သစ်နက်ကြီးနဲ့ အမှတ်မထင်ဆုံတွေ့ခဲ့ရတာ တစ်ကယ်ပဲ. . တော်တော့်ကို ဆန်းကြယ်လှပါလား. ."

မယုံကြည်နိုင်သော ဖြစ်ရပ်တစ်ခုကို ပြန်ပြီးစဉ်းစားရင်း သစ်ပင်ကြီးကို ကျောမှီကာ ထိုင်နေမိလိုက်သည်။ စိတ်ကူးက တို့. . မိန်းကလေးဆီကို ရောက်သွားခဲ့ပြန်သည်။ ရှာတွေ့ရန် မျှော်လင့်ချက်မမြင်မိသောအခါ သက်ပြင်းတစ်ချက်ချမိလိုက် သည်။

စောစောက မြွေကြီးနှင့် ကြုံတွေ့ခဲ့ရသည့် အခြေအနေ ကို ပြန်စဉ်းစားမိပြီး စိတ်ပန်း၊ လူနွမ်းပြီး အိပ်ပျော်သွားခဲ့ လေသည်။

မည်မျှ ကြာသွားခဲ့သလဲ မသိ. .

➤ ➤ ➤

"ဟင်. . ရှင်. . ဒီကို ရောက်နေပြန်ပြီကိုး"

အသံနှင့်အတူ တစ်ဦးတစ်ယောက်က လက်မောင်းကို ဖက်ကနဲဆို ပုတ်လိုက်သည်။ ကောင်းမြတ် လန့်နိုးသွားခဲ့ရ သည်။ ပိတ်ထားသော မျက်ခွံတွေကို ဖွင့်မိလိုက်သည်။

"ဟင်. ."

သူ့ရှေ့မှာ ဆောင့်ကြောင့်ကလေးထိုင်နေသော မိန်းကလေးတစ်ယောက်၊ အင်္ကျီလက်စက အဖြူ ထဘီက အစိမ်းနုရောင် အောက်ခံပေါ်မှာ အဖြူရောင်ပုလဲလုံးလေးတွေ နှင့်. . ကျစ်ဆံမြီးနှစ်ခုနှင့် မျက်နှာလေးကတော့ ဖွေးဖွေးဥကာ





လှပနေသည်။

သူမနှင့် အနီးကပ်မြင်လိုက်ရသည်နှင့် နေရာမှ ချက်ချင်းထ,တော့ မလိုပြုသည်။ သူမက. . ကောင်းမြတ်၏ လက်မောင်းကို ဆွဲထားလိုက်ပြီး. .

"ဘယ်ထပြေးမလို့လဲ၊ လူကို. . တစ္ဆေသရဲများမှတ် သို့လား. . ဟင်. ."

အသံစာစာလေးက ထွက်ပေါ်လာခဲ့ပြန်သည်။

"ဟာ. . မဟုတ်ဘူး၊ ကျွန်တော် အမှတ်တမဲ့ဖြစ် သွားခဲ့တာပါ၊ ခင်ဗျားကို မမျှော်လင့်ပဲ တွေ့လိုက်ရတော့. ."

"ပြောလေ၊ မမျှော်လင့်ပဲ တွေ့လိုက်ရတော့. . ဘာဖြစ် သလဲ. ."

မိန်းကလေးက ကောင်းမြတ်၏ လက်မောင်းကို လွှတ်သေးပဲ မေးသည်။

"ဒီ. . ဒီလိုပါ၊ အမှန်အတိုင်းပြောရရင်၊ ကျွန်တော် ဒီတိုလာတာ. . အကြောင်းရှိတယ်၊ ခင်ဗျားကို တွေ့ချင်လို့. ."

"ကျွန်မကို တွေ့ချင်လို့. . ဟုတ်လား၊ ဘာဖြစ်လို့ တွေ့ချင်ရတာလဲ. ."

"အဲဒါတော့ သေသေချာချာ ရှင်းမပြတတ်ဘူး၊ ကျွန်တော်တွေ့ချင်တဲ့ ဆန္ဒရှိတာပဲ သိတယ်. ."

မိန်းကလေးက ပြုံးလိုက်သည်။ ဒီလိုအပြုံးမျိုးကို ရှားပါးစွာမြင်ဖူးလိုက်ခြင်းပင်ဖြစ်သည်။

"ကန်တော့နော်. ."

ကောင်းမြတ်က ခွင့်တောင်းပြီး မိန်းကလေး၏ လက်ကို ဆိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ဒါ ဘာသဘောလဲ. ."

"သဘောရိုးရိုးနဲ့ပါ၊ လူသားစင်စစ်မှ . . ဆိုတော့လို့ ကိုင်လို့ရတာယ် မဟုတ်လား"

"သြော်. . ရှင်က. . ကျွန်မကို ခုထက်ထိသံသယရှိနေဆဲပဲကိုး၊ သီလရှာသားတစ်ယောက်က ဒါတွေကို အယုံအကြည်ရှိနေသလား"

"ယုံကြည်တာပေါ့၊ ဘုရားဟောတဲ့ တရားထဲမှာလည်း ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ ဥစ္စာစောင့်ဆိုတာတွေလည်း ပါတယ်လေ"

"ရှင့်ကိုကော ကျွန်မက မထင်နိုင်ဘူးလား၊ တစ္ဆေတစ်ယောက်လူယောင်ဆောင်နေတာကော မဖြစ်နိုင်ဘူးလား ဟွန်း. ."

"တစ္ဆေဆိုရင် ခင်ဗျားကို ခြောက်လှန့်လိုက်မှာပေါ့ ကျွန်တော်ကလူ. . လူ၊ တစ္ဆေမဟုတ်ဘူးဗျ. ."

"အံမယ်. . သူကျတော့ သိတတ်လိုက်တာ၊ ကျွန်မကလည်း လူ၊ လူသားစစ်စစ်ရှင့်၊ ဥစ္စာစောင့်မဟုတ်ဘူး သိလား"

မျက်စောင်းလေးက ပါလာသည်။ အရင်တစ်ကြိမ်ဆုံမိပုံမျိုးမဟုတ်တော့၊ ရင်းနှီးမှုတွေကလည်း ပါလာသည်။ တစ်ကယ်တော့ မိန်းကလေးသည်လည်း ကောင်းမြတ်နှင့် တွေ့ဆုံလိုသည့် ဆန္ဒရှိနေမှန်း သိသာလှသည်။ မျက်နှာကလေးကရှင်နေသည်။

"ရှင်က. . ကျွန်မကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"ခင်ချင်လို့ပါဗျာ၊ ခင်ဗျားက ခင်စရာကောင်းတယ်"

"ကျွန်မက ခင်စရာကောင်းတယ်. . ဟုတ်လား၊ ဒီလို ဘုဆတ်ဆတ်နဲ့ ပြောတတ်တဲ့ မိန်းကလေးမျိုးကိုမှ ခင်စရာ





ကောင်းတယ်တဲ့၊ အဟွန်း. ."

မျက်စောင်းလေးက ဝေ့ဝဲလာပြန်သည်။

"အဲ့ဒီ ဘုဆတ်ဆတ်နဲ့ ပြောတာလေးကိုပဲ သဘောကျနေတာ၊ ခင်ဗျားကကော ကျွန်တော့်ကို မခင်ချင်ဘူးလား. ."

"ခင်ချင်ပေါင်၊ လူပုံက ခပ်တည်တည်နဲ့. . မျက်နှာက ဘုရားဆုပန်ထားတဲ့ရုပ်၊ အပြောကလည်း ခပ်တည်တည်၊ ဒီလိုလူမျိုးကို ရှင်နှောင်းက ခင်ရမယ်တဲ့လား. ."

"ဟာ. . မိုးကြိုးတွေပစ်ချကုန်တော့မှာပဲ၊ ကျွန်တော့်ကို သာမန်ပုထုဇဉ်တစ်ယောက်ကို ဒီလိုပဲ ပြောရသလား၊ ဒါနဲ့. . နာမည်က ဘာတဲ့ ရှင်နှောင်း ဟုတ်လား. ."

"ဟောတော့၊ ကျွန်မ နာမည်ကို ပြောမိလိုက်ပြီ. . မဟုတ်ဘူး၊ ရှင်နှောင်း မဟုတ်ဘူး"

ရှင်နှောင်းက နှုတ်ခမ်းလေးကို လက်ဝါးလေးဖြင့် ပိတ်ထားမိလိုက်သည်။

"မရတော့ဘူး၊ ထပ်ပြီး လိမ်ဖို့မကြိုးစားနဲ့တော့. . ရှင်နှောင်းလို့ပဲ အတည်ယူလိုက်ပြီ၊ နာမည်ကို ဘာဖြစ်လို့ လျှို့ဝှက်ထားချင်ရတာလဲ ဟင်. ."

"တမင် လျှို့ဝှက်ထားတာ မဟုတ်ပါဘူး၊ လွှတ်ကနဲဆို ထွက်သွားခဲ့တာပါ. ."

ရှင်နှောင်းသည် မပွင့်တပွင့်နှင့် ပြောလိုက်သည်။

"တော်သေးတယ်. . ရှင်နှောင်း ဒီနေရာကို ခုမှရောက်လာလို့၊ ဒီထက်စောပြီး ရောက်လာခဲ့ရင် အန္တရာယ်ရှိတယ်. ."

"ဟင်. . ဘာကြောင့်မို့လဲ"

ရှင်နှောင်း၏ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်. . ဟောဒီ သစ်ပင်ကြီးရဲ့အောက်ကို ရောက်လာတော့ မြွေကြီးတစ်ကောင်က သစ်ပင်ပေါ်ကနေ ဆင်းလာပြီး ကိုယ့်ကို တိုက်ခိုက်တယ်. ."

"ဟင်. . ဟုတ်လား၊ အမလေး. . ကြောက်စရာကြီး"

ရှင်နှောင်းက. . ကောင်းမြတ်၏ အနားကိုတိုးကပ်လာပြီး. . လက်မောင်းကို လက်ဝါးနှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ထားမိလိုက်သည်။

"မကြောက်ပါနဲ့. . အခု အဲဒီမြွေကြီး မရှိတော့ပါဘူး"

"ဘယ်. . ဘယ်ရောက်သွားသလဲဟင်၊ ရှင်. . မြွေကြီးရဲ့ရန်က ဘယ်လိုလွတ်မြောက်သွားခဲ့သတဲ. ."

"မြွေကြီးက ကိုယ့်ကို ချိုင်းအောက်က ရစ်ပတ်ပြီး သစ်ပင်ပေါ်ကို ဆွဲယူအသွားမှာ မမျှော်လင့်ပဲ သစ်နက်ကြီး တစ်ကောင်က ရောက်လာခဲ့တယ်. ."

"ဟင်. . သစ်နက်ကြီး ဟုတ်လား. ."

ကောင်းမြတ်၏ လက်မောင်းကို ဆုပ်ကိုင်ထားသော ရှင်နှောင်း၏ လက်တွေက ပို၍ပြီးတော့တင်းကြပ်သွားခဲ့ရသည်။

"ဟုတ်တယ်၊ သစ်နက်ကြီးက မြွေကြီးကိုဝင်ရောက်ပြီးတော့တိုက်ခိုက်တယ်၊ ဒါပေမဲ့. . နာကျင်အောင်တော့ မတိုက်ခိုက်ပါဘူး၊ ခြောက်လှန့်ရုံတင်ပါ. . မြွေကြီးလည်း သစ်နက်ကြီးကိုကြောက်ပြီး ထွက်ပြေးသွားတော့တာပဲ. ."

"ဒါ. . ဒါဖြင့်၊ သစ်. . သစ်နက်ကြီးကကောဟင်၊ ဘယ်ရောက်သွားသလဲ. ."

"သစ်နက်ကြီးကတော့ ဟောဟိုဘက်ကို ထွက်သွားခဲ့လေရဲ့. ."



သစ်နက်ကြီးထွက်သွားရာဆီကို လက်ညှိုးထိုးပြလိုက်သည်။ ရှင်နှောင်းသည် ကောင်းမြတ်ကို ဖက်တွယ်ထားသော လက်ကို လွှတ်လိုက်သည်။ သက်ပြင်းချသံလေးကို မသိမသာ ကြားလိုက်ရလေ၏။

"ရှင်နှောင်း. . ဒါက ဘယ်လိုဖြစ်သွားခဲ့တာလဲ၊ သစ်နက်ကြီးရဲ့ အကြောင်းကိုပြောပြလိုက်တာနဲ့ ရှင်နှောင်းရဲ့ အမူအရာပြောင်းလဲသွားခဲ့တယ်၊ ရှင်နှောင်းနဲ့ သစ်နက်ကြီး ပတ်သက်မှုများရှိနေလို့လား. ."

"အဲဒီသစ်နက်ကြီးကို ပြန်တွေ့အောင် ရှာပေးပါ"

"ဟင်. . ရှင်နှောင်းက သစ်နက်ကြီးနဲ့ တွေ့ချင်လို့ ဟုတ်လား၊ ဘယ်လိုကြောင့် တွေ့ချင်ရတာလဲ. ."

"အို. . အကြောင်းရှိလို့ပေါ့၊ ရှင်. . သစ်နက်ကြီးကို တွေ့အောင်ရှာပေးနိုင်. . မရှာပေးနိုင်သာပြောပါ၊ မရှာပေးနိုင်ရင်လည်း ကိုယ့်ဘာသာကိုယ်လိုက်ပြီးတော့ ရှာမယ်. ."

ရှင်နှောင်းက ချက်ချင်းပင် နေရာမှထမည်ပြုလိုက်ရာ-

"နေပါဦး. . ရှင်နှောင်းရယ်၊ ဘာဖြစ်လို့ ဒါလောက် ဇောင်လောကြီးနေရတာလဲ၊ သစ်နက်ကြီးရဲ့ နောက်ကိုလိုက်သွားရင် တောကောင်တွေနဲ့တွေ့ပြီး ဒုက္ခပေးကြလိမ့်မယ်၊ အန္တရာယ်ဖြစ်လိမ့်မယ်. ."

"အန္တရာယ်နဲ့တွေ့တော ဘာတတ်နိုင်မှာလဲ၊ ကိုယ့်ထိုက် ကိုယ့်ကံပေါ့. . ရှင်မှ လိုက်မရှာပေးတာ. ."

ကောင်းမြတ်က ရှင်နှောင်း၏လက်ကို ဆွဲထားသည်။ သာ တားဆီးမထားခဲ့လျှင် သူမတစ်ဦးတည်း စွတ်ထွက်ပြီး ထွက်သွားတော့မည့်ဟန်. .

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထင်တိုင်း လျှောက်မလုပ်ပါနဲ့ ရှင်နှောင်းရယ်၊ ကိုယ်က လိုက်မရှာပေးဘူးလို့ ပြောသေးလို့လား၊ ရှာပေးမယ် ဒါပေမဲ့ တောကနက်တယ်၊ သစ်နက်ကြီးက ဘယ်ဆီကို ရောက်သွားမှန်းတောင်မသိတော့ဘူး. ."

"ဘယ်ဆီကိုပဲ ရောက်ရောက်၊ ရှင်နှောင်းပါလိုက်ခဲ့မယ်"

"ရှင်နှောင်း. . မလိုက်ပါနဲ့၊ တောကောင်ကြီးတွေရဲ့ အန္တရာယ်က အချိန်မရွေးကျရောက်လာနိုင်တယ်. ."

"ရှင်. . ရှင်"

"မဟုတ်ဘူး၊ ရှင်နှောင်းကို မလိုက်စေချင်လို့ မဟုတ်ဘူး၊ ထိခိုက်အနာတရဖြစ်သွားမှာကို စိုးရိမ်မိလို့ပါ. . ကိုယ့်ကို တလွဲမထင်ပါနဲ့. ."

ကောင်းမြတ်က ပျာပျာသလဲ ရှင်းပြလိုက်သည်။

ရှင်းနှောင်းသည် ကောင်းမြတ်၏ မျက်နှာကို သေချာစွာ ကြည့်ပြီး. . မည်သို့ အဓိပ္ပါယ်ပေါက်သွားသလဲ မသိ၊ တခစ်ခစ် ဖြင့် ရယ်လိုက်လေသည်။ ချက်ချင်းပြောင်းလဲသွားခဲ့သော ရှင်နှောင်း၏ အပြုအမူကြောင့် ကောင်းမြတ်သည် ပင် ကြောင်တက်တက်ဖြစ်သွားခဲ့ရသည်။

"ကဲပါ. . နောက်တော့မှပဲ လိုက်ရှာကြတာပေါ့၊ တောကအနက်ကြီး၊ သစ်နက်ကြီးကို ရှာလည်းချက်ချင်းဘယ် တွေ့နိုင်ပါ့မလဲ. ."

"အပြောင်းအလဲ တော်တော်မြန်တာပဲ၊ ကိုယ့်ကို မလွှတ်ပဲ ရှင်နှောင်းတစ်ယောက်တည်း သွားရှာချင်လို့တော့ မဟုတ်ပါဘူးနော်. ."

"မဟုတ်ပါဘူး. . တောနက်ထဲကို တစ်ယောက်တည်း





သည်း မသွားရဲပါဘူး၊ ဒီလိုနေရာမျိုးမှာတောင် ကြီးမားတဲ့ မြွေကြီးမျိုးရှိနေတာ၊ တစ်ကယ့်တောနက်ကြီးထဲမှာဆိုရင် ပြီးတော့ဆိုးမှာပေါ့. . ရှင်က မဆိုးမှမဟုတ်တာ၊ ဒီအန္တရာယ် တွေကို ဘယ်လိုကာကွယ်နိုင်မှာတဲ့လဲ. ."

"မဆိုးဘူး၊ ရှင်နှောင်း. . ကိုယ့်ကိုယ်ကို ထိန်းချုပ်တတ် တာပြီ၊ ဒါပေမဲ့ ကိုယ်. . ရှင်နှောင်းတွေ့ချင်တဲ့ သစ်နက်ကြီးကို ရှာပေးပါ့မယ်၊ ကိုယ်. . ယောကျာ်းတစ်ယောက်ပါ၊ ကတိပေး တယ်. ."

"ရှင်တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်တယ်၊ လိုက်မရှာပါနဲ့ တော့. ."

"ဒီလိုမပြောပါနဲ့. . ကိုယ်. . ရှင်နှောင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးမှာပါ၊ ကိုယ်က သစ်နက်ကြီးကို တစ်ကြိမ် ကူညီခဲ့ဖူးတယ်လေ၊ အခု သစ်နက်ကြီးက ကိုယ့်ကိုပြန်ပြီးတော့ အကူအညီပေးခဲ့တာပဲ၊ ပြီးတော့. . သစ်နက်ကြီးဟာ သိပ်ပြီး တော့ပါးနပ်လိမ္မာတယ်၊ လူစကားကိုလည်း နားလည်ဟန်တူ တယ်၊ သူ့ကိုယ်သူ. . အန္တရာယ်ပေးမှာတော့ မဟုတ်ပါဘူး"

"သစ်နက်ကြီးကို ရှင်က. . အကူအညီပေးဖူးခဲ့သေး တယ်. . ဟုတ်လား၊ ဘယ်တုန်းကလဲ"

ရှင်နှောင်းက စိတ်ဝင်စားဟန်လေးဖြင့် မေးလိုက်သည်။

"ဟုတ်တယ်၊ ကိုယ်. . သစ်နက်ကြီးကို တစ်ကြိမ် အကူအညီပေးဖူးခဲ့တယ်. . အဲ့ဒီအကြောင်းက ဒီလိုပါ. ."

ကောင်းမြတ်သည် မုဆိုးလေးယောက် သစ်နက်ကြီး ကိုတို လိုက်နေကြသည့်အကြောင်း၊ သစ်နက်ကြီးကို ပုန်းအောင်း ၍. . သူ. . အကူအညီပေးခဲ့သည့်အကြောင်းများကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

[ခြသေ့်ကြီး၏ ဝမ်းဗိုက်အောက်ရှိ ဥမင်လမ်းကြောင်း အကြောင်းကိုတော့ ပြောမပြလိုက်ပါ. . ]

ဇာတ်လမ်းဆုံးသွားမှ ရှင်နှောင်းက သက်ပြင်းတစ်ချ ချလိုက်လေသည်။

"ဪ. . ဒီလိုကိုး၊ သစ်နက်ကြီးကို ရှင်က အကူအည ပေးဖူးခဲ့တာကိုး၊ ဒါကြောင့်မို့ သူကလည်း ကျေးဇူးသိပြ ပြန်ကူညီခဲ့တာပဲ"

"ဟဲပါလေ၊ သစ်နက်ကြီးနဲ့ ကိုယ်ဟာ ရေစက်ဆုံတတ ပါတယ်. . မကြာမီမှာ. . သူနဲ့ ပြန်ပြီးဆုံတွေ့ရလိမ့်မယ်လို ယုံကြည်ထားမိတယ်လေ၊ ရှင်နှောင်း. . စိတ်ချလက်ချသာနေပါ"

ရှင်နှောင်းက ပြုံးမိလိုက်သည်။ ရှင်နှောင်းနှင့် သစ်နက ကြီးတစ်နည်းနည်းနှင့် ပတ်သက်နေလိမ့်မည်ကား မလွဲပေ။

➤ ➤ ➤

115

## (၁၀)

## သစ်ခေါင်းထဲကပစ္စည်း

ရှင်နှောင်းနှင့်တွေ့ဆုံပြီးနောက်. . ရက်ချိန်းပေးကာ လရွာကို ပြန်လာခဲ့သည်။ ဥမင်လိုဏ်လမ်းကြောင်းကို အသုံး ာတွင် မည်သူမှ မမြင်တွေ့နိုင်စေရန် သတိထားရသည်။ ာင်ရိုသန်းမှ ခြသေ့်ကြီး၏ ဝမ်းဗိုက်အောက်က ထွက်ရသည်။ သူလေးပါးမမြင်ဖို့က အရေးကြီးသည် မဟုတ်ပါလား။

ရှင်နှောင်းသည် သူမ မည်သည့်ရွာ၊ မည်သည့်နေရာမှာ သည်ကို. . ယခုထက်တိုင် မပြောပြခဲ့သေးချေ။ သူမမှာ. . မားသော လျို့ဝှက်ချက်ကြီးတစ်ခုက ရှိနေခဲ့သည်ကိုလည်း စားမိသည်။ မပြောပဲ. . လျို့ဝှက်ထားသည်မှာ. . ာင်းမြတ်တို့ အကဲခတ်နေဆဲမို့ပင်၊ ယုံသင့်. . မယုံသင့် စားချင့်ချိန်နေဆဲမို့လား၊ ယင်းလျို့ဝှက်ချက်က ဘာလဲဆို ည်ကို ကောင်းမြတ် သိချင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ချက်တစ်ခုဖြင့် ရှိနေသော မိန်းကလေ တစ်ယောက်နှင့် ခင်မင်ဆက်ဆံခွင့်ရသည့်အတွက်လ ထူးဆန်းနေမိသည်။

မိမိအသွားအလာကို အိမ်ကမရိပ်မိစေရန်လ သတိထားနေရသည်။ မိဘနှစ်ပါးစလုံးက အစိုးရိမ်ကြီးတတ် သည်။ ရတနာသုံးပါးကို ရှိသေကိုင်းရှိုင်းကြသော်လည်း အယူသ တတ်ကြလေသည်။ တောကြီး၊ တောင်ကြီးများထဲတွင် သစ် ခုတ်သွားကြသည့်အခါ တောစောင့်နတ်၊ တောင်စောင့်နတ် ကိုလည်း အမှားအယွင်းရှိပါက ခွင့်လွှတ်ပါရန် ကာကွ စောင့်ရှောက်ပါရန် တောင်းပန်ကြရသည်က အမော သရအဂ္ဂတည်ပြီး ငါးပါးသီလမြဲသော သူများကို သမ္မာ နတ်ကောင်းနတ်မြတ်များက ကာကွယ်စောင့်ရှောက်ကြသ သီလမြဲလျှင်. . မည်သည့်ဘေးရန်မှ မကပ်နိုင်ကြောင် သိကြလျက်နှင့်. . တစ်ဖက်ကလည်း လွဲမှားသော အယူအ မျိုးရှိနေကြသည်။

ရှင်နှောင်းနှင့် ချိန်းဆိုထားသော ရက်သို့မရောင ကောင်းမြတ်သည်. . ရိုးမတောင်ခြေကို ဝါးခုတ်ရန် တစ်ဦးတ လှည်းနှင့်အတူ ထွက်လာခဲ့သည်။

တစ်နာရီခန့်ကြာသောအခါ တောင်ခြေနှင့် မနီးမ ကိုရောက်လာခဲ့သည်။ ကောင်းမြတ်သည် တစ်ယောက်တ သွားတတ်လာတတ်သည်။ အဖော်. . အပေါင်းအသင်း သိ မထားတတ်၊ သူ. . တစ်ဦးတည်းနှင့်နိုင်သော ကိစ္စမျိုးလ ဖြစ်နေ၍ မည်သူ့ဆီကမှ အကူအညီမတောင်းခြင်းလ ဖြစ်တန်ရာသည်။





တောတောင်ထဲမှာ ဆိုင်ရာပိုင်ရာများရှိကြသည်ဟု ာင်းမြတ်လည်း ယူဆထားသည်။ ထို့ကြောင့်. . တောထဲကို ပြီးဝင်လာခဲ့ကတည်းက ဝေနေယျသတ္တဝါအားလုံးကို တ္တာပို့ပြီးမှ. . စိတ်သက်သာရာရခဲ့သည်။ မေတ္တာသုတ်ကို ်ဆို၍. . အဆက်မပြတ်၊ မေတ္တာပို့လာခဲ့သည်။

ထို့နောက်. . တစ်နေရာကိုရောက်သောအခါ. . နွား းကိုလှည်းမှာဖြုတ်ကာ သစ်ပင်တစ်ပင်စီမှာ ချည်နှောင်ထား တ်သည်။ ထို့နောက်. . ထင်းဝါးရုံကြီးတစ်ရုံဆီကို လျှောက်လာ သည်။ ယင်း ဝါးရုံပင်ကြီးကို ကိုယ်တိုင်မှတ်သားထားခဲ့ပြီး သည်။ မိမိခုတ်ယူရန် ရည်ရွယ်ထားသော သစ်ပင်၊ ဝါးပင်၊ သည်တို့ကို ထုံးတို့ကာ မှတ်သားထားခဲ့ပြီးဖြစ်၍ မည်သူကမှ ခုတ်ယူကြပါ။

ကောင်းမြတ်သည် ဝါးရုံပင်မှ ဝါးများကို လှည်းများ စ်စီးတိုက်ခုတ်ယူသည်။ အခက်အလက်များကို သင်ပြီး ည်းပေါ်ကိုတင်သည်။ ကျွမ်းကျင်မှုရှိ၍ ထမင်းစားချိန် ရောက်မှာ အလုံးစုံပြီးစီးသွားခဲ့လေသည်။

ဝါးရုံပင်နှင့် မနီးမဝေးရှိ မန်ကျည်းဂင်ကြီးတစ်ပင် အောက်မှာ ထမင်းစားသည်၊ ခေတ္တခဏနားသည်။ ကောင်းမြတ် းနေသော သစ်ပင်ကြီးသည် လူတစ်ရပ်မရှိတရှိနေရာ၌ ခေါင်းပေါက်ကြီးတစ်ခုရှိသည်။ စောစောကတည်းက သတိထား ခဲ့သည်။

ကောင်းမြတ်သည် ထိုသစ်ခေါင်းပေါက်ကြီးကို သ တောင်းဖြစ်လာခဲ့သည်။ အလိုလိုနေရင်း. . စိတ်ဝင်စ လာခဲ့ သည်။ သစ်ခေါင်းပေါက်ကြီးက သူ့ကို အကြောင်းမဲ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်လျက်ရှိသည်။ ထို့ကြောင့်. .

နေရာမှ ထ,ရပ်လိုက်ပြီး အရပ်နှင့် အနေတော်အခေါင်းပေါက်ထဲကို ငုံ့ကြည့်လိုက်သည်။ သစ်ခေါင်း၏အနက်က အနည်းငယ်တိမ်သည်။ ထို့ကြောင့်. . အရာဝတ္ထုတစ်ခုကို အမှတ်မထင်တွေ့လိုက်ရလေသည်။ ယင်းအရာကား သံသေတ္တာငယ်တစ်လုံးပင်၊ ကောင်းမြတ် အံ့အားသင့်သွားခဲ့ရသည်။သံသေတ္တာလေးသည် သစ်ခေါင်းထဲကို မည်သည့်အကြောင်းကြောင့် ရောက်နေသည်ကို စဉ်းစား၍မရနိုင်၊ ဖုံအလိမ်းလိမ်းကပ်ညိနေသော သံသေတ္တာလေးကို လှမ်းယူလိုက်သည်။ အဖုံးကို ဖွင့်ကြည့်လိုက်သောအခါ အထဲမှာ မြင်လိုက်ရသော အရာကြောင့် အံ့အားသင့်သွားခဲ့ရသည်။ သစ်နက်ရုပ်လေးတစ်ရုပ်ပင်၊ ထုလုပ်ထားသည့် လက်ရာက ပြောင်မြောက်လှသည်။ အချိုးအစားပြေပြစ်သည်။

အထူးသဖြင့် မျက်လုံးတစ်စုံက ပိုပြီးတော့ အသက်ဝင်သည်။ သက်ရှိမျက်လုံးတွေက မိမိကိုကြည့်နေသလိုထင်ရသည်။

"တစ်ယောက်ယောက်က ဒီသစ်ခေါင်းထဲမှာ လာထည့်သွားတာပဲ၊ ဒီသစ်နက်ရုပ်တုလေးဟာ လက်ရာမြောက်အောင် ထုလုပ်ထားတယ်၊ ပန်းပုရုပ်တွေကို အမြတ်တနိုးစုဆောင်းတတ်တဲ့သူဖြစ်ရမယ်၊ ပိုင်ရှင်ရှိလိမ့်မယ်. ."

ထို့ကြောင့် သံသေတ္တာလေးကို သစ်ခေါင်းထဲပြန်ပြီး ထည့်ထားမည်ပြုသည်။ သို့သော်. . ချက်ချင်းမှာပင် တစ်ဦးတစ်ယောက်ကို သတိရသွားခဲ့သည်။

ကော င်းမြတ်သတိရသွားသော သူက. . ရှင်နှောင်း။

"ရှင်နှောင်းက သစ်နက်ကြီးကို စိတ်ဝင်စားနေတယ်၊





နောက်ကြောင်းတစ်ခုခုရှိလိမ့်မယ်၊ ဒီသစ်နက်ရုပ်တုလေးဟာလည်း. . ရှင်နှောင်းနဲ့ ပတ်သက်နေမလား မသိဘူး"

စိတ်ကူးတစ်ခုက ဝင်လာခဲ့သည့်အတွက် သံသေတ္တာလေးကို သစ်ခေါင်းထဲပြန်ပြီး မထည့်ဖြစ်တော့၊ ပါလာသောလွယ်အိတ်ထဲကိုသာ သိုသိပ်လုံခြုံစွာဖြင့် ထည့်လိုက်လေသည်။

➤ ➤ ➤

ရှင်နှောင်းနှင့် ချိန်းဆိုထားသော ရက်ကိုရောက်လာခဲ့သည်။ သူမနှင့် တွေ့ဆုံရန် လူမသိ၊ သူမသိ၊ စွန့်စားရသည့်အခြေအနေမျိုးပင်။

ခြသေ့်ကြီး၏ဗိုက်အောက်ရှိ ဥမင်လိုဏ်လမ်းကြောင်းမှဝင်. . ဖြတ်သန်းလာခဲ့ရသည်။ လိုဏ်ပေါက်ဝသည် နဂိုကအလုံပိတ်ထားဟန်တူသည်။ ကာလကြာမြင့်လာသောအခါ အကြောင်းတစ်ခုခုကြောင့် ပွင့်သွားခဲ့ဟန်တူသည်။ လူတို့တမင်တကာဖောက်ထားသည့် လမ်းကြောင်းမဟုတ်ပဲ သဘာဝလိုဏ်လမ်းကြောင်းကြီးတစ်ခုဖြစ်နေသည်ကို သတိပြုမိသည်။

ခြသေ့်ကြီး၏ရုပ်တုကို တည်ဆောက်ရင်း လိုဏ်ပေါက်ထားရုပ်တု၏ဗိုက်အောက်ကို မတော်တဆရောက်သွားခဲ့သည်လေလား၊ တမင်ပဲ ခြသေ့်ကြီး၏ဗိုက်အောက်မှာ ထားထားခဲ့သည်လေလား. . မပြောတတ်ပါ။

လိုဏ်ပေါက်ဝထဲသို့ အဝင်တစ်ချက်၊ ဖြတ်သန်းနေဦးမှာတစ်ချက်၊ သတိကြီးစွာ ထားနေရသည်။ တစ်ယောက်ယောက်က မြင်သွားမှာကို. . နောက်မှလိုက်လာမည်ကို စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကဝင်နေမိစမြဲ ဟို. . မုဆိုးလေးယောက်ကို သတိမထား၍ မဖြစ်. . သစ်နက်ကြီး၏နောက်ကို သူတို့တစ်ကောက်ကောက် ဖြင့်လိုက်နေကြသည်။ သစ်နက်ကြီးကလည်း ဤလိုဏ်လမ်း ကြောင်းမှ ဖြတ်သန်းသွားခဲ့ခြင်းပင်ဖြစ်သည်။

မုဆိုးတွေသာသိခဲ့ကြလျှင်. . ဤလိုဏ်လမ်းကြောင်းမှ တဆင့် သစ်နက်ကြီး၏နောက်ကို လိုက်လာကြလိမ့်မည် မဟုတ်ပါလား. .

➤ ➤ ➤

ဂူလိုဏ်ပေါက်ဝမှ အထွက်တွင် လမ်းကိုကောင်းစွာ မှတ်မိနေပြီဖြစ်၍ စမ်းချောင်းလေးဆီကို သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လာခဲ့သည်။ တစ်ခဏအကြာတွင် စမ်းချောင်းလေးဆီကို ရောက်လာခဲ့သည်။ မျှော်လင့်ဇောဖြင့်. . ရှင်နှောင်းကို ရှာဖွေမိလိုက်သည်။

"ရှင်နှောင်း. . မရောက်သေးဘူး ထင်ပါရဲ့. ."

ရှင်နှောင်းကို မတွေ့ရ၍. . မရောက်သေးဟု ထင်မိ လိုက်သည်။ သို့သော်. .

ချက်ချင်းလိုလိုပင် သစ်ပင်အကွယ်မှ ထွက်လာသော လူတစ်ယောက်၊ အခြားသူမဟုတ်၊ ရှင်နှောင်းဖြစ်နေသည်။

သူမသည် ရှည်လျားသော ဆံကေမျှင်များကို ဖြန့်ဖြူး သောကျောပြင်ထက်မှာ ဖြန့်ချထားသည်။ အင်္ကျီကတော့ ယောက်ျားရှပ်အင်္ကျီကဲ့သို့ ဝတ်ဆင်ထားသည်။ ထဘီသည် ပြောင်ထဘီ၊ အနက်ရောင်ဖြစ်သည်။ ပြည့်ဖြိုး၍ ဖွင့်ကားသော



အောက်ပိုင်းအလှကို ဖုံးပြီးတော့ ပေါ်လွင်နေသည်။

အင်္ကျီအရောင်ကလည်း နံ့သာရောင်ဖြစ်သဖြင့် ကောင်းမြတ်၏ မျက်လုံးအစုံသည် ရှင်နှောင်း၏ကျောပြင်ဆီသို့ ရောက်သွားခဲ့သည်။ သူမ၏ ဘေးတစ်စောင်းရပ်နေသော အနေအထား၊ ကျောပြင်ထက်မှာ အအိမ်ပါသော ဓါးတစ်ချောင်း ကိုပိုးထားသည်။ အစကတော့ သူမကို ပျော့နွဲ့နွဲ့ မိန်းမလေး တစ်ယောက်ဟု ထင်မှတ်မိခဲ့သည်။ အခုတော့. . ဓါးတိုင်သတ် သောသူတစ်ယောက်ဟု ယူဆရတော့မလိုပင်၊ ဓါးကို အသုံး မပြုတတ်ပဲနှင့်. . ဟန်ရေးပြပြီးတော့ ပြထားမှာ မဟုတ်။

"ရှင်ရောက်လာပြီလား. . ကတိတည်သားပဲ. ."

"ကောင်းမြတ်က ပေးထားတဲ့ ကတိတစ်လုံးကို ဘယ်တော့မှ မဖျက်ဘူးလေ၊ ရှင်နှောင်းက ဓါးနဲ့ပါလား၊ ခုလို အနေအထားမျိုးနဲ့ ကြည့်ရတာ. . တစ်မျိုးပဲ"

"ခါတိုင်းလည်း ဓါးပါလာပါတယ်၊ သစ်ပင်အကွယ်မှာ ထားထားလို့ ရှင်မမြင်တာပါ. ."

"ဟုတ်လား၊ ဒီလိုနေရာမျိုးမှာ ကိုယ့်ကိုယ်ကို ကာကွယ် ဖို့အတွက် လက်နက်တစ်ခုခုတော့ ရှိသင့်တာပေါ့"

"ဒီတောထဲကို သားကောင်ကြီးတွေကျွံပြီးတော့ ဝင်လာတတ်တယ်. . လက်နက်ကတော့ ဆောင်ထားသင့်တယ်၊ ရှင်က. . ဘာလက်နက်မှ ပါမလာဘူး၊ ရန်သူနဲ့တွေ့ရင် ဘယ်လို ခုခံတိုက်ခိုက်မလဲ. ."

"ရန်သူနဲ့တွေ့ရင် ပြေးမယ်၊ ပြေးလို့မလွတ်ရင်. . တောင်းပန်လိုက်မှာပေါ့. ."

ရှင်နှောင်းထံမှ တခစ်ခစ်နှင့် ရယ်မောသံလေးက

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာခဲ့သည်။ ရိုးသားပွင့်လင်းသော အမူအရာလေး ပင်ဖြစ်သည်။

"ဩော်. . ရှင်. . သစ်နက်ကြီးနဲ့ဆုံဖြစ်သေးသလား ဟင်. ."

"အဆုံဖြစ်ပါဘူး၊ သစ်နက်ကြီးဟာ ဟိုတော. . ဒီတော လျှောက်ကူးပြီး ရန်သူကို ရှောင်တိမ်းနေရတာ၊ ကိုယ်ထင်တာ ကတော့. . ဒီနေရာမှာပဲ ရှိလိမ့်မယ်လို့. ."

"ကျွန်မလည်း ထင်မိပါတယ်၊ ဒီတောထဲမှာပဲ ရှိနေလိမ့် မယ်ဆိုတာ၊ ဒါပေမဲ့ လုံးဝမတွေ့ဖူးသေးဘူး၊ ရန်သူတွေရဲ့ လက်ထဲကိုများ ရောက်သွားခဲ့ပြီလား မသိဘူး. ."

ရှင်နှောင်း၏ စကားကြောင့်. . ကောင်းမြတ်လည်း တွေဝေသွားခဲ့ရသည်။ သစ်နက်ကြီး. . အန္တရာယ်ကျရောက် မကျရောက်ကတော့ သူလည်း မခန့်မှန်းနိုင်။

"သစ်နက်ကြီးဟာ အန္တရာယ်ကို ကျော်ပြီးတော့ မြင်တတ် ပါတယ်၊ ရှောင်တိမ်းတတ်မှာပါ. . ခုလောက်ဆိုရင် လုံခြုံတဲ့ တစ်နေရာမှာ ရှိနေမှာပဲပေါ့. ."

ရှင်နှောင်း စိတ်သက်သာရာရစေရန် ထင်ကြေးပေး လိုက်ရသည်။ ကောင်းမြတ်သည်လည်းပဲ စိုးရိမ်စိတ်ဝင်နေမိ ရသည်ကား အမှန်။

"ဩော်. . ရှင်နှောင်းကို ပြစရာရှိတယ်. ."

"ပြစရာ. . ဟုတ်လား၊ ဘာများလဲဟင်. ."

ရှင်နှောင်း စိတ်ဝင်စားသွားခဲ့ရသည်။ ကောင်းမြတ်က လွယ်အိတ်ထဲမှ သံသေတ္တာလေးကို ထုတ်၍ပေးလိုက်သည်။

"ဟင်. ."





ရှင်နှောင်းသည် သံသေတ္တာလေးကို တွေ့လိုက်ရသော အခါ မျက်နှာပေါ်မှာ အပြောင်းအလဲဖြစ်သွားခဲ့ရလေ၏။

ကောင်းမြတ်သည်လည်း ရှင်နှောင်းကို အကဲခတ်မိ သွားခဲ့ရသည်။ သူမသည် သံသေတ္တာလေးကို မြင်လိုက်ရသည် နှင့် အံ့အားသင့်သွားခဲ့ရသည် မဟုတ်လား။

ရှင်နှောင်းက လက်ထဲရောက်လာသည့် သံသေတ္တာ လေးကို. . သေချာစွာဖြင့် စူးစိုက်ကာ ကြည့်နေသေးသည်။ ထို့နောက်. . တုန်ရီသော လက်ချောင်းလေးတွေဖြင့် အဖုံးကို ဖွင့်လိုက်လေ၏။

အထဲမှ သစ်နက်ရုပ်တုလေးကို မြင်လိုက်ရသောအခါ ရှင်နှောင်း၏ မျက်ဝန်းများသည် ပိုပြီးတော့ တောက်ပြောင် ရွှန်းလက်သွားခဲ့လေ၏။ ထို့နောက်. . သစ်နက်ရုပ်တုလေးကို သံသေတ္တာလေးထဲမှ ထုတ်ယူလိုက်သည်။

အကြောင်းတစ်ခုခုကြောင့် ကောင်းစွာမှတ်မိနေသည့် အလား. . ရုပ်တုလေးကိုလှည့်ပတ်ပြီးတော့ ကြည့်ရှုနေလေသည်။

"ဒီသေတ္တာလေးကို ကိုကောင်းမြတ်. . ဘယ်ကရသလဲ ဟင်. ."

"တောထဲ ဝါးသွားခုတ်ရင်း သစ်ခေါင်းပေါက်တစ်ခုထဲ တရခဲ့တာ. ."

"ရှင်နှောင်းကို ပေးလိုက်ပါလား. . ဟင်"

"ယူလေ၊ ဒီရုပ်တုလေးက ထုလုပ်ထားတာ သဘာဝကျ လွန်းလို့ ရှင်နှောင်းနှစ်သက်လိမ့်မယ်လို့ ထင်မိတာ၊ ခုတော့. . ကိုယ်ထင်တဲ့အတိုင်းဖြစ်သွားခဲ့ပြီပေါ့. ."

"ဟုတ်တယ်၊ ရှင်နှောင်းလည်း ဒီရုပ်တုလေးကို



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ချင်းပဲ သဘောကျသွားခဲ့တယ်၊ ပေးနော်. . "

"ဩော်. . ယူပါဆိုနေမှ ငယ်မင်းကြီးမကလဲ. . "

ရှင်နှောင်းသည် ဟက်ကနဲဆို ရယ်လိုက်ပြီး သံသေတ္တာလေးကိုရင်မှာ ပိုက်ထားလိုက်လေ၏။ ထို့နောက် ကောင်းမြတ်ကိုစူးစမ်းသောအကြည့်လေးဖြင့် ကြည့်နေလိုက်ပြီးမှ. ,

"ကိုကောင်းမြတ်က တော်တော်ထူးခြားတဲ့သူပဲ. . သစ်နက်ကြီးကိုလည်း သက်ရှိသတ္တဝါအနေနဲ့ နှစ်ကြိမ်မြင်ဖူးခဲ့တယ်၊ ဒီ. . ရုပ်တုလေးကိုလည်း ရလာခဲ့တယ်. . "

"တိုက်ဆိုင်မှုတွေပေါ့ ရှင်နှောင်းရယ်. . "

ရှင်နှောင်း၏ မျက်ဝန်းတစ်စုံနှင့် မျက်နှာပြင်အနေအထားသည် ပိုပြီးတော့ နူးညံ့သိမ်မွေ့လာသည်။ ရှင်၊ ကျွန်မအသုံးအနှုန်းတွေ ပြောင်းလဲသွားခဲ့သည်ကို သတိထားမိသည်။ ထို့နောက် ရှင်နှောင်းက သံသေတ္တာလေးကို ချိုတစ်ခုထဲမှာ ဝှက်ထားလိုက်သည်။

"ဟင်. . ရှင်နှောင်းယူမသွားဘူးလား. . "

"ထားခဲ့ဦးမယ်လေ၊ သွားစရာရှိသေးလို့. . "

"သွားစရာရှိသေးလို့. . ဟုတ်လား၊ ဘယ်ကိုလဲ. . "

"သစ်နက်ကြီးကို သွားရှာမယ်လေ"

"ဟင်. . သစ်နက်ကြီးကို သွားရှာမယ် ဟုတ်လား၊ ရှင်နှောင်းက ဘယ်သူနဲ့ သွားမှာမို့လဲ"

"ကိုကောင်းမြတ်နဲ့ပေါ့. . ဘာလဲ မလိုက်ဘူးလား"

"လိုက်ပါ့မယ်၊ ကိုယ်က ရှင်နှောင်းမပါပဲ တစ်ယောက်တည်းသွားမယ်လို့ ဆုံးဖြတ်ထားတာ. . "

"ရှင်တစ်ယောက်တည်း သွားမှာကို စိတ်မချလို့ပေါ့၊





ပြီးတော့. . ရှင်နှောင်းလည်း အတူလိုက်ချင်လို့. . "

"တောက လုံခြုံမှုရှိချင်မှ ရှိမယ်၊ မိန်းကလေးတစ်ယောက်တည်းသွားဖို့ မသင့်တော်လို့ပါ. . "

"ဩော်. . ကိုကောင်းမြတ်ကကော၊ တောထဲကိုဝင်တာလက်နက်တစ်ခုခုမပါပဲနဲ့. . စိတ်ချစရာရှိလို့လား၊ ကျားတစ်ကောင်က ရန်မူလာခဲ့ရင် နပန်းဖက်လုံးလို့ရမယ်တဲ့လား. . "

အသံစူးစူးလေးဖြင့် ပြောလိုက်ရာ ကောင်းမြတ်လည်း ငြိမ်ကျသွားခဲ့လေ၏။

➤ ➤ ➤

သူတို့နှစ်ယောက်။

ကောင်းမြတ်နှင့် ရှင်နှောင်း. .

တောနက်ကြီးထဲကို ဝင်လာခဲ့ကြသည်။ ဤတောကို ကောင်းမြတ်မသိပါ။ ရိုးမတောင်. . တော်လဲတောင်နှင့်. . တစ်ဆက်တည်း၊ တစ်စပ်တည်းရှိနေသည်ဟု ယူဆရသော်လည်း သိခြားဆန်နေသည်။ ကောင်းမြတ်အတွက် စိမ်းနေသည်။ ဥမင်လိုဏ်လမ်း၏ ဒီမှာဘက်နှင့် မိမိနေထိုင်ခဲ့ရာ ဟိုမှာဘက်တို့သည် ဘာမှမဆိုင်သလိုရှိနေသည်။ ယင်း အခြေအနေကိုက ထူးဆန်းနေသည်။

[တောစောင့်နတ်၊ တောင်စောင့်နတ်များက တမင်ဖန်တီးထားသောတောများဖြစ်နေမလားဟုပင် အတွေးခေါင်မိလိုက်သေးသည်]

သားကောင်လေးများဖြစ်ကြသော ချေ၊ ဒရယ်



www.burmeseclassic.com

www.burmeseclassic.com

အစရှိသည့် အကောင်လေးတွေကတော့ ဟိုနေရာမှ ဖျတ်ကနဲ၊ ဒီနေရာမှ ဖျတ်ကနဲဆို ပြေးလွှားနေကြသည်။

"ဒီ. . တောထဲကို ရှင်နှောင်းရောက်ဖူးသလား၊ သွားလာနေကျလား. ."

"ဟင့်အင်း၊ တောနက်ထဲအထိတော့ မသွားလာဖူးပါဘူး ခု. . ကိုကောင်းမြတ်နဲ့တွေ့မှ လာဖြစ်တာ. ."

"သစ်နက်ကြီးဟာ ဒီတောထဲမှာများ ရှိနေလိမ့်ဦးမယ်လို့ ရှင်နှောင်းထင်မိသလား. ."

"အင်း. . ထင်တယ်၊ ဒီဘက်တောထဲကို ဘယ်မုဆိုးမှ လာတာမတွေ့ရဘူး၊ ဒါကြောင့်. . သစ်နက်ကြီးဟာ သူ့ရဲ့ အသက်ဘေးအန္တရာယ်အတွက် ရှောင်တိမ်းဖို့. . ခိုအောင်းဖို့ အကောင်းဆုံး နေရာလို့ထင်တယ်လေ. ."

"ရှင်နှောင်းက ဒီတောဝန်းကျင်တစ်ဝိုက်ကို ကောင်းကောင်းသိထားတာပဲ၊ ဘယ်ရွာမှာနေတယ်. . ဘယ်သူတွေနဲ့ ပတ်သက်တယ်ဆိုတာကိုလည်း သိခွင့်မရသေးဘူး. ."

"ရှင်နှောင်းက လူမှမဟုတ်သေးပဲ၊ ဥစ္စာစောင့်မလေးလေ၊ ဒါကြောင့်. . ကိုယ်နေတဲ့နေရာကို ဘယ်သူမှ မမြင်နိုင်အောင် ကမ္ဘာ့ဒီတန်ခိုးနဲ့ ကွယ်ဝှက်ထားတယ်လေ. . အဟင်း ဟင်း"

ရှင်းနှောင်းနှင့်ဆုံတွေ့ရသည်မှာ ပဟေဠိဆန်သည်။ ပုစ္ဆာဆန်နေသည်။ လျှို့ဝှက်မှုအပေါင်းနှင့် ပြည့်နှက်လျက်ရှိသည်။

ကောင်းမြတ်ကတော့ သူမ၏ ထင်မြင်ချက်ကို ထပ်မမေးတော့ပါ။ ယခုလို ဆုံတွေ့နေရသည်ကိုပင် ကျေနပ်နေမိသည်။





"ကိုကောင်းမြတ်၊ ရှင်နှောင်း. . မောတယ်၊ ခဏနားပါဦး. ."

"မောမှာပေါ့. . မရပ်မနားပဲ လျှောက်သွားနေတာကိုး၊ နင့်ကိုကတည်းက မလိုက်ခဲ့ပါနဲ့လို့ပြောတာ. . ဒါ. . မိန်းကလေးတစ်ယောက်အနေနဲ့ လိုက်သင့်တဲ့နေရာမျိုးမဟုတ်ဘူး. ."

"သူ့ကို စိတ်မချလို့ လိုက်လာတာများ၊ အကောင်းကိုမထင်ဘူး. . ဟွန်း. ."

သစ်ပင်တစ်ပင်အောက်မှာ ထိုင်ချလိုက်ရင်း. . မကျေမနပ်နှင့် ပြောလိုက်သည်။ ကောင်းမြတ်လည်း သူမနှင့်အတူယှဉ်ပြီး ထိုင်ချလိုက်ရလေတော့သည်။ ကိုယ်ချင်းထိနေမိကြသော်လည်း သတိမထားမိကြသလိုပင်။

"စိတ်မောတယ်. . သစ်နက်ကြီးရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရတော့ဘူး. ."

"တောက အကျယ်ကြီးပဲဟာ. . တစ်နေရာမဟုတ်၊ တစ်နေရာမှာ ရှိနေမှာပေါ့. . တစ်ချိန်ချိန်မှာ တွေ့မှာပဲ. . စိတ်မမောပါနဲ့လေ. ."

"မောတာကတော့ မောတာပဲ၊ မတတ်နိုင်ဘူး. . ရေသောက်ချင်တယ်. ."

"ရော့. . ဒီမှာ၊ အဆင်သင့်ပဲ. ."

ပါလာသော ရေဗူးကို ရှင်နှောင်း၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။ ရှင်နှောင်းက ရေကို တစ်ငုံပြီးတစ်ငုံ သောက်နေလိုက်ပြီးမှ. .

"ရော့ သောက်ဦးလေ. ."

ကောင်းမြတ်၏ လက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

ကောင်းမြတ်ကလည်း တစ်ခုံခုံလိုက်သည်။

"သူများသောက်ထားတာကို သောက်ရတာ မရှိဘူးလား. ."

"တစ်ခြားသူဆိုရင် ရှိတတ်တယ်၊ ရှင်နှောင်းမို့လို့ မရှိဘူး. . ဗိုတောင် ရှိသေးတယ်. ."

"သွား. . တော်တော်အပြောကောင်းတယ်. . ဟွန်း"

ကိုယ်လုံးလေးကို ဘေးတိုက်ဆတ်ကနဲဆိုတွန်းကာ မထီတရီဟန်ကလေးဖြင့် ရှင်နှောင်း၏ အပြုအမူ. .

ထိုစဉ်. .

"ဟား. . ဟား. . ဟား. . ဟား တွေ့ပြီ. . တွေ့ပြီ ငါ့သိုသေတ္တာလေးကို ယူသွားကြတဲ့သူတွေကို တွေ့ပြီကွ. ."

ရုတ်တရက် ထွက်ပေါ်လာသော အသံကြီးတစ်သံကြောင့် နှစ်ယောက်စလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြရသည်။ တောထဲတောင်ထဲမှာ သူတို့နှစ်ဦးတည်းရှိနေကြသည်ဟု ထင်ထားခဲ့ကြရမှာ အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်လိုက်ကြသောအခါ. .

"ဟင်. ."

"ဟာ"

တွေ့လိုက်ရသောမြင်ကွင်းကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။ ရှင်နှောင်း၏ မျက်ဝန်းကလေးများသည်ပင် ဝိုင်းစက်သွားခဲ့ရလေသည်။

ထိုသူကား. .

➤ ➤ ➤





(၁၁)

## ပြန်ဆုံကြရပြီ

သစ်ပင်ကြီးတစ်ပင်၏အကွယ်မှ မျက်နှာတစ်ခြမ်းဖော်ကာ. . ကြည့်နေသူတစ်ယောက်၊ ထိုသူ၏ ရှည်လျားသောဆံပင်များသည် မျက်နှာပေါ်မှာ ဖုံးအုပ်လျက်ရှိကြသည်။ ဆံပင်တွေနောက်မှ. . မျက်လုံးတစ်လုံးက တလည်လည်နှင့် ဟိုဒီ. . ရွေ့လျားလျက်ရှိသည်။

"ဟိတ်. . မင်းတို့နှစ်ယောက် ဒီတောထဲမှာ ဘာလာလုပ်ကြတာလဲ၊ ငါ့သိုသေတ္တာလေးကို နှစ်ယောက်ပေါင်းပြီးတော့ ခိုးယူထားကြတယ် မဟုတ်လား ပြန်ပေးစမ်း. . ငါ့လက်ထဲကို ပြန်ထည့်ကြစမ်း. ."

သူ့ဆီမှ အသံကထွက်ပေါ်လာခဲ့ပြန်သည်။ ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်၏ အောက်မှ မျက်နှာကို တွေ့သွားခဲ့ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ. ."

ရှင်နှောင်းက လက်ညှိုးထိုးပြီးတော့ ပြောလို
သည်။

"တွေ့တယ်. . ရှင်နှောင်း၊ ကိုယ့်ကိုရန်မူမယ့်သူလာ
သူ့မှာ လက်နက်ပါလာသလားဆိုတာ အကဲခတ်နေတာ"

"သံသေတ္တာအကြောင်းပြောနေတယ်၊ သံသေတ္တာဟ
သူနဲ့ ပတ်သက်နေသလား မသိဘူးနော်. . ကိုကောင်းမြတ်"

"ဟုတ်တယ်. . တစ်နည်းနည်းနဲ့တော့ ဆက်နွယ်
လိမ့်မယ်လို့ထင်တယ်. ."

"ဟေ့လူ. . ခင်ဗျားအပြင်ကို ထွက်လာခဲ့လေ၊ ဘာ
လို့ ခိုးကြောင်ခိုးဝှက်နဲ့ ကြည့်နေတာလဲ. ."

"မင်းတို့က လူလား၊ တစ္ဆေလား၊ ငါက. . တစ္ဆေဆို
ကြောက်တယ်ကွ. . မလာရဲဘူး"

"ကျွန်တော်တို့က လူတွေပါ. . တစ္ဆေမဟုတ်ပါဘူ
ခင်ဗျားကြောက်စရာလည်း မလိုဘူး၊ ထွက်သာ ထွက်လာခဲ့

"အေး. . တစ္ဆေမဟုတ်ဘူးဆိုရင် ပြီးရော. .
ငါလာပြီ. ."

စကားသံအဆုံးမှာ သစ်ပင်အကွယ်က သဏ္ဍာန်တစ်
က ထွက်လာခဲ့လေသည်။ ထိုသူသည် တစ်ကိုယ်လုံးမည်း
နေကာ စုတ်ပြတ်နေသော အကျႌအဝတ်အစားများကို ဝတ်ဆ
ထားသည်။

ရှည်လျားသော ဆံပင်များကလည်း ချေးအထပ်ထ
နှင့် ရှိနေကာ. . ပခုံးထက်မှာ ဖြန့်ကျဲပြီးတော့ ကျ
ကြသည်။





ကြောင်စီစီမျက်လုံးတွေက သူတို့နှစ်ယောက်ကို
အကဲခတ်ပြီးတော့ ကြည့်လျက်ရှိသည်။ ထိုသူသည် လူတစ်ဦး
နှင့်မတူ၊ မကောင်းဆိုးရွားကောင်ကြီးနှင့်သာ တူလေသည်။

ထိုသူသည် ကောင်းမြတ်နှင့် ရှင်နှောင်းတို့၏
အနားဆီသို့ လျှောက်လာခဲ့သည်။

"သတိထား ရှင်နှောင်း၊ ဒီလူဟာ စိတ်မှန်ပုံမပေါ်ဘူး၊
ရန်ရှာရင် ရှာလိမ့်မယ်. ."

ကောင်းမြတ်က ရှင်နှောင်း၏ ရှေ့မှာရပ်ကာ. .
ကာဆီးထားလိုက်လေသည်။

"ရှင်လည်း သတိထားပါ၊ ကိုယ့်မှာလည်း ဘာလက်နက်
မှမပါပဲနဲ့. . ဟိုက ရန်ရှာရင် ဘယ့်နှယ်လုပ်မလဲ. . ရှင်နှောင်း
သူနဲ့ရင်ဆိုင်မယ်. ."

ရှင်နှောင်းက ကောင်းမြတ်၏ ရှေ့မှ ဝင်မည်ပြုရာ. .

"နေပါ. . ဒီလူကရန်ရှာလည်း နှစ်ယောက်တောင်
ရှိနေတာပဲ. . အကြောင်းမဟုတ်ပါဘူး"

ဒီလိုနှင့် ထိုလူက အနားကိုရောက်လာခဲ့လေသည်။
ထို့နောက် ကောင်းမြတ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး. .

"ဟေ့ကောင် ဟုတ်ပြီ၊ တွေ့ပြီ. . တွေ့ပြီ မင်းပဲ. .
မင်းသူခိုး၊ သစ်ခေါင်းထဲမှာ ထည့်ထားတဲ့ ငါ့သံသေတ္တာကို
မင်းခိုးသွားတာ. . ပြန်ပေး. . ငါ့ပစ္စည်းပြန်ပေး. ."

"ခင်ဗျားရဲ့ပစ္စည်းကို ကျွန်တော်ခိုးသွားတယ်လို့
ဘာကြောင့်ပြောနိုင်သလဲ. . ခင်ဗျားရဲ့ မျက်လုံးနဲ့ တပ်အပ်မြင်
လို့လား. ."

"ငါ. . မမြင်ဘူး၊ ဒါပေမဲ့ ငါ့ကိုယ်စောင့်နတ်က



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ၊ ငါ့ကိုယ်စောင့်နတ်ကို ငါကလွှတ်ထားတယ်၊ သူက မင်းယူတာတွေ့လို့ ငါ့ကိုလာပြောတာ. . "

"အဲ့ဒီ သံသေတ္တာထဲမှာ. . ဘာရှိသလဲ၊ ခင်ဗျားသိလို့ လား. . "

"အံမာ. . ဘာလို့မသိရမှာလဲ၊ ငါ့ပစ္စည်း ငါသိတာပေါ့၊ သစ်နက်ရုပ်တုလေးရှိတယ်. . အခုသစ်နက်ရုပ်တုလေးက မင်းရဲ့လက်ထဲကို ရောက်နေပြီ မဟုတ်လား၊ ငါသိတာပေါ့. . မင်း. . ငါ့ကိုပြန်ပေးမလား. . မပေးဘူးလား ဟင်း. . "

ထိုလူကြီးသည် ကောင်းမြတ်၏ အင်္ကျီစနှစ်ခုကို ဆုပ်ကိုင်ပြီးပြောလိုက်သည်။

"ခင်ဗျား စကားကိုအေးအေးဆေးဆေးပြောပါ၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ ရန်သူမဟုတ်ဘူး၊ ခင်ဗျား. . ဒီရုပ်တုကိုဘယ်ကရလာခဲ့သလဲ. . "

"အံမာ. . ငါ့ဘာသာ ငါဘယ်ကပဲရရပေါ့၊ မင်းကို ပြောပြရမှာလား. . ငါ. . သင်္ချိုင်းကရခဲ့တယ်ဆိုတာ ဘယ်သူ့ ကိုမှပြောမပြဘူး၊ သင်္ချိုင်းစောင့်ကြီး ဦးဖုန်းကို ငါကိုယ်တိုင် သတ်ခဲ့တာကွ၊ အဲ့ဒီပစ္စည်းကြောင့်ပေါ့. . ဒါပေမဲ့ ဦးဖုန်းက သေပြီးတောင် ငါ့ကို တစ္ဆေဘဝနဲ့ ခြောက်ခဲ့သေးတယ်. .

အဲ့ဒီသံသေတ္တာလေးထဲက သစ်နက်ရုပ်လေးက ငါ့ကို ကောင်းကျိုးမပေးခဲ့ဘူး၊ ဒါကြောင့်မို့ ငါယူလာခဲ့တဲ့ တော်လဲရွာ သုသာန်မှာ သွားပြန်ထားခဲ့တာ၊ အဲ. . အဲ့ဒီသုသာန်ထဲကိုလည်း ရောက်ရော. . ငါသတ်ခဲ့တဲ့ သင်္ချိုင်းစောင့်ကြီး ဦးဖုန်းက ငါ့ကို တစ္ဆေဘဝနဲ့ ပြန်ခြောက်တော့တာပဲ၊ ငါ. . ငါလည်း ကြောက်ပြီး တော့ထွက်ပြေးခဲ့ရတယ်. .





အဲ့ဒီအကြောင်းတွေကို မင်းတို့ကို ငါမပြောဘူး၊ မင်းတို့ သိချင်လို့တောင် မထိရဘူးမှတ်၊ ရာပိုင်က. . အဲ့သည်လောက် အထိနှုတ်လုံတဲ့ကောင်ကွ. . "

ရှင်နှောင်းသည် သူရူးကြီးဘဝသို့ရောက်နေသော ရာပိုင်၏စကားကို ကြားလိုက်ရသောအခါ. .

"ကိုကောင်းမြတ်. . ဒီလူကြီးဟာ ပြောချင်ရာကို လျှောက်ပြောနေတာ၊ စိတ်မနှံ့ဘူးထင်ပါရဲ့၊ သူ. . လူသတ်ခဲ့ တာတော့ ဟုတ်ချင်ဟုတ်မယ်. . အနားကို မကပ်နဲ့၊ ရန်ရှာ လိမ့်မယ်. . "

ရှင်နှောင်း၏စကားကြောင့် ရာပိုင်သည် တရှုးရှူးတရှဲရှဲ ဖြစ်သွားခဲ့ရလေ၏။

"ဘာ. . နင်က ငါ့ကို အရူးလို့ပြောတယ် ဟုတ်လား၊ ငါမရူးဘူး. . နင်ရုပ်နင့်ရည်နဲ့ ငါ့ကို ဒီလိုထင်တာ. . နင်ဟာ စိတ်ကောင်းမရှိလို့ပဲ. .

ငါ. . အိပ်မက်မက်တယ်၊ နင်ဟာ ဒီလိုရုပ်ရည်မျိုး မဟုတ်ဘူး၊ စုန်း၊ စုန်းမ၊ ကဝေမ၊ သစ်နက်ကြီးကို နင်က လိုသလိုစေစားပြီးခိုင်းတယ်. . ပြီးတော့ နင်ဟာ အရုပ်ဆိုး အကျည်းတန်တဲ့ အဖွားကြီး. . နင့်ရုပ်ရည်ကို လှည့်စားထား တာ. . သေပေတော့. .

ရာပိုင်သည် ကြောက်မက်ဖွယ်ရာအသံကြီးဖြင့် ပြောနေရင်းက ရှင်းနှောင်းကို ခုန်အုပ်လိုက်လေ၏။ ရှင်နှောင်း တ. . ကောင်းမြတ်၏ နောက်ဖက်မှာရောက်နေသည် ထို့ကြောင့်. . ကောင်းမြတ်သည် ရာပိုင်၏ရှေ့မှဆီးပြီး လက်ဖြင့် ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာပိုင်၏ လက်နှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှ ဆုပ်ကိုင်မိသွားပြီး ညာခြေတစ်လှမ်းတက်လိုက်ကာ ခါးစောင်းတင်ကာ ကိုင်ပေါက်ချလိုက်လေ၏။

"အား. ."

"ကိုကောင်းမြတ်. . သတိထား"

ရှင်နှောင်းက သတိပေးလိုက်သည်။ သူမသည် ဓါးကို မထုတ်သာ၊ သူရူးတစ်ယောက်နှင့် ဖက်ပြိုင်ပြီးတိုက်ခိုက်ဖို့အတွက် ဓါးမလိုပါ၊ ရာပိုင်သည် လူစိတ်ပျောက်နေသလို ဖြစ်သွားကာ သစ်ကိုင်းချောက်ကြီးတစ်ခုကို ကောက်ယူပြီး ကောင်းမြတ်ဆီကိုပြေးလာခဲ့သည်။

"သေပေတော့. . မင်းလည်း ရန်သူအားပေး၊ စောရသူခိုးပဲ. ."

ကောင်းမြတ်သည် သူ့အပေါ်ကျလာသော တုတ်ချက်ကိုရှောင်တိမ်းလိုက်သည်။ ခေါင်းကိုမထိ၊ ရိုက်ချက်က လွဲသွားပြီး ပခုံးသားမှ ပွတ်ထွက်သွားခဲ့သည်။ ထို့နောက် ကောင်းမြတ်က. . သူ၏ညာခြေဖြင့် ရာပိုင်၏ ခြေနှစ်ဖက်စလုံးကိုအောက်ခြေမှသိမ်းပြီး ရိုက်ထည့်လိုက်သည်။

ရာပိုင်၏ ခြေနှစ်ချောင်းစလုံး လွတ်ထွက်သွားခဲ့ပြီး ခြေလွတ်လက်လွတ်ပစ်ကျသွားခဲ့လေ၏။

"ဘုံး. ."

"အား"

"ခင်. . ခင်ဗျားကြီးနော်၊ ကျွန်တော်က ကိုယ့်ထက် အသက်ကြီးလို့ညာနေတာ၊ ခင်ဗျားကို မနာစေချင်ဘူး. . ရန်လည်းမဖြစ်ချင်ဘူး. . ဒီနေရာက ထွက်သွားပါ၊ ခင်ဗျား. .



ပြောချင်ရာတွေ လျှောက်ပြီး ပြောနေတယ်. ."

"ဘာကွ၊ မင်းက ငါ့ကို ဆရာလုပ်နေတာလား၊ ပြောချင်ရာကို ပြောနေတာက ငါမဟုတ်ဘူး. . မင်း. . မင်း တို့"

ရာပိုင်၏ မျက်လုံးအစုံသည် ရုတ်တရက်ပြူးကျယ်သွားခဲ့ရသည်။ စကားသံ ဆက်ထွက်မလာတော့ပဲ ဆွံ့အသလိုဖြစ်သွားခဲ့လေ၏။ ရူးနှမ်းသော မျက်လုံးတွေက သူတို့နှစ်ဦး၏နောက်ကိုကျော်ပြီးတော့ ကြည့်နေသည်။ တစ်ကိုယ်လုံးသည်လည်း မလှုပ်ရှားတော့ပဲ ကျောက်ရုပ်ပမာငြိမ်သက်သွားခဲ့လေတော့၏။

"သစ်နက်ကြီး. . သစ်နက်ကြီး၊ ရန်မူဖို့လာနေပြီ လာနေပြီ. ."

အထစ်ထစ် အငေါ့ငေါ့နှင့် အားယူပြီး ပြောလိုက်သောအသံ၊ ထို့နောက်. . သူ၏ ခြေလှမ်းများသည် နောက်ကိုတဖြည်းဖြည်းနှင့် ဆုတ်သွားခဲ့လေသည်။

"ငါ. . ကြောက်တယ်၊ ငါကြောက်တယ်၊ သူ့မျက်လုံးတွေကို ငါကြောက်တယ်. . နင်တို့လည်းပြေးကြ၊ ငါလည်းပြေးမယ်. ."

ထိတ်လန့်မှုလေသံနှင့် ပြောဆိုပြီးမှ ချာကနဲဆိုသည့်ကာ ထွက်ပြေးသွားခဲ့လေတော့သည်။

ကောင်းမြတ်နှင့် ရှင်နှောင်းတို့မှာ သူရူးကြီး ရာပိုင်၏ အပြုအမူကို နားမလည်နိုင်ကြသေးပဲ မှင်တက်မိကာ ကြည့်နေမိကြသေးသည်။ ရာပိုင်ထွက်ပြေးသွားတော့မှ နောက်ကိုရုတ်တရက်လှည့်ကြည့်လိုက်လေရာ. .

"ဟင်. ."

www.burmeseclassic.com

www.burmeseclassic.com

ဟင်. . တစ်လုံးသည် သူတို့၏ နှုတ်မှ သံပြိုင်တစ်သံတည်းပင်ထွက်သွားခဲ့ရသည်။ မြင်တွေ့လိုက်ကြရသည်ကား. . သစ်နက်ကြီးတစ်ကောင်ပင်တည်း၊ သစ်နက်ကြီးသည် ခပ်လှမ်းလှမ်းရှိ ချုံကွယ်တစ်ခုမှ ထွက်လာနေသည်။ ထို့နောက် ပေနှစ်ဆယ်မျှ အကွာအဝေးလောက်မှာ ဆက်လျှောက်မလာတော့ပဲ ရပ်တန့်သွားခဲ့လေ၏။

သစ်နက်ကြီး၏ မျက်လုံးတွေသည် ကောင်းမြတ်နှင့် ရှင်နှောင်းတို့ကို သိမ်မွေ့သောအကြည့်ဖြင့် ကြည့်နေလျက်ရှိသည်။

မမျှော်လင့်ပဲရောက်လာခဲ့သော သစ်နက်ကြီးကြောင့် အံ့အားသင့်နေမိကြသည်။ မယုံကြည်နိုင်စရာပင်. . အထူးသဖြင့် ရှင်နှောင်းက ပိုပြီးတော့ စိတ်လှုပ်ရှားနေမိသည်။

သစ်နက်ကြီးသည် သူတို့နှစ်ဦးကို ရန်ရှာခဲ့သော သူရှူးကြီးရာပိုင်ကို ခြောက်လှန့်ပြီး မောင်းထုတ်လိုက်ပြီဖြစ်သည်။ထို့ကြောင့်. . လာရာလမ်းအတိုင်း ပြန်လှည့်ထွက်မည်အပြုမှာ-

"ငနက်ကြီး. ."

ရှင်နှောင်းက ချက်ချင်းပင် လှမ်းခေါ်လိုက်လေရာ. . သစ်နက်ကြီး၏ခေါင်းသည် ဖြည်းဖြည်းနှင့် ပြန်လှည့်လာခဲ့သည်။ ခြေလှမ်းတွေလည်း တန့်သွားခဲ့ရသည်။ ဆက်မလျှောက်တော့. .

"ငနက်ကြီး. . ငါရှင်နှောင်းလေ၊ ရှင်နှောင်း. . နင်မမှတ်မိတော့ဘူးလား. . ဟင်"

ရှင်နှောင်းသည် သစ်နက်ကြီးကို သတိပေးလိုက်သလို





ပြောလိုက်သည်။ သစ်နက်ကြီး၏ နားရွက်နှစ်ဖက်သည်. . လှုပ်ရှားသွားသည်။ သူ့ကို ငနက်ကြီးဟု ခေါ်တတ်သူမှာ နှစ်ဦးပဲရှိသည်။ တစ်ဦးက ရှင်နှောင်း၊ နောက်တစ်ဦးကတော့. .

"နင်. . ငါ့ကို မှတ်မိပြီ မဟုတ်လား ငနက်ကြီး၊ နင်. . အတူတူနေခဲ့တဲ့ ရှင်နှောင်းဆိုတာ သိပြီမဟုတ်လား. ."

ထပ်ပြီး သတိပေး၊ နှိုးဆွလိုက်သံက ရှင်နှောင်းထံမှ ထွက်ပေါ်လာခဲ့ပြန်သည်။ တစ်ကယ်တော့ သစ်နက်ကြီးသည် အရိုင်းအစိုင်းသတ္တဝါပေမဲ့. . လိမ္မာယဉ်ပါးနေသော သူဖြစ်ပေထိမ့်မည်။ ထို့ကြောင့် သာလျှင်. . ရှင်နှောင်းပြောနေသည့်စကားကို နားလည်သလိုလိုနှင့် နားစိုက်ထောင်နေခြင်းသာ။

သစ်နက်ကြီးသည် ရှင်နှောင်းကို ပုံရိပ်ပြန်ပြီး ဖော်နေမိသည်။ စူးစမ်းသော မျက်လုံးတွေက အကဲခတ်နေဆဲပင်။ တစ်ခဏအကြာတွင် ထိုမျက်လုံးတွေသည် ပိုပြီးတော့ သိမ်မွေ့နူးညံ့သွားခဲ့သည်။ ရှင်နှောင်းအပေါ်မှာ ရင်းနှီးကျွမ်းဝင်မှုအမူအရာမျိုးပြလာခဲ့သည်။ တစ်ဆက်တည်းမှာပင် တစ်လှမ်းချင်းလျှောက်လာခဲ့သည်။

ရှင်နှောင်း၏ အနားကိုရောက်သောအခါ ခြေထောက်ကိုခေါင်းဖြင့် ပွတ်တိုက်နေသည်။ ကြောင်တစ်ကောင်၏ ယဉ်ပါးသော အပြုအမူမျိုးပင်ဖြစ်သည်။ ရှင်နှောင်းသည် တော်တော်ရပ်နေရာက ထိုင်ချလိုက်ပြီး သစ်နက်ကြီး၏ ခေါင်းကို ပွတ်နေမိသည်။

"ငါ. . နင့်ကိုရှာနေတာကြာပြီ ငနက်ကြီး၊ မမျှော်လင့်ပဲ


www.burmeseclassic.com

www.burmeseclassic.com

ဒီတော ဒီတောင့်ထဲမှာ လာပြီး တွေ့ရတာ ဝမ်းသာလိုက်တာ ဟယ်. . နင်တစ်ကောင်တည်း ဒီလိုပဲ လျှောက်သွားနေတာပဲ လား. . ဒီလောက်နှစ်တွေအကြာကြီး ပျောက်နေတာ. . ဘာအန္တရာယ်မှ မကြုံခဲ့ဘူးလားဟင်၊ နင့်ကို အခုလို အခြေအနေ အတိုင်းပြန်ပြီး တွေ့ရတာ ကံကောင်းတယ် ငနက်ကြီး၊ နင့် နောက်ကို မုဆိုးတွေလိုက်နေကြတယ်နော်၊ သိရဲ့လား. . ”

ရှင်နှောင်းသည် ငနက်ကြီးကို တတွတ်တွတ်ဖြင့် ပြောနေသည်။ ငနက်ကြီးကလည်း ငြိမ်ပြီးတော့ နားထောင်နေလေသည်။ ကောင်းမြတ်သည် သူတို့နှစ်ဦး၏ ရင်းနှီးမှုကို ခန့်မှန်း၍ ရနေလေပြီ။

“ဒီ. . သစ်နက်ကြီးနဲ့ ရှင်နှောင်းတို့ရဲ့ ရင်းနှီးမှုဟာ ဖော်ဖော်ကို စိတ်ဝင်စားစရာကောင်းတာပဲ၊ ဒီနှစ်ဦးရဲ့ ပတ်သက်မှုတွေကို ရှင်နှောင်းကိုယ်တိုင် ပြောပြမှပဲ. . သိတော့မှာပဲလေ. . ”

ရှားပါးသော သစ်နက်ကြီးနှင့် လူသားတစ်ဦးတို့၏ ရင်းနှီးဆက်နွယ်မှုတို့ကို ထူးဆန်းသည်ဟု မဆိုသာလျှင်လည်း ထူးခြားမှုရှိနေသည်ကတော့ အမှန်ပင်။

“တစ်ချိန်ကျရင် ဒီအကြောင်းတွေကို ရှင်နှောင်း ပြောပြပါ့မယ်၊ ကိုကောင်းမြတ်ဟာ ရှင်နှောင်းအတွက် ယုံကြည် စိတ်ချရတဲ့သူဆိုတာ နားလည်စပြုလာပါပြီ. . ဒါတလည်း ကိုကောင်းမြတ်ရဲ့ အနေအထိုင်၊ အပြုအမူတွေကြောင့်ပါ. . တစ်ကယ်တော့ အဖြစ်အပျက်အလုံးစုံကို ရှင်နှောင်း ကလည်းပြောပြချင်ပါတယ်. . အခု အချိန်မတန်သေးလို့ပါနော်”





“ရပါတယ် ရှင်နှောင်းရယ်၊ လျှို့ဝှက်ချက်ကြီး တစ်ခု ရှိနေလို့. . အဖြစ်အပျက်ကို ပြောပြလိုက်ရင် ရှင်နှောင်း အတွက် နစ်နာသွားမယ်ထင်ရင်လည်း မပြောပါနဲ့. . ကိုယ်ကတော့ ရှင်နှောင်းနဲ့ ရင်းနှီးခွင့်ရတာကိုပဲ ဝမ်းသာလှ ပါပြီ. . ”

“ဒီလိုလည်း မဟုတ်ပါဘူး ကိုကောင်းမြတ်ရယ်၊ တစ်နေ့ ကျရင်. . ရှင်နှောင်းနဲ့ ပတ်သက်သမျှကို ကိုကောင်းမြတ် သိစေရမှာပါ. . မချွင်းမချန်ပြောကြမှာပါ. . ”

သစ်နက်ကြီးသည် မနီးမဝေးမှာသွားပြီး လဲလျောင်း လျက်ရှိသည်။ သူ့သခင်မကို မမျှော်လင့်ပဲ တွေ့မိလိုက်ရသလို တျေနပ်နေဟန်ရှိသည်။ ရှင်နှောင်းကလည်းပဲ ဝမ်းသာနေသည်။ သူမ၏ ဆန္ဒပြည့်ဝခဲ့ပြီ မဟုတ်ပါလား. .

“ရှင်နှောင်း. . သစ်နက်ကြီးနဲ့ ပြန်ပြီးဆုံတွေ့ခဲ့ရလို့ ဝမ်းသာတာလည်းရှိမှာပေါ့၊ တစ်ခုတော့ရှိတယ်၊ သစ်နက်ကြီး ကို. . ရှင်နှောင်းနေတဲ့နေရာဆီ ခေါ်သွားမှာလား. . ”

“ဟင်. . ခေါ်သွားလို့ ဘယ်ဖြစ်မှာလဲ၊ လူတွေက ငနက်ကြီးကို ဒုက္ခပေးကြမှာပေါ့၊ သူ့ကို တောနက်နက်ထဲမှာပဲ ရှိစေချင်တယ်. . မုဆိုးတွေပဲဖြစ်ဖြစ်. . သာမန်လူတွေပဲဖြစ်ဖြစ်၊ ငနက်ကြီးကို မတွေ့နိုင်လေကောင်းလေပဲ. . ”

“ကိုယ်လည်း ဒီလိုပဲ စိတ်ကူးမိတယ်၊ ဟို မုဆိုးလေး ယောက်ကလည်း သစ်နက်ကြီးရဲ့နောက်ကို သဲကြီးမဲကြီး လိုက်နေကြတယ် မဟုတ်လား၊ အန္တရာယ် သိပ်ကြီးနေပြီ. . ”

“သူ့ကို ငနက်ကြီးလို့ခေါ်ရင် ပိုပြီးရင်းနှီးလာလိမ့်မယ်၊ ကိုကောင်းမြတ်ကိုလည်း သူသိနေပြီပဲ. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲ့သလိုခေါ်ရင် ပိုပြီးတော့ အဆင်ပြေ လိမ့်မယ်ထင်တယ်၊ နေက်ကြီး. . ခင်ဗျား. . ဒီနေရာကို မကြာမကြာလာခဲ့ပါ၊ ကျွန်တော်တို့နဲ့ဆုံတွေ့ကြတာပေါ့. . လာတဲ့အခါမှာ အန္တရာယ်ကို သတိထားပါ. . ဟုတ်ပြီလား"

ကောင်းမြတ်၏ စကားကြောင့် သစ်နက်ကြီး၏ နားရွက် နှစ်ဖက်သည် ဆတ်ကနဲဆို လှုပ်ရှားသွားခဲ့ကြလေသည်။ စကားနားလည်ကြောင်း အချက်ပြလိုက်ခြင်းပေလား။

➤ ➤ ➤



(၁၂)

## လမ်းပြသူရူးကြီးရာပိုင်

တော်လဲတောင်ဘက်ဆီကို ကူးသော လျှို့ဝှက်လမ်း ဆင်သွားလမ်း၊ အခြားသော သားရဲတိရစ္ဆာန်များဖြတ်သွား ဖြတ်လာပြုလုပ်တတ်သော လမ်းတစ်ချို့၊ ထိုလမ်းများသည် တောတိုးစဉ်မှာ ကြာလာတော့ မထင်မှတ်ပဲ တစ်ဖက်ကိုပေါက် သွားတတ်သည်။ လျှို့ဝှက်လမ်းတစ်ခုဖြစ်သွားတတ်လေသည်။

ယင်းတစ်ခုခုမှနေ၍ သူရူးကြီးရာပိုင်ဖြတ်သွားဖြတ်လာ ပြုလုပ်ခဲ့ဟန်တူသည်။ ထို့ကြောင့် ကောင်းမြတ်၊ ရှင်နှောင်းတို့ နှင့်. . အမှတ်မထင်ဆုံတွေ့ခဲ့ရခြင်းပင်။

ရာပိုင်ကား. . သုသာန်စောင့်ကြီးဦးဖုန်း တစ္ဆေ အခြောက်ခံခဲ့ရပြီးသည့်နောက် သွေးပျက်ကာ ရူးသွပ်သွားခဲ့ခြင်း ပင်ဖြစ်သည်။ သူသည်. . ရိုးမတောင်ခြေနှင့် တော်လဲတောင်တို့ အားချည် သန်းချည်လုပ်နေလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်စုသည် တောတွင်းတစ်နေရာရှိ တဲဟောင်း တစ်လုံးထက်မှာ ဝိုင်းပြီးထိုင်လျှက်ရှိနေကြသည်။

ထိုသူတွေကတော့. .

မုဆိုးမုန်တိုင်း၊ ငမိုး၊ တောလုံးနှင့် ဗလတို့ဖြစ်ကြသည်။ သူတို့လေးယောက်သည် အရက်ပုလင်းများကို အလယ်မှာ ထားကာ ဝိုင်းထောင်လျှက်ရှိကြသည်။

ဘေးမှာတော့. . ဒူးလေး၊ လှံ၊ ရဲဒင်း၊ ဓါးရှည်စသည် တို့ကိုချထားသည်။ တစ်ကယ်တော့. . သူတို့သည် အကြံအစည် တစ်ခုခုကြောင့်. . ဤနေရာကို ရောက်နေကြခြင်းပင် ဖြစ်သည်။

"ဒီ. . သစ်နက်ကြီးဟာ ဒီနားတစ်ဝိုက်မှာပဲ. . ကျက် စားနေတာ အကြောင်းရှိလိမ့်မယ်ကွ၊ ခါတိုင်း. . ဒီလိုနေရာမျိုး ရှိတာမှ မဟုတ်ပဲ၊ မိသာမိလိုက်ရင်တော့ကွာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ. . . ."

မုန်တိုင်းသည် မျှော်လင့်ချက်ကြီးစွာထားကာ ပြောလိုက် လေသည်။ ငမိုးက. . . . .

"ဒီသစ်နက်ကြီးရဲ့နောက်ကိုလိုက်နေရတာနဲ့. . အလုပ် အကိုင်လည်းပျက်လှပြီဆရာ မုန်တိုင်း၊ ဒါလောက်အကင်းပါး လှတဲ့ကောင်ကြီးကို မိကောမိနိုင်ပါဦးမလား. ."

"ဟေ့ကောင်ငမိုး၊ မင်းကတော်တော်အားလျော့တတ်တဲ့ ကောင်ပဲ၊ ဒီကောင်ကြီးကိုတွေ့တာ ငါတို့ပဲရှိတာကွ၊ ဖွဲကောင်း ကောင်းနဲ့သာလိုက်ရင် တစ်နေ့ကျ ငါ့လက်ထဲကိုရောက်လာရမှာ မယ်. ."

"ရိုးမတောတစ်တောလုံးလည်းကြေနေပြီ၊ ခုထက်ထိ သစ်နက်ကြီးကို နောက်တစ်ခါထပ်ပြီး မတွေ့ရတော့ဘူး၊ ဒီတော



ဒီတောင်ထဲမှာ ရှိကောရှိပါဦးမလား. ."

တောလုံးက ညည်းညူစွာဖြင့် ပြောလိုက်ပြန်ရာ. .

"ငါ့ကာ. . မင်းတို့သုံးယောက်စလုံးကို အားနာလှပါပြီ ကွာ၊ ဒါကြောင့်လည်း မင်းတို့အတွက် သုံးဖို့စရိတ် ငါပေးထား တာပေါ့. ."

ထိုအခါ ဗလက. .

"ဆရာမုန်တိုင်းလည်း စရိတ်ပွန်းလှပြီ၊ ကျွန်တော်တို့ တလည်း ဆွဲဆွဲပြီးသုံးနေကြတာ မဟုတ်လား၊ အားနာလို့ ပြောနေကြတာပါ"

"ငွေရေးကြေးရေးက အကြောင်းမဟုတ်ပါဘူးကွာ၊ ငါတတ်နိုင်လို့သာ မင်းတို့ကို ပေးနိုင်တာပေါ့၊ ဒီသစ်နက်ကြီးကို သာရခဲ့ရင် အကျိုးအမြတ် ငါတစ်ပြားမှ မယူဘူး၊ ငါ. . မင်းတို့ကို တစ်ခုပဲမှာချင်တယ်"

"ဟုတ်ကဲ့ ပြောပါ. . ဆရာမုန်တိုင်း"

"ဒီကောင်ကြီးကိုမိခဲ့ရင် မလွဲသာလို့ သတ်မိမယ်ဆိုတာ တောင်. . ငါ့လက်နဲ့ကို သတ်မိမှဘဝင်ကျနိုင်မယ်၊အရှင်မိရင် လည်း သင်းကို ငါစီမံချင်သလိုစီမံမယ်. ."

"ကောင်းပါပြီ၊ ဒါကတော့ ဆရာမုန်တိုင်းရဲ့ အခွင့်အရေး တစ်ခုပါ၊ ဒီသစ်နက်ကြီးကိုမိရင် ကျွန်တော်တို့ လက်နဲ့. . မထိခိုက်စေရပါဘူး. . ဆရာမုန်တိုင်းရဲ့ လက်ထဲကိုပဲ. . အပ်ပါ့ မယ်. ."

ငမိုးက နောက်ဆုံးပိတ်စကားကို ပြောလိုက်လေသည်။ မုန်တိုင်းလည်း ကျေနပ်သွားခဲ့ရလေ၏။

"ခင်ဗျားတို့ သစ်နက်ကြီးကို ရှာနေကြတာလား. .

www.burmeseclassic.com



ဟုတ်လား. . "

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့လေရာ လေးဦးစလုံး အသံလာရာဆီကို လှည့်ကြည့်မိလိုက်ကြသည်။

ရှည်လျားသော ဆံပင်၊ မျက်နှာပြင်ကလည်း ညစ်ထေးထေး. . စုတ်ပြတ်နေသော အဝတ်အစားများနှင့် ကြောင်စီစီ မျက်လုံးများရှိနေသူတစ်ယောက်ကို သူတို့မြင်လိုက်ကြရသည်။ ထိုသူသည် သူရူးကြီးရာပိုင်ဖြစ်သည်။ သစ်ပင်အကွယ် တစ်ခုကနေ ထွက်လာခဲ့သည်။

"ဟင်. . ဒီလူက ဘယ်သူလဲ၊ ငါတို့ပြောနေကြတဲ့ စကားတွေကို ချောင်းပြီးနားထောင်နေတာကိုး. . "

ဗလက တဲပေါ်မှ ရုတ်တရက်ခုန်ဆင်းသွားခဲ့သည်။ ထို့နောက်. . ရာပိုင်ကို ဖမ်းချုပ်ကာ တဲဆီကိုခေါ်လာခဲ့လေ၏။

"ကျုပ်. . ကျုပ်ကို ဘာလုပ်မလို့လဲဗျာ"

"ဘာလုပ်မလဲဆိုတာ နောက်တော့ သိလိမ့်မယ်. . "

ရာပိုင်လည်း ရုန်းကန်ရင်း ဗလ၏လက်ထဲမှာ တရွတ်တိုက်ပါသွားခဲ့လေ၏။ မုန်တိုင်းသည် အနားကိုရောက်လာသော ရာပိုင်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်ပြီး. .

"မင်းက ဘယ်သူလဲ. . "

"ကျုပ်လား. . ရာပိုင်လေ၊ ဘာဖြစ်လို့ မေးတာလဲ"

"ဒီတော. . ဒီတောင်ထဲမှာ မင်းက ဘာလျှောက်လုပ်နေတာလဲ"

"ကျုပ်လား. . တောစောင့်နတ်၊ တောင်စောင့်နတ်တွေရဲ့ အစောင့်အရှောက်နဲ့နေနေတဲ့သူပေါ့. . "

ရာပိုင့်၏စကားကြောင့် တစ်ယောက်မျက်နှာ တစ်

ယောက်ကြည့်ပြီး ပြုံးမိလိုက်ကြသည်။

"မင်း. . ငါတို့ပြောနေတဲ့စကားကို ချောင်းပြီးနားထောင်တယ်. . မင်းက သစ်နက်ကြီးကိုရှာနေကြတာလားလို့ မေးတယ်၊ သစ်နက်ကြီးရဲ့အကြောင်းကို မင်းက ဘယ်လောက်များသိလို့ မင်းပြီး ရောရတာလဲ"

"သိပြီလားဗျာ၊ သိရုံတင်မကဘူး. . သစ်နက်ကြီးကို ကျုပ်ကိုယ်တိုင် မျက်ဝါးထင်ထင်နဲ့ မြင်ခဲ့ရတာဗျာ. . "

"ဟင်. . မင်းက သစ်နက်ကြီးကို မြင်ခဲ့တယ် ဟုတ်လား. . "

မုန်တိုင်းက အံ့အားတသင့်ဖြင့် မေးလိုက်လေ၏။

"ဟာ. . မြင်ဖူးခဲ့တယ်ဆို ပြောနေမှဗျာ၊ ခင်ဗျားတို့ အာရှည်နေပြန်ပြီ. . "

"ဟော့ကောင်. . မင်းစကားကောင်းကောင်းပြော. . "

"အား"

ဗလက နောက်ပြန်လိမ်ထားသော ရာပိုင်၏လက်ကို ခပ်ချိုးလိုက်သည်။ ရာပိုင့်မျက်နှာကြီးရှုံ့မဲ့သွားကာ အော်လိုက်သည်။

"ကျုပ်. . ကျုပ်က ဒီလိုပဲပြောတတ်တယ်၊ သစ်နက်ကြီးလည်း ကျုပ်က တစ်ကယ်တွေ့ခဲ့လို့ ပြောတာဗျ. . "

"ဟော့ကောင်. . မင်းတစ်ကယ်ပြောတာလား"

မုန်တိုင်းသည် ဟန်မဆောင်နိုင်တော့ပဲ မေးလိုက်ရာ. .

"ကျုပ်က လိမ်မပြောတတ်ဘူးဗျ၊ အခုပြောနေတာက လည်း အမှန်တွေပဲ၊ ဘာလဲ ခင်ဗျားတို့က မယုံလို့လား. . "

www.burmeseclassic.com



"ယုံ. . ယုံပါတယ်ကွာ။ ကဲ. . မင်းနဲ့ ငါ အေးအေး
အေးအေးစကားပြောရအောင်. . ဖလ လွှတ်ပေးလိုက်ပြီကွ
ဖလက လိမ်ထားသော လက်ကို လွှတ်ပေးလိုက်သ
"ဒီ တဲပေါ်မှာလာထိုင်ကွာ. . ဟောဒီမှာ မင်းစား
စားစား၊ သောက်စရာရှိရင်လည်း သောက်. . "
ဝိုင်းထဲမှာ အစားအစာတွေကလည်းရှိသည်။ မုန့်တို
ကိုယ်တိုင်ပစ်ထားသော တောကြက်သားကင်၊ တောဝက်သ
ဟင်းများက အလျှံပယ်။ ငှက်ပျောရွက်ဖြင့်ချက်ထ
သော ထမင်းကို မီးဖိုမှ သွားဖြုတ်ယူလာခဲ့သည်။
"ကဲ. စားစမ်းကွာ၊ မင်း. . ဝအောင်စားပြီးမှ
သစ်နက်ကြီးကို ဘယ်လိုတွေ့ခဲ့သလဲဆိုတာ. . အေးအေး
ဆေးဆေးပြော. . ဟုတ်ပြီလား"
"ကျုပ်က တောတောင်ထဲမှာ ဖြစ်သလိုစားနေရတာ
ထမင်းနဲ့ ဝေးနေတာလည်းကြာပြီ. . စားလိုက်ဦးမယ်ဗျာ"
ရာပိုင်သည် ကျည်တောက်ထဲမှ ထမင်းများ
ကြက်ကင်၊ ဝက်သားဟင်းများကို ဗန်းကန်ထဲမှာ ထည့်
အားပါးတရ နယ်ပြီးစားနေသည်။ မည်မျှအထိ ငတ်မွတ်
ခဲ့သလဲမပြောတတ်၊ တော်တော်များများကို စားပစ်လိုက်
သည်။ ရေကိုလည်း တစ်ဝကြီးသောက်ပစ်လိုက်သည်။
"အား. . အခုမှပဲ နေသာထိုင်သာရှိသွားခဲ့တ
ဆက်စားရင် ကန်နိုင်သေးတယ်၊ ဗိုက်က မဆန့်တော့လို့. .
မုန့်တိုင်းသည် ရာပိုင်ကို စိတ်ရှည်စွာဖြင့် စောင့်
သည်။
"ကဲ. . မင်းကို ငါထမင်းကျွေးပြီးပြီ မင်းလည်း





ဖြည့်ဝသွားခဲ့ပြီ ငါမေးတာကို စိတ်ရှည်လက်ရှည်ဖြေ. . "
"ဟာ. . ခင်ဗျားက ကျုပ်ရဲ့ ထမင်းရှင်ဖြစ်သွားခဲ့ပြီပဲ၊
ကျေးဇူးရှိတယ်. . ဖြေရမှာပေါ့"
"မင်း. . သစ်နက်ကြီးကို တွေ့ခဲ့တယ်ဆိုတာ
ဟုတ်သလား. . "
"အမှန်ပါဗျာ. . ကျုပ်တစ်ကယ်တွေ့ခဲ့တာပါ"
"ဘယ်မှာတွေ့ခဲ့တာလဲ"
"တော်လဲတောင်ခြေမှာ"
"တော်လဲတောင်ခြေ. . ဟုတ်လား ဘယ်ဘက်ကို
ကျသလဲ. . "
သူရှူကြီးရာပိုင်သည် အရပ်မျက်နှာကို မပြောတတ်ပဲ
ဖြစ်သွားခဲ့ရသည်။ မှတ်ဉာဏ်ကောင်းမှုနေလေပြီ၊ ခေါင်းကို
တချင်းချင်းနှင့်ကုပ်နေလိုက်ပြီး. .
"နေဦးဗျာ၊ ကျုပ်. . ဘယ်လိုပြောရမလဲ. . "
"မင်းမပြောတတ်ရင်. . ဒီကနေ. . နေရာကို
ညွှန်ပြကွာ. . "
"အဲ. . ဟုတ်တယ်၊ ဟိုးဘက်ကိုဗျာ"
သူရှူးကြီးရာပိုင်က တစ်နေရာကို လက်ညိုးထိုး
ပြလိုက်သည်။ တောပါးသောနေရာဖြစ်နေ၍ မိုးမတောင်နှင့်
တစ်ဆက်တည်းရှိ တော်လဲတောင်ကြီးကိုလှမ်းပြီး မြင်နေရသည်။
သူရှူကြီးရာပိုင်လက်ညိုးညွှန်ရာ အရပ်သည် အနောက်မြောက်
ဖက်ကို ကျလေသည်။
"အဲဒီဘက်မှာ ဟုတ်လား၊ တစ်ကယ်ကို ခေါင်ပြီး
လူသူအရောက်အပေါက်နည်းတဲ့နေရာပဲ. . ငါတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မဖရောက်ဖူးကြဘူး . . လမ်းလည်းမသိဘူး၊ ဟုတ်ကော ဟုတ်ရဲ့လားကွာ . . "

"လမ်းရှိပါတယ်ဗျာ၊ ကျုပ်လမ်းသိပါတယ် . . သိထား လို့လည်း မကြာခဏ ဖြတ်သွားဖြတ်လာ လုပ်နေတာပေါ့ဗျာ ဟဲ . . ဟဲ . . "

"ကောင်းပြီ . . မင်းကိုပဲ လမ်းပြအဖြစ် အသုံးချရမှာပဲ ဒါနဲ့ မင်း . . ဒီသစ်နက်ကြီးကို ဘယ်လိုတွေ့ခဲ့တာလဲကွ . . ငါ့ကို အသေးစိတ်ပြောပြစမ်းပါဦး"

မုန်တိုင်းသည် စိတ်တည်ငြိမ်လာပြီဖြစ်သည်။ ထို့ကြောင့် အေးဆေးစွာပင် မေးလိုက်လေ၏။

"ဒီလိုဗျာ . . အဲ . . စကားကို တို့တိုပဲပြောမယ်၊ ခင်ဗျားတို့ နားညည်းမှာစိုးလို့ပါ . . "

"အဲ . . ဒီလိုဗျာ၊ ကျုပ်ရဲ့သံသေတ္တာလေးကို သစ်ခေါင်း တစ်ခုထဲမှာ ထည့်ထားခဲ့တယ်၊ အဲဒါကို တစ်ယောက်ယောက် က . . ခိုးယူသွားကရော၊ မကြာပါဘူး . . အဲ့ဒီသူခိုးနှစ်ယောက် ကိုမိပါလေရောဗျာ . . "

"ဟော့ကောင် မင်းက သစ်နက်ကြီးအကြောင်းကို ပြောမှာလား၊ မင်းရဲ့ သံသေတ္တာအကြောင်းကို ပြောနေတာ လား၊ စကားတွေက ဟိုရောက် . . ဒီရောက်နဲ့ကွာ . . "

ဗလ၏ လက်က သူရူးကြီးရာပိုင်ဆီကို ရောက်သွား တော့မည်ပြုရာ . . မုန်တိုင်းက ဟန့်တားလိုက်လေ၏။

"ဗလ၊ မင်း သူ့ကို ဘာမှမလုပ်နဲ့၊ ဒီကောင် . . သစ်နက် ကြီးရဲ့အကြောင်းကိုပြောမှာပါ . . "

သူရူးကြီးရာပိုင်က မျက်နှာကြီးကို ရှုံ့မဲ့ပစ်လိုက်ပြီး . .





"ဆရာနဲ့ တပည့် အဲဒါတွေကွာတာ၊ ဆရာက ပညာ တတ်တယ်၊ တပည့်က တဖောက်ကန်း၊ ထစ်ကနဲဆို လက်က ဝါချင်တယ် . . ဒါနဲ့ စကားတောင် ဘယ်ရောက်သွားပါလိမ့် . . အဲ . . မှတ်မိပြီ၊ ကျုပ်ရဲ့ သံသေတ္တာလေးကို ဟိုကောင်လေးနဲ့ ကောင်မလေးက ခိုးထားကြတယ်လေ . . "

"သံသေတ္တာ . . ဟုတ်လား၊ ဘာသံသေတ္တာလဲ၊ အဲ့ဒီ အထဲမှာကော ဘာတွေရှိသလဲ . . ရတနာတွေလား . . "

"ဟာ . . မဟုတ်ဘူး၊ ရတနာတွေမဟုတ်ဘူး၊ အဲထဲမှာ သစ်နက်ရုပ်တုလေးတစ်ခု . . "

"ဘာ . . သစ်နက်ရုပ်တုလေး . . ဟုတ်လား၊ မင်း . . မင်း အဲ့ဒီသံသေတ္တာလေးကို ဘယ်ကရခဲ့သလဲ၊ ပြောစမ်း . . မြန်မြန်ပြောစမ်း"

မုန်တိုင်းသည် သူရူးကြီးရာပိုင်၏ လက်မောင်းနှစ်ဖက် ကိုဆုတ်ကာနဲဆို ဆုပ်ကိုင်ကာ ခပ်ကြမ်းကြမ်းလှုပ်ရမ်းရင်း မေးလိုက်လေ၏။ တပည့်သုံးယောက်ကလည်း မုန်တိုင်း၏ ပြောင်းလဲသွားသော အပြုအမူကို အံ့အားသင့်သွားခဲ့ကြလေသည်။

သူရူးကြီးရာပိုင်သည် မုန်တိုင်း၏ ကြမ်းတမ်းသော အပြုအမူကြောင့် လွန်စွာပင် ထိတ်လန့်သွားခဲ့ရသည်။ ထို့ကြောင့် ထိုသံသေတ္တာလေးကို မည်သည့်နေရာမှ ရရှိလာခဲ့ သည့်အကြောင်း မမှတ်မိပါလေတော့ . . အမှတ်သညာသည် ခေါင်းထဲမှ ရုတ်တရက် ပျောက်ကွယ်သွားခဲ့လေသည်။

"သံသေတ္တာ . . သံသေတ္တာလေးကို ကျုပ် ဘယ်ကရ လာခဲ့ပါလိမ့် . . မ . . မမှတ်မိတော့ဘူး မသိတော့ဘူး"

"မင်း . . မင်း မမှတ်မိတော့ဘူး ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မမှတ်မိတော့ဘူး. . စဉ်းစားလို့လည်း မရတော့ဘူး. ."

"တောက်. . မင်းကွာ၊ သေသေချာချာ ပြန်ပြီးတော့ စဉ်းစားကြည့်ပါဦး၊ အရေးကြီးတယ်ကွ. . ငါ့အတွက် အရေးကြီးလို့ပြောနေတာ"

မုန်တိုင်းက ဒေါသကြီးလေ၊ စိတ်ဇောကြီးလေ၊ သူရူးကြီးရာပိုင်မှာ ပိုပြီးတော့ကြောက်လန့်လာလေလေ ဖြစ်သည်။

သူနားထဲမှာ မိုးသံလေသံများကို တဝေါဝေါ ကြားလာခဲ့ရသည်။ မိုးကြိုးပစ်သံများက အတောမသတ်ဝင်လာခဲ့ကြသည်။

"ဂိုမ်း. . ဂိုမ်း. ."

"အမလေး. . ကျုပ်. . ကျုပ်ကို မိုးကြိုးတွေဝိုင်းပြီး ပစ်နေကြပြီ၊ ဒီမှာမနေပါရစေနဲ့တော့. ."

နားနှစ်ဖက်ကို ပိတ်ပြီး တဲပေါ်မှ ဆင်းပြေးမည်ပြုရာ ဝိုင်းပြီးဆွဲထားကြရသည်။

"ဟေ့ကောင်၊ ဟေ့ကောင်. . မိုးလည်းမရွာဘူး၊ လေလည်း မတိုက်ဘူး၊ မိုးကြိုးလည်း မပစ်ပါဘူးကွ၊ ငါတို့. . ရှိတယ်၊ မင်း. . မကြောက်ပါနဲ့. ."

မုန်တိုင်းသည် သူမှားသွားပြီကို ချက်ချင်းပင်သိလိုက်သည်။ လောကြီးပြီး စိတ်လွှတ်လက်လွှတ်ဖြစ်သွားခဲ့ရသည် မဟုတ်ပါလား. . မုန်တိုင်း၏ အပြုအမူကို မြင်ပြီး. . သူရူးကြီးရာပိုင်လည်း လွန်မင်းစွာပင် ကြောက်လန့်သွားခဲ့ရသည်။

"ကျုပ်. . ကျုပ်. . မိုးကြိုးတွေပစ်တယ်မှတ်ပြီး သိပ်ကို ကြောက်သွားခဲ့တာဗျ၊ တော်ပါသေးရဲ့ဗျာ. . ခင်ဗျားတို့





နားမှာရှိနေကြပေလို့သာ. ."

"ကဲ. . ကဲ၊ ရော့. . ရော့ ရေသောက်လိုက်ဦး၊ ရေသောက်ပြီးရင် မင်း. . မမှတ်မိတာတွေကို ထပ်ပြီး မစဉ်းစားနဲ့တော့၊ မှတ်မိတာတွေကိုပဲ ပြောတော့၊ အရေးကြီးတာက သစ်နက်ကြီးရဲ့ အကြောင်းပဲ. ."

သူရူးကြီးရာပိုင်သည် ရေခွက်ကို လက်နှစ်ဖက်နှင့် ကိုင်ပြီး တုန်တုန်ရီရီနှင့် သောက်သည်။ မုန်တိုင်းက စိတ်ရှည်စွာ ခြင့်စောင့်နေသည်။ သူက. . တစ်ခါတစ်ခါ ဒီလိုပဲဖြစ်တတ်သည်။ သတိလက်လွှတ်နှင့် မဆင်မခြင်ပြုမူတတ်သည်။ တစ်ခဏအကြာတွင် ရာပိုင်သည် စိတ်အနည်းငယ်တည်ငြိမ်မှု ရသွားခဲ့သည်။

"ကျုပ်ရဲ့ သံသေတ္တာလေးကို ဒီကောင်မလေးနဲ့ ကောင်လေးပဲ ခိုးယူကြမှာပဲ၊ ဒီ. . တော်လဲတောင်ခြေမှာ သူတို့ကို တစ်ခါမှ မမြင်ဖူးဘူး. . တော်တော့်ကို ထူးဆန်းတယ်။

ကျုပ်က သူတို့ကို ရန်ရှာတော့. . ကောင်လေးက ပြန်ပြီးတော့ တိုက်ခိုက်တယ်၊ အဲ့ဒီအချိန်မှာ သစ်နက်ကြီးက ရောက်လာတယ်. ."

မုန်တိုင်းသည် စကားဝင်ထောက်ခြင်းမပြုလုပ်တော့ပဲ နားထောင်၍သာနေသည်။

"သစ်နက်ကြီးက သူတို့ကို ရန်မရှာဘူး၊ ရင်းရင်းနှီးနှီး ဆက်ဆံတယ်၊ အထူးသဖြင့် ကောင်မလေးနဲ့ ပိုပြီးတော့ ရင်းနှီးပုံ ရတယ်၊ သူတို့နှစ်ဦးဟာ ကွဲကွာနေကြပြီး အခုမှ. . ပြန်ဆုံတွေ့ကြရသလိုပဲ. ."

မုန်တိုင်းသည် သူရူးကြီးရာပိုင်၏ စကားများကို



www.burmeseclassic.com

www.burmeseclassic.com

ပိုပြီးတော့ စိတ်ဝင်စားလာခဲ့ရသည်။ ဂနာမငြိမ်ဖြစ်လာခဲ့ဖြစ်သည်။

"သစ်နက်ကြီးဟာ တဲ့ဇီလှငယ်လေးတွေနဲ့ ပိုပြီးတော့ ရင်းနှီးတယ် ဟုတ်လား။ သူတို့တစ်ယောက်နဲ့တစ်ယောက် ပြောဆိုနေကြတဲ့ စကားတွေကို မင်းကြားမိလိုက်သေးသလား။ သူတို့နာမည်တွေကကော. . မင်းသိသလား. ."

"ကျုပ်. . ကျုပ်. . အဝေးကနေ လှမ်းပြီးကြည့်နေတော့ သူတို့စကားပြောဆိုနေကြတာတွေကို သဲ့သဲ့ပဲကြားရတယ်. . ဘာတွေပြောနေကြမှန်းမသိဘူး။ နာမည်တွေလည်းပဲ မသိဘူး"

"ကောင်းပြီ မင်း. . တဲ့ဇီနေရာကို သိတယ်မဟုတ်လား ငါတို့ကိုလိုက်ပြ. ."

"ဟုတ်. . ဟုတ်ကဲ့၊ ပြဆိုလည်း လိုက်ပြပါ့မယ်။ ကျုပ်ကိုတော့. . ရန်မရှာပါနဲ့"

သူရူးကြီးရာဗိုင်သည် ကြောက်စိတ်က မပြေသေး သူတို့လေးယောက်ကို ပိုပြီးတော့ ကြောက်လာခဲ့သည်။

"မင်းကို. . ငါတို့လက်ဖျားနဲ့တောင် မတို့ဘူး ငါတို့ကို ကူညီမယ်ဆိုရင် မင်းရားချင်တာတွေ ကောင်းကောင်းစားရမယ် ဟုတ်ပြီလား. ."

"ကောင်း. . ကောင်းပါပြီဗျာ"

ထို့နောက် မုဆိုးလေးယောက်သည် နေရာမှ ထွက်ခွာ ရန်ပြင်ဆင်လိုက်ကြလေသည်။

➤ ➤ ➤





(၁၃)

## သစ်နက်ကြီးနောက်က မုဆိုးတေ

တစ်တော်လုံးတစ်တောင်ရှိန်း တိုက်ဆိုက်ငြိမ်သက် လျက်ရှိသည်။ မကြာမီမှာပင်လျှင် တောတိုးသိ မြွေသံတဖွတ် ဖွတ်နှင့် လှုပ်ရှားသံများ၊ ပြင်းပျသော အသက်ရှူသံများက ထွက်ပေါ် လာခဲ့ကြသည်။

လူတစ်စုသည် နှမတစ်နေရာတစ်ခုသော မြင့်ပေါက်ဝ ကြီးထဲကို တောတိုးပြီးတော့ ဝင်လာခဲ့ကြသည်။ ရှေ့ဆုံးမှ ဗလက သူ၏ဌတ်ပျောရွက်ခါကြီးကို ကိုင်ကာ. . ချုံများကို ရှင်းလာခဲ့ သည်။ ဗလကြီး၏ရှေ့မှာ တစ်ယောက်၊ သူကတော့ သူရူးကြီး ရာဗိုင်။ ရာဗိုင်သည် ရှေ့ကသုတ်သုတ်၊ သုတ်သုတ်ဖြင့် ခရီးနှင် လျက်ရှိသည်။

ကိုယ့်ကိုယ်ကိုလည်း ဆုနေရှ ရှာမှန်းသိမှသိပါမလား လားမသိ၊ မိနစ်မပါ ခြေဖဝါးတွေလည်း ရဲမြ ခဲ ဖောက်ထမ်များ


www.burmeseclassic.com

www.burmeseclassic.com



ကိုနင်းပြီးသွားနေရသည့်အတွက် ပေါက်ပြဲပြီး ဒဏ်များပင် ဖြစ်လျှက်ရှိနေလေပြီ။ စိတ်မမှန်သူတစ်ဦးအတွက် မိမိ၏ အခြေအနေကို သုံးသပ်မိမည် မဟုတ်ပါ။

သူရူးကြီးရာပိုင်သည် ဤလမ်းကို မည်သို့ဖြတ်သန်းသွားနေသလဲမသိပါ၊ နောက်မှ လိုက်လာကြသူတွေကတော့ လမ်းရှင်းပြီးတော့ လိုက်နေကြရသည့် အခြေအနေ. .

"ဒီလူကြီးဟာ ဖြစ်သလို တောတိုးပြီး. . ဘယ်လိုသွားနေသလဲ မသိဘူး၊ လိုက်ရတဲ့ သူတွေကတော့ မလွယ်လှပါလား၊ သူ. . ဒီလမ်းကနေဖြတ်သွား၊ ဖြတ်လာလုပ်နေတာကော ဟုတ်ရဲ့လား. . သစ်နက်ကြီးကို တွေ့ခဲ့တယ်ဆိုတာကော မှန်ရဲ့လား. . ပြောချင်ရာတွေကို လျှောက်ပြောနေသလားမှ မသိတာ. ."

ငမိုးက လှံကြီးကို ကိုင်ကာ. . မကျေမနပ်ဖြင့် ပြောလိုက်သည်။ ဗလကြီးက ချုံတစ်ခုကို အရှင်းတွင်. .

"မျိုး. ."

ချုံပေါ်မှာခွေပြီး အိပ်နေသော မြွေဟောက်ကြီး တစ်ကောင်က ဒေါသတကြီးဖြင့် ပါးပျဉ်းထောင်လိုက်လေရာ-

"ဟာ. . ကံကောင်းလို့"

ဗလကြီးက သူနှင့်အနီးကပ်ဆုံးမှာရှိနေသည့် မြွေဟောက်ကြီး၏ ဇက်ကို ဓါးဖြင့် ပိုင်းချလိုက်လေ၏။

"ရှပ်. ."

မြွေဟောက်ကြီး ဇက်ပြတ်ပြီးကျသွားခဲ့သည်။ ဓါးက လည်း ထက်လွန်းလှသည်။ ချုံထက်မှာ ကျန်ခဲ့သည့် မြွေကိုယ်ထည်ကြီးကတော့ တစ်ကိုယ်လုံး တွန့်လိမ်လျှက်ရှိသည်။





ထို့နောက် တောက်လျှောက်ဖြတ်သွားခဲ့ကြပြန်သည်။

လမ်းတစ်လျှောက်လုံးမှာ ပြေပြစ်သည်မရှိ၊ ကြမ်းတမ်းလှသော မြေ၊ ဂမူကထစ်များကို ကျော်လွှားပြီးတော့ သွားနေကြရသည်။ ပေါ်များလိုက်ကြသည့် မြွေတွေကလည်း တရှဲရှဲ တဖြဲဖြဲနှင့်. . ဟိုကထွက်လာ၊ ဒီကထွက်လာနှင့် အားလုံးက မြွေဆိုးတွေချည်းပင်. . အားလုံးက သတိထားပြီးတော့ သွားနေကြရသည်။

"ဒီ. . လူက ဒီလမ်းက ဖြတ်သွားဖြတ်လာလုပ်နေကြဆိုတာကကော ဟုတ်ရဲ့လား မသိဘူး၊ ပေါလိုက်တဲ့ သတ္တဝါတွေ၊ လမ်းမမှတ်မိပဲ. . ခေါ်ချင်တဲ့နေရာက လျှောက်ခေါ်နေတာလား. . မပြောတတ်ဘူး. ."

တောလုံးသည် စိတ်မရှည်သလိုပြောလိုက်သည်။

"ဗျိုး. ."

ထိုစဉ် ကြီးမားသော မြွေဆိုးကြီးတစ်ကောင်သည် သစ်ပင်ကြီးတစ်ပင်ထက်မှ တန်းလန်းကြီးဆင်းလာကာ ပါးပျဉ်းကြီးထောင်ပြီး ရန်လိုလျှက်ရှိသည်။ ကိုယ်ထည်အောက်ပိုင်းကိုတော့. . သစ်ပင်ကြီး၏ သစ်ကိုင်းထက်မှာ တွယ်ရစ်ထားသည်။

"ဟင်. . ငါတို့သွားမယ့်လမ်းမှာ အဟန့်အတားဖြစ်နေပြန်ပြီ. . ကဲကွာ. ."

"ဝှစ်. ."

ငမိုး၏လက်ထဲရှိ လှံကို သွက်လက်စွာဖြင့် အသုံးချလိုက်သည်။ လှံက လေထဲမှာ လွင့်ထွက်သွားပြီး မြွေဆိုးကြီး၏ ခေါင်းအောက်နေရာကို ထိမှန်သွားသည်။ မြွေဆိုးကြီးသည် အောက်ကိုလည်း ပြုတ်မကျ၊ လှံတန်းလန်းကြီးနှင့်ပြနေလေ



www.burmeseclassic.com

www.burmeseclassic.com

ရာ. .

"တော်တော်အကြောမာလှတဲ့ ကောင်ကြီး. ."

တောလုံးသည် ရဲဒင်းကြီးကိုင်ကာ ပြေးဝင်သွားခဲ့ပြီး မြွေကြီး၏ လည်ပင်းကို ဝိုင်းချလိုက်လေ၏။ ထိုအချိန်တွင် မြွေဆိုးကြီးမှာ သစ်ပင်ပေါ်ကို လုံ့ထန်းလန်းနှင့် တဖြည်းဖြည်း တက်နေပြီဖြစ်လေရာ. . တောလုံးခုန်ဝင်ပြီး ခုတ်ချလိုက်သော ရဲဒင်းသည် သစ်ကိုင်းနှင့်ထိကပ်နေသော မြွေဆိုးကြီး၏ လည်ပင်းကို ခုတ်မိသွားခဲ့သည်။

"ဒုတ်. ."

မြွေဆိုးကြီးကား ခေါင်းတစ်ခြား ကိုယ်တစ်ခြားဖြစ်သွားခဲ့ပြီး ကိုယ်ထည်ကြီးပါ အောက်ကိုပြုတ်ကျသွားခဲ့လေသည်။

"ဟူး. . မလွယ်ပါလား. . ဒီလူ. . ငါတို့ကို တမင်သေကြောင်းကြံနေသလားမသိဘူး၊ သူကျတော့ တောက်လျှောက်သွားနေလိုက်တာ၊ ဘာအန္တရာယ်မှကို မတွေ့ရဘူး။ ဟုတ်ကော. . ဟုတ်သေးရဲ့လား"

မုန့်တိုင်းက သူရှူးကြီးရာပိုင်၏နောက်မှ ပြေးလိုက်လာပြီး. .

"ဟေ့ကောင်. . ဒါ. . မင်းသွားလာနေကျ လမ်းကော ဟုတ်ရဲ့လား၊ မင်းအသုံးပြုနေကြလမ်းမျိုးဟုတ်ရင် ငါတို့ ဒါလောက်အထိ ခဲခဲယဉ်းယဉ်းသွားနေကြရမှာ မဟုတ်ဘူး"

"ကျုပ်လည်း သွားရင်းလာရင်းနဲ့ စဉ်းစားနေမိတာ၊ ငါသွားလာနေကြလမ်းမှ ဟုတ်ရဲ့လားလို့ပါ. ."

"ဘာကွ၊ မင်းက ကိုယ်သွားလာနေကြလမ်းကိုတောင် မမှတ်မိတော့ဘူးလား၊ ဟေ့ကောင်. . မင်း မအူမလည်နဲ့





ငါတို့ကို သေတွင်းထဲခေါ်သွားမလို့လားကွ၊ ဟေ. ."

"သေတွင်း ဟုတ်လား၊ ဒီနေရာမှာ သေတွင်းမရှိပါဘူး။ ရေတွင်းလည်း မရှိဘူး၊ အဲ. . စမ်းချောင်းလေးတစ်ခုကတော့ တိုဘက်အနားမှာ ရှိတယ်. ."

"တောက်. . ဒီကောင်၊ တယ်လေ. . ငါ. . လုပ်ထည့်လိုက်ရ၊ စကားကို ဦးတည်ရာလျှောက်ပြီးပြောနေတယ်. . အေး. . မင်းပြောတဲ့ သစ်နက်ကြီးကို တွေ့ရင်တွေ့၊ မတွေ့ခဲ့ရင်တော့လားကွာ. ."

မုန့်တိုင်းသည် သူရှူးကြီးရာပိုင်ဆီကို လက်ကရောက်သွားတော့မည်ပြုပြီးမှ ပြန်ရုပ်လိုက်သည်။

နောက်မှလိုက်ပါလာခဲ့ကြသော တပည့်သုံးယောက်တ်လည်း မကျေမနပ်ဖြစ်နေကြသည်။

လွန်စွာမှ ကြီးမားလှသော သစ်ပင်ကြီး တစ်ပင်ထက်တွင်. . ထူးခြားသော သတ္တဝါကြီးတစ်ကောင်ကရှိနေသည်။ ထိုသတ္တဝါကြီးကို သစ်ရွက်တွေက ထူထပ်စွာဖြင့် ဖုံးအုပ်ထားသည်။ ထို့ကြောင့်. . ကိုယ်လုံးသည် ပျောက်ကွယ်လုနီးပါးရှိနေသည်၊ တစ်ခါတစ်ရံ လေအဝှေ့မှာ သစ်ရွက်တွေက လှုပ်ရှားသွားခဲ့သည်။ ထိုအခါ. . ထိုသတ္တဝါ၏ ကိုယ်လုံးသည် တစ်စွန်းတစ်စပေါ် လာခဲ့လေ၏။ အနက်ရောင် ကိုယ်ထည်ကြီးပင်ဖြစ်သည်၊

သစ်နက်ကြီး၏ မျက်လုံးအစုံသည် သစ်ရွက်ကြိုများကြားမှ သစ်ပင်ကြီး၏အောက်ကို စိုက်ကြည့်လျက်ရှိသည်။

ခပ်လှမ်းလှမ်းတွင် လူတစ်စုက. . လျှောက်လာနေကြသည်။ သူတို့၏ကိုယ်မှာ ဒူးလေး၊ ဓါး၊ လှံ၊ ရဲဒင်းအချို့သည် လက်နက်မျိုးစုံက ပါလာခဲ့ကြသည်။ မုန့်တိုင်းဦးဆောင်သော


www.burmeseclassic.com

www.burmeseclassic.com



မုဆိုးလေးယောက်သည် သူရှုးကြီးရာပိုင်၏ ခေါ်ဆောင်ရာကို လိုက်ပါလာနေကြသည်။ သစ်နက်ကြီးက သစ်ပင်ထက်မှနေ၍ သူတို့ကိုကြည့်နေသည်ကို မသိကြ။

မကြာမီ. . သစ်ပင်အောက်ကို ရောက်လာခဲ့ကြသည်။

သစ်နက်ကြီးသည် ထိုသူလေးယောက်ကို ကောင်းစွာ သိနေခဲ့သည်။ သူနောက်ကို တောက်လျှောက်လိုက်နေကြသည့် သူများ၊ အန္တရာယ်ပေးနေကြသည့်သူများ၊ ထိုသူများ၏ လက်ထဲမရောက်အောင် တပြေးတည်းပြေးနေရသည်။ ယခု. . ဒီဘက်တောအထိ လိုက်လာကြလေပြီ။

"ဟော့ကောင် ခဏရပ်စမ်း"

ခပ်လှမ်းလှမ်းကိုရောက်နေပြီဖြစ်သော ရာပိုင်က မုန်တိုင်း၏ အသံကြောင့် ခြေလှမ်းတွေကို ရပ်တန့်လိုက်သည်။

"ဘာလဲဗျ. ."

"ဘာလဲမဗျနဲ့. . ဟိုမှာကြည့်စမ်း၊ တော်လဲတောင်ကြီးရဲ့ ဒီဘက်ကိုတောင် ရောက်လာခဲ့ပြီ၊ မင်းသစ်နက်ကြီးကို တွေ့ခဲ့တဲ့နေရာ မရောက်သေးဘူးလား"

သူရှုးကြီးရာပိုင်က မုန်တိုင်းကို ကြောင်စီစီမျက်လုံးများဖြင့်ကြည့်လိုက်ပြီး. .

"နေရာက လိုသေးတယ်၊ ကွမ်းတစ်ယောက်ညက် လောက်ဆိုရင် ရောက်ပါပြီ. ."

"ကွမ်းတစ်ယောက်ညက်၊ ဟုတ်လား. . ကဲ. . ကဲ ဆက်သွား. . ဆက်သွား"

မုန်တိုင်းက စိတ်မရှည်သလို ပြောလိုက်သည်။ နောက်မှ ပါလာသော လူသုံးယောက်ကို ရာပိုင်က မကျေမနပ်ဖြင့် ကျိန်ဆဲ





လိုက်သည်။

ထိုစဉ်. .

သစ်ပင်ကြီးမှ သစ်ခေါင်းခြောက်ကြီးတစ်ခုသည် အမှတ်မထင်ဆိုသလို ကျိုးပြီးအောက်ကို ကျလာခဲ့သည်။

"ဖြောင်း"

"ဟာ. . သစ်ကိုင်းကြီး ကျိုးကျလာပြီဟေ့. . ရှောင်ကြ"

မုန်တိုင်းက သတိပေးလိုက်သည်။

"ဒိုး. ."

"ဘုန်း"

အရှိန်ဖြင့်ကျလာခဲ့သော သစ်ကိုင်းကြီးသည် မြေပြင်ပေါ်ကို ပစ်ကျသွားခဲ့ရသည်။ လေးယောက်သား အရှောင်မြန်၍သာ တော်ပေသေးသည်။ သစ်ကိုင်းခြောက်ကြီးသည် ကြီးမားလှသည်။ မြေပြင်ကို အရှိန်ပြင်းစွာဖြင့် ထိသွားသည်နှင့် သုံးပိုင်းပြတ်ထွက်သွားခဲ့ရသည်။

မုန်တိုင်းသည် သစ်ပင်ကြီးပေါ်ကို မော့ကြည့်လိုက်ပြီး-

"ကံသီလို့ပေါ့ကွာ၊ အမြင့်ကြီးက ပြတ်ကျလာခဲ့တာ၊ ဟင်. ."

မုန်တိုင်းသည် အံ့အားသင့်စရာတစ်ခုကို တွေ့လိုက်ရသည်။ သတ္တဝါတစ်ကောင်သည် တစ်ဖက်သစ်ကိုင်းထက်ကို ရိပ်ကနဲဆို ခုန်ကူးသွားခဲ့သည်။ ရုတ်တရက်ဆိုတော့ မင်တက်မိသွားကာ ပါးစပ်အဟောင်းသားဖြင့် ငေးပြီးကြည့်နေမိလိုက်သည်။ နောက်တော့မှ သတိပြန်ပြီးတော့ ဝင်သွားခဲ့ရပြီး.

"ဟာ. . ဟိုမှာ သစ်. . သစ်နက်ကြီး"

နှုတ်မှ ကတုန်ကယင်နှင့် အထစ်ထစ်၊ အငေါ့ငေါ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားခဲ့ရသည်။ ကျန်လူသုံးယောက်သည်လည်း ချက်ချင်းလိုလိုမော့ကြည့်လိုက်ကြလေရာ. . သစ်ကိုင်းထက်မှ လွှားကာနဲ့ ခုန်ထွက်သွားသော သစ်နက်ကြီးကို တွေ့လိုက်ရလေတော့သည်။

"ဟင်. . တစ်ကိုယ်လုံး မည်းနက်နေတာပဲ၊ သစ်နက်ကြီးဟေ့. . လိုက်. . လိုက်ကြ"

ငမိုးသည် သစ်နက်ကြီးကို အခုမှမြင်ဖူးသွားခဲ့ရသည်။ အံ့အားတသင့်နှင့် ဇော်ပြောလိုက်လေ၏။

"ဒီကောင်ကြီးကို မလွတ်စေနဲ့ဟေ့၊ မျက်ခြည်ပြတ်မခံကြနဲ့. ."

မုန်တိုင်းသည် သူလူတွေကို သတိပေးလိုက်ပြီး မြားတံကိုထုတ်ကာ ဒူးလေးမှာ တင်လိုက်သည်။ အမြင့်မှာ ရှိနေသည့် သစ်နက်ကြီးကို ပစ်ခတ်ရန် မုန်တိုင်းက ပိုပြီးတော့ အခွင့်အရေးသာနေလျက်ရှိသည်။ သစ်ပင်မြင့်ကြီးပေါ်ကို လှမ်းပြီးတော့ ပစ်ခတ်နိုင်ရန် ဒူးလေးမှာသာ တတ်နိုင်ပေမည်။

မုန်တိုင်းက သစ်နက်ကြီးကို ဒူးလေးဖြင့် လှမ်းပြီး ချိန်လိုက်စဉ်မှာပင်. . သစ်နက်ကြီးသည် အောက်ကိုတစ်ချက်ငုံ့ကြည့်လိုက်ပြီး အနီးဆုံးသစ်ပင်ပေါ်ကို လွှားကနဲဆို ခုန်ကူးသွားခဲ့လေတော့၏။

"ဟာ. . ဒီကောင်ကြီး. . တော်တော့်ကို လျင်လှပါလား. ."

သို့သော်. . သစ်နက်ကြီးခုန်အကူးမှာ ဒူးလေးနှင့် ပစ်ခတ်လိုက်လေ၏။

"ထောင်း"

ပြင်းထန်လှသောကန်အားဖြင့် ထွက်သွားခဲ့သော





မြားတံသည် သစ်နက်ကြီးကို မထိမှန်ပဲ လွဲချော်သွားခဲ့ရသည်။ သစ်နက်ကြီးက ရိပ်ကနဲ. . ရိပ်ကနဲဆို သစ်ပင်တစ်ပင်ကြီး တစ်ပင်. . ခုန်ကာ ခုန်ကာ ကူးသွားခဲ့သည်။ ထိုမျှလောက်လျင်မြန်သည့် သတ္တဝါမျိုးကို တစ်ကြိမ်တစ်ခါမှပင် မမြင်ဖူးခဲ့ကြပါ။

"ဟိတ်. . မျက်ခြည်မပြတ်စေနဲ့. . လိုက်၊ လိုက်. . မြန်မြန်လိုက်. ."

သူတို့သည် သူရူးကြီးရာပိုင်ကိုပင် သတိမထားမိကြတော့၊ သစ်နက်ကြီး၏နောက်ကို အောက်မှဇောဖြင့် ပြေးလိုက်နေကြသည်။

"ဒီကောင်ကြီး. . သစ်ပင်ချင်းနီးလို့သာ ခုန်ကူးနိုင်တာ၊ သစ်ပင်တွေဝေးရင် ဘယ်နည်းနဲ့မှ ကူးနိုင်မှာ မဟုတ်ဘူး၊ အောက်ကို ဆင်းမှာပဲ. ."

မုန်တိုင်းက ရှေ့မှဦးဆောင်ပြီး ဇောဖြင့် ပြေးလိုက်နေသည်။ သစ်နက်ကြီးသည် သစ်ပင်ကြီးတစ်ပင်ပေါ်ကို ခုန်ကူးသွားခဲ့ပြန်သည်။ ထိုမှ. . တစ်ဆင့် နောက်ထပ်သစ်ပင်ကြီးတစ်ပင်ပေါ်ကို ခုန်ကူးသွားခဲ့သည်။ သို့သော်. .

ယင်းသစ်ပင်ကြီးသည် ချောက်နှုတ်ခမ်းမှာ ပေါက်နေသည့် သစ်ပင်ကြီးတစ်ပင်ဖြစ်နေလေသည်။ အောက်မှ နက်ရှိုင်းသောချောက်ကြီးက ဆီးပြီးတော့ ခံနေသည်။ ချောက်တစ်ဖက်ကမ်းကို ပေနှစ်ဆယ်ကျော်ကျော်ခန့်ဝေးပေလိမ့်မည်။

"ချောက်ကြီးခံနေပြီကွ၊ ဒီကောင်ကြီး မပြေးနိုင်တော့ဘူး"

မုန်တိုင်းက အားတက်သရော ပြောလိုက်လေ၏။ သူတို့အားလုံး သစ်ပင်ကြီးဆီကို ပြေးအလာမှာ သစ်ပင်ထက်မှ



www.burmeseclassic.com

www.burmeseclassic.com



သစ်နက်ကြီးသည် မည်သူမှ မထင်မှတ်သော အပြုအမူတစ်ခုကို ပြုလုပ်လိုက်လေတော့၏။

သစ်နက်ကြီးသည် တစ်ဖက်သစ်ပင်မှ ချောက်နှုတ်ခမ်းထက်ရှိ သစ်ပင်ပေါ်ကို ရောက်လာခဲ့သည်နှင့်. . ချောက်ကြီးကို ကျော်ကာ. . လွှားကနဲဆို ခုန်ကူးသွားခဲ့လေတော့သည်။

"ဟာ. ."

အာမေဋိတ်သံများက တစ်ပြိုင်တည်းလိုလို ထွက်ပေါ်လာခဲ့ကြသည်။ အကြောင်းမှာ သစ်နက်ကြီးသည် နက်ရှိုင်းလှသော ချောက်ကြီးကို ရဲဝံ့စွာဖြင့် ကျော်လွှားနိုင်ခဲ့သောကြောင့်ပင်တည်း။ သစ်နက်ကြီးသည် အရှိန်ဖြင့် ခုန်ကူးသွားခဲ့ပြီးသည့်နောက်. . တစ်ဖက်ချောက်နှုတ်ခမ်းထိပ်ရှိ သစ်ပင်ပေါ်ကျော်သွား၍ကျသည်။ ခိုင်မာသော သစ်ကိုင်းတစ်ခုပေါ်ကို ကျသွားခဲ့ပြီးသည့်နောက် အပင်ကြီး၏ သစ်ကိုင်းများပေါ်ကို ခုန်ခုန်ပြီးတော့. . ဆင်းသွားခဲ့သည်။ နောက်ဆုံး. . သစ်ပင်အောက်ကိုရောက်သွားခဲ့လေ၏။

"တောက်. . တော်တော် သတ္တိကောင်းတဲ့ ကောင်ကြီးပဲကွာ. ."

မုန်တိုင်းသည် မချင့်မရဲနှင့် ပြောလိုက်ပြီး မြားတံကိုချက်ချင်းထုတ်ကာ ဒူးလေးမှာ တပ်လိုက်သည်နှင့်. .

သစ်နက်ကြီးကား အဝေးကို ထွက်သွားခဲ့လေပြီတည်း။

➤ ➤ ➤





## (၁၄)
## ကလေးဗျိုးမလေး

တောနက်အတွင်းတစ်နေရာ. .

ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည် ကျောက်ဂူလေးတစ်ခုထဲမှာ. . အတူရှိနေကြသည်။ ဤကျောက်ဂူလေးသည် ရှင်နှောင်းယာယီနေထိုင်ရာ ဂူလေးတစ်လုံးပင်ဖြစ်သည်။

သူတို့နှစ်ဦးသည် ယခုတော့ တိုင်ပင်ဖော်၊ တိုင်ပင်ဖက်များဖြစ်နေကြလေပြီ၊ တိုတောင်းသော ရက်အတွင်းမှာပင်. . ရင်းနှီးကျွမ်းဝင်သွားခဲ့ကြကာ သံယောဇဉ်လည်း တွယ်ငြိလျက်ရှိနေကြပြီဖြစ်သည်။

"ရှင်နှောင်းက ဒီနေရာလေးမှာ တစ်ယောက်တည်းနေနေတာကို၊ သားရဲတိရစ္ဆာန်တွေရဲ့ ရန်ကိုမကြောက်ဘူးလားဟင်"

"မကြောက်ဘူးရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလိုပဲသတိထားပြီးတော့ နေရတာပေါ့ ရှင်. ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေ၊ ရှင်နှောင်း ဒီလိုနေနေတာ အကြောင်းရှိလိမ့်မယ်၊ တစ်ယောက်တည်း ဆွေမဲ့၊ မျိုးမဲ့ဘဝနဲ့ နေနေရတာ. . အားမငယ်ဘူးလား၊ ကိုယ်တော့ ရှင်နှောင်းကို လုံးဝ စိတ်မချနိုင်ဘူးကွာ. ."

မျက်နှာချင်းဆိုင်ထိုင်နေသော ရှင်နှောင်းက မျက်တောင်လေးတစ်ချက်ဝင့်လိုက်ပြီး. .

"စိတ်မချနိုင်ဘူးဆိုတော့. . အင်း. ! ဘယ်လို စကားကြီးပါလိမ့်နော်. ."

အစိပ္ပါယ်ပါသော မျက်တောင်းခဲခဲလေးက မချင့်မရဲဖြစ်စရာ၊ ပါးလေးကို လိမ်ဆွဲပစ်လိုက်ချင်တော့သည်။

"တစ်ကယ်ပြောတာပါ။ ကိုယ်. . ရှင်နှောင်းကို အဲလေဟာကွာ. . ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ရှင်. . မရှိုးသားတော့ဘူး၊ ရှင့်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ရှင်နှောင်း ကောင်းကောင်းသိတယ်. ."

"သိရင်လည်း ပြီးတာပဲ၊ ရှင်နှောင်း သဘောပေါက်ဖို့ပဲလိုတယ်. ."

"ရှင်နှောင်းကို စိတ်မကစားပါနဲ့ ကိုကောင်းမြတ်ရယ် ရှင်နှောင်းရဲ့ အကြောင်းကိုသိရင် သိပ်ကိုကြောက်သွားလိမ့်မယ်၊ အထိတ်တလန့်ဖြစ်သွားလိမ့်မယ်၊ အဲ. . ပြီးတော့ နောက်ဆုတ်သွားမှာ အမှန်ပဲ. ."

"ဟာ. . ရှင်နှောင်းကို ကိုယ်က ဘာဖြစ်လို့ ကြောက်ရမှာလဲ. . အထိတ်တလန့်ဖြစ်ရမှာပဲ. ."

"ဟို. . သူရှူးကြီးပြောခဲ့တဲ့ စကားကို မမှတ်မိတော့ဘူးလား၊ သူက ရှင်နှောင်းကို စုန်းမ၊ ကဝေမ၊ သစ်နက်ကြီးကို





နင်ကလိုသလို စေစားပြီးခိုင်းတယ်၊ ပြီးတော့. . နင်ဟာ အရှုပ်ဆိုး အကျည်းတန်တဲ့ အဖွားကြီး၊ နင့်ရုပ်ရည်ကို လှည့်စားထားတာတဲ့"

"သူက စိတ်မနှံ့တဲ့သူပဲ. . ပြောချင်ရာကို ပြောမှာပေါ့။ သူရူးတစ်ယောက်ရဲ့ စကားကို အလေးထားရမှာလား. ."

"သူရူးစကား၊ ကလေးစကား၊ သဘင်သည်စကားတဲ့ မှန်တတ်တယ်၊ ရှင်နှောင်းက ရုပ်ပြောင်းရုပ်လွှဲလုပ်တတ်တဲ့သူ၊ စုန်းလို၊ ကဝေလိုမိန်းကလေးမျိုး၊ သူအိုမကြီးတစ်ယောက်က မိန်းကလေးယောင်ဆောင်ထားတယ်ဆိုရင်ကော. ."

"မဖြစ်နိုင်တာကို. . မပြောပါနဲ့ ရှင်နှောင်းရယ်. . ကိုယ်. . ရှင်နှောင်းကို စိတ်ပျက်သွားအောင် တမင်ပြောနေတာမဟုတ်လား. ."

"သြော်. . ခက်ပါပြီ၊ ရှင်နှောင်းက ကိုကောင်းမြတ်ကို လှည့်စားပြီးတော့ ပြောနေတယ်လို့ မှတ်သလား. . တကယ်ပြောနေတာပါ. . ဟောဒီ. . တောကြီးမျက်မည်းထဲမှာ မိန်းကလေးတစ်ယောက်တည်း သွားလာနေနိုင်တဲ့ သတ္တိက သွေးရိုးသားရိုး မဟုတ်ဘူး၊ တစ်ခြားအကြောင်းတွေရှိနေလို့ပေါ့. ."

ရှင်နှောင်းက အယောင်ဆောင်၊ မကောင်းဆိုးဝါးမ၊ ဟောဒီနေရာကလည်း လူပြတ်တယ်၊ ရှင့်ကို ဟောဒီလက်သည်းကြီးတွေနဲ့ ကုပ်ဖဲ့ပြီး ကိုက်စားပစ်လိုက်မှာ သိလား. . ဟင်း. . ဟင်း. . ဟင်း. ."

ရှင်နှောင်းသည် လက်ချောင်းတွေကို ဖြန့်ပြီး မျက်နှာကို ဘုပ်ဆွဲတော့မည့်ဟန်ဖြင့် တမင်လုပ်ပြလိုက်လေရာ ကောင်းမြတ်သည်း နောက်ကိုယိမ်းယိုင်ကာ တွန့်ကနဲဖြစ်သွားခဲ့လေ၏။

"ဟင်း. . ဟင်း. . ဟင်း တစ်ကယ်လုပ်မယ်ထင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားတယ် မဟုတ်လား. ."

ကောင်းမြတ်လည်း ရုတ်တိုးရှက်ကန်းဖြစ်သွားကာ. .

"အမှတ်တမဲ့ပါ. . ကိုယ်က မလန့်တတ်ပါဘူး. ."

ရှင်နှောင်းက ကောင်းမြတ်၏ လက်မောင်းကို လက်ဖြင့် ဖတ်ကနဲဆို ပုတ်လိုက်ပြီး. .

"သွားပါ. . လန့်ရင်လန့်တယ်လို့ပြော ဝန်မခံချင်ဘူး. . သရဲကြောက်တည်ထားတဲ့သူက ဒီလို လန့်တတ်ရသလား၊ အနားမှာ ကပ်နေတဲ့ မကောင်းဆိုးဝါးမလေး လွင့်သွားအောင် ဘုရားစာ တရားစာတွေ ရွတ်ပစ်လိုက်ပါလား. ."

"အဲ့သလို ရွတ်လိုက်ရင် လွင့်သွားမှာစိုးလို့. . တမင်ကို မရွတ်တာ. . သိပြီလား၊ ရှင်နှောင်းက မကောင်းဆိုးဝါးမလေး ပဲဖြစ်ဖြစ်၊ ကိုယ်ကတော့ ချစ်နေမှာပဲ၊ လုံးဝဂရုမစိုက်ဘူး. . ဟင်"

မတော်တဆထွက်သွားသော စကားကို ပြန်ပြီး ရုတ်သိမ်းရန် အချိန်မမီတော့၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ. . ကြောင်အမ်းအမ်းကြီးဖြစ်သွားခဲ့ကြလေသည်။

"ကိုကောင်းမြတ် မကောင်းဘူး၊ ရှင်နှောင်းကို ရည်းစားစကားပြောတယ်. ."

"ရင်ထဲရှိတဲ့အတိုင်း ထွက်သွားတာတော့ မတတ်နိုင်ဘူးလေ ကဲ. . ဘာလုပ်ချင်သေးသလဲ. ."

"အမယ်၊ တယ်လည်းသတ္တိကောင်းနေပါလား၊ ဒီက မြှားလိုက်မှာနော်. ."

ထိုစဉ်. . ဂူမျက်နှာကြက်မှ အိမ်မြှောင်တစ်ကောင်က ရှင်နှောင်း၏ ကိုယ်ပေါ်ကို အမှတ်မထင်ပြုတ်ကျလာခဲ့လေရာ. .

"အမလေး. ."





ရှင်နှောင်းက လန့်ပြီး ကောင်းမြတ်ကို ဖက်တွယ်ထား လိုက်မိလေ၏။

"အိမ်မြှောင်ပါ ရှင်နှောင်းရဲ့၊ အမလေး လူကိုတော့ ခြောက်လားလှန့်လားလုပ်ပြီး သူကျတော့ ကိုယ်ပေါ်ကို အိမ်မြှောင်ပြုတ်ကျတာတောင် သွေးပျက်မတတ်ဖြစ်သွားခဲ့ ရသလား. . ဖြစ်မှဖြစ်ရလေ. ."

"ဟွန့်. . အမှတ်တမဲ့ပါ. . ဒီက မလန့်တတ်ပါဘူး"

ကောင်းမြတ်၏ စကားဖြင့် ပြန်ပြီး ချေပလိုက်လေ၏၊ ကောင်းမြတ်သည် ရှင်နှောင်း၏ ကိုယ်လုံးလေးကို မလွှတ်တော့ပေ။

"လွှတ်ပါ. . အခွင့်အရေးက ယူလွန်းတယ်. ."

"မလွှတ်နိုင်တော့ဘူး။ လုပ်ပြီးစားခံရရင် ခံရပါစေ တော့. . ပေါ်ဒီ ကဝေမလေးကိုပဲ ချစ်တော့မယ်. ."

ရှင်နှောင်း၏ ကိုယ်လုံးလေးကို ပိုပြီး တင်းကြပ်အောင် ဖက်ထားလိုက်သည်။ ရှင်နှောင်းမှာ. . ရုန်းကန်ရင်းဖြင့် ကိုယ်လုံးလေးက လွန့်လူးလျက်ရှိသည်။

➤ ➤ ➤

တိတ်ဆိတ်နေသော ဝန်းကျင်သည် ပြန်ပြီးတော့ အသက်ဝင်လာသည်။ ရှင်နှောင်းသည် ကောင်းမြတ်၏ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ ရင်ခုန်သံက မြန်ဆန်လွန်းနေသည်။

"သွား. . ရှင်. . အခွင့်အရေးယူလွန်းတယ်၊ လူကြည့်တော့. . မခုတ်တတ်တဲ့ကြောင်လိုပဲ. . ဘာလဲ အနိုင်ကျင့်တာလား"

ကောင်းမြတ်၏ ရင်ဘတ်ကို တွန်းလွှတ်လိုက်သည်။ အသက်ရှုကာ မရှုန်း၊ မျက်စောင်းကာလည်း အကြည့်ခံရသူ



www.burmeseclassic.com

www.burmeseclassic.com



ပြာကျလောက်သည်။

"အနိုင်ကျင့်တာ မဟုတ်ပါဘူး ရှင်နှောင်းရယ်၊ အချစ်ကြီးလို့ ဖြစ်သွားခဲ့တာပါ. . ကိုယ် ရှင်နှောင်းကို လက်ထပ်ယူမှာပါ. . ရှင်နှောင်းကကောဟင်. . "

"မယူဘူး. . မုန်းတယ်"

နှုတ်ခမ်းစူကာ မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ မျက်ဝန်းတွေကတော့ ပြုံးနေသည်။

"မုန်းတယ်ဆိုတဲ့ မျက်နှာလေး၊ ဒီဘက်ကို လှည့်ပါဦး"

"ဟင့်အင်း ရှင့်မျက်နှာကို မကြည့်ရဲဘူး. . "

ရှင်နှောင်းက မျက်နှာလေးကို မလှည့်၊ ဂူအပြင်ဘက်ကိုသာ ကြည့်နေသည်။ ထိုစဉ်. .

ဂူနှင့် မလှမ်းမကမ်းမှ ချုံများကြားတွင် ရိပ်ကနဲဆိုဖြစ်သွားခဲ့လေရာ ရှင်နှောင်းသည် ခေါင်းကိုကောက်ကိုင်လိုက်သည်။ ကောင်းမြတ်သည် ရှင်နှောင်းကဲ့သို့ပင် ထိုနေရာဆီကို လှမ်းပြီးတော့ ကြည့်မိလိုက်သည်။ ရန်သူဟူသည်. . အချိန်မရွေးရောက်လာတတ်သည် မဟုတ်ပါလား၊ သားရဲတိရစ္ဆာန်ပဲဖြစ်ဖြစ်၊ တောပုန်းခေါင်းပြပဲဖြစ်ဖြစ်၊ သတိထားရမှာပင်. . မကြာလိုက်ပါ၊ နက်မှောင်ပြီး ကျောလျားရှည်သော သတ္တဝါတစ်ကောင်က ချုံကွယ်တစ်ခုမှ အမှတ်မထင် ထွက်ပေါ်လာခဲ့လေသည်။

"ဟင်. . ငနက်ကြီး. . "

ရှင်နှောင်း၏နှုတ်မှ တီးတိုးထွက်သွားခဲ့သည့်အသံ၊ ကောင်းမြတ်သည်လည်း သစ်နက်ကြီးကို တွေ့လိုက်ရသောအခါ ထူးခြားမှု တစ်ခုခုရှိနေပြီကို သိလိုက်ရသည်။ ငနက်ကြီးသည် သူတို့ဆီကိုမလာသေးပဲ နောက်ကြောင်းမအေးဟန်ဖြင့် လှည့်ကြည့်





နေလျက်ရှိသည်။ ထိုနေရာမှာ အတန်ကြာရပ်နေသည်။

"ငနက်ကြီး၊ တစ်ခုခုများကြုံတွေ့လာခဲ့သလား. . မပြောတတ်ဘူး၊ သူကြည့်ရတာ နောက်ကြောင်းမအေးသလိုပဲ"

"ဟုတ်တယ် ကိုကောင်းမြတ်၊ အကြောင်းရှိလိမ့်မယ်"

တစ်ခဏအကြာမှ သစ်နက်ကြီးက တျောဘက်ဂူဆီကိုပြေးလာခဲ့လေသည်။ ဂူဆီကိုရောက်သော် သစ်နက်ကြီး၏ မျက်နှာပေါ်မှာ စိုးထိတ်မှု အမူအရာများကို တွေ့လိုက်ရသည်၊

"ငနက်ကြီး. . ခင်ဗျား ရန်သူတွေနဲ့ တွေ့လာခဲ့ပြီထင်တယ်. . မုဆိုးတွေများဖြစ်နေမလား. . "

ကောင်းမြတ်က ထင်ကြေးနှင့်မေးလိုက်သည်။ ငနက်ကြီး၏ မျက်လုံးတွေထဲမှာ အဖြေတစ်ခုက ထင်ဟပ်သွားခဲ့ရသည်။

[သစ်နက်သတ္တဝါများသည် ဆင်၊ မြွေ၊ ကျားတို့ကို ကြောက်တတ်ကြသူများ မဟုတ်ကြ၊ သူတို့ကို တမင်တကာလိုက်ပြီး ဖမ်းနေကြသည့် လူ၊ မုဆိုးများကိုသာ ထိတ်လန့်ကြောက်ရွံ့တတ်ကြသည်။ ရန်သူနှင့် ရင်ဆိုင်ပြီးတွေ့လျှင်လည်း အသက်သေဆုံးသွားကြသည်အထိ မတိုက်ခိုက်တတ်ကြပါ၊ မိမိ၏ အသက်ကို ရန်ရှာခဲ့လျှင်သော်မှ တစ်ဖက်သားကို နာကျင်သွားအောင် ဒဏ်ရာရသွားလောက်ရုံသာ ပြန်ပြီးတော့ တိုက်ခိုက် တတ်ကြပါသည်]

သစ်နက်ကြီးသည် လာရာလမ်းကို တစ်ချက်ပြန်ပြီးကြည့်လိုက်ပြန်သည်။ သူ့နောက်မှ. . မုဆိုးလေးယောက်လိုက်လာမလား၊ နောက်ကြောင်း မအေးသည့်ဟန်. .

"ကိုကောင်းမြတ်. . ငနက်ကြီးဟာ ဟိုမုဆိုးငါးယောက်နဲ့များ တွေ့ခဲ့သလား မပြောတတ်ဘူး၊ ဒီမုဆိုးတွေဟာ ငနက်ကြီးကို တောကြေအောင် လိုက်ရှာနေကြတာ. . "



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်နိုင်တယ်. . ဒါကြောင့် ငနက်ကြီးဟာ သူတို့ရဲ့ လက်ထဲက လွှောင်တိမ်ပြီး ထွက်ပြေးလာခဲ့တာ ဖြစ်ရမယ်. . "

သစ်နက်ကြီး၏ ခန္ဓာကိုယ်မှ အညီအဟောက်နံ့များ မထွက်၊ သင်းပျံ့သော ရနံ့များက ထွက်ပေါ်လျက်ရှိသည်။

နက်မှောင်တောက်ပြောင်နေသော အမွေးအမျှင်များက လွှန်းရှာမှုပင်. . နူးညံ့လှသည်။ ကြောင်လေးတစ်ကောင်လို သိမ်မွေ့လျက်ရှိပြီး လွှန်းရှာမှ ယဉ်ကျေးသောအမူအရာရှိသည်။

သူတို့နှစ်ယောက်စလုံးကို ခေါင်းဖြင့် တိုးဝှေ့ကာ မွတ်သပ်ကျီစယ်လျက်ရှိသည်။

"ငနက်ကြီး. . နင်တစ်ကောင်တည်း လျှောက်သွားမနေနဲ့နော်၊ နင့်ကို အန္တရာယ်တွေ ဝိုင်းနေတယ်ဆိုတာကို သိရဲ့လား နင်. . ဘယ်သူ့ကို လိုက်ရှာနေသလဲဆိုတာ ငါသိတယ်. . "

ရှင်နှောင်းသည် ဂူထဲတစ်နေရာကို လျှောက်သွားပြီး ပစ္စည်းတစ်ခုကို ယူလာခဲ့သည်။ သံသေတ္တာလေးတစ်လုံးပင်။

သစ်နက်ကြီး၏ ရှေ့မှာ သံသေတ္တာလေးကို ချလိုက်သည်။ သစ်နက်ကြီးသည် သံသေတ္တာလေးကို မြင်လိုက်ရသောအခါ. . လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရလေ၏။ ရှင်နှောင်းက အဖုံးကိုဖွင့်ပေးလိုက်လေ၏။ သံသေတ္တာလေးထဲမှာ သစ်နက်ရုပ်တုလေး။ သစ်နက် ကြီးသည် ရုပ်တုလေးကို မြင်လိုက်ရသည်နှင့် အမူအရာက တစ်မျိုးဖြစ်သွားခဲ့လေသည်။ မျက်လုံးတွေက ပိုပြီးတော့ တောက်ပြောင်လာခဲ့သည်။ လှုပ်လှုပ်ရှားရှားလည်း ဖြစ်သွားခဲ့ ရသည်။ ထို့နောက်. . သစ်နက်ရုပ်တုလေးကို သူ၏နှာခေါင်း၊ ဖြင့်ထိနမ်းလေသည်။

သံသေတ္တာလေးထဲမှ သစ်နက်ရုပ်တုလေး၏ မျက်လုံး



တွေကလည်း အသက်ဝင်နေသည့်ပမာ အရည်တလဲ့လဲ့ဖြင့် ရှိနေသည်။ ခေါင်းကလေးကော သစ်နက်ကြီးကို မြန်ပြီးတော့ ကြည့်နေသယောင်။

"ဒီသစ်နက်ရုပ်လေးဟာ ငနက်ကြီးနဲ့ အမြွာတော်တယ်၊ ငနက်ကြီးဟာ သူ့ညီကို ဒီလိုပဲ မကြာမကြာလာကြည့်တတ်တဲ့အကျင့်မျိုးရှိတတ်တယ်. . "

"ဟင်. . ဒီ သစ်နက်ရုပ်တုဟာ ရုပ်တုမဟုတ်ဘူးလား"

"ရုပ်တုပါပဲ. . ဒါပေမဲ့ သူ့ရဲ့အရိုးစုနဲ့ မျက်လုံးတွေကိုတော့. . သစ်ကဏ္ဍပါကို အခေါင်းထွင်းပြီး အထဲကထည့်ထားတာ. . အပေါ်ကတော့ သစ်နက်သားရေအတိုင်းပဲ၊ သစ်ကဏ္ဍပါသားကလည်း နူးညံ့တယ်၊ သားရေကလည်း နူးညံ့တယ်၊ ဒါ့ပြင်နှစ်ခု ပေါင်းစပ်ပြီးလုပ်ရင် မပျက်စီးပဲ. . ဒိုးမကိုက်ပဲ တာရှည်ခံတယ်"

"ဪ. . သစ်နက်ရုပ်တုလေးက လသားအရွယ်လေးပဲ"

"ဟုတ်တယ်. . သူတို့နှစ်ကောင်ကိုမွေးပြီး မကြာခင်မှာ အငယ်ကောင်က သေဆုံးသွားခဲ့တယ်လေ၊ ဒီငနက်ကြီးသာ အသက်ရှင်ကျန်ရစ်ခဲ့တာ. . သူ့ကို ရှင်နှောင်းတို့က တိတ်တိတ်လေးနဲ့ပြီး မွေးလာရတာပေါ့"

"တိတ်တိတ်လေးနဲ့ပြီးဆိုတာက. . "

"သြော်. . လူတွေက သစ်နက်ဆိုရင် သိပ်ပြီးတော့ စိတ်ဝင်စားကြတာ မဟုတ်လား၊ လိုလည်းလိုချင်ကြတယ်လေ၊ ဒါကြောင့်မို့. . ဘယ်သူမှ မသိအောင် တိတ်တိတ်လေး မွေးခဲ့ရတာပေါ့. . "

"သစ်နက်ကြီးကို မွေးတာ ရှင်နှောင်းတို့ကလို့ စောစောက ပြောလိုက်တယ်၊ ရှင်နှောင်းအပြင် နောက်ထပ် ဘယ်သူများ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးလို့လဲ. . ”

ကောင်းမြတ်၏ အမေးကြောင့် ရှင်နှောင်းနှုတ်ဆိတ်သွားခဲ့ရသည်။ ပြန်မဖြေပဲ ကောင်းမြတ်၏ မျက်နှာကိုသာ စူးစိုက်ပြီးတော့ ကြည့်နေလေသည်။ ရှင်နှောင်း မဖြေချင်မှန်း ကောင်းမြတ် သိသွားခဲ့လေပြီ။

“ကဲပါလေ၊ ရှင်နှောင်း မဖြေချင်လည်း မဖြေပါနဲ့တော့၊ ကိုယ်. . စကားကို ပြန်ပြီးရုပ်သိမ်းတယ်. . ”

ရှင်နှောင်းသည် ကောင်းမြတ်ကို မည်သည့် အကြောင်းပြချက်မှ မပေးတော့၊ သူ့အတွေးနှင့်သူသာ ရှိနေသည်။

“ဒီဘက်တောထဲကို တော်ရုံလူတွေ ရောက်လာတတ်ကြတာမဟုတ်ဘူး၊ အခု. . ငနက်ကြီးဟာ ဘယ်လိုရန်သူမျိုးနဲ့ များကြုံလာခဲ့သလဲ မပြောတတ်ဘူး၊ ဟိုမုဆိုးတစ်စုများ သူ့ကို ရှာတွေ့သွားကြပြီလား မပြောတတ်ဘူး ရှင်နှောင်း. . ”

“ဖြစ်နိုင်တယ်၊ ဒါကြောင့်မို့. . ငနက်ကြီး ယောက်ယက်ခတ်နေတာကိုး. . ”

“ကဲ. . ဒီနေရာမှာ ကြာကြာမနေပဲ ပိုပြီးလုံခြုံမယ့်နေရာကို ထွက်သွားကြရင် ကောင်းမယ်. . ”

ကောင်းမြတ်က ပြောလိုက်ရာ ရှင်နှောင်းကလည်း သဘောတူလိုက်သည်။ ဓါးကိုကောက်ကိုင်လိုက်သည်။

“လာ. . ငနက်ကြီး”

ရှင်နှောင်းက ခေါ်လိုက်သည်နှင့် ငနက်ကြီးလည်း ကျိုးနွံစွာဖြင့် နောက်မှ လိုက်သွားခဲ့လေသည်။

➤ ➤ ➤





# (၁၅)

# ပေါက်ကွဲသံ

မုန်တိုင်းခေါင်းဆောင်သော မုဆိုးလေးယောက်မှာ. . သစ်နက်ကြီးက တစ်ဖက်ချောက်ကမ္ဘားကြီးပေါ်ကို ခုန်ကူးသွားသည့်အတွက် မချင့်မရဲဖြစ်ကာ ကျန်ခဲ့ကြလေသည်။

“တောက်. . လွတ်သွားပြီကွာ၊ ငါတို့ ဘယ်လိုမှ မတတ်နိုင်ကြတော့ဘူး၊ ငါတို့ ဟိုဘက်ကို ဘယ်လိုဖြတ်ကူးကြမလဲ၊ တစ်နည်းနည်းနဲ့ ရှာကြံပြီး ကူးနိုင်ကြတယ်ပဲထားဦး၊ သစ်နက်ကြီးကိုတော့ ဘယ်လိုမှ ရှာတွေ့နိုင်မှာ မဟုတ်တော့ဘူး”

မုန်တိုင်းသည် စိတ်ပျက်လက်ပျက်နှင့် နေရာမှာပင် ထိုင်ချမိလိုက်လေ၏။ ဆရာကိုယ်တိုင်က စိတ်ပျက်နေမှတော့ ကျန်လူသုံးယောက်တို့သည်လည်း ဘယ်လိုမှ မတတ်နိုင်ကြတော့။

“ဒါနဲ့. . ဟို. . ရာပိုင်ဆိုတဲ့ကောင်. . ဘယ်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသလဲ မသိဘူး. . ”

ငမိုးက ပြောလိုက်တော့မှ. . သူရှုးကြီးရာပိုင်ပျောက်နေမှုန်း သတိထားမိလိုက်ကြသည်။

“ကျွန်တော်တို့ သစ်နက်ကြီးရဲ့နောက်ကို လိုက်နေကြတုန်းသူလည်း လိုက်လာတာပဲ၊ နောက်တော့. . ဘယ်ပျောက်သွားသလဲ မသိဘူး. . ”

တောလုံးက ဟို. . ဒီလိုက်ကြည့်ပြီးတော့ ပြောသည်။

“ဒါပေမဲ့. . ဒီလူက သစ်နက်ကြီးကို တွေ့ခဲ့တယ်ဆိုတာ အမှန်ကိုပြောခဲ့တာပဲ. . ”

“အေး. . သူ. . အမှန်ကိုပြောခဲ့တာပဲ ဗလ၊ ဒါပေမဲ့ သစ်နက်ကြီးကို သူကကြောက်ဟန်တူတယ်၊ ဒီမှာ. . မနေရဲတော့ပဲ ထွက်ပြေးသွားသလားမှ မသိတာ”

“ဒါဖြင့်. . ဆရာမုန်တိုင်း ဘာဆက်လုပ်မလဲ. . ”

တောလုံးက အချိန်ကို မဆွဲပဲ မေးလိုက်ရာ. .

“ငါတို့ ဟိုဘက်ကိုကူးဖို့ လမ်းစရှာကြမယ်ကွာ၊ ဟိုဘက်ကိုရောက်ရင် သစ်နက်ကြီးကို ဆက်ပြီးရှာကြမယ်. . ”

မုန်တိုင်း၏စကားကြောင့် အားလုံးစိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့ကြရသည်။ ဤအလုပ်ကို လက်ခံမိခဲ့တာ မှားပြီတူ၍၊ မုန်တိုင်းသည် သူတို့သုံးဦး၏ မျက်နှာကို အကဲခတ်မိသွားခဲ့လေရာ. .

“ငါ့ရဲ့ဆန္ဒကို ဖြည့်ပေးကြပါကွာ၊ မင်းတို့အကျိုးမယုတ်စေရပါဘူး၊ ငါတို့ ရွာကိုပြန်ရောက်ကြရင် မင်းတို့စိတ်ကျေနပ်အောင် ငါထပ်ပြီး ပေးပါ့မယ်. . ”

မုန်တိုင်းက တောင်းတောင်းပန်ပန်နှင့် ပြောသောအခါ





အားနာသွားခဲ့ကြရပြန်သည်။

“ကျွန်တော်တို့က သစ်နက်ကြီးရဲ့နောက်ကို မလိုက်ချင်လို့မဟုတ်ပါဘူး ဆရာ၊ တောက ကျွန်တော်တို့မရောက်ဖူးတဲ့တောမျိုးဖြစ်နေတယ်၊ လမ်းလည်း မသိကြဘူး၊ တောထဲမှာမှက်စိလည်လမ်းမှားပြီး ဒုက္ခတွေ့ကုန်ကြမှာကို စိုးရိမ်မိလို့ပါ”

ငမိုးက သွက်လက်စွာဖြင့် ရှင်းပြလိုက်သည်။

“ကဲပါ. . ငမိုးရာ၊ ဆရာမုန်တိုင်း. . စိတ်မခ်ိတ်ကျမယ့်စကားမျိုးကို မပြောပါနဲ့တော့. . ငါတို့ တစ်ဖက်ချောက်ဆီကိုကူးဖို့လမ်းစလိုက်ရှာကြမယ်. . ”

တောလုံးက သတိပေးလိုက်ရာ အားလုံးနေရာမှ ထ,လိုက်ကြလေသည်။

➤ ➤ ➤

မုဆိုးလေးယောက်သည် ချောက်ကြီး၏ နှုတ်ခမ်းဘေးမှာ ကပ်ပြီးတော့ လျှောက်လာခဲ့ကြသည်။ တစ်ဖက်ကိုကူးနိုင်သည့် လမ်းစကို မတွေ့နိုင်ကြ၊ ထို့ကြောင့် နောက်ကြောင်းကိုပြန်ပြီးတော့ လျှောက်ကြပြန်သည်။

တော်လဲတောင်ခြေနှင့် နီးကပ်လာကြသည်ကို သတိမထားမိနိုင်ကြ၊ ရှေ့ဦးစွာ သတိရသွားခဲ့သူကတော့ တောလုံး၊ တောလုံးက တော်လဲတောင်ကြီးပေါ်ကို မော့ကြည့်လိုက်သည်။ မတ်စောက်သော တောင်ကြီးသည် သူတို့နှင့် မလှမ်းမကမ်းမှ ကျောက်တိုင်ကြီးတစ်တိုင်၊ မတ်မတ်ထောင်ထားသကဲ့သို့ရှိနေသည်။ တောင်စောင်းတစ်လျှောက်မှာ သစ်ဝါးပင်များကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီးတော့ ပေါက်နေကြသည်။

တောင်ကြီးတစ်တောင်လုံးသည် စိမ်းစိမ်းစိုစိုရှိလှသည်။ ရှေးယခင်က သူတော်စင်များ တရားရှာမှီကြရာ နေရာဟု ဆိုကြသည်။ ယခုလည်း သူတော်စင်များ ရှိမရှိ မပြောနိုင်။

သို့သော်. .

မည်သူကမှ တော်လဲတောင်ကြီးပေါ်ကို မတက်ကြ။ သူတော်ကောင်းတရားကို ပွားများအားထုတ်ကြသူတို့ရှိနေခဲ့ကြလျှင်. . အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်မိကြသည်။ လူကြီးသူမများက ယင်းတောင်ကြီးပေါ်ကို ရှေးယခင်ကတည်းက တက်ခွင့်မပြုခဲ့ကြပေ။

"ဆရာမှန်တိုင်း၊ တော်လဲတောင်ခြေနားက ကပ်ပြီး သွားမယ် ဆိုရင်. . ဟိုဘက်ချောက်နှုတ်ခမ်းဘက်ကို ရောက်သွားလိမ့်မယ်လို့ ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီတောင်ကြီးဟာ ချောက်ကြီးကို ခွထားတယ်၊ တောင်ခြေဟာတောထူထပ်ပြီး ချောက်ကြီးရဲ့ အဆုံးလည်းဖြစ်နေတယ်. ."

"မင်းပြောတာ ဖြစ်နိုင်တယ် ဗလ၊ အဲ့ဒီ အချက်ကို ငါမတွေးမိဘူး. . လာကွာ. . သွားကြရအောင်"

သုံးယောက်စလုံး တောင်ခြေဆီကို ထွက်သွားခဲ့ကြသည်။ တောင်ခြေရှိ တောအုပ်ကြီးကလည်း ထူထပ်သည်၊ သတိနှင့် ဝင်ခဲ့ကြလေသည်။ တဖြည်းဖြည်းနှင့် တောနက်ထဲကို ရောက်လာခဲ့ကြသည်။

ချေတစ်ကောင်သည် တဝေါင်ဝေါင်ဖြင့် အော်ကာ မလှမ်းမကမ်းမှ ပြေးထွက်သွားသည်။ လူသံများကြောင့်





ကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့ခြင်းပင်၊ ထို့နောက်. . နောက်ထပ် ဘာသံမှမကြားရတော့၊ တစ်တောလုံးတိတ်ဆိတ်သွားခဲ့သည်။ ထို့နောက်. . တောသည် ချက်ချင်းလိုလိုပင် မှောင်သွားသည်။

"ဟင်. . ဘာဖြစ်လို့ ချက်ချင်း မှောင်သွားခဲ့ရတာလဲ"

"နေလှည့်သွားတာဖြစ်မယ်. . ဆရာမှန်တိုင်း၊ ကျွန်တော်တို့. . မြန်မြန်ထွက်နိုင်အောင် ကြိုးစားရမယ်. ."

"ငမိုး. . မင်းက မျက်စိပိုကောင်းတယ်၊ သွားရင်း. . လာရင်း ဟိုသတ္တဝါရှောက်ကို ကြည့်ကွာ၊ အရင်တွေ့တဲ့ သူက လက်ဦးမှုရအောင်ဆော်၊ ငါ. . ခွင့်ပေးတယ်. ."

မည်သို့သော နာကျည်းမှုကြောင့်လည်းမသိ၊ မှန်တိုင်းက. . သူ့လူများကို တစ်ချက်လွှတ်အမိန့်ပေးလိုက်လေပြီ။ သုံးယောက်စလုံးကတော့ သစ်နက်ကို မြန်မြန်တွေ့ပါစေဟု ဆုတောင်းနေမိကြသည်။ ဒါမှ. . ကိစ္စမြန်မြန်ပြတ်မှာ. .

မည်သို့သော အကြောင်းကြောင့် မှောင်ရီရီဖြစ်သွားသလဲမပြောတတ်ပါ၊ တောလမ်းကို ပြက်ပြက်ထင်ထင်မြင်တွေ့နေကြရသော်လည်း ပိုးတဝါးသာဖြစ်သည်။ အားလုံး၏ ရင်ထဲမှာ တင်မကျကြီးဖြစ်နေကြသည်။ အကြောင်းအရာကို သိမယ်ရရ မရှာနိုင်၊ မသိနိုင်။

"ဖျတ်. . ဖျတ်. . ဖျတ်. . ဖျတ်. ."

တိတ်ဆိတ်လွန်းမက တိတ်ဆိတ်နေစဉ်မှာ. . တဖျတ်ဖျတ်နှင့် အသံက ထွက်ပေါ်လာခဲ့သည်။ ထို သေးငယ်သော အသံလေးကပင်လျှင် သူတို့အတွက် ချောက်ချားစရာဖြစ်သွားကြရသည်။ မျက်နှာလေးခု အနီးကပ်သွားခဲ့ကြပြီး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

မျှတ်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ထို့နောက်. .

တစ်စုံတစ်ရာစကားမဆိုကြပဲ ဆက်ပြီးတော့ လျှောက်သွားခဲ့ကြသည်။

"ဖျတ်. . ဖျတ်. . ဖျတ်. ."

အသံက ထက်ပေါ်လာခဲ့ပြန်သည်။ ဒီတစ်ခါတော့. . နှေ့မှ ထွက်ပေါ်လာသည် အသံမဟုတ်ပဲ. . သူတို့၏ ကျောဘက်မှ ထွက်ပေါ်လာသည့် အသံပင်ဖြစ်နေသည်။ ထို့ကြောင့်. .

တိုင်ပင်ထားကြသလို နောက်ကို တစ်ပြိုင်တည်း လှည့်ကြည့်လိုက်ကြသည်။ သေးငယ်သော ချုံတစ်ခုဆီ ရွေ့လျားနေသော အရာတစ်ခုကို တွေ့လိုက်ကြရသည်။ လင်းလက်နေသော အရာပင်ဖြစ်သည်။ လောက်စာလုံးပမာ ခန့်ရှိပြီး အလုံးနှစ်လုံးဖြစ်သည်

ထိုလင်းလက်နေသော အလုံးလေးနှစ်လုံးသည် တစ်နေရာတည်းမှာ ရှိနေပြီ ဟိုမှသည်မှ ရွေ့လျားလျက်ရှိ ကြသည်။

"ဟော့. . ဟော့ကောင်တွေ၊ ဒါ. . ဒါဟာ မျက်လုံးတွေ ကွ. . မျက်လုံးတွေ၊ ငါတို့ကိုကြည့်နေတာ. . ဒါလောက်သေး ငယ်တဲ့မျက်လုံးတွေဟာ ဘာမျက်လုံးတွေလဲ. . သေသေချာ ကြည့်ကြစမ်း. ."

မုန်တိုင်းသည် လေသံတမျှပြောလိုက်ပေမယ့် ကျ လောင်သွားသည်ဟု ထင်လိုက်ရလေသည်။ ထို. . လုံးလုံးအ လေးတွေကား တစ်နေရာတည်းမှာ ရွေ့လျားလျက်ပင်. .



"ကြောင်တစ်ကောင်ရဲ့ မျက်လုံးများလား ဆရာ၊ ကျွန်တော်တို့ကို ချုံထဲကနေ ကြည့်နေတယ်၊ ဒါပေမဲ့ ဒီ. . ဒီမျက်လုံးတွေက ကျွန်တော်တို့ကို ခြိမ်းခြောက်နေသလိုပဲ"

"ဖော့ကောင်. . ဓတာလုံး၊ ကြောင်ဖြစ်နေရင်လည်း ကြောက်စရာလားကွ၊ မင်းက ဘာဖြစ်လို့ ချက်ချင်းသွေးနည်း သွားခဲ့ရတာလဲ"

မုန်တိုင်းသည် ပြောမယ့်သာပြောလိုက်ရသော်လည်း သူ့လေသံက ခြောက်ကပ်နေသည်။ ထို့နောက်. . ချက်ချင်း လိုလိုပင်. မြားတံတစ်ချောင်းကို ဒူးလေးညို့မှာ တင်လိုက် သည်။ ထို့နောက် ဒူးလေးကို ပခုံးမှာထောက်ပြီး ပစ်ထည့် လိုက်လေ၏။

"ထောင်း. ."

ပြင်းထန်လှသော ကန်အားကြောင့် မြားတံထွက် သွားသည်ကိုပင် မမြင်လိုက်ကြရ၊ ထိုစဉ် ထူးခြားသော အခြေ အနေတစ်ခုကဖြစ်ပေါ်လာခဲ့လေသည်။ မြားတံသည် တစ်ခုခုကို ပွတ်ပြီးထိသွားကာ လာရာလမ်းအတိုင်း ပြန်လှည့်ပြီးတော့ လာသည်။

"ဒေါက်. ."

"ဝှစ်. ."

"ဟာ. . ဟော့ကောင်တွေ၊ ရှောင် ရှောင် မြန်မြန်. ."

မြားတံကို ရိပ်ကနဲဆို မြင်လိုက်ကြရပြီး မြေပြ အမြန်ပင် ဝပ်ချလိုက်ရသည်။

"ဒေါက်"

အရှိန်ပြင်းစွာဖြင့် ပြန်လာသော မြားတံသည် ဒူး

www.burmeseclassic.com



ညို့မှ ထွက်သွားသည့် 'အား' အတိုင်းပင် ချက်ချင်းပင် ရှောင်တိမ်းလိုက်သော်ငြားလည်း မြားတံက ဗလ၏ လည်ပင်းကို ပွတ်သွားခဲ့သေးသည်။

"အား"

"ဒေါက်"

ဗလ၏အော် ်သံကို ကြားလိုက်ရသည်။ မြားတံသည် သစ်ပင်တစ်ပင်မှာ သွား၍စိုက်နေလေသည်။ သူတို့ကဲ့အားသင့် ချိန်မရလိုက်မီမှာပင် ချုံထဲမှ မည်းမည်းသဏ္ဍာန်တစ်ခု ခုန်ထွက်သွားသည်ကို မြင်လိုက်ရသည်။ လွန်စွာမှ သေးငယ်သော သဏ္ဍာန်တစ်ခုပင်. . သူတို့လေးယောက်စလုံး မြင်တွေ့လိုက်ကြရသည်။

"ဟာ. . ကြောင်၊ ကြောင်နက်. ."

"ကြောင်နက် မဟုတ်ဘူးကွ၊ သစ်နက်သားပေါက်လေး တစ်ကောင်. . ."

တစ်ယောက်နှင့်တစ်ယောက် အငြင်းအခုန်ဖြစ်နေကြစဉ်မှာပင်. . ထိုကြောင်နက်ယိုလို. . သစ်နက်လိုလို သတ္တဝါလေးသည် သူတို့ဆီကို ခုန်ဝင်လာခဲ့လေသည်။

"ဟာ. . ဝင်လာပြီဟေ့၊ ဝင်လာပြီ. ."

လက်ထဲမှ ရဲဒင်း၊ လှံ၊ ဓါးများဖြင့်. . ထိုး၊ ခုတ်၊ တိုက်ခိုက်ကြသည်။ သို့သော်. . ထိုသတ္တဝါလေးကို မထိခိုက်မိပါ။ အချင်းချင်း ထိခိုက်မိကုန်မှာစိုး၍ သတိနှင့်ထိန်းလိုက်ကြရသည်။

"ကံကောင်းလို့ကွာ၊ အချင်းချင်းမတော်တဆ ထိခိုက်မိကုန်ကြတော့မလို့. ."

ထိုသတ္တဝါလေးပျောက်ကွယ်သွားခဲ့သည်။ မည်သည့်



နေရာကိုရောက်သွားမှန်း မသိလိုက်ကြ၊ လေးဦးသား မြူးမြူးပြီး တော့လိုက်ရှာကြသည်။

"ဘယ်ရောက်သွားသလဲ၊ ဒီကောင်လေးက လူကိုမြင် လျှက်သားနဲ့ ရှောင်မပြေးပဲ ရဲရဲတင်းတင်းနဲ့ဝင်ပြီး တိုက်ခိုက်တယ်. . သတိထားကြဟေ့"

"ဖျောင်း"

"ဟာ"

သစ်ပင်ကြီးထက်မှ သစ်ကိုင်းကျိုးပြီး ကျလာသံကို ကြားလိုက်ကြရသည်။

"ဝိုး. ."

"ဘုန်း"

သစ်ကိုင်းကြီးတစ်ခု ကျိုးကျလာခဲ့ပြီး မြေပြင်ကို အရှိန်ပြင်းစွာဖြင့် ထိမှန်သွားခဲ့သည်။ ကျယ်လောင် အသံကြီး တစ်သံက ထွက်ပေါ်လာခဲ့သည်။ အားလုံး ထိုသစ်ပင်ထက်ကို မော့ကြည့်လိုက်ကြသောအခါ မည်းမည်းကောင်လေးကို မြင်တွေ့လိုက်ကြရသည်။

"ဟင်. . ဒါ ကြောင်မဟုတ်ဘူး၊ သစ်နက်ကလေးတစ် ကောင်ပဲ ဆရာမုန်တိုင်း"

ငမိုးက အံ့အားသင့်စွာဖြင့် ပြောလိုက်လေ၏။ သစ်နက် ကလေးတစ်ကောင်ဖြစ်နေသည်ကို မည်သူမှ မငြင်းဝံ့ကြတော့။

"ဒါလောက်သေးငယ်တဲ့ သစ်နက်ကလေးက ဘယ်က နေရောက်လာတာလဲ၊ ဟေ့ကောင်တွေ သတိထားကြ. ."

မည်သို့သော အကြောင်းကြောင့်လည်းမသိ၊ မုန်တိုင်း ၏အသံကမှုမမှန်၊ စိုးရိမ်စိတ်တွေ ဝင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . ဒီသတ္တဝါလေးကို ဘာဖြစ်လို့ ကြောက်နေရတာလဲ၊ ပစ်ချလိုက်စမ်းပါ"

"ဗဟုတ်ဘူး ဗလ၊ ဒီကောင့်ကို ငါတို့နိုင်မှာ မဟုတ်ဘူး။ မင်းတို့ မသိဘူး. . ငါသိတယ်. ."

"ဟာ. . ဆရာမုန်တိုင်း၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ပေးစမ်းဗျာ. . ဒူးလေး. ."

ဗလသည် မုန်တိုင်း၏လက်ထဲမှ ဒူးလေးကို ဆွဲယူလိုက်သည်။ မြားတံကိုလည်း တောင်းပြီး ညို့မှာ တင်၍ သစ်ပင်ထက်မှ သတ္တဝါကို ချိန်လိုက်လေရာ. .

"ဟာ. . မရှိတော့ဘူး. . ဘယ်ရောက်သွားသလဲ"

သစ်နက်ကလေးသည် လေးဦးစလုံး၏ မျက်စိအောက်မှ. . ပျောက်သွားခဲ့လေသည်။

"ဒီသတ္တဝါလေးဟာ ကျွန်တော်တို့ကို တစ်နေရာကနေ ချောင်းနေမှာပဲဗျ. ."

တောလုံးက ဂင်တိုဟိုပုကွကွနှင့် ရဲဒင်းကြီးကို တယမ်းယမ်းလုပ်ကာ ဟိုဒီ. . လျှောက်နေပြီး သစ်နက်ကြီးကို လိုက်ကြည့်နေသည်။ ရှာဖွေနေသည်။

"တောလုံး၊ မင်းက. . ဒီသတ္တဝါကောင်လေးကို မိလိမ့်မယ်လို့ ထင်နေသလားကွ. ."

"မိရမှာပေါ့ဗျာ၊ ဆရာမုန်တိုင်းက ဘာကြောင့်မေးတာလဲ. ."

"ဘာကြောင့် မေးတာလဲ ဟုတ်လား၊ မင်းမသိသေးတာတွေ အများကြီးရှိသေးတယ်ကွ၊ ဒီ သစ်နက်လေးဟာ တကယ်မှ မဟုတ်တာ. . အရိပ်အယောင်ပဲကွ. ."



"ဟာ. . ဆရာမုန်တိုင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဟိုပြေး ဒီပြေးနဲ့ ကျွန်တော်တို့ အားလုံးရဲ့ ရှေ့မှာ လှုပ်ရှားပြနေတာ အားလုံးလည်း မြင်နေကြရတာပဲ မဟုတ်လား. ."

"ဟုတ်တယ်၊ တောလုံးသာ မဟုတ်ဘူး၊ ကျွန်တော်တို့လည်း ဆရာမုန်တိုင်းရဲ့ စကားကို သဘောမပေါက်ကြဘူး. ."

ငမိုးနှင့် ဗလကလည်း ခေါင်းတယမ်းယမ်းနှင့် ပြောလိုက်ကြသည်။ သူတို့စိတ်ထဲမှာတော့ မုန်တိုင်းတစ်ယောက် ဇောကြီးလွန်း၍ စိတ်ဂယောင်ချောက်ချားဖြစ်သွားပြီ၊ ထို့ကြောင့် ပြောချင်ရာကို ပြောနေသည်ဟု ထင်မိလိုက်ကြသည်။

"ငါရှင်းပြလည်း မင်းတို့ ယုံကြမှာမဟုတ်ဘူး၊ နားလည်ကြမှာလည်း မဟုတ်ဘူး၊ ဒီသတ္တဝါလေးက ငါတို့နောက်ကို ဘယ်လိုရောက်လာသလဲ မသိဘူး၊ ကောင်ကျိုးမပေးနိုင်ဘူး ဆိုးကျိုးပဲ ပေးနိုင်တယ်၊ ငါတို့. . ဒီတောထဲက မြန်မြန်ထွက်နိုင်အောင် ကြိုးစားကြဟေ့. ."

သစ်နက်သားပေါက်ကလေးနှင့် ပတ်သက်ပြီး အမှန်ကို တစ်ကယ်ပြောပြနိုင်တာက မည်သည့်အကြောင်းကြောင့်လဲ၊ မုန်တိုင်းသည် စိတ်ဖောက်သွားခဲ့ပြီလား. .

"ကဲ. . ဒါဖြင့်လည်း ရှေ့ကိုပဲ ဆက်ပြီးတိုးကြဖို့ပဲ ရှိတော့တာပေါ့. ."

ဗလက စိတ်မရှည်သလို ပြောလိုက်သည်။ ထို့နောက် ဌက်ပျောရွက်ဓါးကြီး တယမ်းယမ်းဖြင့် တောကိုရှင်းကာ ဆက်ထွက်သွားခဲ့လေသည်။ ရမ်းသမ်းပြီးတော့ သွားနေကြရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ချောက်ကြီး၏တစ်ဖက်ကို ရောက်လုပြီလား၊ ရောက်သွားခဲ့ပြီလား၊ ကျော်သွားခဲ့ပြီလား. . မသိနိုင်ကြတော့၊ လမ်းပြသူရှုးကြီးရာပိုင်သည်ပင် ဤနေရာကို ရောက်ဖူးခဲ့ဟန် မတူ၊ မှောင်ရီရီသန်းနေဆဲ. . သူတို့သွားရာ လမ်းတစ်လျှောက်တွင် အမှောင်ထုက လိုက်ပါနေသည်ဟုပင် ထင်နေမိကြတော့သည်။

"ဝိုး. . ဖြောင်း"

"ဟာ. . "

"အား"

ထိုစဉ် ရှုတ်တရက် လေထဲမှာ မည်းမည်းသဏ္ဌာန်တစ်ခုက ခုန်ဝင်လာခဲ့သည်။ သူ့ကိုမြင်လိုက်ကြရသည်ကား. .

"ဟာ. . သစ်နက်ကလေး"

မည်းမည်းသဏ္ဌာန်လေးသည် သူတို့လေးယောက်၏ကြားကို ထိုးဖောက်ပြီးတော့ ဝင်သွားခဲ့သည်။ ဒနားကို ရောက်လာသောအခါ အကောင်က တဖြည်းဖြည်းနှင့် ကြီးသထက်ကြီးလာလေတော့သည်။

"ဟာ. . ဘယ်လိုကောင်ကြီးလဲဟ၊ ငါတို့ကို ရန်မူတော့မယ်. . "

အားလုံး အထိတ်တလန့်ဖြင့် အော်ဟစ်လိုက်ကြပြီး သစ်နက်ကြီးကို လက်နက်များဖြင့် ဝိုင်းပြီး တိုက်ခိုက်ကြလေတော့သည်။ သို့သော်. . သတ္တဝါကြီးကို မတိုက်ခိုက်မိကြပါ၊ ထိလည်းမထိကြပါ. . သစ်နက်ကြီးကသာ သူတို့အားလုံးကို လက်ဖြင့် ပွတ်ခတ်တိုက်ခိုက်သွားခဲ့သည်။

"အား. . "

"အား"





တစ်ယောက်တစ်နေရာဆီ လွင့်ထွက်သွားခဲ့ကြလေသည်။ မြေပြင်ပေါ်ကို ပစ်ကျသွားခဲ့သော ဇလသည် ချက်ချင်းပင် လူးလဲကာ ထလိုက်သည်။

သူ့ပုခုံးကို ပုတ်ထုတ်ခြင်းခံလိုက်ရ၍ နာကျင်သွားခဲ့သည်။ ဇလက အသားအနာခံတတ်သူ မဟုတ်၊ ဒေါသလည်းထွက်သွားခဲ့သည်။ လက်ထဲက ဓါးကလည်း လွတ်ထွက်မသွား၍ တော်ပေသေးသည်။

"တောက်. . ဒါလောက်တောင်ဖြစ်လှတာ. . "

ဇလသည် သစ်နက်ကြီးကျသွားရာဆီကို ဓါးကိုင်ကာ ပြေးဝင်သွားခဲ့သည်။ သို့သော် . . ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို မမျှော်လင့်ပဲ ကြုံတွေ့လိုက်ရလေတော့သည်။

မလှမ်းမကမ်းမှာ . . ခက်ရွက်လေးတစ်ရွက်လို ကျသွားခဲ့သော သတ္တဝါသည် သစ်နက်ကြီးမဟုတ်တော့ချေ၊ သစ်နက်သားပေါက်လေးတစ်ကောင်ပင်ဖြစ်နေလေသတည်း၊ ထိုသစ်နက်ကလေးသည် အမှောင်ကွယ်တစ်ခုဆီကို ကျသွားခြင်းပင်ဖြစ်ပြီး စူးလက်သော မျက်လုံးတွေဖြင့် တစ်ချက်ကြည့်လိုက်သေးသည်။ ထို့နောက်. . ထိုနေရာကို ခုန်ကျော်ထွက်သွားကာ ပျောက်ကွယ်သွားခဲ့လေသည်။

"ဟင်. . သစ်နက်ကြီး မဟုတ်တော့ပါလား၊ အကောင်ပေါက်စလေး ပြန်ဖြစ်သွားပြီ. . "

ဇလကဲ့သို့ပင် ကျန်လူများသည်လည်း အဖြစ်အပျက်ကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ကြရလေသည်။

အံ့အားသင့်နေကြ၍မဆုံးမီမှာပင် ထူးခြားသော အခြေအနေတစ်ခုက မမျှော်လင့်ပဲ ဖြစ်ပေါ်လာခဲ့ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟီ. . ဟီ. . ဟီ. . ဟီ"

အသံကြီးတစ်ခုက မြေပြင်ဝ...ခုလုံး သက်သွက်ခါကာ ထွက်ပေါ်လာခဲ့လေသည်။ တော်လဲတောင်ကြီး တစ်ခုလုံး လှုပ်ခါသွားခြင်းပင်ဖြစ်သည်။ သစ်ပင်ကြီးများသည် အကိုင်းချင်း ရိုက်ခတ်ကုံကြသည်။

"ဖျောင်း. . ဖျောင်း"

မတ်မတ်ရပ်နေကြသော သူတို့လေးယောက်စလုံး ကိုယ်ကိုမထိန်းနိုင်ကြတော့ပဲ ပစ်လဲကျသွားခဲ့ကြရသည်။

"ဘယ်လိုဖြစ်တာလဲ၊ တောင်ဟီတာကွ. ."

မုန်တိုင်းက လဲကျနေရာမှ လူးလဲပြီးဟော့ ထ,လိုက်သည်။

သို့ရှိခိုက်. . .

တော်လဲတောင်ထိပ်မှ ကျောက်တုံးလုံးလုံးကြီးသုံးလုံးက တောင်အောက်ကို လိမ့်ဆင်းကာ ကျလေတော့သည်။

"ဝုန်း. . ဝုန်း. . ဝုန်း"

"ဟာ. . ကျောက်တုံးကြီးတွေ လိမ့်ဆင်းလာခဲ့ကြပြီ"

ငမိုးက အထိတ်တလန့်ဖြင့် အော်လိုက်သည်။

လိမ့်ဆင်းလာကြသော ကျောက်တုံးကြီးများက မြေပြင်ပေါ်ကို တဒုန်းဒုန်းဖြင့် ပစ်ကျသွားခဲ့ကြပြီး တောထဲကို လိမ့်ပြီး ဝင်လာခဲ့ကြသည်။

"ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း"

"ဟိုက်. . တောထဲကို ရောက်လာခဲ့ကြပြီ"

ပြောရျှမှမဆုံးမီ သူတို့နေရာဆီကို ကျောက်တုံးကြီးများက အရှိန်ပြင်းစွာဖြင့် လိမ့်ဆင်းလာခဲ့ကြလေသည်။





"ရှောင်ကြဟေ့. . ဝင်တိုက်သွားကြလိမ့်မယ်. ."

အားလုံးအပြေးအလွှားပင်. . ရှောင်တိမ်းကြရသည်။ တစ်ချို့ကျောက်တုံးကြီးများက သစ်ပင်များကို ဝင်တိုက်သွားခဲ့ကြသည်။ သူတို့၏အနားမှလည်း နီးကပ်စွာဖြင့် ဖြတ်ကျော်သွားခဲ့လေသည်။ လေးယောက်စလုံးမှာ ဘုရားတ,နေကြရသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

## (၁၆)

## ရွာသူ မမင်းမိန်

"ဟဲ့..၊ ဒီအချိန်ကြီးကျမှ နင်တို့ဘယ်ကိုသွားကြ မလို့လဲ မိလုံးတို့.."

ခြံရှေ့မှ ဖြတ်သွားကြသော မိန်းကလေးတစ်စုကို ကြီးဒေါ်ပုက အိမ်ပေါ်မှ လှမ်း၍ မေးလိုက်သည်။

"ဪ.. တဲမှာ ပိတ်သွားယူမလို့ပါ ကြီးဒေါ်ပု"

"ဟဲ့.. အယ်.. နင်တို့အတင့်ရဲလှချည်လား ဟို.. ခြံရှေ့ကဖြတ်ပြီးတော့ လျှောက်ကြရမှာ မဟုတ်လား.."

"ဟုတ်တယ်လေ.. ကြီးဒေါ်ပုရဲ့ ဘာမှမဖြစ်နိုင်ပါဘူး ဒီလိုပဲသွားလာနေကြပါဟာ"

မိလုံးက ဆက်လျှောက်သွားရင်း ပြောသွားခဲ့လေသည်။.. ကြီးဒေါ်ပုမှာ သက်ပြင်းတစ်ချက် ချလိုက်ရင်း..

"တောက်.. ဒီကလေးတွေဟာ နေ့ရာတကာပေါ်ထီး

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ဆာ၊ မင်းစိန်ကိုများ ဘာမှတ်နေသလဲ မသိဘူး၊ သူတို့မို့လို့ မကြောက်မရွံ့တော်. . "

မဲ့ကာ ရွဲ့ကာဖြင့် ပြောလိုက်လေသည်။ အနားမှာ နှီးဖြာနေသော ခင်ပွန်းဖြစ်သူ ဦးဘိုမောင်က. .

"ပြောရင် မယုံကြဘူး၊ ကိုယ်ထိမှ အမလေးတ ကြတဲ့ သူတွေ. . ဖြစ်ပြီဆိုရင် ဘိုမောင်ဆီကို လာကြတော့ မယ်. . "

ဦးဘိုမောင်က ဗိန္ဒောဆရာ၊ ပယောဂဆရာ၊ မန်းမှုတ် တတ်သည်။ မြွေဆိုးကိုက်သော အဆိပ်ကိုပင် မန်းမှုတ်ပြီး ထုတ်နိုင်သူဟု. . ဇောင်းနီရွာမှာ နာမည်ကြီးနေသူ. . စကားတို ခက်ပြတ်ပြတ်ပြောတတ်သည်။

"လူကြီးသူမတွေရဲ့ သတိပေးစကား၊ ဆိုဆုံးမစကား ဆိုရင်. . ဘယ်တော့မှ နားထဲကို မဝင်ကြဘူး၊ ဘာမဆို. . သူတို့သဘောနဲ့ သူတို့ပဲ၊ ခလုတ်ထိမှ အမိတ, တတ်ကြတဲ့ သူတွေလေ. .

ကြီးတော်ပုက စကားအမျှင်မပြတ် တတွတ်တွတ်နှင့် ပြောပြီး ကျန်ရစ်ခဲ့သည်။ ဆေးဆရာ၊ ဗိန္ဒောဆရာ ဆိုသည့်ခင်ပွန်းဖြစ်သူ၏ ဂုဏ်အရှိန်ကလည်း ရှိပေသေး သကိုး။

➤ ➤ ➤

မိလုံးနှင့် အဖော်မိန်းကလေးနှစ်ယောက်သည် ရွာစွန် ကိုရောက်လာခဲ့ကြသည်။ သစ်ပင်ကြီး၊ ဝါးရုံပင်ကြီးများ လွန်စွာမှ



ထူထပ်စွာပေါက်နေကြသော ခြုံကြီးတစ်ခြုံ၊ ခြုံထဲမှာ သပ်ရပ်စွာ ဆောက်ထားသော အိမ်တစ်လုံးက ရှိနေသည်။ သွပ်မိုး၊ ပျဉ်ကာ၊ သုံးပင်နှစ်ခန်းအိမ်မြင့်ကြီးတစ်အိမ်ပင်ဖြစ်သည်။

မိလုံးတို့သည် ထိုခြုံရှေ့မှ ဖြတ်၍ လျှောက်သွားခဲ့ကြ လေရာ. .

ယင်းချုံကြီးကို မကြည့်မိကြစေရန် မျက်နှာကို လွှဲထား ကြသော်လည်း. .

မကြည့်ပဲနှင့်. . မနေနိုင်အောင် ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့်. . မျက်နှာတွေက အလိုလိုပင် လှည့်မိလျက်သား ဖြစ်သွားခဲ့ကြလေသည်။

"ဟင်. . "

သုံးဦးစလုံး၏ ရင်ထဲမှာ. . ထိတ်လန့်မှုကြေက တစ်ပြိုင်တည်းလိုလိုပင် ဖြစ်သွားခဲ့ကြရသည်။ လျှောက်လက်စ ခြေလှမ်းတွေပင် မမှန်ကြတော့ပဲ. . ဒယိမ်းဒယိုင်ဖြစ်သွားခဲ့ ကြလေသည်။

သူတို့ တွေ့လိုက်ကြရသည်ကား အသက်ငါးဆယ်ခန့်ရှိ မိန်းမကြီးတစ်ယောက်ပင်တည်း၊ လွန်စွာမှ ခက်ထန်သော မျက်နှာပေါက်ရှိပြီး နဖူးက ကျဉ်းကျဉ်း၊ နှာသီးများက ကောက်ကောက်၊ သပြေသီးမှည့်ရောင်မျက်ခွံနှစ်ဖက် သည် အရောင်အဆင်းမရှိသော မျက်ခွံတွေကို ဖုံးအုပ်ထား သည်။

မျက်လုံးအရောင်က မွဲခြောက်ခြောက်ဆိုပေမယ့် တစ်ချက်တစ်ချက်မှာတော့ အရောင်တောက်လာတတ်သည်။ စူးလူက်လာတတ်သည်။ နှုတ်ခမ်းက တွဲလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက ချိုင့်ဝင်လျက်ရှိသော မျက်ကွင်းနှစ်ဖက်ထဲကို ရောက်နေကြသည်။ ကျောပြင်ထက်သို့ ဖြန့်ပြီးချထားသော ဆံပင်များကတော့ နက်မှောင်နေသည်။

သူမကား ဒေါ်မင်းစိန်ဆိုသူပင်တည်း၊ မိလုံးတို့ ခြံရှေ့မှ ဖြတ်သွားကြသည်ကို ခါးယောက်ကာ ရပ်ကြည့်နေလေသည်။ အကျည်းတန်ရှုပ်ရည်နှင့် ဆံပင်ဖားလျား ချထားတာ ခါးထောက် ပြီးရပ်ကြည့်နေသူ၏ အကြည့်သည် ခက်ထန်နေသည်။

"အလို. . ဘုရား. . ဘုရား. . ဟိုမှာ ဒေါ်မင်းစိန်ကြီး ဟော့. . ရပ်ပြီး ငါတို့ကို ကြည့်နေတယ်၊ မြန်မြန်လျှောက်ကြ. . ."

"အေး. . ဒေါ်မင်းစိန်ကြီးတော့ ငါတို့သူ့ခြံရှေ့က ဖြတ်သွားကြတာကို မကျေနပ်ဘူးထင်တယ်. ."

"ကြည့်နေပုံကြီးကိုက ကြောက်စရာကြီး၊ မကြည့်ကြနဲ့ မကြည့်နဲ့. . ငါတို့ကို ပြုစားနေသလား မပြောတတ်ဘူး. . မိလုံး နင်က. . တစ်ခြားလမ်းက သွားရင်ရရဲ့သားနဲ့ ဒီလမ်းကိုမှ သုံးချင်တာကိုး. ."

"ဟဲ့. . အေးမြ၊ တစ်ခြားလမ်းက သွားရင် ကြာမှာပေါ့ ဟဲ့. . အပြန်မိုးချုပ်မှာစိုးလို့. . ဒီလမ်းက သွားရတာ. . ငါလည်း ဘယ်သွားချင်ပါ့မလဲ. . ဟယ်"

မိလုံးက အဖော်နှစ်ယောက်နှင့်အတူ မပြေးကြရုံတမယ် လျှောက်သွားကြပြီးမှ ဒေါ်မင်းစိန်၏ ခြံကို လွန်လာခဲ့ကြသည်။ ထိုအခါကျမှ သက်ပြင်းချမိကြရလေ၏။ ရင်ထဲမှာတော့ တဒိတ်ဒိတ်နှင့် ခုန်နေကြဆဲ. . ဒေါ်မင်းစိန်၏ ခက်ထန်သောအကြည့်



သည်. . မျက်လုံးတွေထဲမှာ ပျောက်ပျက်မသွားခဲ့ကြ. . မြင်ယောင်နေကြဆဲ. .

➤ ➤ ➤

ဒေါ်မင်းစိန်၏ ခြံကြီးထဲမှာ မာလကာ၊ သရက်၊ ကနစိုး၊ ငှက်ပျော၊ မရမ်းစသည့် သီးပင်စားပင်များက ပေါများလှသည်။ ရောင်းလည်းမစား၊ မည်သူ့ကိုမှလည်း ဆွတ်ခူးခွင့်မပြုပေ။

ပက်ခါတစ်ရံ မြေးဖြစ်သူ ရှင်နှောင်းက သစ်ပင်ပေါ်ကို တက်ပြီးခူးတတ်သည်။ ဒေါ်မင်းစိန်မမြင်အောင် သစ်ပင်ပေါ်ကို ကြံဖန်ပြီးတက်သည်။ သူမ စားချင်သည့် မာလကာ၊ မရမ်းသီးများကို ကိုယ်တိုင်တက်ခူးကာ စားသည်။ သစ်ပင်ပေါ်ကလည်း မဆင်းတော့၊ ရှင်နှောင်း၏ မိဘနှစ်ပါးသည် တစ်ဖက်ကမ်းတွင် လယ်လုပ်သည်။ လယ်ပိုင်များဖြစ်ကြသည်။ တစ်ရက်တွင် မိမိတို့ပိုင်လှေဖြင့် တစ်ဖက်ကမ်းကို ကူးသွားခဲ့ကြစဉ် မိုးသက်မုန်တိုင်း ရုတ်တရက်ကျလာကာ လှေမှောက်ပြီး သေဆုံးသွားခဲ့ကြလေသည်။ သူတို့မှာ ဥပစ္ဆေဒကံဖြင့် သေဆုံးသွားခဲ့သော်လည်း အပြောမလွတ်ကြပါ။

"သမီးနဲ့ သားမက်က အသေဆိုးနဲ့ သေကြမှာပေါ့. . မအေက အကျင့်မှမကောင်းတာ၊ သူက စုန်းပဲ၊ သူနဲ့မတည့်ကြတဲ့သူတွေကို မကောင်းကြံပြီး ပြုစားနေတော့. . အဲဒီအကုသိုလ်ကံက ဘယ်နေလိမ့်မလဲ၊ ကိုယ့်သွေးသားကိုပြန်ပြီးတော့. . ထိတာပေါ့. ."

မည်သို့ပင်ဖြစ်စေ၊ မိတစ်ဆိုး၊ ဖတစ်ဆိုးဘဝကို

www.burmeseclassic.com



ရောက်သွားခဲ့ရသော လူမမယ်လေးရှင်နှောင်းခများမှာတော့ ဖွားအေဖြစ်သူ ဒေါ်မင်းစိန်နှင့် လာနေရသည်။ ရောက်ကာစအ ရှင်နှောင်းသည် ဒေါ်မင်းစိန်ကို လွန်စွာမှ ကြောက်မိသည်။ မျက်နှာပေါက်ဆိုးဆိုးနှင့် ဖွားအေကို ယခုတစ်ကြိမ်သာ မြင်ဖူး ဆုံဖူးခဲ့သည်။ ဒေါ်မင်းစိန်၏ သမီးဖြစ်သူ မမုန်းကလည်း ဇောင်းနီရွာမှ ထွက်သွားခဲ့သည်မှာ ကြာခဲ့လေပြီ။ ဤသို့ထွက် သွားရခြင်းအကြောင်းကတော့ မိခင်ဒေါ်မင်းစိန်ကို ရွာသူ ရွာသားတွေက လူတွေကို ပြုစားတတ်သော မိန်းမ၊ စုန်း ဟူသော ထင်မြင်ချက်၊ စွပ်စွဲချက်များကြောင့် ရှက်လှချည်ရဲ့ ဆိုကာ တစ်ရွာသားနှင့် လိုက်ပြေးသွားခဲ့ခြင်းပင်ဖြစ်သည်။ ထိုအချိန်ကစပြီး မိခင်ထံသို့ လုံးဝပြန်ရောက်မလာခဲ့တော့.. သေသည်အထိဆိုပါတော့..

ဖွားအေဖြစ်သူ ဒေါ်မင်းစိန်ကလည်း မုဆိုးမ၊ ရှင်နှောင်း ကလည်း အထီးကျန်ဘဝဆိုတော့.. နှစ်ဦးအတူနေဖြစ်ကြရန် ကံကြမ္မာက တွန်းပို့လိုက်ခြင်းပေလား။

"ညည်းအမေက ငါ့ ပစ်သွားခဲ့တာ၊ ငါ့ကို သံယောဇဉ် ဖြတ်သွားခဲ့တာလေ၊ ငါ့.. သူ့အမေဆိုတာတောင် အသိအမှတ် မပြုတော့ဘူး၊ သေတဲ့အထိပဲဆိုပါတော့.. ညည်းရဲ့ အဖေဟာ ငါ့သားမက်ဆိုပေမယ့် သေသာသေသွားခဲ့ရတာ သူ့ရုပ်ရည် မြင်ဖူးတာပဲ.. မည်းတယ်ဆိုတာ ငါလုံးဝမသိလိုက်ရဘူး..

အခု.. ညည်းက ငါ့ဆီကိုရောက်မှာမှ ငါ့မြေးမှန်း သိခဲ့ရတယ်၊ ငါ့ဆီကို ရောက်လာမှတော့ ငါပဲတာဝန်ယူရတော့ မှာပေါ့အေ.."

"သမီးကို အဖေအမျိုးတွေကလည်း မကျွေးနိုင်ဘူးလို့



ပြောကြတယ်၊ အသိမိတ်ဆွေတွေကလည်း သမီး ဒုက္ခရောက် နေတာကို.. မသိချင်ယောင်ဆောင်နေကြတယ်၊ အကူအညီ မပေးကြဘူး၊ ဇောင်းနီမှာ နင့်အဖွားရှိတယ်.. သွားဆိုပြီး လှေပေါ်ကိုတင်ပေးလိုက်တာ အဖွားရဲ့.."

"အေးလေ၊ သူတို့တ မကူညီနိုင်ကြဘူးဆိုမှတော့၊ ဘာတတ်နိုင်မှာလဲ.. ငါ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး.. ဘယ်သူမဆို ကိုယ့်အကြောင်းနဲ့ ကိုယ်ကိုး.."

ရှင်နှောင်း ဒေါ်မင်းစိန်ဆီကို ရောက်လာတော့.. ဆယ်နှစ်သမီးလောက်ပဲ ရှိသေးသည်။ စတုတ္ထတန်းရောက် နေခဲ့လေပြီ။

ဒေါ်မင်းစိန်သည် ရှင်နှောင်းကို ရွာဦးကျောင်းဆရာတော် ဦးကေတုထံမှာ အပ်နှံသည်။

"တပည့်တော်မရဲ့ သမီးလေးကို ပညာသင်ကြားပေးပါ ဘုရား၊ မြေးလေးဟာ မိဘမဲ့ဘဝနဲ့ တပည့်တော်ဆီမှာ လာပြီး ခိုလှုံနေရတာပါ.."

ကျောင်းထိုင်ဆရာတော် ဦးကေတုသည် ဝိနည်းတော် နှင့်အညီ နေထိုင်ပြီး သိက္ခာပုဒ်များကို ထိန်းသိမ်းသူ အကျင့်သီလ နှင့်ပြည့်စုံသူတစ်ဦးဖြစ်သည်။

"အိမ်း.. တကာမကြီးက ခုလိုလာရောက်ပြီး တစ်လေး တစားနဲ့ အပ်နှံမှတော့ ဘုန်းကြီးလည်း လက်ခံရတော့မှာပေါ့၊ တလေးမလေးကို ကြည့်ရတာ.. ပညာဉာဏ်ထက်မြက်မယ့် လက္ခဏာပဲ.."

ရှင်နှောင်းကို အကဲခတ်ပြီး မိန့်တော်မူသည်။

"ကျေးဇူးကြီးလှပါတယ် ဘုရား၊ တပည့်တော် ပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်. . "

ဒေါ်မင်းစိန် ကျောင်းမှာ ကြာကြာမနေပါ၊ လူတွေ
သူ့ကို အတဲခေါ်လှုပြီဖြစ်သည်။ ဆရာတော် ဦးကေတုက
ရှင်နှောင်းကို ကျောင်းသားများ စာအံနေကြသော နေရာဆီသို့
ပို့ပေးသည်။ ဦးဇင်း တစ်ပါးက သင်ကြားပေးလျက်ရှိသည်။

"မောင်ပဉ္စင်း၊ ဒီကလေးကို ပညာဆက်သင်ပေးလိုက်ပါ"

ဦးဇင်းကလေးကလည်း ရှင်နှောင်းကို တစ်ချက်အကဲ
ခတ်တာ ကြည့်လိုက်ပြီး. .

"တင်ပါ့ဘုရား"

ဆရာတော်သည် သူ၏ အခန်းထဲသို့ ပြန်သွားခဲ့၏
ရွာထဲမှ ဒကာတစ်ဦးက ရောက်လာပြီး ဦးချကာ. .

"အရှင်ဘုရား၊ ဟို မိန်းမကြီးတွ ကျောင်းကို ဘာလာ
လုပ်တာလဲ ဘုရား၊ တပည့်တော်နဲ့ သူလမ်းမှာ ဆုံမိလိုက်
တယ်. . "

"သူ့မြေးကို ကျောင်းလာအပ်တာလေ. . "

"ဆရာတော်က လ ခံလိုက်သလား"

"လက်ခံရတာပေါ့၊ ဒီကလေးဟာ မိမဲ့ဘမဲ့ ကလေး
ပညာဉာဏ်လည်း ထက်မြက်မယ့်ပုံပဲ. . "

"အရှင်ဘုရားက. . ဒီမိန်းမကြီးရဲ့ အကြောင်း
သိသားနဲ့ ဘုရား၊ သူ့မြေးကို ကျောင်းမှာလက်ခံထားရင်
ကျောင်းသားတွေပါ နိုက်ကုန်ကြလိမ့်မယ် ဘုရား. . "

"ဟဲ့ ဒကာ၊ ဘာကိုဆိုလိုတာလဲကွယ်၊ ဒကာမကြီး
မင်းစိန်ကို ရွာက လူတွေက ပြောချင်သလိုပြော၊ ထင်
သလိုထင်နေကြတာ၊ မင်းတို့ဘက်က အထောက်အထားခိုင်





ကြလို့လား၊ သူ့မှာ သူ့များတဲ့တွေးခွက်ထဲ ပက်လက်မျောနေ
တာကြာပေါ့ကွယ်၊ ဒီကလေးကို ယက်ခံမိ .တာသင်မိတာနဲ့. .
ဘယ်လိုအကြောင်းကြောင့် နိုက်ရမတုန်း. . စကားပြော
ဆင်ခြင်ကြကွယ်. . "

"ါ. . ဒါတော့ ဘုရား. . "

ဒကာသည် ဆရာတော်မကြိုက်မှန်းသိ၍
ဆက်မလျှောက်တော့ပါ၊ ရင်ထဲမှာတော့ မကျေမနပ်ဖြစ်နေ
မိသည်။

"အချိန်ကား. . လဆိုက်ညဖြစ်သည်၊ ကောင်းကင်
တစ်ခုလုံးသည် အနီးအဝေးမှာရှိနေကြသည့် ကြယ်
အပေါင်းတို့ဖြင့် တန်ဆာဆင်ထားသည်။ နုံနုံသော အလင်း
ရောင်သည် မိုးအောက်မြေပြင်ဆီကို လောက်ငအောင်
မပေးနိုင်။

တောင်းနီရွာတစ်ရွာလုံးသည် တိတ်ဆိတ်ငြိမ်သက်
လျက်ရှိသည်၊ အိပ်မောကျနေကြသည်။ ရွာအနောက်ဖက်
ယာယ်ကွင်း ထဲတွင် ရိတ်သိမ်းစ. . စပါးများ၊ မှည့်ဝင်းနေပြီ
ဖြစ်သော်လည်း မရိတ်သိမ်းရသေးသော စပါးခင်းကြီးများသည်
လေပြိုးတဝါး အလင်းရောင်အောက်မှာ တငြိမ့်တမြောကြီး
ရှိနေကြသည်။ အချိန်အခါ မဟုတ်ပဲ ရွာသော မိုးကြောင့်
ရိတ်သိမ်းချိန်တန်ပြီ ဖြစ်သော စပါးများကို တောင်းရွာ ကျွမပေး
နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကလေးက တစ်ဖျောက်ဖျောက်၊ မသဲမကွဲကျနေစဉ်မှာ. . ရှာမှ. . ကိုမုန်တိုင်းသည် မိုးအုပ်ဆောင်းကိုပင် မကိုင်ပဲ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ အိမ်အနောက်ဖက်မှာ သူ၏ စပါးခင်းကြီးရှိလေသည်။ စပါးခိုးပြီး ရိတ်တတ်သူများကြောင့် စိတ်မချ၍ ကြည့်ရှုစစ်ဆေးရန် ထွက်လာခဲ့ခြင်းပင်ဖြစ်သည်။ သူ၏လယ်သည် ခြံနောက်ဖက်မှာ နီးကပ်စွာဖြင့် ရှိလေသည်၊ သူ၏အိမ်ခြံကား နောက်ဖက်ကို ပေနှစ်ရာခန့်ရှည်ပြီး အုန်းပင်၊ ကွမ်းပင်၊ မန်ကျည်းပင်၊ မရမ်းပင်စသည်တို့ဖြင့် ပြည့်နှက်စွာ ပေါက်နေကြသည်။

လူသွားလမ်းကလေးတော့ ရှိသည်။ သွားလာနေကြဖြစ်သည်မို့လည်း မိုးအုပ်ဆောင်းကို ယူမလာခဲ့၊ လမ်းကို မှတ်မိနေသည်။ နောက်တစ်ချက်က မိုးရောင်ကိုမြင်လျှင် စပါးခိုးပြီး ရိတ်နေကြသူတွေရှိက. . ထွက်ပြေးသွားမည်စိုး၍ ဖြစ်သည်။

ကိုမုန်တိုင်းသည် မုဆိုးတစ်ပိုင်းလည်းဖြစ်သည်။ ယခု လက်ထဲမှာ ဓါးလွတ်တစ်ချောင်းကို ကိုင်ထားသည်။ မှောင်ရိုရိုသန်းနေပေမယ့် ခြံထဲက လမ်းသည် ရေးရေးထင်နေသည်မို့ ကောင်းစွာမှတ်မိနေလေသည်။ လမ်းလျှောက်ရာတွင်လည်း ခြေသံကို မကြားရ၊ ခြေသံလုံသူဖြစ်သည်။

မကြာမီ. . ခြံအနောက်ဖက်ကို ရောက်လာခဲ့လေသည်။ ကိုမုန်တိုင်း၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားခဲ့ရသည်။ ခြံထောင့်မှာ မီးရောင်လက်လက်ကို အမှတ်မထင် မြင်လိုက်ရသောကြောင့်ပင်ဖြစ်သည်။ ဂုံညင်းဒိုးလောက်အရွယ်ရှိသော မီးလုံးကြီးတစ်လုံးသည် လျှောက်သွားနေသည်၊





မီးလုံးရဲရဲကြီးသည် အိမ်သာနားတွင် လူပ်လူပ်ရှားရှားဖြင့် သွားလာလျှက်ရှိသည်။ သေချာစွာ စူးစိုက်ပြီးတော့ ကြည့်နေမိသည်။ အံ့အားလည်းသင့်သွားခဲ့ရလေသည်။

"ဘာများပါလိမ့်. ."

စူးစမ်းသော အနေဖြင့် ဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ. . ထိုနေရာကို အပြေးတစ်ပိုင်း လျှောက်သွားခဲ့သည်။

သို့သော်. .

ကိုမုန်တိုင်း ထိုနေရာကို မရောက်မီမှာပင် မီးလုံးကြီးသည် လျင်မြန်စွာ ဝေ့ဝဲကာသွားနေပြီးမှ ခြံပြင်ဘက်ကို ထွက်သွားခဲ့လေသည်။ ကိုမုန်တိုင်း ခြံနောက်ဖက်တံခါးကို ဖွင့်ပြီး လိုက်သွားသည်။ မီးလုံးကြီးကို မတွေ့လိုက်ရတော့. . ပျောက်ကွယ်သွားခဲ့လေပြီ။

"ဘယ်ရောက်သွားပါလိမ့်၊ ငါပဲ မျက်စိမှားသလား. ."

မျက်လုံးတွေက ဝိုးတဝါးမှောင်ရိုရိုမှာ ဟို. . ဒီ လိုက်ပြီးတော့ ကြည့်နေမိလိုက်သည်။ စောစောက သူ. . မျက်ဝါးထင်ထင်တွေ့လိုက်ရသည့် မီးလုံးနီနီသည် ဘယ်ဆီကို ရောက်သွားသလဲ မပြောတတ်တော့ပါ။

စိတ်ထဲမှာ. . မတင်မကျဖြစ်ပြီး စိတ်ထင်ရာ နေရာကို တောက်လျှောက် လိုက်သွားသည်။ တစ်နေရာကို ရောက်သွားသောအခါ. . သူ၏ခြေလှမ်းများသည် တန့်သွားခဲ့ရသည်။

စပါးပင်တွေကြား. . ကန်သင်းရိုးပေါ်မှာ မတ်တပ်ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ပင်။

အမျိုးသမီးကြီးသည် ဆံပင်ကို ဖားလျားချထားပြီး

တစ်နေရာကို ငေးရီပြီးတော့ ကြည့်နေသည်။ ယင်းအမျိုးသမီးကြီးကား အခြားသူမဟုတ်၊ ဒေါ်မင်းစိန်ပုင်တည်း. .

"ဟင်. . ဟို မိန်းမကြီးပါလား"

ကိုမုန်တိုင်းမှာ လွန်စွာမှ အံ့အားသင့်သွားခဲ့လေသည်။

(၁၇)

## ရှိန်းလား လူလား

"ကျွန်တော် သေသေချာချာကို တွေ့လိုက်ရတာပါ ဦးရိုးရာ၊ မီးလုံးကြီးလည်း ပျောက်သွားရော. . တစ်နေရာမှာ ဟိုမိန်းမကြီးကို တွေ့လိုက်ရတာပါပဲ. ."

မုန်တိုင်းက ဆေးဆရာ၊ ဗိန္ဓောဆရာကြီး ဦးဘိုမောင်ကိုတိုးတိုးတိတ်တိတ်ပြောပြလိုက်သည်။

"အေး. . အဲဒါကလည်း ပြောရခက်ခက်ပဲကွ၊ ဆက်စပ်ပြီးတော့ စဉ်းစားရင်ရပေမယ့် အတတ်ပြောလို့တော့ မရဘူးကွ၊ မင်းရေအိမ်နားမှာ တွေ့ခဲ့ရတဲ့ မီးလုံးဟာ မီးအုပ်ဆောင်းတစ်ခုလည်းဖြစ်နိုင်တာပဲကွ၊ သူခိုးတစ်ယောက်က မီးအုပ်ဆောင်းကိုကိုင်ပြီး လျှောက်သွားနေတာလားမှ မသိတာ"

"မဖြစ်နိုင်ဘူး ထင်တယ် ဦးရိုး၊ ကျွန်တော် သေသေချာချာတွေ့လိုက်ရတာက မီးလုံးစစ်စစ်ပါ။ ဦးရိုးက ကျွန်တော့်ကို

အမြင်မှားတယ်လို့များ ထင်သလား..”

ဦးဘိုမောင်က ခေါင်းကို ခါ၍ရမ်းလိုက်ပြီး..

“ငါဟာ လူတစ်ယောက်အပေါ်မှာ ဒီ ကြောင်းမဲ့ မစွပ်စွဲချင်လို့.. အကျိုးအကြောင်းနဲ့ ဆင်ခြင်ပြီးတော့ ပြောနေရတာပါ၊ အဲ့သလို ကိစ္စမျိုးဟာ မဟုတ်ပဲနဲ့ အထင်ခံရသူဟာ သိပ်ပြီးတော့ နစ်နာတယ်ကွ..”

“တော်တာလည်း.. ဒိမိန်းမကြီးအပေါ်မှာ အခုမှ စိတ်ကောင်းဝင်နေပြန်ပါပြီ၊ သူမှ သူအစစ်၊ မင်းစိန်ဟာ ရွာသူ စုန်းဆိုတာ အားလုံးသိတယ်..”

ကြီးတော်ပုက ဆန်ပျာနေရာမှ ဦးဘိုမောင်ကို မျက်စောင်းကြီးခဲကာ ငေါ့တော့တော့ ပြန်ပြောလိုက်လေသည်။

“ဟဲ့.. ငါက ဘယ်စကားကိုမှ သတိလက်လွတ်နဲ့ မပြောတတ်ဘူး၊ ရှေ့နောက်ချင့်ချိန်ပြီးမှ ပြောတတ်တာ.. နင်သိသားပဲ မပု၊ ကဲ.. သူဟာ ရွာသူ (စုန်း)ဆိုတာ နင်တို့က ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်တာလဲ..”

ကြီးတော်ပုက ဆန်ပျာလက်စကို ရပ်လိုက်ကာ ဇကောကို အောက်သို့ချလိုက်ပြီး..

“ဘယ်လိုအထောက်အထားလဲ.. ဟုတ်လား၊ ဟို.. ရွာအရှေ့ပိုင်းက မငွေရင်ရဲ့သမီး၊ ငွမ်းပုံလေးကိုလေ၊ မင်းစိန်က”

“မင်း.. အဲ့ဒီနာမည်ကို ထည့်မပြောစမ်းပါနဲ့ကွာ”

“အဲ့ဒီမိန်းမကြီးက ငွမ်းပုံလေးကို လမ်းမှာချီပြီး နမ်းခဲ့တယ်၊ ဘာကြာသလဲ.. ညနေကျတော့ ကလေးက ဗိုက်နာပါလေရော.. မနေနိုင် မထိုင်နိုင်နဲ့ လူးလိမ့်အော်ဟစ်နေရတယ်.. အဲ့ဒါ.. မင်းစိန်က ကလေးကို လုပ်လိုက်တာ”





“ဒီကလေးကို မင်းစိန်က လုပ်လိုက်တာဆိုတာ နင်သိလို့လား..”

“သိတာပေါ့၊ သူက ကလေးရဲ့မိဘ လူကြီးတွေကို မကျေနပ်လို့.. ကလေးကို ဒုက္ခပေးခဲ့တာ၊ တော့်ဆီကို ကလေးက ရောက်လာမှ ပျောက်သွားခဲ့တာ မဟုတ်လား”

“အဲဒါ ကလေးက အစားမှားပြီး ဗိုက်နာတာ၊ နှီးနှီး ဖြစ်တာ.. ငါကိုယ်တိုင်.. လူးဆေး၊ လိမ်းဆေးတွေ လိမ်းပေးလိုက်တယ်၊ သောက်ဆေးတွေပေးလိုက်တယ်.. ဒါကြောင့် ပျောက်သွားတာ..”

ကြီးဒေါ်ပုသည် ဦးဘိုခင်ကို မျက်လုံးကြီးတွေ လှန်ကာ ကြည့်လိုက်ပြီး..

“အရင်ကတော့ တော်က ဒိမိန်းမကြီးကိုပဲ ထင်နေတာ မဟုတ်လား၊ အခုကျမှ ဘယ်လိုကြောင့် သူ့ကို အကာအကွယ် ပေးနေရတာလဲ..”

“ငါ.. အကာအကွယ်ပေးတာ မဟုတ်ဘူး၊ အခြေအမြစ်မရှိပဲ ငါလည်း စဉ်းစားမိခဲ့တယ်၊ ဒီ အမျိုးသမီးကြီးဟာ ငါတို့ထက် အများကြီး ငယ်တယ်၊ သူ့ရုပ်ရည်ကြောင့်သာ အသက်ကြီးတယ်လို့ထင်နေရတာ၊ အရုပ်ဆိုးတယ်ဆိုတိုင်း.. ရွာသူလို့ သတ်မှတ်လို့ ဘယ်တရားပါ့မလဲ..”

“ဦးရီး.. စုန်းဆိုတာ ဘာလိုခေါ်တာလဲ”

“ငါ.. ကြားဖူး၊ မှတ်ဖူး၊ ဖတ်ဖူးခဲ့တဲ့ ဗဟုသုတအရ.. ရှေးဘဝတွေက မကောင်းမှုတွေကို ယုတ်ညံ့စွာနဲ့ ပြုလုပ်ခဲ့ကြတဲ့.. သူတွေကို ဂန္ဓဗ္ဗနတ်မျိုး လို့ခေါ်တယ်၊ သူတို့ဟာ လူမိန်းမတွေရဲ့ ဝမ်းမှာဝင်စားကြတယ်၊ အဲ့ဒီ ဂန္ဓဗ္ဗနတ်မျိုးကို ပေဒင်



www.burmeseclassic.com

www.burmeseclassic.com



ကျမ်း၊ ဆေးကျမ်း၊ မှော်ကျမ်းတွေမှာ ဇော်ဂီနီနတ်လို့ခေါ်ကြ တယ်တဲ့..

အဲဒီ ဇော်ဂီနီနတ်တို့ဟာ ညဘက်မှာ ဒန်ခိုးအမျိုးမျိုး ပြပြီးကျက်စားကြကုန်တယ်၊ အဲ့ဒီလို ကျက်စားကြတဲ့အခါမှာ ထွန်းလင်းတောက်ပတတ်တယ်၊ အဲ့ဒါကို ဇုကာလို့ခေါ်တယ်၊ မြန်မာလိုတော့ စုန်းလို့ခေါ်တာပေါ့။ အဲ..စုန်းကလည်း အမျိုးအစား ၇ မျိုးရှိတယ်..

ခြေစုန်း (ရှာသူ)ဆိုဟာက သစ်သီးသစ်ပွင့်စားတယ်၊ လူရဲ့ခြေနဲ့ ခြေရာကို ကိုင်ပြီး ဖမ်းစားနိုင်တယ်၊ ခေါင်စုန်း (နဖားတပ်)က သစ်သီးအမှည့်၊ အချိုအချဉ်စားတယ်၊ အရိပ်၊ ခြေရာကို ဖမ်းစားနိုင်တယ်၊ ကိုယ်စုန်း (ဆင်ကွပ်)ကတော့ မစင်၊ ချေးခြောက်ကို စားတယ်၊ သူလည်းပဲ..အရိပ်၊ ခြေရာကို ဖမ်းစားနိုင်တယ်တဲ့၊ မောက်လုံးစုန်း (စုန်း)ဆိုတာက အသွေး အသားအရေကို စားတယ်၊ လူတို့ကိုယ်တိုင်ထိတွေ့ပြီး နမ်းရှုံ့ ရပြီးမှ ဖမ်းစားနိုင်တယ်၊ မောက်ပြားစုန်း (ရှာသမီး)ကတော့ အူ၊ အသဲ၊ အမြစ်ကိုစားတယ်၊ ကိုယ်တိုင်မြင်ရ၊ နမ်းရှုပ်ရမှ ဖမ်းစားနိုင်တယ်။

ဇော်ဂနီလည်း အိန့်တလိန့်စုန်းထဲမှာ ပါဝင်တယ်၊ အကြော်အလှော်၊ အအိမ့်၊ အစိမ့်တို့ကို စားတယ်၊ အမည်ကို သိမှ မိမိလက်အောက်ရှိ (၃၇)မင်းနတ်တို့ကို စေခိုင်းပြီး ဖမ်းစားတတ်တယ်..

ကဝေမြောက်စုန်း (ကဝေ)ကတော့ လူသွေး၊ လူသား လူရိုးကိုစားတယ်၊ အမည်သိရင် မိမိလက်အောက်က နတ်တို့ကို စေခိုင်းပြီး ဖမ်းစားနိုင်တယ်တဲ့..



အိမ့်တလိမ့်စုန်း၊ ဇော်ဂနီစုန်းကတော့ ကိုယ့်ကိုယ်ထဲမှာ ဝိမာန်နဲ့တကွဖြစ်ပြီးနေလာတဲ့ ဂန္ဓဗ္ဗနတ်ရဲ့ အာနုဘော်ကြောင့် ကိုယ်က ကြံစည်တိုင်းအောင်မြင်ဝ..ယ၊ ဖမ်းစားနိုင်တယ်၊ မသင်ပဲ ထတ်တဲ့အတွက် ဝမ်းတွင်းစုန်းလို့ခေါ်တယ်၊ ဗူးသွင်းတယ်ဆိုတာ..အဲ့ဒီမိန်းမတွေကို ခေါ်တာပဲကွယ့်..

ငါကတော့ သိသမျှ ပြောပြီးပြီ.မင်းတို့က..ဝေဖန်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်နိုင်တယ်၊ ဒီပညာရပ်တွေဟာ ရှေးက တကယ်ရှိခဲ့တာလား၊ အရိပ်ထင်၊ အယောင်ထင်ပြီး ပြောကြ တာလားဆိုတာ..”

ကိုမုန်တိုင်းသည် အတန်ကြာအောင် စဉ်းစားခန်းဝင် နေပြီးမှ..ဦးဘိုမောင်ကို နှုတ်ဆက်ကာ ပြန်သွားခဲ့လေသည်။

➤ ➤ ➤

ရှင်နှောင်းသည် ဘုန်းတော်ကြီးကျောင်း၌ စာသင်နေ စဉ်အတွင်း..တစားဖော်ကစားဖက် မရှိပေ။ ကျောင်းသား မိဘများက.သူတို့၏ ကလေးများကို ရှင်နှောင်းနှင့်အတူ ကစားခွင့် မပြုကြပေ။ ရှင်နှောင်းသည် ဒေါ်မှင်းစိန်နှင့် ပတ်သက်နေသောကြောင့် ဖြစ်သည်။

ရှင်နှောင်းကလည်း အသည်းမာသူဖြစ်သည့်အတိုင်း သူမအပေါ်မှာ အဖက်မလုပ်ကြသူများကို အလျဉ်းဂရုစိုက်ခြင်း မရှိ။ တစ်ယောက်တည်းနေတတ်..ကစားတတ်သော အကျင့်မျိုးရှိလာခဲ့သည်။

“သမီး..စာသင်ရတာ အဆင်ပြေရဲ့လား..”

www.burmeseclassic.com

www.burmeseclassic.com



“စာသင်ရတာကတော့ အဆင်ပြေပါတယ် အဖွားရယ်”

“ဒါဖြင့်. . ဘာကို အဆင်မပြေတာလဲ၊ ညည်းစကား ထဲမှာ. . အစိပ္ပါယ်ပါနေတယ်. . ”

“သမီးကို ကျောင်းသား၊ ကျောင်းသူတွေက အရော မဝင်ကြဘူး၊ အတူပေးမကစားကြဘူး. . အကြောင်းကတော့”

“တော်ပြီ. . ငါသိပြီ၊ ဆက်မပြောနဲ့တော့. . သူတို့က ကိုယ့်ကို အဖက်မလုပ်ကြလည်း အရေးစိုက်စရာလားအေ ကိုယ့်အလုပ်ကိုယ်လုပ်ပေါ့၊ ဘာလဲ. . ညည်းက ဝမ်းနည်းနေ သလား. . ”

“သမီး ဝမ်းနည်းလို့ ပြောတာ မဟုတ်ပါဘူး၊ သမီးတ ကိုယ့်ကို အဖက်မလုပ်တာကို တွေးပြီးတော့ ဝမ်းနည်းမနေ တတ်ပါဘူး၊ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း နေရတာ ကိုပဲ. . ကျေနပ်တယ်. . ”

“အေး. . အဲ့သလို စိတ်ဓါတ်မျိုးရှိမှ. . ငါက သဘော ကျတယ်၊ ငါ. . ဘယ်လိုနေထိုင်တယ်ဆိုတာ မြင်တယ် မဟုတ် လား. . ငါ့ကို ဘယ်သူတွေက ဘာပဲပြောပြော. . ဂရုမစိုက်ဘူး လူဆိုတာ. . ကိုယ့်အကြောင်း ကိုယ်အသိဆုံးပဲ. . ”

ဒေါ်မင်းစိန်သည် ပြောမယ့်သာပြောလိုက်ရသည်။ မြေးဖြစ်သူ ရှင်နှောင်းအတွက် စိတ်မကောင်းဖြစ်မိသည်။

“ဩော်. . ငါ့မြေးလေးကို ငါစိတ်ချမ်းသာအောင်. . ပြောလိုက်တာပါ၊ တစ်ကယ်တော့ သူ့အရွယ်လေးနဲ့ အထီးကျန် ဘယ်နေချင်ပါ့မလဲ. . ကစားဖော်တွေရှိချင်မှာပေါ့. . အတူ ဆော့ချင်မှာပေါ့၊ ငါကလည်း ငါ့အကြောင်းနဲ့ ငါကိုး. .

ငါ့ကြောင့် ငါ့မြေးလေး လူတောထဲ မတိုးဝံ့ရှာဘူး။





သိမ်ငယ်နေရရှာတယ်. . ”

ဒေါ်မင်းစိန်သည် ခြံထဲမှာ တစ်ယောက်တည်း ဆော့ တစားနေသော မြေးဖြစ်သူကို ကြည့်ကာ. . သက်ပြင်းတစ်ချက် သိသာစွာ ချမိလိုက်လေသည်။

➤ ➤ ➤

တောနက်တွင်းတစ်နေရာ. .

ဒေါ်မင်းစိန်နှင့် ရှင်နှောင်း၊ မြေးအဖွားနှစ်ယောက်တို့ သည် တောထဲကို ရောက်နေကြသည်။

တကယ်တော့. . လူတကာ၏ အမနာပစကားများကို ရှောင်ရှားလို၍ တောနက်ထဲမှာ နားအေးပါးအေး လာနေကြ ခြင်းပင်ဖြစ်သည်။ ဒေါ်မင်းစိန်သည် မကျန်းမာ၍ပင် ဆေးဆရာမပြဝံ့၊ သူမကို စုန်းဟု ယိုးစွပ်ပြီး မည်သူကမှ ဆေးဖော်ကြောဖက်မလုပ်ဝံ့ကြ၊ အရောတဝင်လည်း မနေကြ၊ ထို့ကြောင့်. . မိမိဘာသာ ဆေးဖော်စားရလေသည်။ သူမ၏ ချို့ယွင်းသောရုပ်ရည်က. . လူတကာထင်စရာပဲဖြစ်နေလေ သည်။

“နင့်အဖိုး ဝေလုဟာ သိုင်းဆရာကြီးကွယ့်၊ ငါ့အမေနဲ့ ငါ့အဖေကလွဲလို့ ငါ့ကို ဘယ်သူမှ မချစ်ကြဘူး၊ ငါ့ကိုလည်း ကျောင်းထားလို့မရလို့ မိဘနှစ်ပါးကပဲ. . အိမ်မှာ ပညာသင် ပေးခဲ့ကြတယ်၊ ငါ့အဖေ ဝေလုဟာ သူတို့ရဲ့ သမီး အရုပ်ဆိုး အကျည်းတန်မကို သိုင်းပညာအမွေပေးခဲ့တယ်၊ ဆေးဝါးဖော်စပ် တဲ့အတတ်ပညာကိုလည်း သင်ကြားပေးခဲ့တယ်. .



www.burmeseclassic.com

www.burmeseclassic.com

ငါ့ရဲ့ ရှေ့အလားအလာကို သိကြလို့ပဲ ထင်ပါရဲ့၊ ဒီပညာ
တွေဟာ ကိုယ့်အသက်ကို ကာကွယ်ကြဖို့ပဲ ဖြစ်တယ်၊ ငါ့ခြေ
နင်က အရွယ်ရောက်ရင် ချောလာ၊ လှလာဦးမှာ. . အဲ့ဒီတော့
ကိုယ့်ကို စော်ကားမယ့် သူကို ကာကွယ်တားဆီးနိုင်အောင်
သိုင်းပညာနဲ့ ဆေးဝါးအတတ်ပညာကိုတော့ ငါမသေခင်
သင်ပေးခဲ့မယ်. ."

"သမီးလည်း သင်ချင်ပါတယ် အဖွား. ."

ဒေါ်မင်းစိန်သည် ထိုစဉ်က အသက်လေးဆယ်ကျော်
ကျော်ခန့်သာရှိသေးသည်။ စိတ်ကလည်း ဆောင်သည်
လူကလည်း သန်သည်။ ရှင်နှောင်းကို လက်နက်မဲ့ သိုင်းပညာ
ဗန်တို၊ ဓန်ရှည်၊ ရှမ်းကြိုးသိုင်း၊ သိုင်းပြောင်းပြန်က အစ. .
သင်ကြားပေးသည်။

ရှင်နှောင်းမှာ သင်ကာစက စိတ်မပါ၊ ဖွားအော်
ကြောက်လန့်ပြီး သင်ကြားနေရသည်။ နောက်တော့. . စိတ်ဝင်
စားလာခဲ့သည်။ ပညာကို လိုလိုချင်ချင်နှင့် စိတ်ပါလက်ပါနှင့်
သင်ကြားလာခဲ့လေသည်။

"ပညာဆိုတာ ကြောင်လက်သည်းလိုပဲ. . သိုဝှက်ထား
ရတယ်၊ တတ်တိုင်းလည်း မပြရဘူး၊ သိတိုင်းလည်း မဟရဘူး
တစ်ဖက်ရန်သူက ကိုယ့်ကို အထင်သေးလေ၊ ကောင်းလေပဲ
ကိုယ့်ဘက်က အခွင့်အရေးသာလေပဲ၊ အရေးကြုံမှ ထုတ်ပြီး
တော့. . သုံးရတယ်၊ ကိုင်း. ."

ဒေါ်မင်းစိန်သည် ရှင်နှောင်းအလစ်မှာ ဓါးဖြင့် ပိုင်းချ
လိုက်သည်။

"ဝှစ်. ."



"ထန်. ."

မျက်စိရှင်ရှင်ထားသော ရှင်နှောင်းကလည်း လက်ထဲမှ
ဓါးဖြင့် ဆီးခံလိုက်သည်။ ထို့နောက် ငှက်ဖိုဓါးခင်း ခင်းကာ
တရစပ်ဝင်သွားခဲ့သည်။ မြေးအဖွားနှစ်ယောက်၏ ဓါးသိုင်း
ပညာလေ့ကျင့်မှုသည် ပြင်းထန်လှသည်။ ကြောက်ခမန်းလိလိ
ပင်ဖြစ်သည်။ ရှင်နှောင်းသည် လက်ရည်က တက်သထက်
တက်လာခဲ့သည်။ ဒေါ်မင်းစိန်၏ ရှည်လျားသော ဆံပင်များ
သည် ကိုယ်လှုပ်ရှားလိုက်တိုင်း လေထဲမှာ. . ဝဲကနဲ . . ဝဲကနဲ
ဖြစ်သွားခဲ့သည်။ အချို့ မျက်နှာကို တစ်ဝက်တစ်ပျက်. .
ဖုံးအုပ်သွားခဲ့သည်။

တင်းမာခက်ထန်နေသော ဒေါ်မင်းစိန်၏ မျက်နှာကြီး
သည် ကြောက်စရာကောင်းလှသည်။ နာနာဘာဝရုပ်ကြီးလို
ဖြစ်နေသည်။ တစ်ယောက်ယောက်သာ မြင်မိခဲ့လျှင်. .
အထိတ်တလန့်ဖြစ်သွားမှာ မလွဲ၊ ရှင်နှောင်းပင်လျှင် တစ်ခါ
တစ်ရံမှာ ကြောက်လန့်မိတတ်သေးသည်။

ထိုစဉ်က. .

ရှင်နှောင်းသည် လွန်စွာမှ ငယ်ရွယ်သေးသည်။
အပျိုပေါက်သာသာပဲ ရှိသေးသည်။ သို့သော်. . ကိုယ်ခန္ဓာ
ဖွံ့ဖြိုးမှုကတော့ တောင့်တင်းကြွခိုင်လျက်ရှိနေလေပြီ

မြေးအဖွားနှစ်ယောက်သည် သိုင်းလေ့ကျင့်ပြီးသွား၍
အမောဖြေနားနေလျက်ရှိနေစဉ်မှာ. .

"အီး. . အီး. ."

အသံတစ်သံကို မမျှော်လင့်ပဲ ကြားလိုက်ကြသည်။
နှစ်ဦးစလုံး နားစွင့်လိုက်ကြသည်။ တစ်ခဏအကြာမှာ တအီးအီး

www.burmeseclassic.com

www.burmeseclassic.com

နှင့် အသံကထပ်ပြီးတော့ ပေါ်လာခဲ့ပြန်သည်။

"အီး . . အီး . ."

"ဘာသံလဲ အဖွား . ."

"မသိဘူး၊ လာ . . သွားကြည့်ကြရအောင်"

နှစ်ဦးစလုံး အသံထွက်ပေါ်လာရာဆီကို မှန်းဆပြီးတော့ ထွက်လာခဲ့ကြသည်။ ဓါးကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကြလေသည်။ တောနက်ထဲမှာ သတိထားပြီး လျှောက်လာခဲ့ကြရာ တင်နေရာကို ရောက်သော် . .

"ဟင် . ."

အမှတ်မထင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် အံ့အားတသင့်ဖြစ်သွားခဲ့ကြရလေသည်။ ယင်းကား . . မြေပြင်ထက်မှာ လဲလျောင်းနေသော သစ်နက်မကြီးတစ်ကောင်ပင်တည်း။ ဝေဒနာတစ်ခုကို ခံစားနေရဟန်တူသည်။ နေရာမှလည်း မထနိုင်တော့ . . ညာဘက်လက်ပြင်ကို ထိုးဖောက်ပြီး စိုက်ဝင်နေသော မြားတံတစ်ခုကိုလည်း တွေ့လိုက်ရသည်။

သစ်နက်မကြီး၏ နားမှာ မွေးကင်းစ သစ်နက်ကလေး နှစ်ကောင်ကိုလည်း တွေ့လိုက်ရလေသည်။ ချက်ကြိုးများပင် မဖြတ်တောက်ရသေးပေ။ သစ်နက်မကြီးမှာ မွေးဖွားကာနီးဆဲဆဲမှာ . . တောမုဆိုး၏ မြားဒဏ်သင့်သွားခဲ့ဟန်တူသည်။

မြားမှန်ပြီး အသက်လုကာ အဝေးမှပြေးလာခဲ့ခြင်းပင်ဖြစ်သည်။ ဝမ်းမှလွယ်ထားသော ရင်သွေးကြောင့်လည်း သားဖောကြောင့် . . အားခဲပြီးပြေးလာခဲ့ရခြင်းလည်း ဖြစ်ဟန်တူသည်။ သစ်နက်မကြီးမှာ ဤနေရာကို ရောက်အောင် လာခဲ့ရသောကြောင့်လည်းကောင်း၊ ဝမ်းနာ၍ . . မီးဖွား





လိုက်ရသောကြောင့်လည်းကောင်း၊ လွန်စွာမှ . . မောပန်းနေလျက်ရှိသည်။

မြေးအဖွားနှစ်ဦး ရောက်သွားခဲ့ချိန်တွင် ညည်းညူသံပင်မပေးနိုင်ရှာတော့။ ခေါင်းလေးကိုထောင်ကာ သူတို့ကို ကြည့်နေရှာသည်။

"ဖြစ်မှဖြစ်ရလေကွယ် . . တော်တော့်ကို ရက်စက်ကြတဲ့ သူတွေပါလား . ."

"သနားစရာဘဲ . အဖွားရယ် . ."

မှုင်နှောင်းလည်း စိတ်မကောင်းဖြစ်နေမိသည်။ သစ်နက်ကြီးကိုလည်း ကြောက်လန့်ရမှန်း မသိကြတော့ပါ။ ဒေါ်မင်းစိန်က သစ်နက်မကြီး၏ အနားကို ရဲတင်းစွာပင် ကပ်သွားခဲ့သည်။

"ငါ . . နင့်ကို အကူအညီပေးမလို့ ငါ့ကို ရန်မရှာနဲ့နော်"

ပြောပြီး သစ်နက်ပေါက်ကလေးနှစ်ကောင်၏ ချက်ကြိုးများကို ဖြတ်တောက်ပေးလိုက်သည်။ သစ်နက်ကလေးနှစ်ကောင်သည် အမိဝမ်းထဲမှ ကျွတ်စကပင် မိခင်၏နို့ကို အငမ်းမရစို့နေကြသည်။ သစ်နက်ကြီးက ခေါင်းကိုထောင်ပြီး မိမိ၏ ရင်သွေးငယ်များကို လျှာဖြင့်လျက်ပေးလျှက် ရှိနေသည်။ ထို့နောက် . . ခေါင်းက ပြန်ပြီး လဲကျသွားခဲ့လေသည်။

"ငါ . . နင့်ကိုဆေးကုပေးမယ်၊ ငါ့ကို ရန်မရှာရဘူးနော်"

ထပ်ပြီးတော့ . . ပြောသည်။

သစ်နက်ကြီးက ဒေါ်မင်းစိန်၏ စကားကိုနားလည်သည့်အလား . . တောက်ပြောင်သော မျက်လုံးတွေဖြင့် ကြည့်နေရှာသည်။

"ကျွန်မ . . ဒေါ့တော့ပါဘူးရှင်၊ ခုလိုကူညီတာ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်. . ကျွန်မရဲ့သားလေးတွေကိုသာ ဂရုစိုက်ပြီး စောင့်ရှောက်ပေးပါ. . ”

ဟု မျက်လုံးအကြည့်တွေက ပြောနေသယောင်ယောင် ဒေါ်မင်းစိန်သည် သစ်နက်မကြီး၏ကိုယ်မှ. . မြှားတံကို ဆွဲနှုတ်လိုက်သည်။ ညည်းညူသံတစ်ချက် ထွက်ပေါ်လာခဲ့သည်။

ဒေါ်မင်းစိန်သည် အဆိပ်ပြေဆေးရွက်များ၊ ဆေးမြစ်များဖြင့် သစ်နက်မကြီး၏ ဒဏ်ရာကို ကုသပေးသည်။ သို့သော် သစ်နက်မကြီးသည် သူမ၏ သားနှစ်ဦးကို နို့ဝအောင်တိုက်ခဲ့ပြီး ညနေစောင်းမှာပင် သေဆုံးသွားခဲ့လေသည်။

“အဲဒါမှ ပြဿနာပဲ၊ သစ်နက်မကြီးကတော့ သူ့သားနှစ်ကောင်နဲ့ ငါတို့ကို စိတ်ချလက်ချထားခဲ့ပြီ၊ ငါဒီနှစ်ကောင်ကို အသက်ရှင်အောင် ဘယ်လို ကျွေးမွေးရပါ့မလဲ”

“အဖွားရယ်. . သစ်နက်မကြီးလည်း သနားပါတယ်၊ ကလေးတွေလည်းပဲ သနားပါပ. ယ်၊ သမီးတို့. . သူတို့အသက်ရှင်အောင် ကြံဖန်ပြီးမွေးကြရမှာပေါ့. . ”

“အေးလေ၊ ညည်းပြောသလိုပဲ စီစဉ်မှုတစ်ခုခုကတော့ လုပ်ကြရတော့မှာပေါ့. . ဒီကိစ္စကို ဘယ်သူမှ မသိကြစေနဲ့”

“ဘာဖြစ်လို့လဲ အဖွား. . ”

“ဟဲ့. . သစ်နက်သတ္တဝါဟာ အင်မတန်ရှားပါးလို့တာ၊ လိုချင်တဲ့သူတ များတယ်ကွယ့်၊ သူတို့အတွက် အန္တရာယ်ရှိလို့ ပြောနေတာ. . ”

“ဩော်. . ဒါဆိုရင် သမီးနားလည်ပါပြီ အဖွားရယ်”

➤ ➤ ➤

243

(၁၈)

## တောခြောက်တတ်လား၊ ညီးသံလား

ဒေါ်မင်းစိန်နှင့် ရှင်နှောင်းတို့မှာ တာဝန်တစ်ခုတိုးလာခဲ့ကြသည်။ သေဆုံးသွားသော သစ်နက်မကြီးကို ကောင်းစွာပင် မြေမြှုပ်ပြီး သဂြိုလ်လိုက်ကြသည်။

အသက်ရှင်ကျန်ရစ်ခဲ့သော သစ်နက်နှစ်ကောင်ကို နွားနို့တိုက်ကာ အသက်ဆယ်ပေးရသည်။ ဤသစ်နက်နှစ်ကောင်အနက် အမိဝမ်းမှ စ,ပြီး ကျွတ်သောအကောင်၊ အချိန်အနည်းငယ်ခြားပြီးမှ မွေးသောအကောင်ကို ခွဲခြားရှုရသည်။

စ,ပြီးမွေးခဲ့သော အကောင်သည် မိခင်နှင့်ဝေးရာမှာ လျှောက်၍သွားနေပြီး နောက်မှမွေးသော အကောင်သည် တုန်တုန်ချိချိနှင့်ရှိနေသည်။ မိခင်နှင့်လည်း အနီးဆုံးနေရာမှာ ရှိနေသည်။

အကြီးကောင်ကို နက်ကြီးဟု ခေါ်ပြီး အငယ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ နေက်လေးဟု အမည်ပေးထားသည်။ နေက်ကြီးသည် ငှနေက်လေးကို လွန်စွာမှ ချစ်သည်။ အမြဲလိုလို တရှုံ့ရှုံ့နမ်းနေတတ်သည်။ ဒေါ်မင်းစိန်သည် နေက်ကြီးနှင့် နေက်လေးကို တစ်ရက်တစ်ခေါက်လာကြည့်ရသည်။ နှိုတိုက်ရသည်။

ကျောက်ဂူကြီးကို တံခါးနှင့်ပိတ်ထားရသည်။ ဒေါ်မင်းစိန်ရောက်လာမှ . . သူတို့ညီအစ်ကိုတို့ အပြင်သို့ လွှတ်ပြီး ဆော့ကစားစေသည်။ တစ်နေကုန်နေပြီး ဂူတံခါးကို လုံခြုံစွာပိတ်ပြီးမှ ပြန်သည်။

ရံဖန်ရံခါတွင် ရှင်နှောင်းသည် ကျောင်းဖျက်ပြီးတော့ လိုက်လာခဲ့သည်။ သစ်နက်ညီနောင်ကို စောင့်ရှောက်သည်။ ဖွားအေနှင့်အတူ သိုင်းလေ့ကျင့်သည်။ သစ်နက်ကလေးနှစ်ကောင်မှာ . . မြေးအဖွားနှစ်ဦးကိုပင် ခင်မင်တွယ်တာခဲ့ကြလေ၏။ အထူးသဖြင့် သစ်နက်ကလေးများ၏ မျက်လုံးတွေမှာ အလင်းထွက်နေသလို ထင်ရလောက်အောင် တောက်ပြောင်နေသည်ကိုတွေ့ကြရသည်။ သိမြင်ရသည်။

ဒေါ်မင်းစိန်တို့ရောက်လာတိုင်းမှာ နေက်ကြီးက နေက်လေးကို ကြင်နာစွာဖြင့်ရှိနေတတ်သည်။ ညီငယ်၏ အမွေးအမျှင်များကို လျှာဖြင့်လျှက်ပေးလျက်ရှိနေသည်ကို တွေ့ကြရစမြဲပင်။ ကိုမုန်တိုင်းမှာ ဒေါ်မင်းစိန်ကို သက်ာမကင်းရှိနေသူ တစ်ဦးဖြစ်သည်။ သူမ၏ အသွားအလာများကို အစဉ်မပြတ် အကဲခတ်နေလျက်ရှိလေရာ. .

"ဒီမိန်းမကြီးဟာ တောထဲကို နေ့တိုင်းသွားပြီး ဘာလုပ်နေသလဲ မသိဘူး၊ သူ့မြေးမလေးလည်း ပါပါသွားတတ်တယ်. . မဟုတ်မှလွဲရော. . သူ့မြေးမလေးရှင်နှောင်းကို မကောင်းတဲ့ အတတ်ပညာတွေများ သင်ပေးနေသလား မပြောတတ်ဘူး"

ကိုမုန်တိုင်းက ဒေါ်မင်းစိန်ကို စုန်းဟုထင်ထားသည့်အတိုင်း သူမကြောင့် လူတွေဖြူစားခံကြရသည်။ ကလေးသူငယ်တွေ နေထိုင်မကောင်းဖြစ်ကြရသည်ဟုဆိုကာ မကျေမနပ် အဖြစ်ဆုံးလူတစ်ယောက်ပင်။

"သင်းကြောင့် ရွာနာတယ်၊ ဒီမိန်းမကြီး. . ဘာတွေလုပ်နေသလဲဆိုတာ သိရအောင်. . ငါလိုက်ပြီး စုံစမ်းမယ်၊ မကောင်းတဲ့ အစီအရင်တွေလုပ်နေတာကို လက်ပူးလက်ကြပ်နဲ့ မိလို့ကတော့ မလွယ်ဘူးမှတ်. ."

စိတ်ထဲမှာ ကြိတ်ပြီးတော့ ကြိမ်းဝါးလိုက်လေသည်။

➤ ➤ ➤

တစ်ရက်တွင်. .

ကိုမုန်တိုင်းသည် ဒေါ်မင်းစိန် တောထဲဝင်သွားသည်နှင့် ချက်ချင်းလိုလိုပင်. . နောက်ယောင်ခံပြီး လိုက်သွားခဲ့ကြလေသည်။ သစ်နက်လေးတွေကို နို့တိုက်ရန် ပုလင်းထဲမှာ နို့များကို ထည့်ပြီးတော့ ယူသွားခဲ့သည်။ သူမ၏ နောက်မှ ပုန်းလျှိုးကွယ်လျှိုးလိုက်သွားသူကတော့ ကိုမုန်တိုင်း. .

သို့သော်. .

ဒေါ်မင်းစိန်ကတော့ ကိုမုန်တိုင်း စ,ပြီးလိုက်လာကတည်းက သိနေသည်။ ထို့ကြောင့် သွားနေကြလမ်းမှ မသွားပဲ အခြားလမ်းမှ သွားလေသည်။

"သင်းက. . ငါ့နောက်ကလိုက်လာတာ ဘာသဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



သက်သက်မှိအနှောင့်အယှက်ပေးတာလား၊ မင်းစိန် ဘာလဲဆိုတာသိရစေမယ်ဟော့. . ”

ဒေါ်မင်းစိန်သည် ကိုမုန်တိုင်းလိုက်လာသည်ကို မသိချင်ယောင်ဆောင်နေလိုက်သည်။

တစ်နေရာကို ရောက်သွားသောအခါ ဒေါ်မင်းစိန်ကို မတွေ့ရတော့ချေ။

“ဟင်. . ဟိုမိန်းမကြီး. . ဘယ်ရောက်သွားသလဲ”

ပတ်ဝန်းကျင်အနှံ့လိုက်ပြီးကြည့်သည်။ အရိပ်အယောင်ကိုသော်မှ မတွေ့ရတော့၊ ကျောထက်ရှိ ဓါးအိမ်ထဲမှ ဓါးကို လက်နောက်ပြန်ထုတ်ယူလိုက်သည်။

ထူးခြားသည်မှာ သူ. . အလိုလိုနေရင်းနှင့် ကြောက်စိတ်တွေဝင်လာခဲ့ခြင်းပင်ဖြစ်သည်။

“ငါလိုက်လာတာကို သိသွားလို့များ တနေရာမှာ ပုန်းနေလိုက်တာလား. . ”

“ဖလဲ. . ရှဲ. . ရှဲ”

သစ်ပင်ကြီးတစ်ပင်ထက်မှ သစ်ရွက်ချင်း၊ သစ်ကိုင်းချင်း လှုပ်ခတ်သံများက အမှတ်မထင်ထွက်ပေါ်လာခဲ့သည်။

“ဟင်. . ”

ထိုသစ်ပင်ကြီးကို မော့ကြည့်မိလိုက်စဉ်မှာ လဒတစ်ကောင်က ပျံတက်သွားလေသည်။

“ဟာ. . လဒကြီး”

လဒကြီးမှာ လွန်စွာမှကြီးမားလှပြီး သစ်ပင်ထက်မှ အောက်ကိုပြန်ပြီးတော့ ဆင်းလာခဲ့သည်။ မြေပြင်ထက်မှ နားမလိုလုပ်လိုက်. . ပျံတက်သွားလိုက်နှင့် ရှိနေလေရာ. .



“တောက်. . သိမယ်”

ကိုမုန်တိုင်းသည် ဓါးကိုဆွဲပြီးလိုက်လေတော့သည်။ သူ့ကို ပျံပြေးနေသော လဒကြီးကို လိုက်မမီနိုင်အောင် ရှိနေရသည်။ အတောင်နှစ်ဖက်ကို ဖြန့်ဝဲကာ မြေပြင်နှင့် နိမ့်တုံ၊ မြင့်တုံ ပျံသန်းနေသော လဒကြီးကို ဘယ်လိုမှ လိုက်၍မမီပါ။

လဒကြီးသည် ချုံတစ်ချုံနားသို့ အရောက်တွင် ရုတ်ချည်းမှာပင် အောက်ကိုထိုးဆင်းသွားခဲ့လေသည်။

“ဒီသတ္တဝါချုံထဲကိုဝင်သွားပြီ၊ သေပေတော့. . ”

နောက်မှ တရကြမ်းပြေးလိုက်သွားကာ ချုံနားသို့အရောက်တွင်. . ဓါးကြီးကို မြှောက်လိုက်သည်နှင့်. .

“ဟင်. . ”

“ဖြူး. . ”

တစ်ကိုယ်လုံးနက်မှောင်နေသော ငန်းမြွေကြီးတစ်ကောင်ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။ ငန်းမြွေကြီးမှာ ကြီးမားသော ပါးပျဉ်းကြီးကိုထောင်ကာ ခြေကျွံဝင်လာသော ကိုမုန်တိုင်းကို တအားပင်ပေါက်ချလိုက်လေတော့သည်။

“အား. . ”

မရှောင်သာပြီဖြစ်၍ မျက်စိမှိတ်ကာ အော်လိုက်လေတော့သည်။ သို့သော်. . သူ့ကိုယ်ပေါ်မှာ မည်သည့်အထိအတွေ့မှ မရရှိခဲ့ပေ။ အံ့အားသင့်ပြီး ချုံထဲကို ငုံ့ကြည့်လိုက်ရာ ငန်းမြွေကြီးမရှိတော့။

“ဟင်. . မြွေကြီး ဘယ်ရောက်သွားသလဲ. . ”

“ဟီး. . ဟီး. . ဟီး. . ဟီး. . ”

ရယ်သံကြီးက ထွက်ပေါ်လာခဲ့သည်။ သူ့ထဲ၊

www.burmeseclassic.com

www.burmeseclassic.com



အသည်းထဲက လှိုက်ပြီး ထွက်ပေါ်လာသော အသံကြီးပဲဖြစ်သည်။

"ဟင်. ."

ကိုမုန်တိုင်းသည် ခေါင်းကို ကျစ်(စ်ပါအောင် ဆုပ်ကိုင်ကာ ပတ်ဝန်းကျင်အနှံ့လိုက်ပြီး ရှာဖွေနေမိသည်။

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

ရယ်သံကြီးက ထွက်ပေါ်လာခဲ့ပြန်သည်။

"တောက်. . ဘယ်သူလဲဟေ့၊ သတ္တိရှိရင် ထွက်လာခဲ့ ခိုးကြောင်ခိုးဝှက်နဲ့တော့ လုပ်မနေနဲ့၊ မုန်တိုင်းအကြောင်း သိသွားစေရမယ်ဟေ့. ."

"ဟီး. . ဟီး. . ဟီး. . ဟီး"

"ဒေါ်မင်းစိန်. . ခင်ဗျား ကျုပ်ကို မစော်ကားနဲ့နော်၊ ကျုပ်က ညှာမှာမဟုတ်ဘူး၊ သေသွားမယ်. . ဘာမှတ်သလဲ"

"ဟီး. . ဟီး. . ဟီး. . ဟီး"

"ခင်. . ခင်ဗျားကြီးနော်၊ သတ္တိရှိရင် ထွက်လာခဲ့၊ ခင်ဗျား. . ကျုပ်လက်ထဲက မလွတ်ဘူးမှတ်ပါ"

"ဟီး. . ဟီး. . ဟီး. . ဟီး"

"ခင်. . ခင်ဗျားက ကျုပ်ကို ဘယ်လိုပဲခြောက်ခြောက် မကြောက်ဘူး၊ မုန်တိုင်းတဲ့. . ဘာမှတ်သလဲ. ."

ကိုမုန်တိုင်းသည် ခြောက်တပ်သောအသံကြီးဖြင့် ပြောလိုက်သည်။ တဟီးဟီးအသံကြီးက သူ့ကို ဝဲယာအနှံ့ လှည့်ပတ်ပြီးတော့ ဒုက္ခပေးနေသည်။ သူသည် တစ်ကိုယ်လုံး ပတ်ချာလှည့်ပြီးတော့ အသံထွက်ပေါ်လာရာဆီကို လိုက်ပြီးတော့ ကြည့်နေသည်။ ထိုစဉ်. .

"ဖလပ်. . ဖလပ်. . ဖလပ်"





အမှတ်မထင် ကျောဘက်မှ ထွက်ပေါ်လာသော အသံကြောင့် ရုတ်တရက် လှည့်ကြည့်မိလိုက်ရာ. .

"ဟာ"

လင်းတကြီးတစ်ကောင်သည် တဟုန်ထိုးပြေးဝင်လာပြီး သူ့ကို တိုက်ချသွားခဲ့လေတော့သည်။

"အား"

ကိုမုန်တိုင်း၏ မျက်လုံးအစုံသည် ပျာဝေသွားခဲ့ရသည်။ တစ်ကိုယ်လုံးလည်း လေထဲကို မြောက်တက်သွားခဲ့ရပြီး ဘာဆိုဘာမှ သတိမရတော့ပေ။ အသိ၊ အာရုံထဲမှာ အမှောင်ထုကြီး ဖုံးလွှမ်းခဲ့ရလေသည်။

➤ ➤ ➤

တောထဲမှာ သတိလစ်နေသော ကိုမုန်တိုင်းကို ထင်းခုတ်သွားကြသူတစ်စုက တွေ့သွားခဲ့ကြရသည်။ ကိုမုန်တိုင်း၏ အသိများဖြစ်ကြ၍ ဇာတိရွာကို ခေါ်ဆောင်လာခဲ့ကြလေသည်။

ကိုမုန်တိုင်း သတိရလာသော်လည်း ဘာကိုမှ မေးမရ ကယောင်ချောက်ချားဖြစ်နေသည်။ နှစ်ဖက်မိဘ၊ ဇနီး မိသားစု အသိုင်းအဝိုင်းက စိတ်ပူသွားခဲ့ကြသည်။ ဆေးဆရာကြီး ဦးဘိုမောင်နှင့် တော်တော်လေးကို ကုယူလိုက်ရလေသည်။

"ဒီမိန်းမကြီးဟာ ကျွန်တော့်ကို ပြုစားလိုက်တာဗျ၊ ကျွန်တော်. . မသေရုံတမယ်ခံစားလိုက်ရတာ၊ သင်းကို တစ်သက်မကျေဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မှန်တိုင်းကို ဒီမိန်းမကြီးကောင်းကောင်း ဒုက္ခပေးခဲ့တာ. . ငြိမ်ခံနေလို့မဖြစ်ဘူး. . သူတို့ရှိနေတာ ရွာနားတယ်၊ သူ့အိမ်ကို မီးရှို့ပြီး. . လူတွေကိုပါ ဖြုတ်ရှင်းပစ်လိုက်တာကောင်းတယ်. ."

"လာဗျာ၊ ကြာတယ်. . အခုချက်ချင်းပဲ သွားကြမယ်"

ကိုမှန်တိုင်းနှင့်အတူ ရွာသားတစ်ချို့သည် တုတ်ဓါးများဆွဲပြီး ထွက်လာခဲ့ကြရာ လမ်းတွင် ဇောင်းနီဆရာတော် ဦးကေတုနှင့် ဆုံတွေ့လေတော့သည်။ လက်ထဲမှာ တုတ်ဓါးများကိုင်ဆောင်ထားကြ၍ မကျေမနပ်ဖြစ်နိုင်သော အကြောင်းတစ်ခုခုရှိနေပြီဟု ခန့်မှန်းမိကာ. . သက်သာမကင်းဖြစ်သွားခဲ့ရလေသည်။

"ဒကာတို့ ဘယ်ကို သွားကြမလို့လဲ. ."

ဆရာတော် ဦးကေတုကို မမျှော်လင့်ပဲ တွေ့လိုက်ရ၍ ခြေလှမ်းပျက်သွားခဲ့ကြလေသည်။ ဆရာတော်ကို မည်သို့ပြန်ပြီး လျှောက်တင်ရမှန်းမသိတော့၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေသည်။

"ကျောင်းကို လိုက်ခဲ့ကြ. ."

ဆရာတော်က ခပ်ပြတ်ပြတ်ပင် မိန့်တော်မူသည်။ ထို့ကြောင့်. . လိုက်သွားခဲ့ကြရလေသည်။

➤ ➤ ➤

ကျောင်းသို့ရောက်သော် ဆရာတော်က မေးလွန်းမကမေးလွန်းမှသာ ကိုမှန်တိုင်းက အဖြစ်မှန်ကို လျှောက်တင်လေသည်။

"ဒကာ မှန်တိုင်း. ."





"ဘုရား"

"ငါတိုတိုပဲမေးမယ်၊ ဒကာ. . အခုလို ကြုံတွေ့ခဲ့ရတာတို ဒကာမကြီးရဲ့ ပယောဂပါနေတယ်လို့ ထင်နေတယ် မဟုတ်လား. ."

"တင်ပါဘုရား. ."

"သူလက်ချက်ဆိုတာ ဒကာကိုယ်တိုင်သိခဲ့လို့လား. . မြင်ကော မြင်ခဲ့သလား"

"မမြင်ပါဘူး ဘုရား. ."

"အေး. . ဒါနဲ့များကွယ်၊ ဘာဖြစ်လို့ လူတစ်ယောက်ကိုဒုက္ခပေးချင်ရတာလဲ၊ တောထဲ. . တောင်ထဲမှာ ဥရိယာယ်တွေရှိတာယ်ကွယ့်. . အဖြေရှာမရတဲ့ အဖြစ်အပျက်တွေကို လူတိုင်းမဟုတ်တာတောင် တိုက်ဆိုင်မှုရှိရင် ကြုံတွေ့ကြရ ာယ်၊ တောထဲမှာ. . အသေကောင် တစ်ကောင်ကောင်ရှိနေလို့. . လင်းတဆိုတဲ့ သတ္တဝါမျိုးတွေဟာ. . လာတတ်ကြတာပဲ။

ဒကာကြားရတဲ့ ရယ်သံ၊ ညည်းသံလိုမျိုးဆိုတာကလည်း သတ္တဝါတစ်ကောင်ကောင်ဆီက ထွက်လာခဲ့တဲ့ အသံမျိုးကော မဖြစ်နိုင်ဘူးလား၊ ဒကာကိုဝင်ပြီး တိုက်သွားတဲ့ လင်းတဟာ၊ အကြောင်းတစ်ခုခုကြောင့် ကြောက်လန့်ပြီး ပျံပြေးလာခဲ့တာ ဖြစ်မှာပေါ့. . အဲဒါကို ယိုးမယ်ဖွဲ့ပြီး ဟိုဒကာမကြီးအပေါ်မှာ အထင်မလွဲပါနဲ့. . မခိုင်လုံပဲ. . မစွပ်စွဲပါနဲ့၊ ဒေါသကိုထိန်းပါ။ ဒကာတို့ တစ်ချက်မှားသွားတာနဲ့ နှစ်ဦးနှစ်ဖက်စလုံးနစ်နာကုန်ကြလိမ့်မယ်၊ အမှားကို မကျူးလွန်ကြပါဘူးလို့ ကတိပေးနိုင်ကြမလား. ."

ဆရာတော်က ကတိတောင်းသည်။ ဆရာတော်၏



www.burmeseclassic.com

www.burmeseclassic.com



ဩဇာတိက္ကမကို ကြောက်ချစ်ရှိသေကြသည်ဖြစ်၍. .

"တပည့်တော်တို့ ကတိပေးပါတယ် ဘုရား"

"သာဓု. . သာဓု. . သာဓု"

ကိုမုန်တိုင်းတို့က ကျောင်းမှ အပြန်လမ်းတွင်. .

"တောက်. . ဒီမိန်းမကြီး က်ကောင်းသွားတယ်ကွာ ငါတို့ ကြံစည်တိုင်းဖြစ်မလာခဲ့ဘူး. . တစ်ကွေ့ကွေ့တော့ ကြုံဦးမှာပေါ့ကွာ. ."

မကျေမနပ်နှင့် ပြောလိုက်သော ကိုမုန်တိုင်း. .

"ကျွန်တော်တို့သည် ဒီမိန်းမကြီးကို မလိုလားပါဘူးဗျာ ဆရာတော်သိသွားတာ နာတယ်. ."

အားပေးအားမြှောက်ပြုကြသော အပေါင်းအသင်းများ ကလည်း ကိုမုန်တိုင်း၏ ဒေါသကို မီးလောင်ရာလေပင့် ပေးသလိုပင်. .

ဤအဖြစ်အပျက်သည် သတင်းအဖြစ် တစ်ရွာလုံး ပျံ့နှံ့သွားခဲ့သည်။ လူတော်တော်များများက ဒေါ်မင်းစိန်ကို သာလျှင်. . မကောင်းပြောကြလေသည်။

"အလကား. . ဖော်ဂနိစုန်းမကြီး. . သင်းက သူ့အတတ် ပညာနဲ့ လူတွေကို ဒုက္ခပေးနေတာ၊ တစ်နေ့ဘေးတွေ့မယ်. . ဘယ်သူ့လက်ချက်မိမလဲ မသိဘူး. ."

ဒေါ်မင်းစိန်ကဘော့ ရွာသူရွာသားတွေ မေတ္တာပို့သမှု ကိုကြားသိခဲ့ရသော်လည်း ဥပေက္ခာပြုခဲ့လေသည်။

➤ ➤ ➤





## (၁၉)
## ခေါင်းပြတ်သုံးဦးရဲ့ကြမ္မာ

တစ်ရက်တွင်. .

ဒေါ်မင်းစိန်နှင့် ရှင်နှောင်းတို့သည် သစ်နက်ပေါက် လေးတွေရှိရာ တောတွင်းဂူဆီကို ရောက်လာခဲ့ကြသည်။ ဂူတံခါး ကိုဖွင့်လိုက်သောအခါ မမျှော်လင့်သော အခြေအနေတစ်ခုကို တွေ့လိုက်ကြရလေသည်။ နေက်ကလေးသည် သေဆုံးလျက် ရှိနေပြီး နေက်ကြီးမှာ ညီငယ်ကို တစ်ကိုယ်လုံးအနံ့လှာဖြင့် ယက်နေလျက်ရှိသည်။

"ဟင်. . နေက်ကလေးဘယ်လိုဖြစ်တာလဲ. ."

"သေနေပြီအဖွား၊ သေနေပြီ. . ဖြစ်မှဖြစ်ရလေ နေက် ကလေးရယ်. . ဟင့်. . ဟင့်"

ရှင်နှောင်းက နေက်ကလေးကို ပွေ့ယူလိုက်သောအခါ ခန္ဓာကိုယ်မှာ နွေးထွေးလျက်ပင် ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျီး"

"ဟင်. ."

ရုတ်တရက် ဂူတွင်းတစ်နေရာမှ ဝနီးမြွေကြီးတစ်ကောင်က ပြေးထွက်လာခဲ့လေရာ. .

"အဖွား. . သတိထား"

ဝနီးမြွေကြီးသည် ပါးပျဉ်းကြီးကိုထောင်ကာ ရှင်နှောင်းကိုတဟားဟားပေါက်ချလိုက်သည်နှင့်. .

"ဝုစ်. . ဝုစ်. ."

ရှင်နှောင်းက ဓါးကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်ပြီး တိုက်ခိုက်လိုက်သည်။

မြွေသည် နှစ်ပိုင်းပြတ်ထွက်သွားခဲ့သည်။ အပိုင်းမြွေများက မြေပြင်ထက်မှာ တဖျတ်ဖျတ်နှင့် လှုန့်လူးလျက်ရှိလေသည်။

"ဒီဝနီးမြွေကြီးကြောင့် ငနက်လေးသေသွားခဲ့တာလို့ သနားလိုက်တာ အဖွားရယ်. ."

"ဘယ်တတ်နိုင်မလဲ. . သမီးရယ်၊ သူ့ရဲ့ ကံတရားပဲပေါ့ ငနက်ကြီးကတော့ သူ့ညီရဲ့ အနားက မခွာနိုင်ဖြစ်နေပါလား"

ငနက်ကြီးသည် ငနက်လေး၏ ကိုယ်ကိုလျှာဖြင့် လျက်ကာရှိနေဆဲ. . သူ့ညီသေဆုံးသွားသည်ကို သိဟန်မတူ အိပ်ပျော်နေသည်ထင်၍ နိုးနေသလား မပြောတတ်ပါ။

"အေးလေ၊ ဒါလောက်တောင် သံယောဇဉ်တွယ်နေတာ. . ငနက်ကြီးအတွက် တစ်ခုခုတော့ လုပ်ပေးရမှာပေါ့လေ"

"အဖွားက ငနက်ကြီးအတွက် ဘာလုပ်ပေးနိုင်မှာမို့လဲ"

"မကြာမီ. . သိရမှာပေါ့. . စောင့်ကြည့်နေလေ. ."



ဒေါ်မင်းစိန်ကို ရှင်နှောင်းက နားမလည်သော အကြည့်ဖြင့် ကြည့်လိုက်သည်။ ထို့နောက် ငနက်လေး၏ မျက်လုံးတွေဆီကို အကြည့်က ရောက်သွားခဲ့ပြန်ရာ. .

ငနက်လေး၏ ပွင့်နေသော မျက်လုံးတွေသည် မှိန်မသွားပဲ ထူးခြားစွာသင် အရောင်တောက်ပလျက်ရှိနေသည်။ မျက်လုံးတွေက အသက်ဝင်နေဆဲဟု ထင်သည်။

"အဖွား. . ငနက်လေးရဲ့ မျက်လုံးတွေကို ကြည့်ပါဦး"

"သိပါတယ်ကွယ်၊ သစ်နက်တွေဟာ ဒီလိုပဲကွယ်. . ဝိညာဉ်က ချုပ်ငြိမ်းသွားတာတောင်. . မျက်လုံးတွေက ထူးခြားမှု တစ်ခုခုပေးနေတတ်တယ်၊ မျက်ရှင်လို့ခေါ်တယ်. ."

"မျက်ရှင် ဟုတ်လား အဖွား. ."

ဒေါ်မင်းစိန်က ခေါင်းညိတ်လိုက်လေသည်။

➤ ➤ ➤

ဒေါ်မင်းစိန်သည် သေဆုံးသွားခဲ့သော ငနက်လေးအပေါ်မှာ သံယောဇဉ်ကြီးမားလျက်ရှိသည်။ ငနက်ကြီးကို သနားလျက်ရှိသည်၊

ငနက်ကြီးသည် လှုပ်ရှားမှုမရှိတော့သော ငနက်လေးကြောင့် စိတ်ဓါတ်ကျကာ မှိုင်တွေလျက်ရှိသည်။

"မဖြစ်ဘူး. . ငါ. . တစ်ခုခုလုပ်မှ ငနက်ကြီးဖြေသာတော့မယ်. ."

ဆုံးဖြတ်ချက်တစ်ခုကို လျှင်မြန်စွာ ချလိုက်သည်။ လမိုက်ညတွင် ဒေါ်မင်းစိန်တောထဲမှာပဲ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်း ဆေးပင်များကို လိုက်ရှာသည်။ မည်သည့်သားကောင်ကြီးတွေမှ သူမကို မနှောင့်ယှက်ကြ၊ ရန်မမူကြပဲ ရှားပါးဆေးပင်တစ်မျိုးကို မနားမနေလိုက်၍ ရှာနေခြင်းပင် ဖြစ်သည်။

သူမသည် ဆံပင်များကို မည်သည့်အခါမှ မထုံးထား ကျောပြင်ထက်မှာ ဖားလျားချထားတတ်သည်။ မျက်လုံးများသည် အမှောင်ထဲမှာလည်း ကောင်းစွာမြင်နိုင်သည်။

မကြာမီ . .

သစ်ပင်ကြီးတစ်ပင်မှ တွဲလောင်းကျနေသော အရာတစ်ခုကို တွေ့လိုက်ရသည်။ ယင်းအရာသည် လှုပ်ရှားလျက်ရှိသည်၊ တွန့်လိမ်နေသည်။ အရောင်က နက်ကျောသည်။ သာမန်မျက်လုံးများဖြင့် မမြင်နိုင်၊ နွယ်ရှင်နက်ဖြစ်သည်။ လွန်စွာမှ ရှားပါးသည်။ နေ့ဘက်တွင် လှုပ်ရှားမှုအလျှင်းမရှိ . . လမိုက်ညလိုမျိုးမှာသာ . . အမှောင်ထဲမှာ လှုပ်ရှားတတ်သည်။ လူ၊ တိရစ္ဆာန်တို့ကို . . အလစ်မှာ ရစ်ပတ်တတ်သည်။ သွေးစုတ်တတ်သည်။ ဒေါ်မင်းစိန်သည် နွယ်ရှင်နက်ကို တွေ့လိုက်ရသောအခါ . . မျက်လုံးတွေက အရောင်တောက်သွားခဲ့ရသည်။

နွယ်ရှင်နက်သည် လူသွေးနံ့ကိုရသောအခါ ပို၍တော့ လှုပ်ရှားလာခဲ့သည်။ ဒေါ်မင်းစိန်ဘက်ကို ဝေ့ရမ်းလာခဲ့သည်။ ဒေါ်မင်းစိန်သည် ဓါးဖြင့် တစ်ချက်တည်း ပိုင်းချလိုက်သည်။

"ရှပ် . .

နွယ်ရှင်နက်က အောက်ကိုပြုတ်ကျသွားခဲ့သည်။ တွန့်လိမ်နေသော နွယ်ရှင်နက်သည် မြွေတစ်ကောင်အလား ဖြစ်သည်။ ပြတ်သွားသော နေရာမှ သွေးစိမ်း ရှင်ရှင်စီးထွက်



လျက်ရှိသည်။

ဒေါ်မင်းစိန်က ထိုနေရာကို လက်ဝါးဖြင့်အုပ်ကာ ဖိထားလိုက်သည်။ လက်ထဲမှာ ကိုင်ထားသော နွယ်မျက်ရှင်သည် တွန့်လိမ်နေဆဲ . . လူကို ရစ်ပတ်နိုင်စွမ်း မရှိတော့ . .

နွယ်ရှင်နက်ကိုရလိုက်၍ ကျေနပ်သွားခဲ့ရသည်။

➤ ➤ ➤

နေကံလေး၏ ကိုယ်ထဲမှ ဝမ်းတွင်းကလီစာများကို ထုတ်ကာ . . နွယ်ရှင်နက်ဖြင့် ပေါင်းစပ်ထားသော ဆေးမြစ်ဆေးဥ၊ သစ်ခေါက်ဆေး ပန်းပေါင်းစုံ စသည့် ဆေးပေါင်းပစ္စည်းများဖြင့် ကိုယ်ထဲမှာ လိမ်းကျံသည်။ သစ်ကတ္တီပါသားကို နေကံလေးပုံတူ ထုလုပ်ပြီး အပေါ်မှာ စွပ်သည်။ အောက်မှ မူလ သစ်နက်ရောကို မထိခိုက်စေရန်ဖြစ်သည်။

သစ်ကတ္တီပါသားသည် နက်မှောင်ပြီး အမွှေးအမှျင်နှင့် တူသော အရာလေးများက ထိုးထိုးထောင်ထောင်နှင့်ရှိနေသည်။

သစ်ကတ္တီပါသားသည် အမှတ်တရ သိမ်းထားကြသူများမှ အပ ရှာမတွေ့နိုင်အောင်ပင် ရှားပါးလျက်ရှိနေလေပြီ

နေကံလေး၏ မျက်လုံးတွေက ဖွင့်လျက်ရှိကာ အသက်ရှင်နေစဉ်က အတိုင်းလိုပင် ထူးခြားစွာ တောက်ပြောင်နေဆဲ . . အရောင်ထွက်နေဆဲ၊ နွယ်ရှင်နက်သည် ရှပ်တတ်၊ အသက်ဝင်နေသရွေ့ ခွမ်းဆောင်ပေးနိုင်သော ရှားပင်ဆေးတစ်မျိုးဖြစ်သည်။ နွယ်ရှင်နက်မှထွက်သော သွေးရောင်အစေးများသည် သစ်ကတ္တီပါပေါ်မှ ထုတ်လိမ်းလိုက်လျှင် . .

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်သို့ ပြောင်းလဲသွားပြီး အရောင်ထွက်လာသည်။

သစ်နက်မျိုးသည် အသီးအနှံများကိုသာ စားတတ်ကြ ကိုယ်နှံ့က မွှေးသည်။ သစ်နက်ရေသည်လည်း မွှေးကြိုင်လျ ရှိလေသည်။ ပုံစံသွင်းထားသော ငနက်လေး၏ သဏ္ဍာန်သ သေးငယ်၍သော်လည်း ရုပ်လုံးကြွကာ အသက်ဝင်နေသကဲ့သ ထင်ရသည်။ ငနက်ကြီးသည် မတ်တပ်ရပ်နေသော ဟန်ရှိသ ငနက်လေးကို တရှုံ့ရှုံ့ဖြင့် နမ်းနေသည်။ သူ့ညီငနက်လေ အနားမှာရှိနေသည်ဟု ယုံကြည်လာကာ. . ပျော်နေလေသည်

"အင်း. . ငနက်ကြီးအတွက် စိတ်ဖြေဆေးရသွားခဲ့ပြ

"ဟုတ်တယ်နော်. . အဖွား၊ သူ့စိတ်ထဲမှာ. . ငနက်လေ သေသွားပြီဆိုတာ သိမှာ မဟုတ်ဘူး. . "

ရှင်နှောင်းကလည်း ငနက်ကြီးပျော်နေပုံကို ကြည့်ပြီး ဝမ်းသာနေလေသည်။

တစ်ခါတစ်ရံမှာ. .

ငနက်ကြီးသည် ဂူရှေ့မှာ တစ်ကောင်တည်း. . ဆော့ကစားနေသော်လည်း နှစ်ကောင်ဆော့ကစားနေသည်ဟု ထင်ရသည်။ ရှင်နှောင်းသည် ရွာမှာနေစဉ် အိပ်ပျော်နေခိုက် ငနက်ကလေးကို အိပ်မက်ထဲမှာ တွေ့ရတတ်သည်။ သို့သော် တစ်ညကမူ အိမ်ခြံဝင်းထဲမှာ သစ်နက်ပေါက်လေးတစ်ကောင် ကို. . အမှတ်မထင် မြင်လိုက်ရသည်။ ရှင်နှောင်းအိမ်ပေါ်က လှမ်းပြီးကြည့်နေစဉ်မှာပင် သစ်နက်လေးသည် ခြံစည်းရိုးကို လွှားကနဲ ခုန်ကျော်ကာ. . ထွက်သွားခဲ့လေသည်။

"အဖွား. . အဖွား၊ ထပါဦး. . ဟိုမှာ သစ်နက်လေး ခြံထဲရောက်နေတယ်. . ဟော. . ဟော. . စည်းရိုးအပြင်ဘက် ကိုထွက်သွားပြီ. . "



အိပ်ပျော်နေသော ဒေါ်မင်းစိန်ကို နှိုးပြီးပြောသည်။

"သစ်နက်ကြီးက သူ့ဘာသာ တောထဲမှာနေနေတာ၊ သူ. . ဒီကိုဘယ်လိုရောက်လာနိုင်မလဲ. . ညည်းကလည်း အေ"

"မဟုတ်ဘူး အဖွား၊ သမီးရဲ့စိတ်ထဲမှာ ငနက်ကြီးလို့ ထင်မိဘူး. . သစ်နက်လေးလို့ပဲ ထင်နေမိတယ်"

"ရှင်နှောင်း. . ညည်း ပေါက်တတ်ကရတွေ လျှောက်ပြီး ထင်မနေနဲ့. . အိပ်တော့. . "

ဒေါ်မင်းစိန်က မာန်မဲလိုက်မှ ရှင်နှောင်းလည်း ဆက်ပြီး မပြောဝံ့တော့။

အိပ်၍မရပဲ ရှိနေစဉ်မှာပင်. . ဖွားအေဖြစ်သူကို အလိုလိုနေရင်း. . သက်မကင်းဖြစ်လာခဲ့ရသည်။

"အဖွားဟာ ငနက်လေးကို အသက်ရှင်အောင် လုပ်ထားသလားမသိပါဘူး၊ အို. . ငါဘာတွေလျှောက်တွေးနေ တာလဲ. . ကိုယ့်ဖွားအေကို ဒီလိုပဲ မကောင်းထင်ရသလား၊ လူတကာက အဖွားကို မကောင်းမြင်၊ မကောင်းထင်နေကြတဲ့ အထဲမှာ. . ငါကပါ ဒီလိုထင်နေတာ မကောင်းဘူး. .

တစ်ကယ်တော့ အဖွားဟာ သူတော်ကောင်းမကြီးပါ။ လူတွေက မရှိခိုးနိုးနိုး. . မလုစုန်းနိုးနိုးထင်နေကြတာ. . အဖွား သနားပါတယ်. . "

ရှင်နှောင်းသည် ဒေါ်မင်းစိန်ကို တစ်ချက်အထင်မှား မိခဲ့၍ စိတ်မကောင်းဖြစ်သွားမိလေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



နေက်ကြီးသည် လသားမှုသည်. . နှစ်သားသို့ ရောက်လာခဲ့ပြီဖြစ်သည်။ ဒေါ်မင်းစိန်နှင့် ရှင်နှောင်းတို့ကို လွန်စွာမှ သံယောဇဉ်ဖြစ်ကာ တွယ်တာလျက်ရှိနေလေပြီ၊ ခါတိုင်းလို ဂူတံခါးကိုပိတ်မထားတော့ပဲ နေက်ကြီးကို လွတ်လပ်စွာ ဝင်ထွက်စေသည်။

"နေက်ကြီး အမေတို့ရွာကို ပြန်သွားရင် ကောင်းကောင်းမွန်မွန်နေခဲ့နော်၊ အလည်မလွန်နဲ့. . ရန်သူကိုကြည့်ရှောင်. . ကြားလား. ."

ဒေါ်မင်းစိန်က နေက်ကြီးကို မှာသည်။ နေက်ကြီးက ဒေါ်မင်းစိန်၏ရင်ခွင်ထဲကို ခေါင်းတိုးဝင်ကာ ပွတ်သီးပွတ်သပ် ပြုလုပ်နေသည်။ သူ. . နားလည်သလို အမူအရာပြသည်။

"သမီးက နေက်ကြီးကို ရွာခေါ်သွားချင်တာ. . မဖြစ်လို့သာ. . ဒီမှာထားခဲ့ရတာ နည်းနည်းလေးမှ စိတ်မချဘူး"

"နေက်ကြီးကို ခေါ်လို့ဘယ်ဖြစ်မလဲကွယ်၊ လူတွေက သူ့ကို ဒုက္ခပေးကြမှာပေ့ါ၊ ငါတို့က နေက်ကြီးနဲ့ အတူတူရှိနေကြတာကို သိများသိခဲ့ကြရင် ဘယ်လိုတွေပြောဆိုကုန်ကြမလဲ မသိဘူး. ."

နေက်ကြီးကလည်း ဒေါ်မင်းစိန်တို့ သူ့ဆီကိုရောက်မလာကြသေးလျှင်လည်း တမျှော်မျှော်နှင့် ရှိနေတတ်သည်။ ပြန်သွားလျှင်လည်း လိုက်ပို့တတ်သည်။ နေက်လေးကိုတော့ သေတ္တာထဲထည့်ပြီး ဂူထဲမှာပဲ ထားသည်။ တစ်ခါတစ်ရံမှာ နေက်ကြီးကို ဖွင့်ပြရသည်။ ထိုအခါတွင်. . နေက်ကြီးသည် ပျော်ရွှင်မြူးတူးသွားကာ နေက်လေးကို တရှုံ့ရှုံ့ဖြင့် နမ်းလေသည်။



တစ်ခါက. .

ဒေါ်မင်းစိန်သည် သေတ္တာလေးကို ဖွင့်ကာ. . နေက်လေးနှင့် စကားပြောနေသတဲ့သို့. . တစ်ဦးတည်းပြောနေသလို ရှင်နှောင်းက တွေ့လိုက်ရသည်။

"အဖွားဟာ ရူးများရူးနေပြီလား၊ အသက်မရှိတော့တဲ့ နေက်ငှလေးရဲ့ ရုပ်တုနဲ့ ဘာကြောင့်များ စကားပြောနေရတာပါလိမ့်. . အသက်ကြီးလာလို့များ စိတ်က ဖောက်လာပြီလား"

ရှင်နှောင်းပင်လျှင် ဒေါ်မင်းစိန်ကို ကြောက်ချင်သလိုလို ဖြစ်လာခဲ့မိသည်။ နားစွင့်နားဖျားကြားမိလိုက်သည်က. .

"နေက်လေး. . ငါတို့အပေါ်မှာ အန္တရာယ်ရှိလာရင် သတိပေး. . ကာကွယ်စောင့်ရှောက် . . သိလား" ဟူ၏။

ရှင်နှောင်းမှာ ဒေါ်မင်းစိန်ကို သတိထားနေရလေပြီ။

➤ ➤ ➤

တစ်ညတွင်. .

လူတစ်စုသည် တိုင်ပင်နေကြသည်။

"ဒီမိန်းမကြီးဟာ ချမ်းသာတဲ့ မျိုးရိုးက ဆင်းသက်လာတာကွ၊ ရတနာတွေလည်း အများကြီးရှိတယ်၊ သူက. . ဆင်းရဲချင်ယောင်ဆောင်နေတာ... ငါတို့ သူ့အိမ်ကို ဝင်စီးကြမယ်"

ထိုသူများထဲတွင် ကိုမုန်တိုင်းလည်း ပါလေသည်။

"ငါလည်း. . သည်သတင်းကို ကြားထားတာကြာပြီ၊ ဒါပေမဲ့ အဲ့ဒီမိန်းမကြီးရဲ့ ခြံထဲကို ငါဝင်ရမှာ. . မရဲသလိုပဲ၊ ဟိုတစ်ခါ တောထဲမှာ ကြုံဖူးခဲ့ပြီးကတည်းက ခပ်လန့်လန့်ပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလန့်စရာမလိုပါဘူးကွာ . . အကြောက်အကန် လုပ်ရင် ရှင်းပစ်လိုက်ရုံပဲပေါ့၊ ဒီမိန်းမကြီး သေသွားလို့ ဘယ်သူမှ ဝမ်းမနည်းကြဘူး . . မကျေမနပ်မဖြစ်ကြဘူး . . ဝမ်းတောင် သာကြဦးမယ် . ."

"ခါဖြင့် စီစဉ်လိုက်ကြကွာ . ."

ကိုမှန်တိုင်းကလည်း အလိုတူအလိုပါဖြစ်သွားခဲ့လေသည်။

ညဉ့်သန်းကောင်ယံကာ.

လူသုံးယောက်သည် ရွာစွန်ရှိ ဒေါ်မင်းစိန်၏ အိမ်ကို တဖြည်းဖြည်းဖြင့် ချဉ်းကပ်လာနေကြသည်။ မျက်နှာပေါ် နှာခေါင်းအောက်တစ်ဝက်ကို အဝတ်စုတ်များဖြင့် စည်းထားကြသည်။ ကျောပြင်ထက်မှာတော့ . . ဓားအိမ်များဖြင့် ထည့်ထားသော ဓါးရှည်ကိုယ်စီ။

ခြံစည်းရိုးက လုံခြုံစွာကာထားသည်။ မြင့်မားသော စည်းရိုးကို ကုပ်တက်ကာ တက်သွားကြပြီး ခြံထဲကို ခုန်ဆင်း သွားခဲ့ကြလေသည်။

ဝန်းကျင်သည် မှောင်မည်းနေသည်။ သူတို့၏ မျက်လုံးတွေက အမှောင်ထဲမှာ ကျင့်သားရနေကြပြီမို့ ဝန်းကျင် ကို ကောင်းစွာပင် မြင်သာနေကြသည်။ ကြီးမားမြင့်မားသော ပင်စားပင်ကြီးတွေက အိမ်ကြီးကို အုပ်မိုးထားကြသည်။ သုံးယောက်စလုံး အိမ်ကြီးဆီကို ဦးတည်ပြီးတော့ သွားနေကြ သည်။



"ရှပ် . . ရှပ်"

အသံတစ်သံက ကျောဘက်မှ ထွက်ပေါ်လာသည်။ နောက်ကို လှည့်ကြည့်လိုက်ကြသည်။ ချွန်ထက်သောအသံဖြစ် သည်။ ချုံတစ်ချုံထဲကို မျက်လုံးတွေက ရောက်သွားခဲ့ကြသည်။ တောက်သော မျက်လုံးတစ်စုံကို တွေ့လိုက်ကြရသည်။ အရောင် တောက်နေသည့် မျက်လုံးများ၊ ကိုမှန်တိုင်းက လေသံဖြင့် . .

"ကြောင် . . ဖြစ်မှာပါကွာ . ."

ရွာသားတစ်ယောက်က ဦးဆောင်ပြီး လှေကားအတိုင်း အိမ်ပေါ်ကိုတက်သွားခဲ့ကြသည်။ အပေါ်သို့ရောက်သော် တစ်ချပ်တည်းသာရှိသော ကျွန်းတံခါးကို လက်နှင့်တွန်းကြည့် လိုက်ရာ . .

"ကျွီ . ."

တံခါးက အတွင်းမှာ ချက်ချမထားရှိ၍ လွယ်ကူစွာပင် ပွင့်သွားခဲ့သည်။ အသံက အနည်းငယ်ကျယ်လောင်သွားခဲ့ သည်။ အိမ်ရှေ့အိမ်ဧည့်ခန်းထဲမှာ ရှင်းလင်းနေသည်။ မှော် တောင်းငိမ်းကြီးနှစ်လုံးကို နံရံနှင့်ကပ်လျက် တွေ့ရသည်။

သူတို့၏ မျက်လုံးတွေက အခန်းတစ်ခန်းဆီကို ရောက် သွားခဲ့ကြသည်။ ဤအခန်းထဲမှာ ဒေါ်မင်းစိန်နှင့် ရှင်နှောင်းတို့ ရှိနေကြလိမ့်မည်ဟု သူတို့အထင်ရောက်ခဲ့ကြသည်။ ရတနာ ပစ္စည်းများထည့်သည့် သေတ္တာလိုမျိုး ပစ္စည်းသည်လည်း အခန်းထဲမှာပဲ ရှိလိမ့်မည်ဟု ယူဆထားကြသည်။ ထို့ကြောင့် . . အခန်းထဲကို ဝင်ရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုစဉ် . .

ရုတ်တရက် မီးရောင်တစ်ခုက ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောဖက်မှလာသော အလင်းရောင်ဖြစ်သည်။ သုံးယောက်စလုံး နောက်ကိုလှည့်ကြည့်လိုက်ကြရာ. .

"ဟင်. ."

"ဟာ"

သူတို့တွေ့လိုက်ကြရသူက ဒေါ်မင်းစိန်နှင့် ရှင်နှောင်း၊ ဒေါ်မင်းစိန်သည် လက်တစ်ဖက်က မီးတိုင်ခွက်ထည့်ထားသော မီးအုပ်ဆောင်းကို ကိုင်ထားပြီး ညာလက်က ဓါးရှည်တစ်လက်ကို ကိုင်ထားသည်။ သူမ၏မျက်နှာကြီးသည် လွန်စွာမှ တင်းမာကာ ခက်ထန်လျက်ရှိသည်။ နဂိုကတည်းက ရုပ်ဆိုးရသည့်အထဲ ခုလိုခက်ထန်မာကျောနေသော မျက်နှာကြီးကို တွေ့လိုက်ရသောအခါ ပို၍ပြီးတော့ ကြောက်စရာကောင်းနေသည်ဟု ယူဆမိရသည်။ အားလုံး အံ့အားသင့်ပြီးတော့ ကြည့်နေမိကြသည်။

ရှင်နှောင်းကလည်း ဒေါ်မင်းစိန်၏ဘေးမှာ ယှဉ်ပြီးနေကာ. . ဓါးရှည်ကို ကိုင်ဆောင်ထားသည်။

နှစ်ဦးစလုံး ဆံပင်များကို ကျောပြင်မှာ ဖြန့်ပြီးချထားကြလေသည်။ ဒေါ်မင်းစိန်က မီးအုပ်ဆောင်းကို ဗီရိုတစ်လုံးပေါ်မှာ တင်လိုက်သည်။ ဗီရိုထက်မှာ သစ်နက်ရုပ်လေးတစ်ရုပ်ကရှိနေသည်။ ငနက်လေးသည် သူတို့ကို စူးလက်သောမျက်လုံးအစုံဖြင့်ကြည့်နေသည်။ ဤရုပ်တုလေးကို စောစောကမမြင်မိခဲ့ကြပါ. . အမှောင်ထဲမှာမို့ သတိမထားမိခဲ့ကြခြင်းပေလား။

"နင်တို့ ငါ့ဆီကိုလာပြီး ဓါးပြတိုက်ဖို့ ကြံစည်နေကြတာကို ငါသိတယ်၊ နင်တို့တိုင်ပင်နေကြတဲ့ အချိန်မှာ. . ငါ နင်တို့ရဲ့အနားမှာ ရှိနေတာကို မသိကြဘူး မဟုတ်လား. ."





"ဟင်. . ခင်ဗျားဟာ မကောင်းဆိုးရွားမကြီးပဲ၊ ကျုပ်တို့ရဲ့ အကြောင်းကို သိနေပြီပေါ့လေ. ."

"နင်. . ဘယ်သူလဲဆိုတာ. . ငါသိပ်သိသပေါ့ မုန်တိုင်း၊ နင်နဲ့အတူပါလာခဲ့ကြတဲ့ လူနှစ်ယောက်ကလည်း ငကျော်နဲ့ သာခင် မဟုတ်လား. ."

"ဟင်. . ဒါလောက်တောင်မှ သိနေကြပြီဆိုတော့. . သူတို့ကို အရှင်ထားလို့ မဖြစ်တော့ဘူး. . သေကြပေတော့"

သုံးယောက်စလုံး ပြေးဝင်လာခဲ့ကြပြီး ဓါးဖြင့် ဝင်ပိုင်းကြသည်။

"ထန်. . ထန်"

ဒေါ်မင်းစိန်နှင့် ရှင်နှောင်းတို့သည် လက်မှဓါးများဖြင့် ဆီးပြီးခံလိုက်ကြသည်။ မိန်းမသားများဆိုပြီး လျှော့တွက်မိခဲ့ကြသည်မှာ တွက်ကိန်းမှားသွားခဲ့ကြသည်။ ကိုမုန်တိုင်းက နစ်စပြုတ် ခုတ်ချလိုက်သော ဓါးချက်ကို သူမ၏ဓါးဖြင့် ဆီးခံလိုက်ပြီး ဓါးချင်းပွတ်ဆွဲ၍ တွန်းပစ်လိုက်ရာ ကိုမုန်တိုင်း နောက်ကို လန်သွားခဲ့ရသည်။

ကိုမုန်တိုင်းက လက်ပြန်လှည့်ပြီး ခုတ်ချလိုက်ရာ. . ဒေါ်မင်းစိန်က ရှောင်တိမ်းလိုက်ပြီး ဓါးဖြင့်ပွတ်ဆွဲလိုက်သည်။

"အား. ."

ဓါးချက်က ကိုမုန်တိုင်း၏ ကျောပြင်ကို ထိသွားသည်။ ရှင်နှောင်းကို ငကျော်နှင့် သာခင်တို့က နိုင်မည်အထင်နှင့် နှစ်ဖက်ညှပ်ပြီးတော့ တိုက်ခိုက်ကြသည်။ သို့သော်. . ဓါးရေး မကောင်းကြပါ၊ ဓါးရေးညက်နေပြီဖြစ်သော ရှင်နှောင်းက တရစပ် မွှေပြီးတော့ တိုက်ခိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထန်. . . ထန်"

သွက်လက်လှသော ရှင်နှောင်း၏ ဓါးချက်များကို မမီအောင်ရှောင်တိမ်းရင်း နောက်ကို ဆုတ်း တ်သွားခဲ့ကြရသည်။ တစ်ယောက်က ဓါးကိုလက်နောက်ပြန်ဆုတ်ကိုင်ပြီး ရှင်နှောင်းကို တွက်ထိုးထိုးလိုက်သည်။ ရှင်နှောင်းက ဓါးဖြင့် ဆီးခံလိုက်သည်။ တစ်ဆက်တည်းမှာပင်. . ဓါးကို အပေါ်သို့ မြှောက်ပြီး နောက်တစ်ဖန်ဝင်လာခဲ့သော ဓါးချက်ကို ကာလိုက်ရာ. .

"ထန်"

"အား"

ထိုသူ၏ လည်ပင်းကိုထိသွားသည်။ ဓါးချက်မိသွားသူက ကျော်၊ သာခင်က. . သူ့လူကို ထိသွား၍ ရှင်နှောင်းကိုဝင်ပြီး ခုတ်ရာ. . ရှင်နှောင်းက သာခင့် ဓါးချက်ကို ရှောင်လိုက်သည်။ ဓါးချက်က ချော်ပြီး ထွက်သွားခဲ့သည်နှင့် သာခင်၏ထိပ်ကို ဓါးနှောင့်ဖြင့် ထုချလိုက်သည်။ သာခင့်လက်ထဲမှ ဓါးလွတ်ကျသွားခဲ့သည်။ ဒူးထောက်ကျသွားသည်။ မူးဝေသွားသော သာခင့် မျက်လုံးသည် ဓိရိုထက်မှ သစ်နက်ရုပ်တုလေးဆီကို အလိုလို ရောက်သွားခဲ့ရသည်။ သူ့မျက်လုံးတွေထဲမှာ သစ်နက်ရုပ်တုလေးက အလိုလိုပင် လှုပ်ရှားလာသည်ဟု ထင်နေမိသည်။ သူ့ခေါင်းသည် ချာချာလည်အောင်ပင် မူးဝေလျက်ရှိသည်။ စူးလက်သော သစ်နက်မျက်လုံးတွေကို သူရင်မဆိုင်ရဲ၊ ထိတ်လန့်လာမိသည်။

"ဟော့ကောင်တွေ. . ပြေးကြ. . တော်ပြီ. ."

ကျောမှာ ဒဏ်ရာရထားသော ကိုမုန်တိုင်းက သတိပေးလိုက်သည်။ ကျော်သည် လည်ပင်းကို လက်ဖြင့်အုပ်ထားသည်။





သာခင်က. . နေရာမှထလိုက်သည်။ ဒေါ်မင်းစိန်သည် ဓါးချက် တစ်ချက်ဝင့်ထည့်လိုက်သည်။

"ဝှစ်. . ဝှစ်. ."

သုံးယောက်စလုံး၏ မျက်နှာပေါ်မှ အဝတ်များက ကွာထွက်သွားခဲ့ကြသည်။ ရှင်နှောင်းသည် ခြောက်လှန့်သည့် သဘောဖြင့် ဓါးရေးဝင့်ကာ ပြေးဝင်လာသည်။

သုံးယောက်စလုံး အိမ်မြင့်ကြီးပေါ်မှ ခုန်ချပြီး ပြေးကြသည်။ မြင့်မားသော စည်းရိုးဆီကို မရောက်မီ သူတို့ဆီကို ခုန်ဝင်လာခဲ့သော သတ္တဝါလေးတစ်ကောင်၊ တစ်ကိုယ်လုံး မည်းမှောင်ပြီး နက်ကျောလှသည်။ ထိုသတ္တဝါလေးက သူတို့ကို ထိခတ်သွားခဲ့လေရာ. . မာကျောသော အရာနှင့်ထိခိုက်သွားသလိုခံစားလိုက်ကြရသည်။ ထို့နောက်. . သွေးရူးသွေးတ န်းနှင့် စည်းရိုးကို ကုပ်တက်ကျော်လွှားကာ အောက်ကို တဖုန်းဖုန်းနှင့် ကျသွားခဲ့ကြသည်။

ကိုမုန်တိုင်းတို့ ဓါးပြသုံးယောက်ကလည်း မိမိတို့ ခံခဲ့ကြရသည်ကို မည်သူ့ကိုမှ အသိမပေးကြပါ။ ဒဏ်ရာကိုကြိတ်ပြီး တော့ကုသကြသည်။ ဒေါ်မင်းစိန်ကလည်း ရွာသူကြီးကို မတိုင်ကြားပါ။ ရှင်နှောင်းကတော့ နေက်ကြီးလိုက်လာပြီး မုန်တိုင်း တို့ကို ခြောက်လှန့်လိုက်သည်ဟု ထင်မိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂၈)

## ရွာထဲရောက်နေကြီး

ကျားနာခဲဖြစ်နေသော ကိုမှန်တိုင်းသည် မိမိတို့၏ အကြံအစည်မအောင်မြင်ခဲ့သဖြင့် လွန်စွာမှပင် မကျေမနပ် ဖြစ်နေမိသည်။

ထို့အပြင် . .

ကျောပြင်မှာလည်း ဓါးဒဏ်ရာရရှိထားခဲ့၍ နာကျည်းစွာ ပင်ခံစားနေရသည်။ လည်ပင်းမှာ ဓါးချက်မိသွားခဲ့သော ငကျော် သည် . ၊ ဒဏ်ရာပြင်းထန်လှ၍ သုံးလလောက် ဆေးကုကာ သေကောင်ပေါင်းလဲခံစားလိုက်ရလေ၏။ ငကျော်ရော၊ သာခင် ပါ . . ဒေါ်မင်းစိန်ကို အကြောက်ကြီးကြောက်သွားခဲ့ကြရသည်။

"တော်ပါပြီ မှန်တိုင်းရာ၊ နောက်ကို . . ဒီမိန်းမကြီးနဲ့ ဘယ်လိုမှ မပတ်သက်ပါရစေနဲ့တော့၊ ဟိုကောင်မလေးကလည်း ဓါးရေးသိကိုလိုက်သမှ . . ကံကောင်းလို့ လည်မပြတ်တာယ် . ."

www.burmeseclassic.com

www.burmeseclassic.com



ငကျော်က ညည်းသလို သာခင်ကလည်း. .

"ဟုတ်တယ်၊ ဒီကောင်မလေးဟာ လူသာငယ်တယ် ပညာကမငယ်ဘူး. . ငါတို့လည်း နှိပ်စက်လွှတ်လိုက်တာ. . မသေရှုံတမယ်ပဲ. . "

"ငါတို့တိုင်ပင်နေတာကို ဒီမိန်းမကြီး ဘယ်လိုသိသွား သလဲမပြောတတ်ဘူး၊ သူပြောတော့. . အဲ့ဒီအချိန်မှာ ငါတို့ အနားမှာ သူရှိနေတယ်တဲ့၊ ငါတို့ပြောဆိုနေကြတာတွေကို ကြားနေရတယ်တဲ့. . "

"ဟာကွာ. . မုန့်တိုင်းရာ၊ သူက. . ရွာသူပဲကွ ခွေးယောင်. . ကျီးယောင်ဆောင်ပြီးတော့ အနားမှာ ရှိနေရင် လည်း. . ငါတို့က ဘာသိမှာလဲ. . "

သာခင်က မျက်နှာကြီးရှုံ့မဲ့ပြီးတော့ ပြောလိုက်သည်။

"အေးကွာ၊ ငါတော့. . ဒီမိန်းမကြီးရော. . ဟို ကောင်မလေးရော၊ လုံးဝကို မကျေနပ်ဘူးကွာ. . ငါတို့ ဒုက္ခ အမျိုးမျိုးပေးပေါင်းများလှပြီ၊ သင်းတို့လည်း တစ်နေ့ကျရင် ဒုက္ခကောင်းကောင်း တွေ့ရစေမယ်. . "

ကိုမုန့်တိုင်းက အံကိုကြိတ်. . လက်သီးကိုဆုပ်ကာ ကြိမ်းဝါးလိုက်လေ၏။

➤ ➤ ➤

ဒေါ်မင်းစိန်တို့ကို အခဲမကြေသော ကိုမုန့်တိုင်းသည် လက်စားချေနိုင်ရေးကိုသာ ခေါင်းထဲမှာ တစ်ချိန်လုံး ထည့်ထား ခဲ့သည်။ အခွင့်သာလျှင်. . သင်းတို့ မြေအဖွားနှစ်ယောက်စလုံး



ကို. . သုတ်သင်ပစ်ရန် ဆုံးဖြတ်ချက်ချထားသည်။

"ဒီတစ်ခါတော့. . ဟိုကောင်တွေကို မခေါ်တော့ဘူး၊ ငါတစ်ယောက်တည်းပဲသွားတော့မယ်. . "

မကျေပွဲ ဆင်နွှဲလိုသော ကိုမုန့်တိုင်းသည် ဒေါ်မင်းစိန် တို့သွားလမ်း၊ လာလမ်းကို မှတ်သားထားသည်။ သို့သော်. . လမ်းကိုသာ မှတ်ထားသည်။ မည်သည့်နေရာမှာ. . ဘာတွေ လုပ်ကိုင်ကြံစည်နေသလဲဆိုတာကို မသိရ။

"မဟုတ်မှလွဲရော၊ ဒီမိန်းမကြီးဟာ. . သူ့မြေးကို တောထဲမှာ. . ပညာအမွေတွေပေးနေတာပဲဖြစ်ရမယ်၊ လူမသိ သူမသိ. . တောထဲကို. . လျှို့ဝှက်ပြီးတော့သွားနေတာ ဒီအကြောင်းပဲရှိတယ်. . "

စိတ်မှတ်မရှိသေးသော ကိုမုန့်တိုင်း၊ ဒေါ်မင်းစိန်တို့ကို ရှာဖွေရန်. . တောထဲကို ထွက်လာခဲ့ပြန်လေပြီ။

သူ့ကိုယ်ပေါ်မှာ ဆောင်ဓါးအပြင်၊ ဒူးလေးနှင့် မြားတွေ လည်း ပါလာခဲ့သည်၊ ဒေါ်မင်းစိန်တို့ကို မတွေ့လျှင်. . သားကောင်ရှာမည်၊ ပစ်မည်. . ငါးမရလျှင် ရေချိုး၍ ပြန်မည်။ အချည်းနှီးတော့ မဖြစ်တန်ရာ. .

ဒီတစ်ခါ. . တောထဲကို ဝင်လာခဲ့သည်မှာ မည်သည့် အနှောင့်အယှက်မှလည်း မတွေ့ရ၊ ဒေါ်မင်းစိန်ကိုလည်း မတွေ့၊ လွှတ်လပ်နေသည်။ တစ်နေရာကိုရောက်သောအခါ ပုံဖျက်ထား သော လမ်းတစ်လမ်းကို တွေ့လိုက်ရသည်။

"မဟုတ်မှလွဲရော. . ဒါ. . သူတို့သွားလာနေကျလမ်းမို့ လူမသိအောင် ပုံဖျက်ထားတာပဲဖြစ်ရမယ်"

ချုံနွယ်များပိတ်ဆို့နေသော ထိုလမ်းကို ဓါးဖြင့်ရှင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့သွားသည်။ လူသွားလမ်းကလေးတစ်ခု ပေါ်လာခဲ့လေ
သည်။ အားတက်လာပြီး ဆက်လျှောက်သွားခဲ့သည်။

အတော်ကလေးလျှောက်လာခဲ့ပြီးသောအခါတွင်..
ဂူတစ်လုံးက သူ့ရှေ့မှောက်မှာ ဘွားကနဲဆိုပေါ်လာခဲ့လေသည်။
သူ.. အံ့အားသင့်သွားခဲ့ရပြီး ဂူဆီကို သတိနှင့် လျှောက်သွား
ခဲ့သည်။ ဂူထဲမှာ သစ်သီးအချို့နှင့် သောက်ရေအိုးတစ်လုံးကို
တွေ့လိုက်ရသည်။

ထို့အပြင်..

ခြေရာများကိုလည်း တွေ့လိုက်ရသည်။ သူ့မျက်လုံး
တွေက ဂူထောင့်ဆီကို အမှတ်မထင် ရောက်သွားခဲ့သည်။
သံသေတ္တာငယ်လေးတစ်လုံးကို မမျှော်လင့်ပဲ တွေ့လိုက်ရလေ
သည်။ သူ..စိတ်ဝင်စားသွားခဲ့သည်။ ရတနာပစ္စည်းများ
ဖြစ်ခဲ့လျှင်ဟူသော.. အတွေးဖြင့် ရင်ထဲမှာ ထိတ်ကနဲဖြစ်သွား
မိခဲ့သေးသည်။ သံသေတ္တာလေးကို ကောက်ယူလိုက်ပြီး အဖုံးကို
ဖွင့်ကြည့်လိုက်သောအခါ..

"ဟင်.."

သူ..စိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့ရသည်။ မျှော်လင့်
ထားသလို ရတနာပစ္စည်းများ မဟုတ်ခဲ့၊ သစ်နက်ပေါက်လေး
တစ်ကောင်သာဖြစ်သည်။ ရုပ်လုံးသွင်းပြီး အစာသွပ်ထားသည့်
သစ်နက်ပေါက်လေး၊ တောက်ပြောင်နေသော မျက်လုံး
လေးတစ်စုံသည် သူ့ကို မော့ကြည့်နေသယောင်၊ ဤသစ်နက်
ကလေးကို.. ဟိုညက ဒေါ်မင်းစိန်၏ နေအိမ်မှာ တွေ့ခဲ့ရ
သည်။ ပြီးတော့..ခြံထဲမှာလည်း သစ်နက်ပေါက်လေး၏
တိုက်ခိုက်မှုကို ခံခဲ့ရသေးသည်။ ဤသစ်နက်ပေါက်ရုပ်တုလေး





နှင့် တစ်ထေရာတည်းပင်ဖြစ်သည်။

သူ.. အံ့အားသင့်ပြီးကြည့်နေဆဲမှာပင် သစ်နက်တစ်
ကောင်သည် သူ့ဆီကို တစ်လှမ်းချင်းလာနေသည်။ အနီးကပ်
ရောက်လာတော့မှ ခြေသံကြားပြီး လှည့်ကြည့်လိုက်ရာ..

"ဟင်"

အနည်းငယ်ပို၍ ကြီးမားသော သစ်နက်ကြီးတစ်
ကောင်ကို တွေ့လိုက်ရလေတော့သည်။ ကိုမုန်တိုင်းလန့်ဖျန့်
သွားခဲ့ရပြီး.. တိုက်ခိုက်ရန် ဓါးကို ခါးအိမ်ထဲမှ ဆွဲထုတ်လိုက်
သည်နှင့်.. သစ်နက်ကြီးက သူ့ကို ခုန်အုပ်လိုက်လေတော့သည်။

"အား.."

ကိုမုန်တိုင်း မြေပြင်ထက်သို့ လဲကျသွားခဲ့သည်။
ပက်လက်အနေအထားဖြင့် လက်ထဲမှာ မြဲမြဲစွာ ဆုပ်ကိုင်ထား
သော ဓါးကို သတိရသွားခဲ့သည်။ သူ့အပေါ်မှာ မိုးနေသော
သစ်နက်ကြီးကို တအားလွှဲပြီး ခုတ်ချလိုက်လေရာ.. သစ်နက်
ကြီးက ရှောင်တိမ်းလိုက်ပြီး ဓါးကိုင်လက်ကိုလည်း ပုတ်ချလိုက်
လေသည်။ လက်နက်မဲ့သွားပြီဖြစ်သော ကိုမုန်တိုင်းသည်
လွန်စွာမှပင် ထိတ်လန့်သွားခဲ့ရသည်။ သစ်နက်ကြီးက
အစွယ်များ ဖွေးဖွေးပေါ်လာသည်အထိ ပါးစပ်ကြီးကိုဖြဲကာ..
ခြိမ်းခြောက်လိုက်သည်။

"အူး..ဝါး.."

"အမလေး.."

ကိုမုန်တိုင်းက သူ့ကို သစ်နက်ကြီးက ကိုက်သတ်တော့
မည်အထင်ဖြင့် လန့်ပြီးတော့ အော်လိုက်လေသည်။

"ဟိတ်.. နေကြီး၊ သူ့ကို ဘာမှမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အော်သံတစ်သံက ထွက်ပေါ်လာသည်။ ငနက်ကြီးသည် ချက်ချင်းပင် နောက်ကိုဆုတ်လာခဲ့သည်။ ကိုမှန်တိုင်းလည်း လဲကျနေရာမှ လူးလဲပြီးတော့ ထ,လိုက်ရ သည်။ သူတွေ့လိုက်ရသူက ဒေါ်မင်းစိန်. .

"နင်က. . ငါ့နောက်ကို နောက်ယောင်ခံပြီး လိုက်လာ သေးတယ်ပေါ့. . ပုပ္ပသား၊ နင်. . စိတ်မှတ်မရှိသေးဘူးလား မှန်တိုင်း၊ ကိုယ့်အလုပ်မဟုတ်ပဲ. . ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရ တာလဲ. ."

"ကျုပ်. . ခင်ဗျားရဲ့နောက်ကို တမင်လိုက်လာတာ မဟုတ်ဘူး၊ မထင်မှတ်ပဲ. . ဒီဂူကိုရောက်လာခဲ့တာ"

"နင်. . လိမ်တယ်၊ အမှန်ကို မပြောဘူး၊ ငါလုပ်လိုက် ရင်. . နင်သေတော့မယ်၊ အခုချက်ချင်း ထွက်သွားစမ်း"

"ခင်ဗျား. . ကျုပ်ကို ဂ ုံ့ပေးစရာမလိုဘူး၊ ကျုပ်. . သွားချင်သွားမယ်. . မသွားချင် မသွားဘူး"

ဒေါ်မင်းစိန်၏ စူးလက်သော မျက်လုံးတွေက ကိုမှန်တိုင်း၏ မျက်လုံးများကို စူးစိုက်ပြီးတော့ ကြည့်လိုက်သည်။

"ကောင်းပြီ၊ နင်. . ငါ့စကားကို နားမထောင်ရင် တစ်ချိန်ကျ. . ငါ အဆိုးမဆိုနဲ့"

ဒေါ်မင်းစိန်၏စကားကြောင့် ကိုမှန်တိုင်း လန့်သွား ခဲ့ရသည်။

"တောက်"

တောက်တစ်ချက်ပြင်းစွာခေါက်လိုက်ပြီး ဒေါ်မင်းစိန် ကိုဓါးဖြင့် ပြေးပိုင်းသည်။

"သေပေတော့"



ထိုစဉ် သစ်နက်ကြီးက ကိုမှန်တိုင်းကို ခုန်အုပ်ကာ ရှေ့လက် (ရှေ့ခြေ) နှစ်ဖက်ဖြင့် တွန်းပစ်လိုက်သည်။

"အား. ."

ကိုမှန်တိုင်း လဲကျသွားသည်။ မြေပြင်မှာ ဒလိမ့်ခေါက် ကွေးဖြစ်သွားခဲ့ရသည်။ လက်ထဲမှ ဓါးလည်း လွတ်ကျသွားခဲ့ရ လေသည်။

"ငနက်ကြီး၊ ငါ့ဆီကို ပြန်လာခဲ့. ."

ငနက်ကြီးက ဒေါ်မင်းစိန်၏ အနားကိုပြန်သွားသည်။

"နောက်တစ်ခါဆိုရင် ငါ. . ငနက်ကြီးကို အသေတိုက် ခိုင်းလိုက်တော့မယ်. ."

ဒေါ်မင်းစိန်၏ စကားကြောင့် ကိုမှန်တိုင်းမှာ နေရာမှ လူးလဲပြီး ထ,လိုက်ကာ မြေပြင်မှာကျနေသော ဒူးလေးနှင့် ဓါးကို ကောက်ယူလိုက်ပြီး. .

"ခင်ဗျား. . ကောင်းကောင်း သတိထား"

ဒေါ်မင်းစိန်ကို ကြိမ်းမောင်းကာ နေရာမှ ထွက်သွားခဲ့ လေသည်။

ကိုမှန်တိုင်း. . မျက်စိရှေ့မှောက်မှ ပျောက်ကွယ်သွား သောအခါ. .

"ငနက်ကြီး. . နင့်ကို သူသိသွားပြီ၊ နင်. . ဒီနေရာမှာ ရှိနေလို့ မဖြစ်တော့ဘူး"

ဟု. . တိုးညင်စွာဖြင့် ပြောလိုက်လေ၏။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



မြသာမှာသည် ထိုမျှနှင့် ပြီးဆုံးမသွားခဲ့၊ ကိုမှန်တိုင်းက တောင်းနီရွာကို ပြန်ရောက်သောအခါ သူတောထဲမှာ ခေါ်မင်းစိန်နှင့်အတူ သစ်နက်ကြီးတစ်ကောင်ကို တွေ့ခဲ့သည့် အကြောင်း ပါးစပ်တောမီးရှို့လိုက်သည်။

"ဒဲ့ဒီမိန်းမကြီးနဲ့အတူ.. သစ်နက်ကြီးကိုသာမကဘူး၊ ရှုပ်လုံးထွင်းပြီး အစာသွင်းထားတဲ့ သစ်နက်ပေါက်လေး တစ်ကောင်ကိုလည်း တွေ့လိုက်ရတယ်၊ သေတ္တာလေးထဲမှာ ထည့်ထားတာဗျ.. ဒီ မကောင်းဆိုးရွားမကြီးရဲ့ အစီအရင်နဲ့ တူတယ်.."

ကိုမှန်တိုင်း၏စကားကို ဆေးဆရာကြီး ဦးဘိုမောင်က စဉ်းစားဆင်ခြင်ပြီးမှ..

"သစ်နက်ဆိုတာ သိပ်ပြီးရှားပါးလှတဲ့ သတ္တဝါပဲ၊ မင်းတောထဲမှာ တွေ့ခဲ့တယ်ဆိုတာကော ဟုတ်ရဲ့လား.."

"ဟာ.. ဦးရီးကလည်း ကျွန်တော့်မျက်စိနဲ့ကို တပ်အပ် မြင်ခဲ့တာပါဗျာ၊ ဒီမိန်းမကြီးက မွေးထားတာ၊ သူအမိန့်ပေးတာကို သစ်နက်ကြီးက နာခံတယ်"

"အေး.. ဟုတ်ပါပြီ၊ သစ်နက်လို သတ္တဝါမျိုး.. ပင်ကိုယ်က နူးညံ့တဲ့စိတ်ရှိလို့.. ယဉ်ပါးအောင် သင်ယူရတာ လည်း မခဲယဉ်းလှပါဘူးလေ၊ ခေါ်မင်းစိန်ဟာ သစ်နက် ငယ်ငယ်ကလေးကတည်းက မွေးထားခဲ့တာဖြစ်ရမယ်၊ မင်း တွေ့ခဲ့တဲ့ သေတ္တာလေးထဲက သစ်နက်ရုပ်တုလေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားခဲ့တဲ့ သစ်နက်ပေါက်လေးကို ဆေးဝါးအတတ်ပညာနဲ့ တမင်ကျုံ့အောင်လုပ်ပြီး ရုပ်လုံးသွင်း ထားတာပဲဖြစ်ရမယ်.."





ဒဲ့သလိုလုပ်ရတာကတော့ [illegible] အစီအရင်မှု မဖြစ်နိုင်ဘူး..

"ဒါဖြင့်ရင် ဘယ်လိုကြောင့် ဒီလိုလုပ်[illegible] ဦးရီး.."

ရွာသားတစ်ယောက်က ဝင်မေးသည်။

"ရှင်းနေတာပဲကွာ၊ ဒီသစ်နက်လေးအပေါ်မှာ [illegible] ငဲ့ရှိနေလို့ပေါ့ကွ၊ အကြောင်းတစ်ခုခုကြောင့် သေသွားခဲ့ပေ တောင်.. မပစ်ရက်လို့ ရုပ်လုံးသွင်းထားတာပေါ့.."

ဦးဘိုမောင်၏အဖြေသည် ကိုမှန်တိုင်းတို့မျှော်လင့် သလို ဖြစ်မလာခဲ့ သူတို့ မျှော်လင့်ထားခဲ့ကြသည်က ခေါ်မင်းစိန် သည်.. ရွာသူ စုန်းမကြီး.. စသည့် ထောက်ခံစကားများသာ ဖြစ်ကြသည်။

"ဦးရီးတို့ ကျွန်တော်ပြောတာကို မယုံရင် သစ်နက်ကြီး တွေ့ခဲ့တဲ့ နေရာကို ခေါ်သွားပြမယ်လေ.."

"ငါ.. မင်းရဲ့စကားကို မယုံလို့မဟုတ်ပါဘူး၊ ဒါပေမဲ့ စိတ်ဝင်စားတယ်.. သွားကြည့်ကြတာပေါ့ကွာ"

ထို့နောက် ကိုမှန်တိုင်းက ခေါင်းဆောင်ပြီး ဆေးဆရာ ကြီးဦးဘိုမောင်အပါအဝင်.. ရွာသားများအချို့နှင့်အတူ သွားရောက် ကြည့်ကြသည်၊ သို့သော် တောထဲ၌ လမ်းခုလတ် မှားကာ ချာချာလည်လျက်ရှိသည်။ မူလနေရာကိုပဲ ပြန်ပြန်ပြီး ရောက်နေ တတ်သည်။ ဤသို့ဖြင့် တစ်နေကုန်သွားခဲ့သည်။

နောက်ဆုံးမှာတော့..

"ကဲပါကွာ၊ ဒါလောက်တောင်ရှိလှတာ.. ဆယ်ကျော် ပါနဲ့တော့.. မှန်တိုင်းရာ၊ ငါတို့ဒီည ရွာကို ပြန်ရောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နေကြပါဦးမယ်. . ပြန်ကြတာပဲ ကောင်းပါတယ်"

ဆေးဆရာကြီး ဦးဘိုမောင်က ကိုမုန်တိုင်းကို အပြစ်မတင်၊ အေးဆေးစွာပင် ပြောလိုက်သည်။ ရွာသားများက ကိုမုန်တိုင်းကို စိတ်ပျက်သွားခဲ့ကြသည်။ ရွာသို့ အောင်မြင်စွာဖြင့် ဆုတ်ခွာလာခဲ့ကြလေသည်။

➤ ➤ ➤

တစ်ရက်တွင်. .

ကိုမုန်တိုင်း၏ သား မောင်ပန်းသည် ဒေါ်မင်းစိန်၏ ခြံထဲသို့ တိတ်တဆိတ်ဝင်လာခဲ့သည်။ ခွေးတိုးပေါက်မှ ဝင်လာခဲ့သည်ဖြစ်၍ လေးဘက်ထောက်ကာ ခဲယဉ်းစွာ ဝင်လာခဲ့ရသည်။

မောင်ပန်းသည် အသက်ဆယ်နှစ်လောက်ပဲရှိသေးသည်။ သူ. . အထဲကိုရောက်သွားခဲ့ပြီးသည်နှင့် ခြံပြင်မှာ ကျန်ခဲ့သော အဖော်ကလေးနှစ်ယောက်ကို မျက်နှာရိပ်မျက်နှာကဲပြကာ ခေါ်လိုက်လေ၏။ သူငယ်ချင်းနှစ်ယောက် တွားသွားပြီးတော့ ဝင်လာခဲ့ကြလေ၏။

ခြံထဲမှာ သီးပင်စားပင်များက ပေါများလှသည်။ မရမ်းပင်တွင် မရမ်းသီးများက မှည့်ဝင်းကာ အပြွတ်လိုက်သီးလျက်ရှိကြသည်။ မာလကာသီးတွေကလည်း တစ်ပင်တည်းမှာပင်. . များစွာသီးနေကြသည်။ ကလေးများအတွက် သွားရည်ကျစရာပဲဖြစ်သည်။

ကလေးမိဘများက ချောက်လှန့်ထားကြသောကြောင့် ဒေါ်မင်းစိန်၏ခြံထဲကို မည်သူမှ မဝင်ရဲကြ၊ အခုတော့. . အစားမက်ပြီး အကြောက်ကိုချောင်ထိုးကာ ဝင်လာခဲ့ကြခြင်းပင်ဖြစ်ကြသည်။

"မောင်ပန်း ဖြစ်ပါ့မလားကွ၊ ဒေါ်မင်းစိန်ကြီးနဲ့ တော်ဝင်တိုးရင်. . ငါတို့အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်. ."

"ခွေးပု၊ မင်းကြောက်ရင် ပြန်သွား၊ ငါတို့က မရမ်းသီး မာလကာသီးတွေကို မြန်မြန်ခူးပြီး ပြန်ကြမှာ. . ဒီမှာ အကြာကြီး မနေဘူး. ."

"အေး. . ဒါဆိုလည်း မြန်မြန်လုပ်ကြကွာ"

မောင်ပန်းက သစ်ပင်ပေါ်ကို လျင်မြန်စွာဖြင့် တက်သွားခဲ့သည်။ မှည့်ဝင်းနေသော မရမ်းသီးတွဲကြီးများကို ဆွတ်ခူးကာ အောက်ကိုပစ်ချပေးသည်။ ခွေးပုနှင့် သာထက်က အောက်မှ လုံချည်ကိုဖြန့်ကာ ဆီး၍ ခံကြသည်။

"ခွေးပု၊ တော်လောက်ပြီကွ. . ငါကျောချမ်းတယ်၊ ဒေါ်မင်းစိန်ကြီး တွေ့သွားရင် မလွယ်ဘူး"

သာထက်က ကြောက်ကြောက်နှင့် ပြောလိုက်သည်။

"အေး. . ငါလည်း ဆင်းတော့မှာ"

မောင်ပန်းသည် သစ်ပင်ပေါ်က ဆင်းမည်အပြု. .

"ဟိတ်. . ကလေးတွေ နင်တို့. . ဒါဘာလုပ်နေကြတာလဲ. . ငါ့ခြံထဲကိုဝင်ပြီး စော်စော်ကားကား. ."

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့သည်၊ သုံးဦးစလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့ရသည်။

"ဟာ. . ဒေါ်မင်းစိန်ကြီး သိသွားပြီ၊ ပြေးကြောင်. . မောင်ပန်း၊ မြန်မြန်ဆင်း. ."



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မင်းစိန်သည် ဆံပင်ဖားလျားချကာ အိမ်အပေါ်ထပ်ပြူတင်းဝမှနေ၍ ခါးထောက်ကာ ကြည့်နေသည်။ မောင်ပန်းလည်း သစ်ပင်ထက်မှ ကတိုက်ကရိုက် ဆင်းလာခဲ့သည်။

အောက်ကိုရောက်ကာနီးမှ ကြောက်စိတ်ကြောင့် ခြေလွတ်လက်လွတ်ဖြစ်ကာ ပြုတ်ကျသွားလေတော့သည်။

"အား"

"ဘုန်း"

"ဟာ. . မောင်ပန်း ပြုတ်ကျသွားပြီ. . "

သူငယ်ချင်းနှစ်ယောက်က ကိုယ်လွတ်ရုန်းပြီး မပြေးကြပဲ မောင်ပန်းကို တွဲကာ ထွက်ပြေးကြလေတော့သည်။ ခြံအပြင်ကိုပြန်ရောက်တော့ မောင်ပန်းမှာ ထော့နဲ့. . ထော့နဲ့ ခြေနာသွားခဲ့လေပြီ။

"ငါခြေထောက်တစ်ဖက် မထောက်နိုင်တော့ဘူးကွ၊ ဟိုမိန်းမကြီး လိုက်လာသလား. . ကြည့်စမ်းပါဦးကွ"

"လိုက်မလာဘူး. . မင်းကို ငါတို့ တစ်ယောက်တစ်လဲစီ ကုန်းပိုးပြီးတော့ ခေါ်သွားမယ်၊ မရှုနဲ့. . မောင်ပန်း"

မောင်ပန်းကို တစ်ယောက်တစ်လဲစီ ကုန်းပိုးပြီးတော့ ခေါ်သွားခဲ့ကြသည်။ နေအိမ်သို့ရောက်သော် မောင်ပန်း၏ မိခင် မနှင်းက မောင်ပန်းကို တွေ့မြင်သွားခဲ့သည်နှင့်. .

"ဟင်. . သား ဘယ်လိုဖြစ်လာတာလဲ"

စိုးရိမ်တကြီးဖြင့် မေးလိုက်လေရာ မောင်ပန်းက အမှန်ကို မပြောချင်၊ သို့သော်. . ခွေးပုတ ပြောချလိုက်သည်မှာ-



"ဟို. . ဒေါ်မင်းစိန်ရဲ့ခြံထဲမှာ မရမ်းသီးသွားခူးရင်း မှီသွားလို့ သစ်ပင်ပေါ်မှာ ဆင်းအပြေးမှာ လိမ့်ကျလို့ရ"

"ဟင်. . နင်တို့ အဲဒီခြံထဲကို သွားကြတယ် ဟုတ်လား ဘုရား. . ဘုရား. . ကိုယ်ကိုနည်းကြတော့မှာပဲ၊ တော်တော် ဆိုက်မကြပါလား. . ဟင်၊ ဒီမိန်းမကြီးရဲ့အကြောင်းကို နင်တို့ သိထားကြလျက်နဲ့ ဗုဒ္ဓပါပဲ. . "

မနှင်းမှာ ငယ်ထိပ်ကို မြွေပေါက်လိုက်သလိုပင် ခံစား လိုက်ရလေတော့သည်။

➤ ➤ ➤

မောင်ပန်းမှာ ခြေထောက်လုံးဝ မလှုပ်ရှားနိုင်တော့ ခြေဆစ်ကြီးတစ်ခုလုံး ယောင်ကိုင်းလာကာ မြေမှာထောက်၍ပင် မရတော့ချေ။ အဖျားလည်းဝင်လာပြီး အိပ်ယာထက်မှာ တယောင်ကတမ်းနှင့် ပြောနေလေတော့သည်။

"အမေ. . ကြောက်တယ်. . ကြောက်တယ်၊ ဟိုမိန်းမကြီး ကျွန်တော့်ကို မျက်လုံးပြူကြီးနဲ့ စိုက်ကြည့်နေတယ်၊ ကျွန်တော့် ကိုပစ်မထားပါနဲ့. . ပစ်မထားပါနဲ့. . "

"သား. . သား သတိထားလေ၊ အမေရော. . အမေပါ အနားမှာရှိနေကြတယ်၊ ရွာက လူကြီးတစ်ချို့လည်း ရှိနေကြ တယ်. . သား. . ဘာမှမဖြစ်ဘူး"

မိခင်မနှင်းက မောင်ပန်းကို ဖက်ထားသည်။ ကိုမှတ်တိုင် သည် သားကိုကြည့်ပြီး မျက်ရည်ဝိုင်းနေသည်။ အကိုကြင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ထားသည်။

"တောက်. . ဒီမိန်းမကြီးကြောင့် ငါ့သား အခုလိုဖြစ်ရ တာ. . သင်းပြုစားလိုက်တာ. . သိမယ်၊ ငါ့ဒ ကြောင်း. . "

ကိုမုန်တိုင်းက နံရံမှ ဓါးကိုဆွဲပြီး အိမ်ပေါ်မှဆင်းမည် ပြုသည်။ ရွာလူကြီး ဦးကံစိက ကိုမုန်တိုင်းကို ဆွဲထားလိုက်ပြီး-

"ဟော့ကောင် မင်း အရမ်းမလုပ်နဲ့၊ မင်းရဲ့သားက လန့်ပြီးဖျားတာ. . ဒီမိန်းမကြီးနဲ့ ဘာဆိုင်လို့လဲ"

"သူကြီးကလည်းဗျာ၊ ဒီမိန်းမကြီးရဲ့ အကြောင်းကို သိသားနဲ့. . ကျုပ်က ထပ်ပြီးရှင်းနေရဦးမှာလား. . မဆွဲနဲ့ဗျာ"

"ဟော့ကောင်. . မင်း ငါ့စကားကို နားထောင်မလား မထောင်ဘူးလား. . ဒါပဲပြော"

သူကြီးဦးကံစိက ပြောမှ ငြိမ်သွားသည်။

"ကျုပ် သားတစ်ခုခုဖြစ်ရင် သင်းသိမယ်. . "

"နေစမ်းပါဦးလေ. . ငါ. . မင်းရဲ့သားအတွက် တစ်ခုခု စီစဉ်ပေးပါဦးမယ်၊ အခုလည်း ကိုယ်ပူကြီးနေတာပဲ. . ဆေး လည်းတိုက်ထားပြီးပြီပဲ. . ကိုယ်ပူကြီးတော့ ကယောင်ကတမ်းနဲ့ ပြောနေတာပေါ့။ မင်း. . ထင်ရာတွေလျှောက်ပြီး မလုပ်နဲ့နော် မုန်တိုင်း. . "

ဆေးဆရာကြီး ဦးဘိုမောင်ကလည်း သတိပေးလိုက် ပြန်သည်။

"ဒါဖြင့် ဦးရီးက ကျွန်တော့်သားအတွက် ဘာလုပ်ပေး နိုင်သလဲ. . "

ဒေါသစိတ်ဖြင့်မွန်နေသော ကိုမုန်တိုင်းကို ဦးဘိုမောင် က. . သည်းခံကာ ခွင့်လွှတ်လိုက်ပြီး. .



"ကဲ. . ငါပြောတဲ့ အတိုင်းလုပ်ကြ၊ မင်းတို့က မောင်ပန်း အခုလိုဖြစ်တာ ဟိုမိန်းမကြီးကြောင့်လို့ ထင်နေကြတယ်ဆိုတော့ ဒီအတိုင်းပဲ လုပ်ရမှာပဲ. .

ထမင်း၊ ဟင်းချက် အသားဟင်း တစ်ခွက်စာလောက်ပဲ ဖြစ်ဖြစ်ပေါ့၊ ခအေး. . ချက်ပြီးရင် ငှက်ပျောဖက်သန့်သန့်ကို ဆွတ်ခူးပြီး ရွာအနောက်က သစ်တိုပင်ကြီးအောက်မှာ ခင်း ထမင်း ဟင်းတွေကို ပုံပြီးတော့ထား. .

ကလေးကို ဖမ်းစားထားတဲ့သူ၊ လာပြီးတော့ စားပါ။ သုံးဆောင်ပါလို့ ပြောပြီးခေါ်၊ ရွာသူက. . သတ္တဝါတစ်ကောင် ကောင်အဖြစ်. . ပြောင်းလဲပြီး လာစားလိမ့်မယ်၊ ရွာသူက အသွင်ပြောင်းပြီးတော့ လာစားမှာ၊ စားပြီး ပြန်သွားလိမ့်မယ်၊ သူစားနေတုန်း ဘယ်သူမှ ရန်မပြုကြနဲ့. . အန္တရာယ်မပေးကြနဲ့ သိပြီလား. . "

"ဟုတ်ကဲ့"

ကိုမုန်တိုင်းက အာမဘန္ဒေကာ ကတိပေးလိုက် လေသည်။

➤ ➤ ➤

အချိန်ကား. . မိုးချုပ်ပြီးကာစ. . ။

ကိုမုန်တိုင်းသည် ကျော်နှင့် သာခင်ကို အဖော်အဖြစ် ခေါ်လာခဲ့ကာ ရွာအနောက်ဖက်ဆီကို လျှောက်လာခဲ့ကြသည်။ လက်ထဲမှာ. . ထမင်းနှင့် ဟင်းများကို ငှက်ပျောဖက်နှင့်ထုပ် ကာယူလာကြသည်။ သူတို့တဖြည်းဖြည်းနှင့် လျှောက်လာကြရင်း

www.burmeseclassic.com

www.burmeseclassic.com



အမှောင်က ပိုပြီးတော့ သန်းလာခဲ့သည်။ မကြာမီ. . သစ်တိုပင်ကြီး၏အနားကို ရောက်လာခဲ့လေသည်။

"ကဲ. . မင်းတို့ အားလုံး. . ငါမှာထားတာကို မမေ့ကြနဲ့"

ကိုမုန်တိုင်းက တိုးတိုးလေးသတိပေးလိုက်လေသည်။ ထို့နောက် ဌက်ပျောဖက်ကို ထုတ်ထားရာက သစ်ပင်အောက်မှာ ဖြန့်ပြီးတော့ ခင်းလိုက်သည်။

"ကဲ. . ကျုပ်သားကို ပြုစားထားတဲ့ ရွာသူကြီး ဒေါ်မင်းစိန်၊ အားပါးတရလာပြီး စားလိုက်စမ်း"

မုန်တိုင်းက မူးမူးရူးရူးနှင့်ပြောလိုက်သည်။ ထိုသို့သော အောက်ဘုံသားများကို ကောင်းမွန်စွာ မကျွေးမွေးရပေ၊ ဤကဲ့သို့ ဌက်ပျောဖက်ချခင်းကာ ကျွေးရလေသည်၊ ကိုမုန်တိုင်းသည် ငကျော် ဘိုဆီကို လျှောက်သွားပြီး မှောင်ရိပ်ယံမှာ ရပ်နေသည်။ ခြင်ကိုက်၊ မှတ်ကိုက်ဖြင့် အတော်လေးကို သည်းခံကာ စောင့်နေကြရသည်။

မကြာမီ. .

မည်းမည်းသတ္တဝါတစ်ကောင်သည် သစ်ပင်တွေကြား ချုံတွေကြားမှ တရွေ့ရွေ့၊ တရိပ်ရိပ်ဖြင့် လာနေသည်။ တဖြည်းဖြည်းနီးကပ်လာနေသည်။ တောက်ပသော မျက်လုံးအရောင်က စူးစူးလက်လက်နှင့် မြင်တွေ့နေရသည်။

"မုန်တိုင်း. . ဟိုမှာ ဟိုမှာ"

ငကျော်က လက်ကုတ်လိုက်သည်။

"ငါမြင်တယ်. . ငကျော်၊ အသံမထွက်နဲ့ ဒါ. . ဒေါ်မင်းစိန်ပဲဖြစ်ရမယ်၊ ခွေးနက်တစ်ကောင်ယောင်ဆောင်လာတာပဲ၊ ဒီအကောင်ကြီး လာစားတာနဲ့. . ငါပြောသလို



လုပ်လိုက်ကြ. . ညီပေ့စေနော်"

ကိုမုန်တိုင်းသည် ဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ငကျော်နှင့် သာခင်၏လက်ထဲမှာလည်း ဓါးရှည်ကိုယ်စီ။

မည်းမည်းသတ္တဝါကောင်သည် သစ်တိုပင်အောက်ကို ရောက်လာခဲ့သည်။ အကောင်ကကြီးသည်။ ထွားသည်။ ဒါလောက်ထွားကျိုင်းသည့် ခွေးသည် ရွာမှာမရှိ၊ ပြီးတော့. . ခွေးနက်ကြီး. .

သတ္တဝါသည် ဌက်ပျောဖက်ပေါ်မှာရှိနေသော အစားအစာများကို ငုံ့ကာနမ်းနေသည်။ မည်းမည်းကောင်ကြီးကို သုံးယောက်စလုံး ဝိုင်းထားကြသည်။ ဘဖြည်းဖြည်းအနားကို တိုးကပ်သွားကြသည်။ စက်ဝိုင်းကို ကျဉ်းလာကြသည့်ပမာ၊ သတ္တဝါကောင်နှင့် နီးကပ်လာကြသည်။

မည်းမည်းကောင်သည် အစာကိုနမ်းနေသည်။ မစားသေး။ ရွှေလျားနေသော မျက်လုံးတွေက စူးလက်ကာ. . တောက်ပနေသည်။ သုံးယောက်စလုံးမလှမ်းမကမ်းကို ရောက်လာခဲ့ကြသည်နှင့်. . တပြိုင်တည်း ပြေးဝင်သွားခဲ့ကြသည်။

"ဟိတ်"

"သေပေတော့. ."

ဓါးသုံးလက်က မည်းမည်းကောင်ကြီးပေါ်ကို တပြိုင်တည်းကျသွားခဲ့ကြသည်။

"ဝှစ်. . ဝှစ်"

"အူး"

မည်းမည်းကောင်ကြီးက ဝမ်းခေါင်းသံကြီးပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ခုန်ထွက်သွားခဲ့သည်။ သူတို့သုံးယောက်စလုံးကို ခြေလက်များဖြင့်ပုတ်ခတ်ကာ တိုက်ခိုက်သွားခဲ့လေ၏။

"ဘုန်း"

"အား . ."

အငိုက်မိသွားကြသည်။ မြေပြင်ထက်ကို လဲကျသွားခဲ့ကြသည်။ ထိုမည်းမည်းကောင်ကြီးသည် သူတို့သုံးဦး၏ အလယ်မှာပဲ ပြန်ပြီးတော့ ကျလာသည်။

"ဟော့ကောင်တွေ . . ခုတ်၊ ခုတ်၊ မလွတ်စေနဲ့"

လဲကျနေကြရာက ချက်ချင်းပင်ထလာကြပြီး ဓါးဖြင့်ဝိုင်းခုတ်ကြသည်။ မည်းမည်းကောင်ကြီးက ကျောဒ့်ပါးကို လက်ဖြင့် ပုတ်ထုတ်လိုက်သည်။

"ဖြောင်း"

"အား . ."

သာခင့်ဓါးကိုင်လက်ကိုလည်း လက်ဖြင့် ပုတ်လိုက်ပြန်ရာ . . ဓါးလည်းလွင့်သွားသည်။ သတ္တဝါကောင်ကြီး၏ လက်သည်းတွေက ဗိုက်ကိုလည်း ကုတ်ခြစ်မိသွားခဲ့သေးသည်။

"အား . . သေပါပြီ"

ကိုမှန်တိုင်းသည် သူနှင့် တစ်ပေခန့်သာကွာဝေးတော့သော . . သတ္တဝါကောင်ကြီးကို ဓါးဖြင့် အပိုင်လှမ်းခုတ်ချလိုက်လေရာ . . သတ္တဝါကောင်ကြီးက တစ်ချက်လှည့်ပြီး ဓါးကိုင်လက်ကိုဟပ်ကာ . . ကိုက်ထားလိုက်သည်။

"အား"

ဓါးက မည်းမည်းကောင်ကြီး၏ ပါးစပ်ထဲကို ပါသွားခဲ့သည်။ ကိုမှန်တိုင်း၏လက်မှာ အစွယ်ရာများက နစ်မြုပ်သွား



ခဲ့ရသည်။ သွေးချင်းချင်းနီသွားခဲ့သည်။

သုံးဦးစလုံး ဒဏ်ရာကိုယ်စီရသွားခဲ့ကြသည်။

ထိုစဉ် . .

သူကြီး ဦးကံစီနှင့် ဦးဘိုမောင် ခေါင်းဆောင်သော ရွာသားတစ်စုက တုတ်မီးတွေ တဝင်းဝင်းနှင့် ရောက်လာခဲ့ကြလေရာ . .

သုံးယောက်စလုံး တစ်ကိုယ်လုံးအနှံ့ သွေးချင်းချင်းနီရဲနေကြလျက် ညည်းညူလျက်ရှိနေကြသည်။

"ဟာ . . ဦးဘိုမောင် ဟိုမှာ . . ကြည့်လိုက်စမ်း"

သူတို့တွေ့လိုက်ကြရသည်က ပါးစပ်မှာ ဓါးရှည်ကြီးကို တန်းလန်းဖြတ်ကိုက်ထားသော မည်းမည်းသတ္တဝါကြီးတစ်ကောင် . .

"ဦးကံစီ၊ ဒါ . . ခွေးနက်ကြီး မဟုတ်ဘူးဗျ . ."

"ဒါဖြင့် . . ဘာလဲ"

"သစ်နက် . . သစ်နတ်ဆိုတာ အဲ့ဒါပဲ"

"ဟင်"

သစ်နက်ဆို၍ အားလုံးစိတ်ဝင်စားစွာဖြင့် ကြည့်လိုက်ကြသည်။ အံ့အားသင့်သွားခဲ့ကြလေသည်။ ရွာသူရွာသားတွေက . . သစ်နက်ကြီးကို ဓါးလှံလက်နက်များဖြင့် ပစ်ခတ်ကြမည်ပြုကြရာ . . ဦးဘိုမောင်က ဟန့်တားလိုက်သည်။

"ဟေ့ . . ဟေ့ မလုပ်ကြနဲ့၊ သူ့လမ်းသူသွားပါစေ . ."

သစ်နက်ကြီးသည် သူတို့ကို စူးလက်သော မျက်ဝန်းတွေဖြင့် . . တစ်ချက်ကြည့်လိုက်ပြီးမှ . . ပါးစပ်ထဲမှာ ကိုက်ထားသော ဓါးကိုပစ်ချကာ ချာကနဲဆို လှည့်ထွက်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်တွေလည်း ကျုပ်စကားကို နားမထောင်ကြဘူးမှတ်တယ်၊ ကြည့်ရတာ. . အခြေအနေကတော့ သိပ်မကောင်းကြဘူး. ."

ဦးဘိုမောင်သည် စိတ်ပျက်စွာပြောလိုက်ပြီး ရွာသားများနှင့်အတူ ကိုမှန်တိုင်းတို့ဆီကို လျင်မြန်စွာဖြင့် ထွက်သွားခဲ့ကြလေသည်။

➤ ➤ ➤





## (၂၁)

## ဒေါ်မင်းစိန်နှင့်အတိတ်ဂူ

တစ်ခုသော ညတစ်ညတွင်. .

ဒေါ်မင်းစိန်၏ အိမ်ကို ရွာသားဧည့်သည်တစ်ဦးက ရောက်နေသည်။ ထိုသူသည် အခြားသူမဟုတ်၊ ဆေးဆရာကြီး ဦးဘိုမောင်ပင်ဖြစ်သည်။

"အဲ့ဒါပါပဲ. . မမင်းစိန်၊ ဒီ. . မုန်တိုင်းဆိုတဲ့ကောင်ဟာ မမင်းစိန်ကို တော်တော်မကျေမနပ်ဖြစ်နေတယ်၊ ဒီကောင်သွေးထိုးလို့ ရွာသူရွာသားတော်တော်များများလည်း မမင်းစိန်နဲ့ ပတ်သက်ပြီး တလွဲထင်နေကြတယ်၊ တစ်နေ့ကျ မမင်းစိန်တို့ မြေးအဖွားနှစ်ယောက်ကို ရန်ရှာမှာစိုးရတယ်၊ အဲ့ဒါကို. . လာသတိပေးတာပါ. . ခုလိုပြောရတာ စိတ်မကောင်းပါဘူး. ."

"ကျွန်မတို့ကလည်း အားလုံးရဲ့ စိတ်သဘောထားကို နားလည်ပြီးသားပါ။ ကိုယ်ကောင်းရင် ခေါင်းဘယ်တော့မှ မရှေ့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ မုန်တိုင်းဟာ ကျွန်မတို့ရဲ့ အသက်ကို ရန်ရှာခဲ့ဖူးပါတယ်၊ တစ်ခါက. . အိမ်ကို ခါးပြုလာတိုက်ကြသေးတယ်၊ သူနဲ့ ငကျော်သာခင်တို့လည်း ပါလာခဲ့ကြသေးတယ်၊ ကျွန်မတို့ မြေးအဖွား နှစ်ယောက်က ခုခံတိုက်ခိုက်လိုက်ကြလို့. . သူတို့ ဒဏ်ရာ နည်းနည်းပါးပါးရသွားကြပြီး ထွက်ပြေးသွားခဲ့ကြရတယ်လေ. .

"ဟင်. . ဟုတ်လား၊ ဒီကောင်တွေ ကျုပ်ဆီကို ဒဏ်ရာ လာကုကြသေးတယ်၊ သူတို့ပြောတော့ မြို့ကိုအသွားမှာ လူတစ်စုက ဝိုင်းလုကြပြီး ဘိုက်ခိုက်ကြတာတဲ့၊ တော်တော် ဆိုးတဲ့ကောင်တွေပဲ. . မကြံစည်အပ်တာကို ကြံစည်ကြတယ်"

ဦးဘိုမောင်လည်း ခုမှပင် သဘောပေါက်သွားခဲ့လေတော့သည်။

"ကျွန်မတို့အပေါ်မှာ ထားတဲ့ဦးဘိုမောင်ရဲ့ သဘောထားကို နားလည်ပြီးသားပါ၊ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ့်အကြောင်းကို ကိုယ်အသိဆုံးပါ၊ ကျွန်မတို့အပေါ်မှာ လူတွေက ဘယ်လိုပဲအမြင်စောင်းနေကြပါစေ၊ ဥပေက္ခာပြုထားလိုက်ပါပြီ၊ ခံစားချက်လည်း မထားတော့ပါဘူး. . ခုလိုလာပြီးတော့ သတိပေးတာကိုလည်း ကျေးဇူးတင်ပါတယ်. ."

"ငါ့သမီးလေးကိုလည်း အဘသနားတယ်ကွယ်၊ လူမှုဆက်ဆံရေးနယ်ပယ်ထဲက ကင်းကွာပြီး အခုလိုတစ်သီးတခြားဖြစ်နေတာ. . စိတ်မကောင်းဘူးကွယ်. ."

"သမီးရဲ့ ကုသိုလ်ကံပဲပေါ့ အဘရယ်၊ လူတွေအမြင်ကျဉ်းကြတာကို အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ အားလုံးကိုတော့ မေတ္တာထားလျက်ပါ. ."

ရှင်နှောင်းကလည်း ရိုးရိုးအေးအေးပင် ပြန်ပြီးတော့ ပြောလိုက်လေသည်။ ဦးဘိုမောင်သည် ဒေါ်မင်းစိန်တို့ တည်ခင်းကျွေးမွေးသော အစားအစာများကို စိတ်သန့်စွာပင် စားသည်။ သူ. . ဤအိမ်သို့လာသည်ကို မည်သူမျှမသိကြစေလို၍ ဝှက်စွာဖြင့် လာခဲ့ခြင်းပင်ဖြစ်သည်။ ထို့နောက် ညဉ့်မှောင်မိုက်မှ ပြန်သွားခဲ့လေသည်။

➤ ➤ ➤

ရက်များမကြာမီမှာပင်. . အဖြစ်အပျက်တစ်ခုက ဖြစ်ပွားခဲ့လေသည်။ ရွာမှကလေးတစ်စုသည် ဒေါ်မင်းစိန်၏ ခြံထဲသို့ တိတ်တဆိတ်ဝင်ရောက်လာကြပြန်ကာ. . သရက်သီးများကို ဆွတ်ခူးပြီး စားသောက်ကြသည်။ ထိုအထဲတွင် ကိုမုန်တိုင်း၏သား မောင်ပန်းလည်း ပါလေသည်။

မောင်ပန်းသည် စိတ်မှတ်မရှိပဲ ဤခြံကြီးထဲကို နောက်တစ်ကျော့ ဝင်လာခဲ့ခြင်းပဲဖြစ်သည်။ ထိုအချိန်တွင် ဒေါ်မင်းစိန်နှင့် ရှင်နှောင်းတို့မှာ အိမ်မှာမရှိကြ၊ တောထဲသို့ ရောက်နေကြသည်။

ထို့ကြောင့် ကလေးများမှာ လွတ်လပ်နေကြသည်။ သရက်သီးများကို ခြံထဲမှာ ဝလင်အောင်စားကြပြီး အိမ်ကိုလည်း ယူသွားခဲ့ကြလေသည်။ ကလေးများယူဆောင်လာကြသော သရက်သီးများကို စားသောက်ကြသည်။ ကလေးများကလည်း သရက်သီးများကို ဒေါ်မင်းစိန်၏ခြံထဲက ယူဆောင်လာခဲ့ကြသည်ဟု မပြောကြ၊ မပြောရဲကြ. .

ဖြစ်ချင်တော့ ထိုသရက်သီးများကို စားမိပြီးနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင်. . ဝမ်းပျက်ဝမ်းလျှောကြလေတော့သည်။ နောက်ပိုင်းတွင် အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသလို. . ဝမ်းရောဂါ အဖြစ်ပြောင်းလဲသွားကာ ရွာထဲသို့ ကူးစက်သွားခဲ့လေတော့သည်။

ဆိုးဆိုးရွားရွားဖြစ်သွားခဲ့ကာ အဖိတ်အစင်၊ အသေ အပျောက်များပင်ရှိလာခဲ့ရသည်။ ဆေးဆရာကြီး ဦးဘိုမောင် လည်း တစ်အိမ်တက်၊ တစ်အိမ်ဆင်း ဆေးကုသရသည်။ လက်မလည်နိုင်အောင်ပင် ရှိနေတော့သည်။ သေဆုံးကြသော သူများကို အခေါင်းပင် မစပ်နိုင်၊ အချိန်မပေးနိုင်၍ ဖျာနှင့်လိပ် ပြီးချကြရသည်။ သေဆုံးကြသူများထဲတွင် ကိုမုန်တိုင်း၏ဇနီး မနှင်းနှင့် သားဖြစ်သူ မောင်ပန်းတို့သည်လည်း ပါသွားခဲ့ကြလေသည်။

"ပြဿနာက သရက်သီးက စတာပဲ၊ မင်းတို့ ဒီသရက် သီးတွေကို ဘယ်သူ့ခြံထဲက ခူးလာခဲ့ကြတာလဲကွ ဟေ. ."

မသေပဲ ကျန်ရစ်ခဲ့ကြသော ကလေးများကို ချော့ပြီး တော့မေးကြသည်။

"အဖွား. . ဒေါ်. . ဒေါ်မင်းစိန်ရဲ့ ခြံ၊ ခြံထဲကပါ ခင်ဗျာ. ."

ကလေးများက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြေကြလေ သည်။ ထိုစကားသည် ကိုမုန်တိုင်း၏နားထဲသို့ ပေါက်သွား ခဲ့ရသည်။

"ဟင်. . လက်စသတ်တော့ ဒီမိန်းမကြီးရဲ့ ခြံထဲက သရက်သီးကို. . သင်းမကောင်းတဲ့ အတတ်ပညာနဲ့ စီရင်ထားလို့ တစ်ရွာလုံး ကာလဝမ်းရောဂါဖြစ်ကုန်ကြတာ. . ငါ့သားနဲ့ မိန်းမသေတာ. . ဒီမိန်းမကြီးကြောင့်. . သင်းကြောင့်. ."

ကိုမုန်တိုင်းမှာ ဒေါသအမျက်ချောင်းချောင်းထွက်ရ



လေတော့သည်။ ထို့အတူ မိမိ၏ မိဘ၊ ဆွေမျိုး၊ ဇနီး၊ သားသမီး၊ ခင်ပွန်းများ ကာလဝမ်းရောဂါထဲပါသွားကြ၍ သေဆုံးကြသူများ အတွက် သောကဖြစ်နေကြရသူများကလည်း. .

"ဟုတ်တယ်. . ဒီမိန်းမကြီးဟာ တစ်ရွာလုံးကို မကျေ မနပ်ဖြစ်နေတာ၊ အခု. . တစ်ရွာလုံး ဒုက္ခရောက်အောင် သူလုပ်လိုက်တာပဲ၊ မကျေဘူး. . သင်းကို ကျုပ်တို့ သုတ်သင်ပစ် ရမယ်. ."

ထို့ကြောင့်. . ဓါး လှံ လက်နက်များကို ကိုင်ဆောင်ကြကာ ဒေါ်မင်းစိန်၏အိမ်ကို တစ်စုတစ်ဝေးကြီး ထွက်လာခဲ့ကြသည်။

ရွာထဲရောက်နေသော ဆရာတော်ဦးကေတု၊ သူကြီး ဦးကံစီနှင့် ဦးဘိုမောင်တို့သည် ထိုလူအုပ်ကြီးကို အချိန်မီ တားဆီးကြသည်။

"ဟေ့. . ဒကာတို့၊ ငါမေတ္တာရပ်ခံပါရစေ၊ အခုရွာမှာ ကာလဝမ်းရောဂါဖြစ်တာ. . အစားအစာ သောက်သုံးရေ မသန့်ရှင်းလို့ ကိုယ်ကစွန့်ထုတ်လိုက်တဲ့ အညစ်အကြေးတွေကို တချို့အိမ်သာနဲ့ စနစ်တကျမသုံးတတ်ကြလို့၊ တောထဲမှာ စွန့်ထွက်ကြတဲ့အခါ ယင်နားပြီး အစားအစာတွေအပေါ် တစ်ဆင့်ပြန်နားလို့ ရောဂါပိုးကူးစက်တာ. . ဘယ်သူ့ပယောဂ ကြောင့်မှ မဟုတ်ဘူး၊ နင်တို့ သူများကို အကြောင်းမဲ့ မစွပ်စွဲ ကြနဲ့. . အိမ်ကိုပြန်ကြ. . ရောဂါကင်းဝေးအောင် စနစ်တကျ ဆောင်ရွက်ရမယ့် နည်းလမ်းတွေရှိတယ်၊ အားလုံးတက်ညီ လက်ညီဆောင်ရွက်ကြရမယ်. ."

"ဟုတ်တယ်၊ ဆရာတော်ပြောတာမှန်တယ်. . ကာလ ဝမ်းရောဂါဖြစ်ကြတာ ကျန်းမာရေးနဲ့ ညီညွတ်အောင် မနေကြ

www.burmeseclassic.com

www.burmeseclassic.com



လို့ပဲဖြစ်တယ်၊ ဒီတော့. . ငါတို့အားလုံးစုပေါင်းပြီး ကာလဝမ်းရောဂါပပျောက်အောင် ဆောင်ရွက်ကြရမယ်. . ”

သူကြီးဦးကံစီတလည်း ဖြောင့်ဖျပြီး တားဆီးသည်။ ဦးဘိုမောင်ကလည်း အကျိုးအကြောင်းနှင့် ဆုံးမမည်ပြုရာ. .

“ဟာ. . ဒီမိန်းမကြီးကြောင့်ဖြစ်တဲ့ ကိစ္စပါ။ သေချာတယ်. . မတားဆီးကြပါနဲ့၊ ဒီတစ်ခါတော့ မရတော့ဘူး. . အပြတ်ကိုရှင်းပစ်ရမယ်. . ”

ဒေါသထွက်နေသော ရွာသူရွာသားများကို ဘယ်လိုမှ တားဆီး၍ မရကြတော့၊ တုတ်မီးများကို ကိုင်ဆောင်ကာ ထွက်သွားခဲ့ကြလေတော့သည်။

“ဟော့. . ဟော့ကောင်တွေ မှားကုန်ကြတော့မှာပဲ. . ”

ဦးကံစီလည်း နောက်ထပ်တားဆီးဖို့ရန် မတတ်နိုင်တော့ပေ၊ ရွာသူရွာသားများသည် ဒေါ်မင်းစိန်၏ ခြံတံခါးကို ရိုက်ချိုးဖျက်ဆီးပစ်ကြပြီး ခြံထဲကို ကျူးကျော်ဝင်ရောက်ကြသည်။

“ဟေ့. . ဒေါ်မင်းစိန်၊ အခုချက်ချင်းထွက်လာခဲ့စမ်း။ ဟို. . တောင်မလေးပါ ဆင်းလာခဲ့၊ နင်လည်း အလိုတူအလိုပါပဲ. . နင့်ကိုလည်းပဲ အရင်မထားဘူးဟေ့. . ”

ကိုမုန်တိုင်းက ကြိမ်းဝါးလိုက်သည်။ အိမ်ထဲမှ မည်သည့် အသံမှမကြားရပေ၊ ငြိမ်ချက်သားကောင်းနေသည်။

“ကြာတယ်ကွာ၊ အိမ်ပေါ်တက်ပြီး ရှာကြမယ်. . ”

ရွာသားများသည် လေ့ကားအတိုင်း တဝုန်းဝုန်းနှင့် တက်သွားခဲ့ကြသည်။ ပိတ်ထားသော အိမ်တံခါးမကြီးကို ဖျက်ဆီးပြီး အိမ်ထဲကိုဝင်ရောက်ကြသည်။ တစ်ခန်းဝင်၊ တစ်ခန်းထွက်နှင့် ဒေါ်မင်းစိန်တို့ မြေးအဖွားနှစ်ယောက်ကို



ရှာကြသည်။

“တစ်ယောက်မှ မရှိကြတော့ဘူးဟေ့၊ ထွက်ပြေးကုန်ကြပြီ. . ”

ထို့နောက် စိတ်မထိန်းနိုင်ဖြစ်ကြကာ တစ်အိမ်လုံးကို ဖျက်ဆီးပစ်ကြသည်။ နောက်ဆုံး တစ်အိမ်လုံးပြာကျသွားခဲ့သည်အထိ မီးရှို့ပစ်လိုက်ကြလေသည်။

➤ ➤ ➤

ဒေါ်မင်းစိန်နှင့် ရှင်နှောင်းတို့သည်လည်း ရွာမှ ပျောက်ဆုံးသွားခဲ့ကြသည်။ နောက်. သုံးရက်ကြာမှာ ထူးခြားမှုများက ဖြစ်ပေါ်လာခဲ့ကြပြန်လေသည်။ ညဥ့်သန်းခေါင်ယံ အချိန်လောက်တွင် ရိုးမတောင်ကြီး၏ တောင်လက်မောင်းတစ်နေရာက မီးလုံးကြီးများက ကောင်းကင်ယံကို တရှိန်ထိုးတက်လာခဲ့ကြသည်။ ယင်းမီးလုံးကြီးများသည် ဝင်းဝင်း. . ဝင်းဝင်းနှင့် ဇောင်းနီရွာဆီကို ဦးတည်ပြီးတော့ လာနေကြသည်။

မကြာမီမှာပင် ရွာထဲကိုရောက်လာခဲ့ကြပြီး သစ်ပင်ကြီးသစ်ပင်ကြား. . ချုံကြီးချုံကြား၊ အိမ်ကြီးအိမ်ကြားထဲမှာ လျှောက်ပြီးတော့ ပြေးနေကြသည်။

“ဟာ. . မီးလုံးကြီးတွေဟေ့. . ဘယ်က ရောက်လာခဲ့ကြတာလဲ. . မသိဘူး၊ လူကို အန္တရာယ်ပေးနိုင်တယ်. . သတိထားကြ. . ”

တစ်ရွာလုံး ထိတ်ထိတ်ပျာပျာနှင့် ဖြစ်ကုန်ကြသည်။ တလေး၊ လူကြီးများမကျန် ကြောက်လန့်ပြီး ပြေးကြသူတွေလည်းရှိကြသည်။ တချို့က မီးလုံးကြီးတွေကို တုတ်ဝါးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှိုက်ကြသည်။ မီးလုံးကြီးများက . . ဝေ့ဝိုက်ပြီး ရှောင်တိမ်း သွားကြသည်။

|တောကြီးတောင်ကြီးများထဲတွင် သိပ်သည်းေ ဘ ဓါတ်ပစ္စည်းများက မြေအောက်မှ တွန်းကန်ပြီး ကန်ထွက်ကြရာတွင် ဖော့စ္စပေါ့ရိပ်ခေါ် မီးစုန်းများနှင့် ဓါတ်ပြုပြီး ဓါတ်သဘာဝ ပြောင်းလဲသွားခဲ့ကြသည်။ မီးလုံးပမာဏအသွင်သဏ္ဍာန်များ ဖြစ်သွားခဲ့ကြလေသည်။

ယင်းတို့သည် ပေါ့ပါး၍ ရွေ့လျားနိုင်စွမ်းရှိကြသည်။ ထို့ကြောင့် . . ဟိုမှ . . ဒီမှ သွားလာနေကြခြင်းဖြစ်တန်ရာသည်|

သို့သော် . . ရွာသူရွာသားများက ထိုသို့ မထင်ကြပေ။

"စုန်းမီးတွေဟေ့ . . စုန်းမီးတွေ သတိထားကြ . ."

အထိတ်တလန့်ဖြင့် ထင်ချင်ရာကို ထင်ကြပြီး ပြေးကြလွှားကြနှင့် အလုပ်ရှုပ်ကုန်ကြတော့သည်။ တစ်ရွာလုံးလည်း ကြွက်ကြွက်ညံသွားခဲ့ကြလေသည်။ ထိုမီးလုံးကြီးများသည် အိမ်ပေါ်ကို ကျရောက်ကြရာတွင် မီးစွဲကာလောင်လေတော့သည်။ အိမ်များတစ်အိမ်ပြီး တစ်အိမ်ဆက်တိုက်လောင်ကျွမ်းသွားခဲ့ကြရာ . . တခဏအတွင်းမှာပင် . . တစ်ရွာလုံးပြာကျသွားခဲ့လေတော့၏။

ထို့နောက် . . ထိုမီးလုံးကြီးများသည် အံ့ဩဘွယ်ရာကောင်းလောက်အောင်ပင် ပျောက်ကွယ်သွားခဲ့ကြလေသည်။

ဇောင်းနီရွာလည်း ပျက်လေ၏။

➤ ➤ ➤

နှစ်အတန်ကြာသော် . .





ဒေါ်မင်းစိန်နှင့်ပတ်သက်ပြီး သတင်းစကားများက တစ်မျိုးပြီးတစ်မျိုး ထွက်ပေါ်လာခဲ့လေသည်။

ယင်းကား ဒေါ်မင်းစိန်သည် ဇောင်းနီရွာသူ ရွာသားများက မိမိကို . . မကျေမနပ်ဖြစ်နေကြပြီး လုပ်ကြံသတ်ဖြတ်ကြမည့်သတင်းကို ကြိုပြီးရရှိထားခဲ့သည်။ ထို့ကြောင့် ဇောင်းနီရွာတွင် ကာလဝမ်းရောဂါစပြီး မဖြစ်မီ တစ်ရက်အလိုကပင် ရွာမှ ထွက်သွားခဲ့သည်။ စုဆောင်းထားသော စိန်ရွှေရတနာများလည်း ယူဆောင်သွားခဲ့သည်ဟုလည်းကောင်း။

နောက်တစ်ချက်က ရွာမှ စုန်းဟု သတ်မှတ်ထားခြင်းခံရသော ဒေါ်မင်းစိန်သည် မြေးဖြစ်သူ ရှင်နှောင်းနှင့်အတူ ရွာမှထွက်သွားပြီး မကြာမီမှာပင် ဒေါ်မင်းစိန် သေဆုံးသွားခဲ့သည်။ ပညာသည်ချင်း တွေ့ကြကာ ပညာချင်းပြိုင်ကြရာတွင် ဒေါ်မင်းစိန် အရေးနိမ့်၍ ကိုယ့်ပညာက ကိုယ့်ကိုပြန်ပြီး စူးသွားခဲ့သည်ဟု လည်းကောင်း။

သို့သော် . .

သုသာန်စောင့်ကြီး ဦးဖုန်း . . တော်လဲရွာသုသာန်ကို မရောက်မီ တစ်နှစ်အလိုက လူတစ်စုသည် သုသာန်ကို ရောက်လာခဲ့ကြသည်။ ခရီးသွားရင်း လမ်းမှာ သေဆုံးသွားခဲ့သူ တစ်ဦးကို သုသာန်မှာ သဂြိုလ်ခဲ့ကြသည်။ အကျအနဂူသွင်းပေးခဲ့ကြသည်။ ကမ္ပည်းအက္ခရာတွင် . .

**ဒေါ်မင်းစိန်**

**အသက် ၆၀ နှစ်** ဟူသတည်း . . ။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com



လင်းလုရွာသားရာပိုင်သည် ပါးစပ်သတင်းများအရ ဒေါ်မင်းစိန်၏ နောက်ကို လိုက်ခဲ့လေရာ. . ဒေါ်မင်းစိန်ကို တော်လဲရွာသုဿန်တွင် မြုပ်နှံထားသည်ဟူ သာ သတင်းကို ရရှိခဲ့သည်။ ဒေါ်မင်းစိန်ပိုင်ဆိုင်သော အဖိုးတန်ရတနာပစ္စည်းတွေကိုလည်း သူမနှင့်အတူ မြုပ်နှံထားသည်ဟူသည့် သတင်းကို အတိအကျရထား၍ သိုက်ညွှန်းအရလိုက်ရှာခဲ့ခြင်းပင်ဖြစ်သည်။

တော်လဲရွာသုဿန်တွင် သုဿန်စောင့်ကြီး ဦးဖုန်းထံ၌ အခြေအနေမဲ့သားတစ်ဦးပမာ ခေတ္တခိုလှုံခဲ့သည်။

အချိန်ရတိုင်း ဒေါ်မင်းစိန်၏ အုတ်ဂူဟောင်းကို ရှာဖွေခဲ့ရာ တစ်နေ့တွင် ထိုအုတ်ဂူကို ကံအားလျော်စွာပင် တွေ့ရှိခဲ့လေသည်။ မိုးသဲညတစ်ညတွင် ထိုအုတ်ဂူကို တိတ်တဆိတ်ဖော်ရာ၌. . သံသေတ္တာလေးတစ်လုံးကိုသာ ရရှိခဲ့သည်။ သုဿန်စောင့်ကြီးဦးဖုန်းသည် ရာပိုင်နှင့် ပက်ပင်းတိုးမိသွားခဲ့ရပြီး ရတနာသေတ္တာအထင်ဖြင့် တောင်းခံရာ ရာပိုင်၏ လက်ချက်ဖြင့် ဦးဖုန်းသေဆုံးသွားခဲ့ရသည်။ နောင်အခါတွင် ရာပိုင်သည် တော်လဲရွာသုဿန်ကို တစ်ခေါက်ပြန်လာရာ ဦးဖုန်းက တစ္ဆေဘဝဖြင့် ခြောက်လှန့်ခဲ့၍ ရူးသွပ်သွားခဲ့ရလေသည်။ ရာပိုင်ရရှိခဲ့သည်ကား သစ်နက်ရုပ်လေးတစ်ရုပ်သာ ဖြစ်သည်။

[တော်လဲရွာသုဿန်တွင် ဒေါ်မင်းစိန်၏ အလောင်းကို တိတ်တဆိတ်ဂူသွင်းခဲ့သူများကား မည်သူတွေလဲ၊ ဒေါ်မင်းစိန်သည်. . မည်သည့်အကြောင်းကြောင့် သေဆုံးခဲ့ရပါသလဲ]

သို့သော်. .

ဦးဖုန်းနှင့်ပတ်သက်ပြီး အဖြေတစ်ခုကား ထွက်ပေါ်





လာခဲ့ရသည်။ ယင်းသည်ကား. .

➤ ➤ ➤

တစ်ရက်တွင်. .

တော်လဲရွာတွင် လူတစ်စုရောက်လာခဲ့ကြသည်။ သူတို့သည်ကား မုန်တိုင်း၊ ငမိုး၊ တောလုံးနှင့် ဗလတို့ပင်တည်း။ ထိုသူတို့သည် ဒူးလေး၊ ဓါး၊ လှံ၊ ရဲဒင်းများကို ကိုင်ဆောင်ထားကြသည်။

ရွာမှလူများသည် မုဆိုးတစ်စုဟု သိလိုက်ကြရသည်။ ထိုသူများသည် တော်လဲရွာသုဿန်ဆီကို ဦးတည်ပြီးသွားခဲ့ကြသည်။ သူတို့သည် သုဿန်ထဲတွင် အုတ်ဂူဟောင်းများ၊ မြုပ်ဟောင်းများကို တစ်ခုပြီးတစ်ခု စေ့စပ်သေချာစွာလိုက်ပြီး ရှာဖွေလျက်ရှိကြသည်။

"ဟိတ်. . မင်းတို့ ဘယ်ကလဲ. . ဘယ်သူတွေလဲ"

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့လေရာ လှည့်ကြည့်လိုက်ကြသည်။ အိုမင်းနေပြီဖြစ်သော လူကြီးတစ်ယောက်သည် သုဿန်ဇရပ်ဟောင်းပေါ်မှ လှမ်းပြီးမေးလိုက်ခြင်းပင်ဖြစ်သည်။

"ကျုပ်တို့. . ဒီမှာ. . ရှာစရာရှိလို့ လာရှာတာ၊ ဦးက. . ဘယ်သူလဲ. ."

မုန်တိုင်းက လှမ်းပြီးမေးလိုက်သည်။

"ငါလား. . သုဿန်စောင့်ကြီး ဦးဖုန်းတဲ့. ."

"ဩော်. . သုဿန်စောင့်ကြီးကို၊ ခုလို. . မမျှော်လင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတာ. . အခန့်သင့်လိုက်လေဗျာ၊ အောက်ကို ဆင်းလာခဲ့ပါဦးဗျ. . ”

ဦးဖုန်းမှာ ဇရပ်ပေါ်မှ ဆင်းလာခဲ့သည်။

“မင်းတို့က ဘာကိုရှာနေကြတာလဲ၊ ဘာသိချင်လို့လဲ ကွယ့်. . ”

“ဒီသုဿန်မှာ ဒေါ်မင်းစိန်ဆိုတဲ့ အုတ်ဂူတစ်လုံးရှိတယ် လို့သိရတယ်. . ဘယ်နားမှာလဲ. . သိလား”

ဒေါ်မင်းစိန်ဟူသော အသံကိုကြားလိုက်ရသည်နှင့် ဦးဖုန်းမျက်နှာ မသိမသာပျက်သွားခဲ့ရသည်။ သို့သော်. .

“ငါက. . ဒီသုဿန်မှာ မြေပုံဘယ်နှစ်ခု၊ အုတ်ဂူ ဘယ်နှစ်လုံးရှိနေတယ်ဆိုတာ လိုက်ပြီး မရေတွက်ခဲ့ဘူးကွ၊ အရင်ဒ. ဟောင်းတွေကိုတော့ ငါမသိဘူး၊ အသစ်တွေထဲမှာ တော့. . ဒီနာမည်ကို မသိဘူး၊ အဲ့ဒီ. . အုတ်ဂူမျိုးလည်း မရှိပါဘူးကွယ်. . ”

“ဦးမသိဘူးဆိုရင်. . ကျုပ်တို့ကိုယ်တိုင်လိုက်ရှာမယ်၊ ခွင့်ပြုမလား. . ”

“ခွင့်ပြုပါတယ်ကွယ်. . အကြောင်းရှိရင် ရှာကြပါ. . ”

မုန်တိုင်းက ဦးဖုန်း၏ လက်ထဲကို ငွေစက္ကူတစ်ချပ် ထည့်ပေးလိုက်ပြီး. .

“လာကြဟေ့. . ”

သူလူတွေကိုခေါ်ပြီး သုဿန်ထဲကို ဝင်သွားခဲ့ကြသည်။

“ဒီလူတွေပြောတဲ့ အုတ်ဂူဟာ ရာပိုင်ဖောက်သွားတဲ့ ဂူပဲ၊ ရာပိုင်ဟာ အဲ့ဒီအုတ်ဂူထဲက သံသေတ္တာလေးတစ်လုံးကို ရသွားခဲ့တယ်၊ အဖိုးတန်ရတနာတွေများလား၊ ငါလည်း



ကံကောင်းလို့ မသေဖြစ်ခဲ့တယ်၊ ဒီကောင်. . ငါ့ကို သေအောင် မသတ်နိုင်ခဲ့တာကိုပဲ ကျေးဇူးတင်ရမယ်၊ ဒီကောင့်သတင်းကို လည်း မကြားရတော့ဘူး၊ တော်ပါပြီ. . ဒီကောင် ချမ်းပဲသာသာ ကြီးပဲပွားပွား. . သူနဲ့ထိုက်လို့သူရသွားတာ. . ငါက မတော် လောဘတတ်စရာ ဘာအကြောင်းမှ မရှိဘူး. . ”

ဦးဖုန်းမှာ တရားရသွားခဲ့ပြီဖြစ်သည်။ ရာပိုင့်လက်ချက် ဖြင့် သေကံမရောက် သက်မပျောက်ခဲ့၊ ရာပိုင်က ဦးဖုန်းကို မြေကျင်းတိမ်တိမ်လေးထဲမှာ မြှုပ်ထားခဲ့ပြီး ထွက်သွားခဲ့သည်။

ထိုညက မိုးတွေသဲနေသည်။ ဦးဖုန်းသည် ရာပိုင်ထွက် သွားပြီး ချက်ချင်းလိုလိုပင် သတိရလာခဲ့လေသည်။ ရာပိုင်က ပေါက်တူးအနေစောင်းဖြင့် ထုခဲ့သည့် ဒဏ်ရာကြောင့် သတိလစ် သွားခဲ့ခြင်းသာဖြစ်သည်။

ရာပိုင် သုဿန်ကို နောက်တစ်ခေါက်ပြန်ရောက်လာ တော့ သေပြီဟုထင်ခဲ့သည့် ဦးဖုန်းကို ညဘက်မှာမြင်လိုက်ရ သောအခါ တစ္ဆေအခြောက်ခံရသည်ဟု ထင်ပြီး အကြောက်ကြီး ကြောက်ကာ သွေးပျက်သွားခဲ့ရလေသည်။

ဦးဖုန်းကတော့ ရာပိုင်မည်သည့်ဘဝကို ရောက်သွားခဲ့ သလဲဆိုတာ မသိတော့၊ ရာပိုင် ရသွားခဲ့သော ပစ္စည်းသည် ရုပ်လုံးသွင်းထားသော သစ်နက်ကလေးတစ်ကောင်သာ ဖြစ်ခဲ့ သည်ကိုလည်း မသိခဲ့ပါ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၅)





## (၂၂)
## တောင်ဟိုသဲ

"ကဲ . . ရှင်နှောင်းရဲ့ အဖြစ်အပျက်ကတော့ အဲ့ဒါပဲ၊ ကိုကောင်းမြတ်က သိပ်ပြီးသိချင်လွန်းလို့ ပြောပြရတာ၊ ဒီ အဖြစ်အပျက်ကို ဘယ်သူ့ကိုမှ မပြောပြဘူးလို့ ဆုံးဖြတ်ချက်ချ ထားခဲ့တာ"

ရှင်နှောင်းသည် သူနှင့် ဒေါ်မင်းစိန်တို့၏ ဇာတ်လမ်းကို အဆုံးသတ်လိုက်လေ၏။

"ရှင်နှောင်းရဲ့ ဘဝဇာတ်ကြောင်းကို သိလိုက်ရတော့ စိတ်မကောင်းဖြစ်မိတယ်၊ တော်တော့်ကို ဆိုးဆိုးရွားရွားကြုံခဲ့ကြ တာပဲ . ."

"ရှင်နှောင်းလည်း ပြန်တွေးမိတိုင်း စိတ်မကောင်းဘူး ဒါပေမဲ့ ဘာတတ်နိုင်မှာလဲလေ၊ ကံစီမံရာပဲပေါ့ . . ရှင့်ကို ငဝ်စ္ မေးချင်တယ် . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးမှာလဲ. . ရှင်နှောင်း"

"ရှင်နှောင်းအပေါ်မှာ ကိုကောင်းမြတ်က ဘယ်လို မြင်သလဲ. . "

"ဘာကို ဘယ်လိုမြင်ရမှာလဲ"

"မတွေးတတ်ဘူးလား. . ရှင်နှောင်းကို အဖွားနဲ့ ပတ်သက်ပြီး သံသယရှိနေသလားလို့ပါ။ ဟိုလေ. . ရှင်နှောင်းရဲ့ အမူအကျင့်ကို တစ်မျိုးမြင်. . "

"သိပြီ. . ရှင်နှောင်း ဆက်မပြောနဲ့တော့၊ ကိုယ်. . ရှင်နှောင်းအပေါ်မှာ အမြင်ရှင်းတယ်၊ လုံးဝသံသယမရှိဘူး။ ဖောင်းနီရွာကလူတွေ ဘယ်လိုပဲသဘောထားထား၊ ကိုယ်ကတော့ ရှင်နှောင်းကို တစ်ဖက်သတ်သဘောနဲ့ မမြင်တတ်ဘူး. . "

ဒေါ်မင်းစိန်ကို စုန်းဟု ယုံးစွပ်ခံထားရသကဲ့သို့ ရှင်နှောင်း ကလည်း သူမကို ဖွားဖေအအမွေဆက်ခံထားသူဟု အထင်ရောက် သွားမည်ကို စိုးရိမ်မိသည်နှင့် တူပါသည်။

"ဒါနဲ့ ဒေါ်မင်းစိန်က ဘာကြောင့် ဆုံးသွားခဲ့ရတာလဲ"

"အင့်. . အ. . အဖွားက. . "

ရှင်နှောင်း ထစ်ထစ်အအနှင့် ဖြစ်နေစဉ်မှာပင်. . .

"ဟီ. . ဟီ. . ဟီ. . ဟီ. . "

တော်လဲတောင်ကြီးဆီမှ ဟီသံကိုကြားလိုက်ရသည်။ တစ်တောလုံးလည်း တုန်ခါသွားခဲ့ရသည်။ သစ်ပင်ကြီးများသည် ပင်. . ယိမ်းထိုးကာ လှုပ်ရှားသွားကြလေသည်။

"ဟင်. . တော်လဲတောင်ကြီးဆီက ထွက်လာခဲ့တဲ့ အသံပဲ၊ တော်လဲတောင်ဆီက ဒီလိုအသံမျိုးထွက်လာရင် အကြောင်းထူးရှိတယ်လို့ လူကြီးတွေက ပြောကြတာပဲ. . "





"ဘယ်လိုအကြောင်းထူးလဲ ကိုကောင်းမြတ်. . "

"မသူတော်တွေ. . တောင်နားကို ကပ်လာခဲ့ရင် ဒီလိုပဲ ဖြစ်တတ်တယ်တဲ့၊ ဒီအတိုင်းမှန်ရင်တော့ မသူတော်တစ်ချို့ဟာ တော်လဲတောင်ခြေနားတစ်ဝိုက်ကို ရောက်နေကြပြီလားပဲ. . "

"ဒါဆိုရင် ဘယ်သူတွေများ ဖြစ်နိုင်ကြမလဲ. . "

"ကိုယ့်အထင်ကတော့ ဟိုမုဆိုးမုန်တိုင်းတို့ပဲဖြစ်မှာပဲ၊ သူတို့ဟာ သစ်နက်ကြီးကို တောက်လျှောက်လိုက်ရှာနေကြ တယ်မဟုတ်လား. . "

"ဟုတ်တယ်. . ရှင်နှောင်းလည်း သူတို့ပဲလို့ထင်တယ်"

ရှင်နှောင်းက စိုးရိမ်စိတ်လေးနှင့် ပြောလိုက်ရာ. .

"မစိုးရိမ်ပါနဲ့ ရှင်နှောင်း၊ သူတို့ သစ်နက်ကြီးကို အလွယ် နဲ့တွေ့မသွားနိုင်ပါဘူး၊ ကိုယ်တို့ကိုလည်း မမြင်နိုင်ပါဘူး. . ဒီနေရာက လုံခြုံမှုအပြည့်ပေးထားတယ်လေ. . "

ရှင်နှောင်းကတော့ သစ်နက်ကြီးအတွက် တွေးပြီးတော့ ပူနေမိသည်။

နေက်ကြီးသည် တစ်နေရာတည်းမှာ အငြိမ်မနေ၊ တောထဲတောင်ထဲအနှံ့လျှောက်သွားနေတတ်သည်။ မုဆိုးမုန်တိုင်း ၏လက်ချက်မိသွားမည်ကို စိုးရိမ်နေရသည်။

ထိုအချိန်တွင် မုန်တိုင်းတို့အဖွဲ့သည် တော်လဲတောင်ကြီး ပေါ်မှကျလာခဲ့သော ကျောက်တုံးများကြောင့် တောထဲမှာ အပြေးအလွှား ရှောင်တိမ်းနေရချိန်ဖြစ်သည်။

"ရှင်နှောင်း၊ တစ်ယောက်တည်း တောထဲမှာ မနေပါနဲ့၊ သားကောင်တွေရဲ့ အန္တရာယ်၊ ဟိုမုဆိုးမုန်တိုင်းတို့ရဲ့ အန္တရာယ် တွေက ရှိနေတယ်၊ ရှင်နှောင်းကို တစ်ချိန်ချိန်မှာ တွေ့သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရွာကိုလိုက်ခဲ့ပါ. . "

"ဟင်. . ရွာကိုလိုက်ရမယ်. . ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုယ်တို့ရွာက ရှင်နှောင်းကို လုံခြုံမှု အပြည့်ပေးနိုင်ပါတယ်၊ ကိုယ်. . ရှင်နှောင်းကို စိတ်မချလို့ပါ"

ရှင်နှောင်းသည် ခေါင်းကိုရမ်းခါလိုက်ပြီး. .

"မဖြစ်သေးပါဘူး၊ ရှင်နှောင်းလိုက်လို့မဖြစ်သေးပါဘူး"

"ဘာဖြစ်လို့လဲ ရှင်နှောင်းရယ်၊ ရှင်နှောင်းမှာ နှောက်ဆံ တင်းစရာဘာရှိလို့လဲ၊ သစ်နက်ကြီးက သူ့ကိုယ်ကို ကောင်း ကောင်းကာကွယ်စောင့်ရှောက်နိုင်ပါတယ်. . "

"ကိုကောင်းမြတ်ရယ်၊ ရှင်နှောင်းဘယ်လိုပြောရမလဲ ဟို. . ဟိုလေ. . ရှင်နှောင်းလေ၊ လူတွေကြားထဲမှာ နေရတာ ကို. . ကြောက်နေမိပြီ. . "

ကောင်းမြတ် သက်ပြင်းတစ်ချက်ချမိလိုက်ရသည်။

"ကိုယ်. . နားလည်ပေးပါတယ်လေ၊ ရှင်နှောင်း. . ဆယ့်ငါးနှစ်သမီးလောက်က အဖြစ်အပျက်တွေက သွေးပျက် စရာပါပဲ၊ ရှင်နှောင်းရွာကို မလိုက်ရင် ကိုယ်လည်း ရွာမပြန် တော့ဘူး၊ ရှင်နှောင်းကို စောင့်ရှောက်ဖို့ နေရစ်တော့မယ်. ."

"ဟင်. . ဒီလိုနေလို့ ဘယ်ဖြစ်မှာလဲ၊ ကိုကောင်းမြတ် ရွာကိုပြန်မလာရင် မိဘတွေက စိတ်ပူနေကြမှာပေါ့"

"စိတ်ပူရုံအပြင် ဘာမှစိုးရိမ်စရာမရှိပါဘူး၊ ရှင်နှောင်း တစ်ယောက်တည်းမို့ ကိုယ့်ဘယ်လိုမှ စိတ်မချနိုင်ဘူး. . "

"ခက်လိုက်ပါဘိ ကိုကောင်းမြတ်ရယ်၊ ရှင်နှောင်းကို ဘာဖြစ်လို့ ဒါလောက်တောင် ဂရုစိုက်နေရတာလဲ"

"သိချင်လား"





"သိချင်တယ်"

"ကိုယ်လေ. . ကိုယ် ဟာ. . နောက်မှပြောတော့မယ်"

ရှင်နှောင်း မချင့်မရဲဖြစ်သွားခဲ့ရသည်။ သူတို့စကားများ များမပြောနိုင်ကြတော့ပါ။ လူသံ၊ သူသံများကို ကြားလိုက်ရသော ကြောင့်ပင်ဖြစ်သည်။ ခပ်ဝေးဝေးမှ လာနေသော အသံများပင် ဖြစ်ကြသော်လည်း ကောင်းစွာကြားလိုက်ကြရသည်။

"ဟော. . လူသံတွေ"

"လာ. . ရှင်နှောင်း. . ဟိုဘက်ကို သွားကြရအောင်"

ကောင်းမြတ်က ရှင်နှောင်းကို လက်ဆွဲပြီးတော့ တစ်နေရာကို ခေါ်သွားသည်။ ထို့နောက်. . သစ်တိုပင်ကြီး တစ်ပင်၏လိုဏ်ခေါင်းထဲကိုဝင်ကာ ပုန်းနေကြလေ၏။ နှစ်ယောက်စလုံး ပူးပူးကပ်ကပ်ဖြစ်သွားခဲ့ကြသည်။ ကောင်းမြတ် သည် မရည်ရွယ်ပဲနှင့် ရှင်နှောင်း၏ ကိုယ်လုံးလေးကို ဖက်ထား မိလိုက်သည်။ ရှင်နှောင်းကလည်း အလိုလိုပင်. . ကောင်းမြတ် ၏ခါးကို ဖက်ထားမိလိုက်သည်။ ရင်ခွင်ထဲကို ရောက်နေလေ သည်။ တစ်ကယ်တော့ သစ်ခေါင်းကြီးကလည်း သူတို့နှစ်ယောက် အတွက် မကျယ်ဝန်းလှပါ။ တစ်ယောက်နှင့်တစ်ယောက် ကိုယ် မလှည့်သာကြ၊ တစ်ခဏအတွင်းမှာပင် သွေးများက ဆူပွက်လာ ခဲ့ကြလေသည်။ ငယ်ရွယ်သူတို့၏ စိတ်လှုပ်ရှားမှုက မထိန်းသိမ်း နိုင်မိလောက်အောင်ပင် ဖြစ်လာခဲ့ကြရလေတော့သည်။ ရှင်နှောင်း သည် ကောင်းမြတ်၏ ရင်ခွင်ထဲမှာ လွန့်လူးလျက်ရှိသည်။

ထိစဉ်. .

"ငါတို့ကံကောင်းလို့ လွတ်လာခဲ့ကြတာကွ၊ ကံမကောင်း လို့ ကျောက်တုံးတွေပိပြီး မသေကုန်ကြတယ်. ."



www.burmeseclassic.com

www.burmeseclassic.com



စကားသံများကို ကြားလိုက်ကြရသည်။ ထို့ကြောင့်. . ချက်ချင်းလိုလို သတိပြန်ဝင်လာခဲ့ကြကာ ကိုယ်ချင်းခွာလိုက်ကြရလေ၏။ ထစ်ခကာအတွင်းမှာ မိန်းမောသွားခဲ့ကြရာ ပတ်ဝန်းကျင်ကိုပင် မေ့သွားခဲ့ရလေသည်။

"ဟော. . လူသံတွေ ကြားရတယ်။ ဘယ်သူတွေလည်း မသိဘူး. . "

ရှင်နှောင်းက လေသံဖြင့် ပြောလိုက်သည်။ ကိုယ်ချင်းမခွာကြသေးပဲ တစ်ယောက်ကိုယ်တစ်ယောက် ကျစ်ကျစ်ပါအောင်ဖက်ထားကြလေသည်။

"ငြိမ်ငြိမ်လေးနေ ရှင်နှောင်း၊ မကြောက်နဲ့. . "

ကောင်းမြတ်က ရှင်နှောင်း၏ နားဝမှာကပ်ကာ အားပေးသည်။ သင်းပျံ့သော ဆံကေသာမှ ရနံ့နှင့် ကိုယ်သင်းနံ့ကို ရှူရှိုက်မိရသည်။ သစ်ခေါင်းကြီးထဲမှနေ၍ အပြင်ကို ကောင်းစွာမြင်နေရလေသည်။ မြေလက်လှမ်းများ၏ အဝတ်အစားများကို ထိခတ်သံများ မဆင်မခြင်စကားပြောသံများက တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့သည်။

သစ်ပင်တွေကြားထဲမှ လူတစ်စုက ပေါ်လာခဲ့ကြသည်။

နှစ်ယောက်စလုံး မြင်လိုက်ကြရလေသည်။ ရှေ့ဆုံးမှ ဒုံးလေးထမ်းလာသူကို ရှင်နှောင်းမြင်လိုက်ရသောအခါ တုံ့အား သင့်သွားခဲ့ရလေသည်။

"မုန်တိုင်း မုန်တိုင်း. . အဖွားနဲ့ ရှင်နှောင်းတို့ရဲ့ နောက်ကိုတွေ့ရာသင်္ချိုင်းဝေးမဆိုင်းပဲ လိုက်နေတဲ့ မုန်တိုင်းပါလား"

ရှင်နှောင်း၏ကိုယ်ထဲမှာ စီးဆင်းလျက်ရှိသော သွေးများသည် တစ်မဟုတ်ချင်း ပွက်ပွက်ဆူသွားခဲ့ရသည်။



"ရှင်နှောင်းတို့ အိမ်မြေရာမြေမဲ့အောင် ဘာချက်အောင်. . သင်းပဲလှုပ်လိုက်တာ၊ အခုလည်း နေက်ကြီးနောက်ကိုသဲကြီးမဲကြီးလိုက်နေပြန်ပြီ. . "

"နေက်ကြီးကို သူက ဘာဖြစ်လို့ အငြိုးထားနေရတာလဲ. . "

"အဖွားမွေးထားတဲ့ သတ္တဝါမို့ မကောင်းဆုံးရောဂါ ဘယတွေခေါ် ဆောင်လာတဲ့ မိစ္ဆာကောင်ရယ်ဆိုပြီး သတ်မှတ်ထားတာလေ၊ အခုမှာတော့ ရှင်နှောင်းတို့ တောင်းနှီးရွာက ပြေးလာကြတာတည်းက နေက်ကြီးလည်း ပျောက်နေတာကြာပါပြီ ဦးမုန်တိုင်းက ခုအချိန်မှာ နေက်ကြီးကို မပျော်လင့်ပဲ ပြန်ပြီး တွေ့လိုက်တယ်ထင်ပါရဲ့ ဒါကြောင့်မို့ သဲကြီးမဲကြီးကို လိုက်နေတော့တာပဲ. . "

"ဒါ. . အယူသည်းမှုတစ်ခုပဲ၊ ဒါလောက်တောင် အငြိုးထားတာကတော့ မကောင်းဘူး၊ အခြေအမြစ်မရှိတဲ့ ယူဆမှုတွေပဲ. . "

မုန်တိုင်းတို့သည် ခပ်လှမ်းလှမ်းမှ ထွက်သွားကြသည်။

"ရောက်ချင်ရာရောက်. . ပေါက်ချင်ရာပေါက်ပဲဟေ့၊ ဝါတို့ဒီနေရာကို တစ်ခါမှရောက်ဖူးကြတာ မဟုတ်ဘူး၊ လမ်းဆုံးရင်တော့ ရွာတွေ့မှာပဲ. . "

"သစ်နက်ကြီးက ကျွန်တော်တို့ကို လှည့်စားသွားတာပဲ မုန်တိုင်း၊ ဟိုပြေး. . ဒီပြေးနဲ့ တမင်လှုပ်နေတာ၊ ကျွန်တော်တို့လည်း နောက်ကတောက်လျှောက်လိုက်လာခဲ့တာ၊ နောက်ကြောင်းကိုတောင် လှည့်မကြည့်မိခဲ့ကြဘူး၊ အခုတော့ လာလမ်းလည်း မမှတ်မိ၊ ပြန်လည်းလည်း မသိကြဘူး. . "

www.burmeseclassic.com

www.burmeseclassic.com

"ဗလ. . မင်း. . ညီးမနေစမ်းပါနဲ့ကွာ၊ မင်းတစ်ယောက်တည်း စိတ်ပျက်နေတာ မဟုတ်ဘူး၊ သဘောပေါက်"

ဂင်တိုတိုပုကွကွနှင့် ရဲခင်းသမားတောလုံးက ပြောလိုက်သည်။ ဗလငြိမ်သွားသည်။ မုန်တိုင်းကို မကျေနပ်၍ ပေါက်ကွဲထွက်လာသော အသံများပင်၊ လုံသမားငမိုးက ကောင်းမြတ်နှင့် ရှင်နှောင်းရှိရာ သစ်ပင်ကြီးဆီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး-

"ဟို. . သစ်ခေါင်းကြီးက ကြီးလှချည်လားကွ၊ လူနှစ်ယောက်ကောင်းကောင်းနေလောက်တယ်. ."

"ဟုတ်ပကွာ၊ ဒါလောက်ကြီးတဲ့ သစ်ပင်ကြီးကို တစ်ခါမှ မမြင်ဖူးဘူး၊ နှစ်ချို့အပင်ကြီးနဲ့ တူပါတယ်ကွာ. ."

ဗလကလည်းရပ်ကာ ကြည့်ရင်းပြောလိုက်သည်။ ငမိုးက. .

"ငါအဲ့ဒီသစ်ခေါင်းကြီးကို မှုသင်္ကာဘူးကွ၊ အထဲမှာ သက်ရှိသတ္တဝါတစ်ကောင်ကောင် ခိုအောင်းနေလိမ့်မယ်လို့ ထင်တယ်၊ အမဲတစ်ကောင်ဆိုရင် ပေါ်ပြီးစားလိုက်ကြရအောင်"

ငမိုးသည် လှံကိုဆကာ, ဆကာ ကိုင်ရင်း သစ်ပင်ကြီးဆီကို လျှောက်လှမ်းလာခဲ့သည်။

သစ်ခေါင်းထဲမှာရှိနေကြသော ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည် ထိတ်ကနဲဖြစ်သွားခဲ့ကြရသည်။ ရှင်နှောင်းသည် ကျောထက်မှ ဓါးကိုစမ်းလိုက်သည်။

"စိတ်ကိုတည်တည်ငြိမ်ငြိမ်ထား. . ရှင်နှောင်း၊ သူတို့ သုံးယောက်စလုံးကို မှုစရာမလိုဘူး၊ ကိုယ်ကြည့်ရှင်းမယ်"

ကောင်းမြတ်က လေသံဖြင့် အားပေးလိုက်သည်။

"ငမိုး. . အလုပ်ရှုပ်ပါတယ်ကွာ၊ အသွားအလာနှောင့်

နှေးရတဲ့အထဲမှာ ပြန်လာခဲ့. ."

မုန်တိုင်းက ဟန့်တားလိုက်လေရာ ငမိုး၏ခြေလှမ်းတွေ တန့်သွားခဲ့ရသည်။ နောက်ကြောင်းကို ချက်ချင်းပင်ပြန်ပြီး လှည့်သွားခဲ့လေ၏။

ထိုအခါကျမှ. .

သစ်ခေါင်းထဲမှ သူတို့နှစ်ယောက်စလုံး သက်ပြင်းကိုယ်စီချမိလိုက်ကြလေတော့သည်။

မုန်တိုင်းတို့၏ ခြေသံများပျောက်ကွယ်သွားကြတော့မှ သစ်ခေါင်းထဲမှ ထွက်လာခဲ့ကြလေသည်။

➤ ➤ ➤

မုန်တိုင်းနှင့် သုံးယောက်တို့သည် ချောက်ကမ်းပါးကြီးနား တိုရောက်လာခဲ့ကြသည်။

"သစ်နက်ကြီး ခုန်ကူးသွားခဲ့တာ ဟောဒီနေရာပဲကွ၊ ဒီကောင်ကြီးရဲ့ နောက်ကိုလိုက်ပြီးရှာရတာ ကြာသွားပြီ. . အခုလောက်ဆို. . တစ်နေရာကိုထွက်သွားလောက်ရောပေါ့"

"ကောင်တယ် ဆရာမုန်တိုင်း၊ ကျွန်တော်တို့လည်း အခုမှ ဟိုမရောက်၊ ဒီမရောက်ဖြစ်ကြရပြီ. . အရေးထဲမှာ ဗိုက်ထဲက ပိုးမျိုးရှစ်ဆယ်က သောင်းကျန်းလာခဲ့ကြပြီ. . ရေကလည်း ငတ်လိုက်တာမှ. ."

"ဗလ၊ မင်းတစ်ယောက်ပဲ ညီးနေတယ်၊ ငါတို့လည်း ဆာနေကြတာပဲကွ၊ မင်းလို မညီးကြပါဘူး"

တောလုံးက ဗလကို မာန်မဲသလိုပြောလိုက်ရာ ဗလ

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်သွားပြန်သည်။ ဗလသည် စိတ်ကိုတတ်သော်လည်း စိတ်မြေလွှယ်သည်။

*ဝစ်. . အစ်. . အစ်. .*"

"ဟော. . ဘာသံလဲ"

မုန်တိုင်းသည် အသံထွက်ပေါ်လာရာဆီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် ချက်ချင်းသဘောပေါက်သွားကာ မြားတံကိုထုတ်၍ ဒူးလေးညို့မှာ တင်လိုက်လေသည်။ ကျန်သုံးယောက်စလုံး အသံလာရာဆီကို လှမ်း၍ကြည့်နေကြသည်။ သားကောင်ဆိုသည်ကို သဘောပေါက်သွားခဲ့ကြသည်။ မုန်တိုင်းက လေသံတိုးတိုးဖြင့်. .

"တောဝက်ကွ၊ အသင့်ပြင်ထားကြ. ."

စကားဆုံးသည်နှင့် ဗိဇတ်ချုံထဲမှ ထွက်လာသော ဝက်တောင်းခါးပတ်ကြားကြီးတစ်ကောင်ကို တွေ့လိုက်ကြရလေတော့သည်။ သူတို့နှင့် ကိုက်နှစ်ဆယ်လောက်ပဲ ကွာတေတော့သည်။ လွန်စွာမှ နီးကပ်လျက်ရှိနေလေပြီ၊ တောဝက်ကြီးသည် သူတို့ကိုဘစ်စောင်းပေး အနေအထားမှာ ရှိနေသည်။ ပစ်လို့ကောင်းသည့် အနေအထား. .

မုန်တိုင်းသည် ဒူးလေးဆိုပခုံးမှာထောက်ကာ လှမ်းချိန်လိုက်သည်။ ချိန်သားကိုက်ပြီဆိုသည်နှင့် မနားပဲ ပစ်ချလိုက်သည်။

"ထောင်း"

ညို့အားကပြင်းသည့် သေနတ်ကဲ့သို့ပင် ကျယ်လောင်သောအသံကြီးက ထွက်ပေါ်လာခဲ့သည်။ မြားသည် ဝက်တောင်းကြီး၏ ညာလက်ပြင်ကို ဒုတ်ဒုတ်ထိသွား၍စိုက်သည်။





"ဝစ်. . အစ်. . အစ်"

ဝက်တောင်းကြီး၏မှ နာကျည်းစွာဖြင့်အော်လိုက်သောအသံကြီးက ထွက်ပေါ်လာခဲ့သည်။ သို့သော်. . မထင်မှတ်သောအချင်းအရာက ချက်ချင်းမှာပင် ထွက်ပေါ်လာခဲ့လေတော့သည်။ ဝက်ခါးပတ်ကြားဝက်တောင်းကြီးသည် အဆိပ်မြားသင့်ထားကြသော်လည်း ဒေါသတကြီးဖြင့် အရှိန်တင်ကာ သူတို့ဆီကို ပြေးလာခဲ့လေတော့သည်။ အားလုံး အထိတ်တလန့်ဖြစ်သွားခဲ့ကြရသည်။

မုန်တိုင်းက ဒူးလေးညို့မှာ ချက်ချင်းပင် မြားအသစ်တစ်ချောင်းကိုတင်လိုက်သည်။ သို့သော်. . ဝက်ကြီးမှာ အနီးသို့ရောက်လာခဲ့လေပြီ၊ လျှပ်တပြတ်လှုပ်ရှားလိုက်သူက ငမိုး၊ နေရာမှ ရှုတ်တရက်ပြေးထွက်လာပြီး တောဝက်ကြီးကို လှံနှင့်ပစ်ထိုးလိုက်လေတော့သည်။ အားပါလွန်းလှ၍ ဝက်ကြီးမှာ ဘယ်လက်ပြင်မှတစ်ဖက်ကို ထုတ်ချင်းခတ်ဖောက်ထွက်သွားခဲ့လေ၏။ နေရာမှာတင် တုံးကနဲပစ်လဲပြီးကျသွားခဲ့သည်။

ဝက်ကြီးအကျတွင် တောလုံးက ရဲဒင်းဖြင့် ပြေးဝင်ကာပိုင်းချလိုက်သည်။ ဗလက ဓါးဖြင့်ဝက်ကြီး၏ ဒူးခေါက်ကြောများကို ဖြတ်ပစ်လိုက်လေသည်။

➤ ➤ ➤


www.burmeseclassic.com

www.burmeseclassic.com



## (၂၃)

## မုဆောင်းဆိုးရှားလား တောကောင်လား

ညဘက်ကိုရောက်လာခဲ့သည်။ မီးပုံကြီးတစ်ခုက အရှိန်ပြင်းစွာဖြင့် တောက်လောင်နေလျက်ရှိသည်။ တံစို့ထိုးကာ တင်ထားသော ဝက်ကောင်လုံးကင်ကြီးသည် နီရဲလျက်ရှိသည်။ မုဆိုးလေးယောက်စလုံးပါလာသော အရက်ပုလင်းများကို ထုတ်ကာ ဝါးဆစ်ခွက်များဖြင့် သောက်နေကြသည်။

ဝက်သားကင်အမြည်းကတော့ စားလို့မကုန်နိုင်အောင် ပင်ရှိနေကြသည်။

"ဒီတစ်ညတော့. . တောထဲမှာပဲ အိပ်ကြရတော့မှာပဲ၊ မနက်ကျမှပဲ. . သစ်နက်ကြီးကို ဆက်ပြီးရှာတော့မယ်"

ထိုအခါ ဗလက. . ဝါးဆစ်ခွက်ကို မြေမှာဆောင့်ချလိုက်ပြီး. .

"ဆရာတို့ဘာသာ ဆက်ပြီးရှာကြ၊ ကျုပ်တော်တော့

www.burmeseclassic.com

www.burmeseclassic.com



လမ်းရှာပြီး ပြန်တော့မယ်၊ ဆရာပေးတဲ့ အခကြေးငွေကိုလည်း မလိုချင်တော့ဘူး. . ”

“ဘာကွ. . မင်းက ဘာပြောတယ်၊ ပြန်မယ်. . . ဟုတ်လား၊ အတူတူလာကြပြီး အခက်အခဲတွေကြုံမှ မင်းက. . ကိုယ်လွတ်ရုန်းပြီးတော့ ပြန်မလို့လား၊ ငါခွင့်မပြုပဲ မပြန်ရဘူး”

“ဆရာခွင့်မပြုသည်းပဲ ပြန်မှာပဲ၊ မတားနဲ့. . မသေချာတဲ့ကိစ္စကို ဆက်မလုပ်နိုင်တော့ဘူး၊ ဒီလိုပင်ပန်းတဲ့ဒဏ်ကို လည်း မခံနိုင်တော့ဘူး”

“ဟေ့ကောင် ဗလ၊ မင်းက ငါ့စကားကို နားမထောင်ဘူးလား၊ မင်း. . တစ်ယောက်တည်းပြန်သွားလို့ လမ်းမှာတစ်ခုခုဖြစ်ရင် ငါ့မှာတာဝန်ရှိတယ်ကွ၊ ဒါကြောင့်မို့ တားနေရတာ၊ ငါက စေတနာနဲ့ ပြောနေတာ. . ”

“ကျွန်တော့်ဘာသာ ကျွန်တော် လမ်းမှာဘာပဲဖြစ်ဖြစ်ဗျာ၊ ဒီတောထဲမှာကို ဆက်ပြီး မနေချင်တော့ဘူး”

“မင်းကွာ. . မင်း”

မုန်တိုင်းက ဒေါသတကြီးဖြင့် နေရာမှ ရုတ်တရက် ထ,လိုက်ရာ. .

“ဆရာမုန်တိုင်း၊ ဗလပြောတာမှန်တယ်၊ ကျွန်တော်တို့လည်း ဒီလိုအကျိုးမရှိတဲ့အလုပ်ကို မလုပ်ချင်တော့ဘူး၊ မနက်ကျရင် ပြန်မယ်. . ”

“ဟုတ်တယ်. . တိုးပြောတဲ့အတိုင်းပဲ၊ ကျွန်တော်လည်း သူတို့နဲ့ အတူလိုက်ပြန်မယ်. . ”

မိုးနှင့် တိုးကပါ အေးစက်သော လေသံဖြင့် ဝင်ပြောလိုက်ကြရာ မုန်တိုင်းပိုပြီးတော့ ဒေါသထွက်သွားခဲ့ရ





သည်။

သို့သော်. . သုံးယောက်နှင့် တစ်ယောက်ဖြစ်နေ၍ သူဘာမှမတတ်နိုင်. . . ဒေါသကို ပြန်ပြီး မြိုသိပ်လိုက်ရသည်။

“ကောင်းပြီလေ၊ မင်းတို့ ဒါလောက်တောင် ပြန်ချင်လှသပဆိုမှာတော့. . ငါလည်း တစ်ယောက်တည်း ကျန်ခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ မင်းတို့နဲ့အတူ ပြန်လိုက်ရတော့မှာပေါ့. . ”

မုန်တိုင်းလက်လျှော့လိုက်ရသော်လည်း တတ်နိုင်လျှင် သူတို့သုံးယောက်စလုံးကို အမုန်းကြိတ်ပစ်လိုက်ချင်သည်။

အမူးလွန်နေကြသောသူများသည် မီးပုံကြီးကို ဖိုထားပြီး သစ်ပင်ကြီးတစ်ပင်အောက်မှ ဖြစ်သလို အိပ်ပျော်သွားခဲ့ကြလေသည်။

➤ ➤ ➤

ညဉ့်က တဖြည်းဖြည်းနှင့် နက်လာခဲ့သည်။

ဂူကြီးထဲမှာ မီးဖိုထားပြီး မြက်ခြောက်မွေ့ယာပေါ်မှာ ရှင်နှောင်းက အိပ်မောကျနေလျက်ရှိသည်။ ကောင်းမြတ်သည် ဒုန်းရုံမှာ ကျောမှီကာ ရှိနေသည်။ စိတ်က အိမ်ဆီကို ရောက်သွားခဲ့သည်။ မိဘနှစ်ပါးကတော့ သားဖြစ်သူ ရွာကိုပြန်မလာ၍ စိတ်ပူနေကြမည်ဟု တွေးနေမိသည်။

“ငါ. . မယုတ်မလွန်ပြောခဲ့တာပဲ၊ တစ်ပင်တိုင်ရွာကို သွားမယ်၊ ညအိပ်ချင်အိပ်မယ်လို့. . ငါရွာကိုပြန်မလာတဲ့အတွက် သိပ်ပြီးစိတ်ပူနေကြမှာတော့ မဟုတ်ပါဘူး”

တွေးပြီးစိတ်ကိုဖြေနေမိသည်။ အိပ်မောကျနေသော



www.burmeseclassic.com

www.burmeseclassic.com

ရှင်နှောင်းဆီကို တစ်ချက်လှည့်ကြည့်လိုက်သည်။ ထင်းတုံးတစ်တုံးကို မီးပုံထဲထိုးထည့်လိုက်သည်နှင့် မီးရှိန်က တက်လာသည်။ ရှင်နှောင်း၏ ဝင်းပသော မျက်လုံးလေးက အလင်းရောင်အောက်မှာပို၍ပြီးတော့ ထင်ရှားလာခဲ့သည်။ တစ်ယောက်တည်း အဖော်မဲ့စွာ ဘဝကိုကျင်လည်နေရရှာသော မိန်းကလေးတစ်ယောက်မို့ သနားနေမိသည်။ မမျှော်လင့်ပဲ ဆုံတွေ့ခဲ့ရသည့် ရှင်နှောင်းကို သူ.. မြင်မြင်ချင်းမှာပဲ ချစ်မြတ်နိုးခဲ့ရလေပြီ။ သိလျှာသား ကောင်းမြတ်သည် ရှင်နှောင်းအပေါ် ကျရောက်လာမည့်အန္တရာယ်မှန်သမျှကို အသက်ပေး၍ပြီးတော့ ကာကွယ်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်။

မီးရှိန်က ပို၍ပြီးတော့ တောက်ပလာသဖြင့် ရှင်နှောင်း နိုးသွားခဲ့ရသည်။ ဂူနံရံကို ကျောမှီကာ ထိုင်နေသော ကောင်းမြတ်ကို တွေ့သွားခဲ့ရသည်။

"ဟင်.. ရှင်မအိပ်သေးဘူးလား။ ကိုကောင်းမြတ်"

"ဟင့်အင်း။ ကင်းစောင့်နေတာလေ.. ရှင်နှောင်း အေးအေးဆေးဆေးအိပ်ပါ"

"ဟာ.. မဟုတ်တာ။ ကိုကောင်းမြတ်လည်း ပင်ပန်းနေပြီပဲ၊ လာအိပ်ပါ.. ရှင်နှောင်း ဒီမှာနေလာတာကြာပြီ.. ဘယ်လိုအန္တရာယ်မျိုးမှ ရောက်မလာခဲ့ဘူး.."

ကောင်းမြတ် ချိတုံချတုံဖြစ်လျက်ရှိသည်။ ရှင်နှောင်းက တောက်ပရွှန်းလက်သော မျက်ဝန်းလေးတွေဖြင့် ကြည့်လိုက်ပြီး-

"လာပါဆို.. ရှင်ကလည်း"

ခေါ်လိုက်ပုံက ပိုင်နိုင်နင်းနင်း ကောင်းမြတ်လည်း မနေသာတော့ပဲ နေရာမှထသွားခဲ့ရပြီး သူမ၏ဘေးမှာ

လှဲချလိုက်ရလေတော့သည်။ မီးရှိန်က တဖြည်းဖြည်းနှင့် အားနည်းလာခဲ့သည်၊ ဂူထဲမှာလည်း မှိန်ကျလာခဲ့သည်။ တစ်ယောက်မျက်နှာတစ်ယောက်သဲကွဲစွာဖြင့် မမြင်နိုင်ကြတော့၊ ကောင်းမြတ်၏လက်က ရှင်နှောင်း၏ ပခုံးပြင်ပေါ်ကို ရောက်လာခဲ့သည်။ လက်ချောင်းများဖြင့် တရွေ့ရွေ့ပွတ်သပ်လျက်ရှိသည်။ ကောင်းမြတ်၏လက်ကို ရှင်နှောင်းကပြန်၍ ကိုင်လိုက်ရင်း တဟင်းဟင်းနှင့် ရယ်သံလေးထွက်ပေါ်လာခဲ့သည်။

မီးငြိမ်းကျသွားသောအချိန်တွင် ဂူထဲမှာ တိတ်ဆိတ်သွားခဲ့လေတော့၏။ ညဥ့်သည် ပို၍ပြီးတော့ နက်မှောင်လာခဲ့လေသည်။

➤ ➤ ➤

ယင်းအချိန်တွင်..

တောနက်ကြီးထဲမှာလည်း မှန်တိုင်းတို့လူတစ်စုက သောက်စားမူးယစ်ပြီး ပိုးလိုးပက်လက်အိပ်မောကျလျက်ရှိနေကြသည်။ မီးပုံထဲမှာ ထင်းတုံးကြီးများကို ထည့်ထားသည့်အတွက် မီးတောက်က ထွက်ရပေါ်နေဆဲပင်ဖြစ်သည်။ ထိုအချိန်တွင် သရုပ်ဆန်းအချို့သည် မှောင်မိုက်ထဲမှ သူတို့ဆီကို တဖြည်းဖြည်း နင့်လာနေကြသည်။

မြင့်မားသော အရပ်များရှိကြပြီး တစ်ကိုယ်လုံးအမွေးအမှင်များက ထူထပ်လျက်ရှိလေသည်။ မီးပုံကြီးအနီးကိုရောက်လာကြသောအခါ မျက်နှာကြီးများက အပြုံးလိုက်ရှိနေကြပြီး ပါးစပ်ပြဲပြဲကြီးတွေနှင့်.. ပါးစောင်မှထွက်နေသော အစွယ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ရှချောင်းက ရှည်လျားစွန့်ပြည့်လှသည်။ တောက်အစွယ်နှစ်ချောင်းသည်လည်း အပေါ်ကို လန်တက်လျက်ရှိနေသည်။ နှာတံမော့ကာနေပြီး နှာသီးများသည် ပွယောင်းယောင်ကြီးဖြစ်နေကြသည်။

နီကျင်ကျင်မျက်လုံးများသည် ဂနာမငြိမ်ဝေ့လျားလျှက်ရှိနေကြပြီး မီးပုံကြီးနားအနားမှာ ဝက်သားတင်ကြီးဆီကို ရောက်သွားခဲ့ကြသည်။

အနားမှာလည်း အရက်ပုလင်းအချို့က လဲနေကြပြီး မသောက်ရသေးသော ပုလင်းအချို့က ထိုးထိုးထောင်ထောင်နှင့် ရှိနေကြသည်။ ထိုသတ္တဝါကြီးများသည် တံစို့ထိုးပြီးကင်ထားသော ဝက်သားတင်ကြီးကို မြင်လိုက်သည်နှင့် တစ်ဦးက သောက်စင်မှဆွဲဖြုတ်ကာ ဆတ်ကနဲဆို ကိုက်ဝါးလေတော့သည်။ တစ်ဦးက ကိုက်စားနေသည်နှင့် နောက်တစ်ဦးကလည်း တံစို့တင်ကြီးကို လက်ထဲမှ လုကာစားသည်။

တစ်ဦးပြီးတစ်ဦး လက်ပြောင်းသွားကြပြီး လုကာ..လုကာစားကြလေသည်။ သန်မာသော လက်ကြီးများဖြင့် လုကာ အသားတင်ကို ဗြိကနဲ..ဗြိကနဲနှင့်နေအောင် ဆွဲယူပြီး စားကြသည်။

အကောင်ကြီးငါးကောင်အနက် အချို့က အရက်ပုလင်းများကို စိတ်ဝင်စားသွားခဲ့ကြပြီး ပုလင်းအဆို့ကိုဖွင့်ကာ ဝါးဆစ်ခွက်ထဲသို့ထည့်ကာ သောက်ကြလေတော့သည်။ တစ်ဦးက လုပြီး ပုလင်းလိုက်မော့ချလေသည်။ တစ်ကောင်နှင့်တစ်ကောင် အလုအယက်စားသောက်နေကြသည်မှာ ကျွက်ကျွက်ညံနေလေတော့သည်။

ယင်းအချိန်အထိ မုန်တိုင်းတို့မှာ မနိုးကြသေးပေ။



မူးယစ်ဝေပြီး အိပ်ကောင်းကြတုန်းပင်ရှိသေးသည်။ တစ်စေ့အကြာတွင် ထိုသတ္တဝါများသည် ဝက်သားကင်နှင့် အရက်ကို လုပြီး စားသောက်နေရာမှ ခိုက်ရန်ဖြစ်ကာ သတ်ပုတ်ကုန်ကြလေတော့သည်။

"အူး..ဝါး"

"အား..ဟား..ဟား"

မုန်တိုင်းသည် ကျွတ်ကျွတ်ညံအောင် ဆူညံလျက်ရှိကြသောအသံများကြောင့် ရုတ်တရက်နိုးလာခဲ့ခြင်းဖြစ်သည်။ သူသည် ပက်လက်အိပ်ပျော်နေရာမှ ခေါင်းထောင်ပြီးတော့ ကြည့်လိုက်ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့်..

"ဟင်..ဘာကောင်တွေလဲ၊ ထ..ကြပါဦးဟ"

မုန်တိုင်းက ဟစ်အော်ပြီးနှိုးလိုက်ရာ သုံးယောက်စလုံး ဓရာသောပါနှင့် နိုးကုန်ကြလေတော့သည်။ သူတို့လည်း ထိုမည်းမည်းကောင်ကြီးများကို မြင်တွေ့သွားခဲ့ကြလေတော့သည်။

"ဟား..သ..သရဲတွေ"

တောလုံးသည် အလန့်တကြားပင်..ထပြီး အော်လေတော့သည်။ မည်းမည်းကောင်ကြီးများသည် အိပ်ပျော်နေကြသူများနိုးသွားကြသောအခါ အချင်းချင်းသတ်ပုတ်နေကြရာမှ ရပ်ဆိုင်းသွားခဲ့ကြသည်။

မုန်တိုင်းတို့ဆီကို အာရုံစိုက်လာခဲ့ကြသည်။ အစွယ်ရှည်ကြီးနှင့် ပါးစပ်ကြီးတွေကို ဖြဲလာခဲ့ကြသည်။ မျက်လုံးကြီးတွေကလည်း မီးဝင်းဝင်းတောက်လာကြ ဒေါသဖြင့် ဒေါပြီးတော့ ရှိတက်လာခဲ့ကြသည်။ လူစံလား ဝက်ဝံလား..မျောက်ဝံလား

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်အားဖြင့် တူညီကြသော်လည်း ဘာကောင်ကြီးတွေမှန်း မသိရပေ၊ မုဆိုးမုန်တိုင်းပင်လျှင် ဤကဲ့သို့သော သတ္တဝါကြီးမျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ပါ။ တစ်ကိုယ်လုံး ရှည်လျားသော အမွေးအမျှင်များလည်း ရှိကြသည်။

[တစ်ကိုယ်လုံးရှိ အမွေးအမျှင်များက ပိုပြီးတော့ ထူထပ်လျက်ရှိကြကာ. . ထူးခြားသည်က ရှည်လျားသော မုတ်ဆိတ်မွေးရှည်ကြီးများနှင့် ပါးမြိုင်းမွေးများသည်လည်း ရှိကြလေသည်]။

ငမိုး၊တောလုံးနှင့်. . ဗလတို့သည် ကြောက်မက်ဖွယ် အဆင်းရှိကြသည်။ သတ္တဝါကြီးများကြောင့် အကြောက်ကြီး ကြောက်ကာ တုန်လှုပ်သွားခဲ့ကြရသည်။ သို့သော်. . သတ္တဝါကြီးများက ပါးစပ်ကြီးတွေကိုဖြဲကာ သွားရေတွေတမြားမြားနှင့် ရန်မူရန် ပြေးဝင်လာကြသောအခါတွင်ကား. .

"ဟိတ်. . ငါတို့ကို ရန်မူကြတော့မယ်၊ လက်နက်တွေကိုင်ကြလေ. . ဒီအတိုင်း. . အသေခံကြတော့မလို့လား"

မုန်တိုင်းက အော်ဟစ်ပြီး သတိပေးလိုက်တော့မှ လက်နက်များကိုဆွဲကိုင်ရန် သတိရသွားခဲ့ကြလေတော့သည်။ သတ္တဝါကြီးများသည် ချွန်ပြည့်သော လက်သည်းကြီးများဖြင့် သရဲသဘက်တွေအလား ပြေးဝင်လာခဲ့ကြလေရာ. .

"ဝင်လာပြီ. . တိုက်ကြ၊ မကြောက်ကြနဲ့. ."

မုန်တိုင်းသည် ဒူးလေးကို မသုံးနိုင်၊ ဓါးလွတ်ကို ဆွဲကိုင်ကာ. . ရှေးဦးစွာပြေးဝင်လာသော မည်းမည်းကောင်ကြီးကို. . အရင်ခုတ်ချလိုက်သည်။ ဓါးချက်က လည်ကိုပိုင်းမိသွားခဲ့သော်လည်း သတ္တဝါကြီးမှာ ဘာမှမဖြစ်သလိုပင်၊ စိတ်အထင်





က ဓါးသွားသည် ကိုယ်ထဲကိုနစ်မြုပ်ပြီး ဝင်သွားခဲ့သည်ဟုပင် မြင်မိလိုက်သည်။

[ထူထဲသော အမွေးအမျှင်များကြောင့်. . ဓါးမထိုးနိုင်ခြင်းပေလား]

"သရဲသဘက်တွေ၊ သရဲသဘက်တွေ. . တဲကွာ. . တဲကွာ. ."

တစ္ဆေသရဲဆိုလျှင် မမြင်ဖူးပဲနှင့်ပင် အကြောက်ကြီးလှသော ငမိုးက အကောင်ကြီးများဆီကို သွေးရူးသွေးတမ်းနှင့် ပြေးဝင်သွားခဲ့ကာ ဓါးဖြင့် တရစပ်ဝင်ပြီးတော့ပိုင်းသည်။

"ဝုစ်. . ဝုစ်. . ဝုစ်. . ဝုစ်. ."

အကောင်ကြီးတစ်ကောင်က ငမိုး၏ ဓါးကိုင်လက်ကို လက်ဝါးကြီးဖြင့် ပုတ်ထုတ်လိုက်ပြီး ငမိုး၏ခါးနှစ်ဖက်ကို ကိုင်မြှောက်ကာ ပေါက်ချလိုက်လေတော့သည်။

"အား. ."

တောလုံးသည် သူ့ဗိုက်ကိုလက်သည်းရှည်ကြီးများဖြင့် ထိုးဖောက်ရန် ကြိုးစားသော မည်းမည်းကောင်ကြီးဆီကို လှံနှင့် ပစ်ထိုးထည့်လိုက်သည်။ လှံသွားသည် ကိုယ်ကို ထုတ်ချင်းခတ်ဖောက်ထွက်သွားခဲ့သည်ဟု ထင်ရသည်။ သို့သော် သူထင်သလို မဟုတ်ခဲ့၊ သတ္တဝါကြီးမှာ ဘာမှမဖြစ်ခဲ့၊ အမှုဒဏ်မပြေသေး၍ သော်လည်းကောင်း၊ ညအချိန်ဖြစ်နေသည့်အတွက်ကြောင့် သော်လည်းကောင်း၊ အမြင်လွဲသွားခြင်းပေလား၊ လှံချက်ချော်သွားသည်ကို လှံချက်မိသည်ဟု ထင်သွားခဲ့ခြင်းပေလား၊ ဗလလည်း သူ၏ ဌက်ပျောရွက်ဓါးကြီးဖြင့် အားစိုက်ကာ သတ္တဝါကြီးများကို ခုတ်ပိုင်းလျက်ရှိသည်။ ဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



ခါးချက်များကို ယင်းသတ္တဝါကြီးများက ရှောင်တိမ်းသည်။ ဗလ၏ လက်ထဲမှဓါးကို လုသည်။ ဓါးက အမွှေးရှည်ကြီးများဖြင့် ထူထပ်လျက်ရှိသော လက်မောင်းကို ခုတ်မိသည်။ သူ့စိတ်ထဲမှာ လက်မောင်းပြတ်ထွက်သွားသည်ဟု ထင်လိုက်ရသည်။ တစ်ကယ့်အခြေအနေကတော့ ထိုသို့မဟုတ်ပေ။

မည်းမည်းကောင်သတ္တဝါကြီးများ၏ ပါးစပ်ပြဲကြီးများနှင့်အကိုက်ခံရလျှင် အစွယ်လေးချောင်းစလုံး မြုပ်ဝင်သွားနိုင်သည်။

လက်သည်းရှည်ကြီးများကလည်း ဗိုက်ကို ထိုးဖောက်သွားနိုင်သည်။ ထို့ကြောင့်. . သူတို့၏ အမိကိုမခံကြပဲ အတတ်နိုင်ဆုံးရှောင်တိမ်းနေကြရသည်။

ထိုစဉ်. .

ခါးလျားရှည်သော အကောင်ကြီးတစ်ကောင်သည် သူတို့ကြားထဲသို့ ခုန်ဝင်လာခဲ့သည်။ သစ်နက်ကြီးတစ်ကောင် ပင်တည်း၊ သစ်နက်ကြီးသည် မည်းမည်းကောင်ကြီးများကို ဝင်ရောက်တိုက်ခိုက်လေတော့သည်။ သစ်နက်ကြီးက ရှေ့လက် (ရှေ့ခြေ)များဖြင့် ပုတ်ထုတ်လိုက်သည်နှင့် မည်းမည်းကောင်ကြီးများသည် နာကျင်စွာဖြင့် အော်လိုက်ကာ ကိုယ်တဆတ်ဆတ် တုန်သွားသည်အထိ ခံစားသွားခဲ့ကြရသည်။

ယင်းသစ်နက်ကြီးကား ငနက်ကြီးပင်ဖြစ်သည်။ သတ္တဝါကြီးများသည် သစ်နက်ကြီး၏ ရိုက်ပုတ်မှုဒဏ်ကို မခံနိုင်၍ တဖြည်းဖြည်းဆုတ်ခွာသွားကြာ နောက်ဆုံးအမှောင်ထဲမှာ ပျောက်ကွယ်သွားကြလေတော့သည်။

မုန်တိုင်းနှင့် သူ့လူများသည် သစ်နက်ကြီးကို အံ့အားသင့်





စွာဖြင့် ကြည့်နေမိကြသည်။ ထိုအတူ သစ်နက်ကြီးရောက်လာခဲ့သည်နှင့် ကြောက်လန့်တကြားဖြင့် ထွက်သွားခဲ့ကြသော မည်းမည်းကောင်ကြီးများကိုလည်း အံ့အားသင့်နေလျက်ရှိကြသည်။ ရှေးဦးစွာ သတိရလာခဲ့သူက မုန်တိုင်း. .

"ငနက်ကြီးကွ. . ငနက်ကြီး၊ သတ်ကြလေကွာ. . ဒီကောင့်ကိုသတ်. . သတ်. ."

"ဟာ. . ဒီကောင်ကြီးကြောင့် ကျွန်တော်တို့ ဟိုသတ္တဝါကြီးရဲ့ရန်က သက်သာရာရသွားခဲ့ကြတာပဲ၊ ဘာဖြစ်လို့ သတ်ရမှာလဲ. . ဆရာမုန်တိုင်း. ."

"ဟေ့ကောင် တောလုံး၊ မင်းတို့ကို ငါခေါ်လာခဲ့တာ ဒီကောင်ကြီးကို အပြတ်ရှင်းမလို့ကွ၊ အခုမှ ဘာဖြစ်လို့ သွေးကြောင်နေရတာလဲ၊ ကျန်တဲ့ကောင်တွေကကော လုပ်ကြလေကွာ၊ မြန်မြန်. . ဟိုကောင်ကြီး ထွက်ပြေးသွားတော့မယ်. ."

တစ်ယောက်မှ မလှုပ်ကြ၊ သစ်နက်ကြီးကလည်း သူတို့ကို ခပ်လှမ်းလှမ်းမှာရပ်ကာ အေးဆေးစွာဖြင့် ကြည့်နေဆဲ၊ ငမိုး၊ တောလုံးနှင့် ဗလတို့သည် ယဉ်ပါးသော သစ်နက်သတ္တဝါကြီး တစ်ကောင်ဖြစ်မှန်း သိလိုက်ရလေ၏။

သူတို့ သစ်နက်ကြီးကို သွေးအေးအေးနှင့် မသတ်ရက်ကြတော့ပါ။

"ခြော်. . မင်းတို့က အခုကျမှ. . သူတော်ကောင်းတွေ လုပ်ချင်ကြတာကိုး၊ မင်းတို့ မသတ်ရင် ငါသတ်တယ်ကွာ. ."

မုန်တိုင်းသည် ငမိုး၏လက်ထဲမှ လှံရှည်ကိုဆွဲယူလိုက်ပြီး သစ်နက်ကြီးကို တအားပစ်ထည့်လိုက်သည်။

"ဝုစ်"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သစ်နက်ကြီးကားမရှိတော့၊ မုန်တိုင်းသည် နွားလေးကိုကောက်လွယ်ပြီး ခါးကိုဆွဲကိုင်ကာ အမှောင်ထဲသို့ ပြေးလိုက်သွားခဲ့သည်။

"ဟာ. . ဆရာမုန်တိုင်းတော့ ခက်ပြီ. ."

သူတို့သုံးယောက်လည်း မုန်တိုင်း၏နောက်မှ လိုက်သွားခဲ့ကြလေတော့သည်။

➤ ➤ ➤





## (၂၆)
## ရန်ရှာကြသူများ

တောကြက်ဖများ၏ တွန်သံများက ဟိုနေရာ. . ဒီနေရာ များဆီက ထွက်ပေါ်လာခဲ့ကြသည်။

"အောက်. . အီး. . အီး. . အွတ်"

ဂူထဲမှာ သူတို့နှစ်ယောက်စလုံး လွန့်လူးလာခဲ့ကြသည်။

လင်းကြက်အော်နေပြီဖြစ်သော်လည်း တောရိပ်တောင်ရိပ်နှင့်မို့ အမှောင်ထုက စိုးမိုးနေဆဲ၊ ညက. . တလူးလူးတလိမ့်လိမ့်နှင့် မည်သည့်အချိန်ကျမှ အိပ်ပျော်သွားခဲ့ကြသည်။ မမှတ်မိကြတော့ပါ။ နှစ်ယောက်စလုံးပင်ပင်ပန်းပန်းနှင့် အိပ်ပျော်သွားခဲ့ကြသည်။ ကောင်းမြတ်သည် ရှင်နှောင်းကို ရင်ခွင်ထဲဆွဲယူလိုက်လေရာ. . ရှင်နှောင်းက ရင်ပြင်ကို တွန်းလွှတ်လိုက်ပြီး. .

"ဟွန့်. . မိုးလင်းတော့မယ်. ."



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမြတ်က ရှင်နှောင်းကို နေရာမှ ထူပေးလိုက်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်မမြင်ကြရ၍ ဂူအပြင်ကိုထွက်သွားရန် မသင့်သေး၊ မှောင်နေဆဲ. . ကောင်းမြတ်က မီးဖိုထဲမှ မီးကျီးခဲရဲရဲကြီးကို သစ်ကိုင်းနှင့်ဆွပြီး မီးတောက်များဖြစ်ပေါ်လာစေသည်။ ထင်းခြောက်များကို ထပ်ပြီးထည့်လိုက်သောအခါ. . မီးတောက်များက တက်လာခဲ့သည်။ အပူဓါတ်ရ၍ အအေးဓါတ်ကို ကာကွယ်လိုက်နိုင်သည်။

ဂူနှင့် မလှမ်းမကမ်းရှိ စမ်းချောင်းလေးထဲမှာ မျက်နှာသွားသစ်သည်။ ထို့နောက်. . ဂူဆီကို ပြန်လာခဲ့ကြသည်။ရှင်နှောင်းက ရေနွေးကျိုသည်။ ထို့နောက်. . ကောင်းမြတ် ယူလာသော ကောက်ညှင်းထုပ်တစ်ထုပ်စီကို ဖြည်ပြီးစားကြလေသည်။

ကောင်းမြတ်က ရှင်နှောင်း၏မျက်နှာကို တစိမ့်စိမ့်ဖြင့်ကြည့်နေရာ. .

"ဘာကြည့်တာလဲ. . သွား"

ရှင်နှောင်းက ရှက်စနိုးဖြင့် မျက်နှာလေးကို တစ်ဖက်သို့လွှဲပစ်လိုက်လေသည်။

"ကိုယ့်ချစ်သူက လှလို့ကြည့်တာပေါ့၊ ဘာလဲ. . အကြည့်မခံဘူးလား. ."

"ဟွန့်. . မကြည့်နဲ့. ."

ကောင်းမြတ်သည် ရှင်နှောင်းကို ရင်ခွင်ထဲ ဆွဲသွင်းမည်ပြုလိုက်ရာ. . အမှတ်မထင် တောတိုးသံများကို ကြားလိုက်ကြရသည်။ ရှင်နှောင်းက ဓါးကိုဆွဲလိုက်သလို ကောင်းမြတ်ကလည်း ဝါးရင်းတုတ်ကြီးကို ကောက်ယူလိုက်လေသည်၊ မသိစိတ်များက အန္တရာယ်ရန်ဆိုသည်ကို အလိုလို လှုံ့ဆော်





လျက်ရှိနေကြသည်။ မကြာမီ. .

သူတို့ရှေ့တောင်တည့်ရှိ. . သစ်ပင်တွေကြားထဲမှ လူတစ်ယောက်က ထွက်ပေါ်လာခဲ့သည်။ ထိုသူသည် ဂူကိုလည်း မြင်သွားသည်။ ဂူထဲမှာ မီးတောက်များကြောင့် လင်းလက်လျက်ရှိသည်။ ထို့အပြင်. . .လူသားနှစ်ယောက်ကိုလည်း အမှတ်မထင်တွေ့လိုက်ရ၍ အံ့အားသင့်သွားဟန်တူသည်။ ခြေလှမ်းတွေက တခဏတန့်သွားခဲ့သေးသည်။

ထို့နောက်. . အမြေးတစ်ပိုင်းပင် လျှောက်လာခဲ့လေသည်။

"လူတစ်ယောက်ပဲ. . ရှင်နှောင်း၊ သူ့လက်ထဲမှာလည်း ဓါးရှိနေတယ်. ."

ကောင်းမြတ်က ရှင်နှောင်းကို သတိပေးလိုက်သည်။ မျက်နှာကို သဲကွဲစွာ မမြင်ရသေး၍ မည်သူမှန်း မသိသေး၊ ထိုသူသည် ချက်ချင်းလိုလိုပင် သူတို့ဆီကို ရောက်လာခဲ့လေသည်။

"နင်တို့နှစ်ယောက်က ဒီဂူထဲမှာ အတူတူရှိနေကြတာ၊ ဘယ်သူတွေလဲ. . ဟင်. . ပြောကြစမ်း"

မုန်တိုင်းသည် လေသံမာမာနှင့် မေးလိုက်သည်။ ကောင်းမြတ်နှင့် ရှင်နှောင်းတို့ကတော့ သူ. . ဘယ်သူလည်း ဆိုသည်ကို ချက်ချင်းပင် သိသွားခဲ့ကြလေသည်။

မုန်တိုင်း၏ သူရူးဆန်ဆန်မျက်လုံးတွေက ကောင်းမြတ်ကို စေ့ဝဲပြီးတစ်ချက်ကြည့်လိုက်ရာ. .

"ဟင်. . မင်းကိုး၊ သီလရှာသားက ဒီမှာမိန်းကလေးတစ်ယောက်နဲ့ ဘာကြောင့် နေနေရတာလဲ. ."

ကောင်းမြတ်ကလည်း မဖြေ၊ မုန်တိုင်း၏ အကြည့်က ရှင်နှောင်းဆီကို ရောက်သွားခဲ့ပြန်သည်။ သူ့မျက်လုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးဖြင့် ပွတ်လိုက်သည်။ မြင်ဖူးသလိုလို . . မမြင်ဖူးသလိုလို ရှိနေသည်။

"နင့်ကိုငါ . . မြင်ဖူးသလိုလိုပဲ၊ ဘယ်မှာလဲဆိုတာ ငါမမှတ်မိတော့ဘူး . . ပြောစမ်း နင်ဘယ်သူလဲ . . ဟင်"

ရှင်နှောင်းသည် မုန်တိုင်း၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး . .

"ကျွန်မ . . ဘယ်သူလဲဆိုတာ ရှင်မသိတော့ဘူးလား ဦးမုန်တိုင်း၊ သေသေချာချာကြည့်စမ်းပါဦး . . လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဇောင်းနီရွာမှာနေဖူးခဲ့တဲ့ ဒေါ်မင်းစိန်ကို မှတ်မိခဲ့မယ်ဆိုရင် . ."

"ဟင် . . နင် . . နင် . . ရှင်နှောင်း၊ ဒေါ်မင်းစိန်ရဲ့မြေး လက်စသတ်တော့ နင်လည်း မသေသေးပဲကိုး၊ ဒါကြောင့်မို့ ဟိုသူရူးကြီးရာပိုင်ပြောခဲ့တာ . . တောထဲမှာ ကောင်လေး တစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ခဲ့တယ်ဆိုတာ နင်တို့ကိုး . ."

နင့်ဖွားအေနဲ့ နင်ဟာ တစ်ရွာလုံးကို ဒုက္ခပေးခဲ့တာ၊ နင်တို့ကြောင့် ငါ့မိသားစုလည်း ဆုံးရှုံးရ၊ ရွာလည်း ပျက်၊ လူတွေလည်း သေကြနဲ့ . . အေး . . နင့်ဖွားအေကတော့ သေသွားပြီ၊ ဒါပေမဲ့ တော်လဲရွာသုသာန်မှာ သူ့မြေပုံကိုလည်း ရှာမတွေ့ခဲ့ဘူး၊ သူသေသွားတာကော . . သေချာရဲ့လား . .

"ဒါလောက်နှစ်တွေကြာခဲ့ပြီပဲ . . သူ့အရွယ်နဲ့ အသက်ရှင်နိုင်ပါဦးတော့မလား၊ အဖွား . . သေသွားခဲ့ပြီ၊ သူ့မြေပုံကို ရှာမတွေ့ဘူးဆိုတာကလည်း ဒါလောက်နှစ်တွေကြာခဲ့မှတော့ အုတ်ဂူလည်း ပျက်စီးသွားလောက်ပြီပေါ့ . ."



"အေး . . ထားတော့၊ နင့်ဖွားအေ . . စုဆောင်းထားခဲ့တဲ့ ရတနာတွေလည်း နင်တို့နဲ့အတူပါသွားတယ်၊ အဲ့ဒီ ရတနာတွေကော . . ဘယ်မှာလဲ . ."

"ရတနာတွေ ဟုတ်လား၊ အဖွားမှာ ဘာပစ္စည်းမှ မရှိဘူး၊ ရှင်တို့ရဲ့ ရန်ကိုကြောက်လို့ ရွာကထွက်သွားခဲ့ကြကတည်းက လက်ချည်းသက်သက်ပဲ . ."

"မိန်းကလေး . . နင် . . ငါ့ကို မညာနဲ့၊ ငါ အကုန်သိတယ်၊ ဟို . . မကောင်းဆိုးရွားကောင် သစ်နက်ကြီးလည်း အခုထက်ထိရှိသေးတယ်၊ အခု ဒီကောင်ကြီးရဲ့နောက်ကိုလည်း ငါလိုက်နေတာ . . သင်းကို ငါသတ်မလို့၊ တစ်လမ်းလုံး ဒုက္ခရောက်ခဲ့ရတယ်၊ အေး . . နင့်ကိုတော့ ငါချက်ချင်းမသတ်သေးဘူး၊ ပစ္စည်းနဲ့ပတ်သက်ပြီး မပေါ်ပေါ်အောင် မေးရဦးမယ်"

မုန်တိုင်း၏ အကြည့်သည် ကောင်းမြတ်ဆီကို ရောက်သွားခဲ့သည်။

"မင်းလည်း သစ်နက်ကြီးနဲ့ ပတ်သက်ပြီး ငါ့ကို ထိမ်ချန်တယ်၊ မင်းကို အရင်ရှင်းပစ်ပြီးမှ . . ဟင်း . . ဟင်း"

မုန်တိုင်း၏ မျက်နှာသည် ရှင်နှောင်းအပေါ်မှာယုတ်မာမည့်ဟန်များ ထင်ဟပ်လာခဲ့သည်။

"ခင်ဗျား၊ မကြံစည်အပ်တာတွေကို မကြံစည်ပါနဲ့၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါ"

"ဟဲ . . ဟဲ ဟဲ ဟဲ ကျွန်တော်တို့ ဟုတ်လား၊ ဒီလို မပြောနဲ့တော့လေ၊ မင်းတို့နှစ်ယောက်အတူတူသွားဖို့ အခွင့်အရေးဆိုတာ မရှိတော့ဘူး . . ကောင်လေး . ."

"ဒါပေါ့၊ သူက သေလူဖြစ်နေပြီပဲ . . အခွင့်အရေးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်ဘယ်ရှိတော့မှာလဲ. . ဆရာမုန်တိုင်းရဲ့"

အမှတ်မထင်ရောက်လာကြသူသုံးယောက်. . ငမိုး၊ တောလုံးနှင့် ဗလကြီး၊ ဝင်ပြောလိုက်သူက ငမိုး၊ မုဆိုးသုံးယောက်တို့သည် ရှင်နှောင်းကို တဖျာငမ်းဖမ်းသောအကြည့်များဖြင့် ကြည့်နေကြသည်။ မုန်တိုင်းသဘောပေါက်သွားခဲ့ရသည်။ ပြန်ရန်တကဲကဲဖြစ်နေကြသော သူလူသုံးယောက်ကို ကျွေးဖို့အတွက် အစာရှိနေပြီဖြစ်သည်။

"အေး. . မင်းတို့ကတော့ ငါ့ရဲ့ပွဲတော်ကျစားကြရမှာပေါ့ကွာ. . ဒါပေမဲ့ ဒီကောင်လေးကို အရှင်ရှင်းပစ်ရမယ်၊ သူ့ကောင်မလေး ရှေ့မှာ ဘယ်လိုမရှုမလှအသက်ထွက်သွားခဲ့တယ်ဆိုတာကို ပြလိုက်ကြရအောင်ဟေ့. . "

မုန်တိုင်းက လက်ထဲမှ ဓါးကို လှုပ်ရှားရန်ပြုလိုက်သည်နှင့်ကောင်းမြတ်က ဓါးကိုင်လက်ကို ခြေဖြင့်ခတ်ထည့်လိုက်သည်။ တစ်ဆက်တည်းမှာပင်. . ခြေချောင်းလေးများက မုန်တိုင်း၏ရင်ဝကို ခပ်ဆတ်ဆတ်ကလေးတိုးခတ်ပစ်လိုက်သည်။

"အိုး. . အူ"

မုန်တိုင်း၏လက်ထဲမှ ဓါးကလွတ်ကျသွားခဲ့သည်။ လူသုံးယောက်က လျှပ်တပြက်အခြေအနေကို မယုံကြည်သလိုကြောင်တက်တက်ဖြင့် ကြည့်နေကြဆဲမှာ. . ရှင်နှောင်းက ပြေးဝင်သွားပြီး ဓါးဖြင့်တရစပ်မွှေ့ပစ်လိုက်သည်။

လူသုံးယောက်က ရှင်နှောင်းဝင်လာသည်နှင့် သတိပြန်ဝင်သွားခဲ့ကြပြီး ပါလာသော လက်နက်များဖြင့် ဆီးပြီးခံလိုက်ကြရသည်။

"ထန်. . "





"ထန်. . "

လှံသွား၊ ဓါးသွား၊ ရဲဒင်းနှင့် ထိခတ်သံများက ထွက်ပေါ်လာခဲ့ကြလေသည်။ မုန်တိုင်းသည် အငိုက်မိသွားခဲ့သည်ဖြစ်၍ ကိုယ်တိုင်ကိုက်သွားရကာ ချက်ချင်းပင် ပြန်ပြီးမတ်လိုက်ရသည်။

"မင်း. . မင်း၊ ငါ့ကို ပြန်ပြီးတိုက်ခိုက်သလား၊ အေး. . ငါ့အကြောင်းသိရစေမယ်. . "

မုန်တိုင်းက ဓါးကိုဦးစိုက်ကိုင်ပြီး ကောင်းမြတ်၏ ရင်ဝသို့ဟက်ထည့်လိုက်ရာ. . ကောင်းမြတ်က နောက်ကိုတစ်ကွက်ဆုတ်ကာ ဓါးကိုင်လက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေ၏။

"အား"

ရှင်နှောင်းသည် ငမိုး၊ တောလုံးနှင့် ဗလတို့ မုဆိုးသုံးဦး၏အလယ်မှာ ရောက်နေသည်။ သိုင်းကွက်နင်းပြီး တရစပ်မွှေကာ တိုက်ခိုက်နေသော ရှင်နှောင်းကို ကိုယ်ခံပညာမဲ့သူများက. . မယှဉ်နိုင်အောင်ပင် ဖြစ်နေကြရသည်။

ငမိုးသည် ရှင်နှောင်းနှင့် ဝေးကွာစွာရောက်သွားခဲ့ပြီး လှံကို အားယူမြှောက်ကာ ပစ်လွှတ်လိုက်လေရာ၊ ဝင်လာသော လှံကို ရှင်နှောင်း၏ဓါးက အပိုင်းပိုင်းဖြတ်တောက်ပစ်လိုက်သည်။ တောလုံးသည် ရှင်နှောင်း၏ နောက်ဖက်မှ အတင်းဝင်ဖက်ရာ ရှင်နှောင်းက ဓါးဖြင့် နောက်ပြန်ထိုးထည့်လိုက်သည်။

"အား"

ဓါးဦးက ဝမ်းဗိုက်အရည်ပြားဘေးသားကို ထိုးဖောက်သွားခဲ့ရသည်။ ရှင်နှောင်း၏ လက်ရမ်းလက်ဆက ကောင်းသည်။ သေကွက်ကို မထိခဲ့၊ တောလုံးမျက်လုံးပြူးထွက်သွားခဲ့ရသည်။ ဒဏ်ရာကို လက်ဝါးဖြင့်ဖိကာ တအီးအီးဖြင့် အော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗလ၏ ၄က်ပျော့ရွက်ဓါးကြီးက ကောင်းမြတ်ကို အလစ်မှာ အသေဝင်ခုတ်သည်။ ကောင်းမြတ်က တစ်ကွက်ဆုတ်ကာ ရှောင်ပြီး ဗလ၏ဓါးကိုင်လက်ကို ဖမ်းကာ လိမ်ချိုးပစ်လိုက်သည်။

"အား"

ကောင်းမြတ်နှင့် ရှင်နှောင်းတို့က သူတစ်ပါး၏ အသက်ကိုမထိခိုက်စေပဲ သက်ညှာစွာ မိမိကိုယ်ကို ကာကွယ်တိုက်ခိုက်နေကြခြင်းပဲဖြစ်သည်။ ဗလ၏ အရှက်ကို ကောင်းမြတ်က ဒူးဖြင့်ပင့်ကာ တိုက်ပစ်လိုက်သည်။

"အင့်. ."

လက်မဲ့ဖြစ်သွားသော ငမိုးက ရမ္မက်ဇောဖြင့် ရှင်နှောင်းဆီကို မဆင်မခြင်ပြေးဝင်လာခဲ့လေရာ ဓါးဦးဖြင့် ဆီးကာခံလိုက်သည်နှင့် လက်မောင်းကို ထိုးမိသွားခဲ့သည်။

"အား"

ထိုစဉ်. . မှောင်ရိပ်ရိပ်ထဲမှ သံဈာန်တစ်ခုက လွှားကနဲခုန်ကျော် ပြီးရောက်လာခဲ့သည်။ သစ်နက်ကြီးပင် မုဆိုးလေးယောက် စလုံးကို လက်နှစ်ဖက်ဖြင့် ပုတ်ခတ်သွားသည်။ ကိုယ်လုံးကြီးဖြင့် ပစ်တိုက်သွားခဲ့သည်။

"အား"

"အား"

ကောင်းမြတ်နှင့် ရှင်နှောင်းကို မထိခိုက်စေပဲ လူလေးယောက်ကိုသာ ရွေးပြီးတိုက်ခိုက်သွားခဲ့ခြင်းသာဖြစ်သည်။ သစ်နက်ကြီးသည် မည်သူ့ကိုမှ အသေမတိုက်ခိုက်တတ်ပါ။

"ဟော. . ငနက်ကြီး"



ရှင်နှောင်းက အံ့အားသင့်စွာဖြင့် အော်လိုက်သည်။

သစ်နက်ကြီးသည် ဂူထဲကိုကျသွားခဲ့ရပြီး ဂူထောင့်မှ သေတ္တာလေးကို သံကွင်းမှကိုက်ချီကာ ပြန်လှည့်ထွက်လာသည်။

"ရှင်နှောင်း. . ငနက်ကြီးနောက်က. . လိုက်"

ပိုးလို့ပက်လက်လဲကျနေကြသူများကြားမှ ငနက်ကြီးက ခုန်ကျော်ပြီးတော့ ထွက်သွားခဲ့သည်။ ကောင်းမြတ်တို့လည်း ငနက်ကြီး၏ နောက်မှ လိုက်သွားခဲ့ကြလေသည်။ မုဆိုးလေးဦးကတော့ ညည်းညူရင်း ကျန်ရစ်ခဲ့ကြသည်။

➤ ➤ ➤

မိုးလင်းစပြုနေပြီဖြစ်သော်လည်း တောတောင်အရိပ်ကျ၍ မှောင်နေသေးဆဲ၊ ငနက်ကြီးသည် သံသေတ္တာလေးကို ကွင်းမှကိုက်ချီကာ. . ရှေ့မှသွားနေသည်။ ခပ်သွက်သွက်သွားနေခြင်းသာဖြစ်သည်။ နောက်မှ. . ကောင်းမြတ်နှင့် ရှင်နှောင်းတို့လိုက်လာနိုင်စေရန်ပင်၊ အလင်းရောင် အနည်းငယ်သန်းစပြုပြီဖြစ်၍ သစ်ပင်များ၊ ချုံနွယ်များကို ကောင်းစွာမြင်သာစေသည်။

သစ်နက်ကြီးက တမင်စောင့်ခေါ်နေမှန်းသိကြသည်။ အကြောင်းရှိလိမ့်မည်ဟု ထင်သည်။ မကြာမီ. . ချုံပုတ်တစ်ခုဆီကို ရောက်လာခဲ့ကြသည်။ သစ်နက်ကြီးက ယင်းချုံကြီးကို ခုန်ကျော်ကာ တစ်ဖက်ကို ဆင်းသွားခဲ့သည်။ ကောင်းမြတ်အံ့အားသင့်သွားခဲ့ရသည်။ သစ်နက်ကြီးခုန်ဆင်းသွားသည့်နေရာသည် ဂူလိုဏ်ပေါက်ဝနေရာပင်ဖြစ်သည်။ သူ့. ဖြတ်သန်းလာခဲ့သည့် လမ်းနေရာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချုံပုတ်ကြီးဘေးမှ နှစ်ယောက်သား ဖြတ်လျှောက်လာခဲ့ကြရာ. . ဂူလိုဏ်ပေါက်ဝဆီကို ရောက်လာခဲ့ကြသည်။ ချုံပုတ်ကြီးက ဂူလိုဏ်ပေါက်ဝကို မိုးနေဟန်ရှိသော်လည်း ဂူဝကို ပိတ်မထားပါ။ အောက်မှ လွတ်ကျွတ်စွာ လျှိုပြီးဝင်၍ရသည်။ ရှင်နှောင်းကိုရှေ့မှ အရင်ဝင်စေသည်။ ဂူနံရံမှာ ကောင်းမြတ် ထားခဲ့သော တုတ်မီးရှိသည်။ ကောင်းမြတ်က တုတ်မီးကို ယမ်းမီးခြစ်မှ မီးခြစ်ဆံဖြင့် ခြစ်လိုက်သည်။ တုတ်မီးမှာ မီးကူးလိုက်သည်။

ထို့နောက်. . ဂူလိုဏ်ထဲကို ဝင်ခဲ့ကြလေသည်။ ရှေ့မှာ သစ်နက်ကြီးက ရပ်ပြီးတော့ စောင့်နေသည်။ သူတို့ရောက်လာကြသောအခါ ရှေ့ကို ဆက်လျှောက် သွားသည်။

"ကိုကောင်းမြတ်၊ ဒီလမ်းက ပြန်နေတာ မဟုတ်လား"

"ဟင်"

ကောင်းမြတ် အံ့အားသင့်သွားခဲ့ရသည်။

"ရှင်နှောင်း သိနေတယ်. . ဟုတ်လား"

"ကြာပြီ. . သိနေတာ၊ တော်တော့်ကို လျှိုတဲ့သူ၊ ရှင်နှောင်း. . ဒီနေရာကို တွေ့ထားတာ အခုမှမဟုတ်ဘူး၊ ဒါပေမဲ့. . ဒီအထဲကို တစ်ဝက်လောက်ပဲ ဝင်ကြည့်ဖူးခဲ့တယ်"

"ဒါပေမဲ့ ငနက်ကြီးက ရှင်နှောင်းထက်၊ ကိုယ့်ထက် စောပြီးတော့ ဒီနေရာကို သိထားတယ်လေ. . တွေ့တယ် မဟုတ်လား၊ လမ်းပြကြီးရှေ့ကနေသွားနေတာ"

"ဟုတ်ပါရဲ့. . သူက. . ရှေ့က ဦးဆောင်ပြီးတော့ သွားနေတာ. ."

သို့သော်. .



သစ်နက်ကြီးသည် ကောင်းမြတ်သွားလာနေခဲ့ဖူးသည့် လမ်းအတိုင်းမဟုတ်တော့ပဲ အပြုအမူက ပြောင်းလဲသွားခဲ့သည်။ ဂူလိုဏ်ကွေ့တစ်ခုသို့ရောက်သောအခါ မြေနံရံကို လက်ဖြင့် ပုတ်လိုက်သည်။ ထိုအခါ လူတစ်ယောက်သာသာဝင်နိုင်သော ဂူပေါက်ဝတစ်ခုသည် ပေါ်လာခဲ့လေ၏။

[ဂူလိုဏ်လမ်းကြောင်းသည် သဘာဝဂူလိုဏ်လမ်းကြောင်းပင်ဖြစ်သည်။ ပွင့်သွားသော မြေတံခါးကတော့ လူတို့လက်ဖြင့် ဖန်တီးထားသည်။ သီလရွာတောထဲမှာ တည်ထားသည့် ရှေးဟောင်းစေတီတော်ဆီသွားရာတွင် သဘာဝဂူလိုဏ်လမ်းကြောင်းရှိသော်လည်း ဤလမ်းလွှဲဘေးလမ်းကြောင်းသည်ကား မည်သည့်အတွက် ဖောက်လုပ်ထားခဲ့ခြင်းမှန်း မသိခဲ့ပါ။ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြသူများပဲ ဖြစ်တန်ရာသည်။ ဤလိုဏ်လမ်းကြောင်း မည်သည့်နေရာအထိပေါက်သနည်း။

ကောင်းမြတ်က သစ်နက်ကြီး၏ ပါးစပ်ထဲမှ သံသေတ္တာလေးကို ဆွဲယူသည်။ သစ်နက်ကြီးက မပေးပါ၊ မြေပြင်ပေါ်ကို ခေတ္တချလိုက်ပြီး ပြန်ပြီးကိုက်ချီသည်။ ထို့နောက်. . ရှေ့မှ ဆက်ပြီး ထွက်သွားခဲ့လေသည်။

* * *

ကောင်းမြတ်က ဂူလိုဏ်ဘေးတံခါးကို ပြန်ပြီးတော့ ပိတ်လိုက်သည်။ အကယ်၍ မုဆိုးလေးယောက်အမှတ်မထင် လိုက်လာခဲ့ကြလျှင်. . မတော်တဆ တွေ့သွားမည်စိုးသော ကြောင့်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်လမ်းကြောင်းက အနည်းငယ်ပိုပြီးတော့ ကျဉ်းမြောင်းသည်။ မီးတုတ်ကိုမြှောက်ပြီး နောက်မှလိုက်ရသည်။ အနံ့အသက်ကတော့ စွတ်စိုထိုင်းမှိုင်းသော မြေသားနဲ့ ခပ်သင်းသင်းပင်ထွက်နေသည်။ အေးစိမ့်လျက်ရှိသည်။ အကွေ့အကောက်တွေက ပိုပြီးတော့ များလာခဲ့သည်။ မြွေလိမ်မြွေကောက်လမ်းများဖြစ်အောင် တမင်ဖောက်လုပ်ထားခြင်းပင်ဖြစ်သည်။ သစ်နက်ကြီးသည် ဤ လျှို့ဝှက်ဘေးလမ်းကို မည်ကဲ့သို့ ရှာဖွေတွေ့ရှိခဲ့သနည်း။

[သစ်နက်ကြီး၏ ပင်ကိုယ်ထက်မြက်သော အသိဉာဏ်ကြောင့်ပင် ဤလျှို့ဝှက်လမ်းကို တွေ့မြင်သွားခဲ့သည်ဟု ယူဆရလေသည်]

ဂူလိုဏ်လမ်းသည် ပင်မလမ်းထက်ပင် ရှည်လျားလှသည်။ အသက်ရှူ၍တော့ ဝသည်။ ကွမ်းတယာညက်ခန့် လျှောက်လာခဲ့ကြပြီးသောအခါ. . ရှေ့မှာ မြေသားနံရံကြီးက ဆီးပြီးတော့ခံနေသည်။ သစ်နက်ကြီးသည် ညာဘက်ကို ချိုးကွေ့သွားခဲ့သည်။ သူတို့လည်း လိုက်သွားခဲ့ကြလေရာ မကြာမီ. . အလင်းရောင်အစလေးတစ်စကို မမျှော်လင့်ပဲ တွေ့လိုက်ကြရလေသည်။ ဂူပေါက်ဝတစ်ခုပင်၊ သစ်နက်ကြီးက ထိုဂူပေါက်ဝမှ အပြင်ကိုထွက်သွားခဲ့သည်။ ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည်လည်း ထိုဂူပေါက်ဝမှ ထွက်သွားလိုက်ကြသည်နှင့် အပြင်မှာ တွေ့လိုက်ကြရသည်ကား. . ။

➤ ➤ ➤

## (၂၅)
## တော်လဲတောင်ပေါ်မှ ဖြစ်ရပ်များ

မြင့်မားသော တောင်ကြီးတစ်တောင်က သူတို့ကို အနီးကပ်ဆီးပြီးကြိုလျက်ရှိနေလေသည်။ ယင်းတောင်ကြီးကား တော်လဲတောင်ကြီးပင်တည်း၊ လူတကာတို့ကို တက်ခွင့်မပြုခဲ့သည့် တော်လဲတောင်ကြီးပင်ဖြစ်သည်။ တော်လဲတောင်ကြီး၏ အခြားသောဘက်များသည် မတ်စောက်သော်လည်း ယခုသူတို့ရောက်နေသည့် နေရာသည် အနည်းငယ်ပြေပြစ်လျက်ရှိနေသည်ကို တွေ့လိုက်ကြရသည်။ ထူးခြားချက်တစ်ခုကတော့ သစ်နက်ကြီးသည် တောင် ပေါ်ကိုတက်စပြုနေလေသည်။

"ဟင်. . ငနက်ကြီးက ဘယ်လိုကြောင့် တော်လဲတောင်ကြီးပေါ်ကို တက်နေရတာလဲ၊ ငနက်ကြီး. . ဆင်းလာခဲ့. . ပြန်ဆင်းလာခဲ့. ."

ကောင်းမြတ်က ငနက်ကြီးကို အော်ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့. . ကိုကောင်းမြတ်ရယ်၊ ဒီတောင်ပေါ်ကို ဘယ်လိုအကြောင်းနဲ့မျှား တက်နေသလဲ မသိပါဘူး"

ထိုစဉ်. .

"တက်ပါစေကွယ်. . ငနက်ကြီးကလည်း ဒီတော်လဲတောင်ကြီးပေါ်ကို အကြောင်းမဲ့ မတက်ပါဘူး. ."

ယောဂီအဝတ်အစားများကို ဝတ်ဆင်ထားပြီး ဦးပေါင်းပေါင်းထားကြသူနှစ်ဦးသည် သူတို့ဆီကို လျှောက်လာခဲ့ကြလေ၏။

"ဟင်. . အဘ တို့ပါလား"

ရှင်နှောင်းသည် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကို အံ့အားသင့်စွာဖြင့် နှုတ်ဆက်လိုက်လေသည်။ ကောင်းမြတ်ကတော့ တည်ကြည်ခန့်ညားပြီး လေးစား ကြည်ညိုဖွယ်ရာကောင်းသော ထိုလူကြီးနှစ်ယောက်ကို အေးဆေးစွာပင် ကြည့်နေမိလေရာ. .

"ကိုကောင်းမြတ်၊ ဒီက ဘဘတွေက ဇောင်းနီရွာက အရှင်တုန်းက ရွာသူကြီး ဦးကံစီ၊ ဒီဘက်က အဘကတော့ ဆေးဆရာကြီး ဦးဘိုမောင်တဲ့၊ ရှင်နှောင်းကို ဒီက ဘဘတွေက စောင့်ရှောက်ထားခဲ့ကြတာပါ၊ ရှင်နှောင်းက ဒီကနေ အလှမ်းကွာဝေးတဲ့ စပယ်မြိုင်ဆိုတဲ့ ရွာလေးတစ်ရွာမှာနေနေတာပါ၊ အဘ ဦးကံစီရဲ့ အမျိုးတွေရှိနေကြတဲ့ ရွာပေါ့. ."

"ဩော်. . ဟုတ်လား၊ ရှင်နှောင်းက ဒီက. . ဘဘတို့ရဲ့ အကြောင်းကို ပြောပြထားလို့ နာမည်တွေကိုတော့ သိပြီးပါပြီ၊ ကျွန်တော်. . မသိလို့ မေးပါရစေ. ."

"မေးပါကွယ်"

"ဘဘတို့က ဘယ်လိုအကြောင်းကြောင့် ယောဂီဝတ်ထားကြရတာလဲ ခင်ဗျာ"





ဦးဘိုမောင်က ပြုံးပြီး မုတ်ဆိတ်မွေးရှည်ကြီးများကို လက်နှင့်သပ်ကာ ပြောလိုက်သည်က. .

— "ဒါက ဒီလိုပါကွယ်၊ ဇောင်းနီရွာပျက်တဲ့အကြောင်းကိုတော့. . လူလေးကို ဒီကသမီးကပြောပြလို့ သိပြီးလောက်ပြီပေါ့၊ အေး. . ဘဘရဲ့ဇနီးက ကာလဝမ်းရောဂါနဲ့ မဆုံးပဲ တခြားရောဂါနဲ့ ဆုံးခဲ့တယ်. ." ဦးကံစီက. .

"ငါ့ရဲ့ဇနီးနဲ့ သားသမီးနှစ်ယောက်ကတော့ ဝမ်းရောဂါနဲ့ဆုံးပါးသွားခဲ့ကြတယ်လေ၊ ဒါကြောင့်မို့ ဘယ်သူမှ ပြေးမလွတ်ကြတဲ့ မရဏာဆိုတဲ့ သေခြင်းတရားကို သဘောပေါက်သွားခဲ့ကြပြီး အခုလို တောတောင်ထဲမှာ [illegible] အားထုတ်နေတာပဲကွယ်. . ရှင်နှောင်းကိုလည်း ငါတို့က ဥပေက္ခာမပြုပဲ စောင့်ရှောက်ပါတယ်. .

အင်း. . သူ့အကြောင်းနဲ့သူ တောထဲမှာ သွားလာနေပြန်တော့လည်း ငါတို့ကပဲ သတိထားပြီး ဘေးရန်မှန်သမျှကာကွယ်ပေးနေရတာပေါ့ကွယ်. ."

"ဩော်. . ဒါကြောင့်မို့ ရှင်နှောင်းက တောထဲမှာ သွားရဲလာရဲရှိနေတာကိုး၊ အဘတို့ ဒီတောထဲမှာရှိနေကြတာ ကျွန်တော် လုံးဝမသိဘူး"

"ရှင်နှောင်းရဲ့နောက်ကို တောက်လျှောက်တော့ လိုက်မနေနိုင်ဘူးပေါ့ကွယ်၊ တစ်ခါတစ်ရံမှာပဲ ဆုံတွေ့ဖြစ်ကြတာပါ။ သူက. . ရွာမှာလည်း သိပ်မနေဘူးကွယ့်၊ အခုတစ်လောတောထဲမှာ အနေများတယ်၊ အင်းပေါ့လေ. . သူနဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ ငနက်ကြီးနဲ့လည်း ပြန်ဆုံမိကြပြီကိုး. ."

"ဩော်. . ငနက်ကြီးနဲ့ပတ်သက်ပြီးတော့လည်း

www.burmeseclassic.com



အဘတို့က သိနေကြတာကိုး"

"တော်လဲရွာသုသာန်မှာ အဖွားမင်းစိန်ရဲ့ အုတ်ဂူကို ညဘက်မှာ တိတ်တဆိတ်လုပ်ပေးခဲ့ကြတာ ဒီက ဘဘတို့နှစ်ယောက်ပါပဲ.. ကိုကောင်းမြတ်"

"ဩော်"

ကောင်းမြတ်သည် ယခုမှပင် သဘောပေါက်သွားခဲ့ရလေသည်။ အကြောင်းအရာတစ်ခုကတော့ ရှင်းသွားခဲ့ပြီဖြစ်သည်။

ဦးကံစီနှင့် ဦးဘိုမောင်တို့နှစ်ဦးသည် တော်လဲရွာတောင်ပေါ်ကို လှမ်းကြည့်လိုက်ကြသည်။ သစ်နက်ကြီးသည် တောင်ပေါ်ကိုဆက်ပြီး မတက်သေးပဲ သေတ္တာလေးကို အောက်သို့ချကာ ကောင်းမြတ်တို့ကို စောင့်နေသည်။

"ငနက်ကြီးကတော့ မင်းတို့ကို စောင့်နေပြီ၊ လိုက်သွားကြပေတော့.."

ဦးဘိုမောင်က ပြောလိုက်လေရာ..

"ဘဘ.. သမီးတို့ ဒီတောင်ပေါ်ကို တက်လို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွယ်၊ မေတ္တာမပျက်၊ သစ္စာမယွင်းတဲ့သူတွေ.. သူတော်ကောင်းစိတ်ထားတဲ့ သူတွေအတွက် ဒီတော်လဲတောင်ကြီးဟာ အသင့်ကြိုဆိုနေလျက်ပါ.."

"ကျွန်တော်တို့ သီလရွာက လူကြီးတွေကလည်း ဒီတောင်ကြီးပေါ်ကို ဘယ်သူမှ မတက်ကြဖို့တားမြစ်ထားကြပါတယ်"

"ဘဘပြောပြီးပြီပဲကွယ်၊ သူတော်ကောင်းတွေအတွက် တော်လဲတောင်ကြီးက ကောင်းကျိုးပြုပါတယ်.. သူယုတ်မာတွေအတွက်ကတော့ စည်းတားထားတယ်လေ၊ သီလရွာသူရွာသားတွေက သိပ်ပြီးအယူသီးတတ်ကြတာကိုးကွယ့်၊ အဲဒါ..



ချို့ယွင်းချက်တစ်ခုပဲ.."

"ကျွန်တော် သဘောပေါက်ပါပြီ ဘဘတို့ကဲ.. ရှင်နှောင်းရေ.. ငနက်ကြီး ဘာကြောင့် တော်လဲတောင်ပေါ်ကို တက်တယ်ဆိုတာသိရအောင် လိုက်သွားကြရအောင်.."

လူကြီးနှစ်ယောက်သည် ကောင်းမြတ်နှင့်ရှင်နှောင်းကို နားလည်သောအကြည့်များဖြင့် ကြည့်လိုက်ကြလေ၏။

➤ ➤ ➤

တော်လဲတောင်ကြီးသည် မတ်စောက်သည့် အပိုင်းက မတ်စောက်နေသော်လည်း ဒီဘက်ပိုင်းမှာတော့ ပြေပြစ်နေသည်ကို တွေ့လိုက်ကြရသည်။

ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည် သစ်နက်ကြီးတက်သွားခဲ့သည့်လမ်းက လိုက်ပြီး တက်သွားခဲ့ကြသည်။ တောင်သည် တောက်လျှောက်အမြင့်ကို တက်သွားရန်မလို၊ ပြေပြစ်သော တောင်ပတ်လမ်းပမာဖြစ်နေသည်။ ထို့ကြောင့် တက်ရသည်မှာ သက်တောင့်သက်သာ ရှိနေသည်။ ကောင်းမြတ်က ရှင်နှောင်း၏လက်ကို ဆွဲပြီးတော့ တက်သည်။ အပေါ်ကိုရောက်နေသော သစ်နက်ကြီးက သူတို့ကိုစောင့်ပြီးတော့ခေါ်သည်။

လူသွားလမ်းကလေးပေမယ့် ကျယ်ဝန်းသည်။ သဘာဝအလျောက်ဖြစ်ပေါ်နေသော လမ်းပေမို့ ထူးခြားနေသည်။ အံ့အားသင့်ဖွယ်ဖြစ်သည်။

သို့သော်.. တောက်လျှောက်မတက်နိုင်၊ မြေဆွဲအားကိုဆန့်ကျင်ပြီး တက်ရသည့်အတွက် မောပန်းစပြုလာကြသည်။ နေရင်းနားရင်းတက်ကြရသည်။ တောင်တစ်ဝက်ကျော်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ခန့်အရောက်တွင် . . ပို၍ပြီးတော့ သက်တောင့် သက်သာရှိလာခဲ့သည်။ မြေပြန့်မှာ လျှောက်နေရသလိုမျိုးဖြစ်သည်။ သို့သော် . . မြင့်မားသော သစ်ပင်ကြီးများက တောင်နံရံနှင့်ကပ်ပြီးပေါက်နေကြသည်။ လမ်းကပိုပြီးတော့ ကျယ်ပြန့်လာသည်။ ထူထပ်သော . . သစ်ကိုင်း၊ သစ်ရွက်တွေ ဖုံးအုပ်နေကြ၍ လမ်းကို တောင်အောက်ကနေ ကြည့်လည်း မမြင်နိုင်။

သူတို့တစ်တွေ တော်လဲတောင်ကြီးပေါ်ကို တက်နေကြသည်ကိုလည်း မည်သူကမှ မြင်နိုင်ကြမှာ မဟုတ်၊ ထူးခြားသည်က ကျေးငှက်သံများကို ကြားနေရသော်လည်း မမြင်ကြရ။

တောင်တက်လမ်းသည် ပို၍ပြီးတော့ ကျယ်လာသည်။ သစ်နက်ကြီးသည် ရှေ့တစ်ဆစ်ချိုးအကွေ့မှာဖင် ပျောက်ကွယ်သွားခဲ့သည်။ ဆည်းလည်းသံများကို သဲ့သဲ့မျှကြားလာခဲ့ရသည်။ တောင်ထိပ်သည် သိပ်မဝေးတော့။

➤ ➤ ➤

တောင်ထိပ်ကိုရောက်လာခဲ့ကြလေပြီ။ လူသူအရောက်အပေါက်မရှိသလောက်နည်းပါးလှသော တော်လဲတောင်ထိပ်ပေါ်ကို သူတို့ ခြေချမိခဲ့ကြလေပြီ။ ဓံတောင်ပေါ်မှာ အတော်အတန်ကျယ်ဝန်းလှသည်။ သစ်ပင်ကြီးငယ်တွေ အုပ်အုပ်ဆိုင်းဆိုင်းနှင့်ရှိနေသည်။ မြေဂမူများ၊ ဂူငယ်လေးများကိုလည်း တွေ့လိုက်ကြရသည်။

တစ်နေရာတွင် . . ယောဂီအဝတ်များကို ဝတ်ဆင်ထားသောသူများကို တွေ့လိုက်ကြရသည်။ သူတို့သည် တစ်နေရာကို ဦးတည်ပြီးတော့ သွားနေကြသည်။



ဒေါက်ချာကြီးများကို ဆောင်ထားကြသော ရသေ့ကြီးများရသေ့ငယ်များကိုလည်း ကျေ့ကြရသည်။ ယောဂီအမျိုးသမီးများ ရသေ့မမများကိုလည်း တွေ့လိုက်ကြရသည်။

ထိုသူများသည် သစ်သီး၊ ပန်း၊ ဆွမ်း၊ အမွှေးတိုင် သောက်တော်ရေဖန်ခွက်များကို ယွန်းဗန်းလေးတွေပေါ်မှာ တင်ကာ . . တစ်နေရာတည်းကို ဦးတည်ပြီးတော့ သွားနေကြသည်။ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေများဖြင့် ရှိနေကြသည်။ ခြေလှမ်းတွေက ညင်သာလှသည်။ ခြေဖဝါးများသည် မြေနှင့် မထိသလို ညက်ညက်လှမ်းနေကြသည်။

ရသေ့တွေ . . ရသေ့မတွေ . ယောဂီတွေပါလား"

"ဟုတ်တယ် ကိုကောင်း . . . ဒီတောင်ပေါ်မှာ သူတော်ကောင်းတွေ နေကြတယ်ဆိုတာ အမှန်ပဲကိုး . ."

နှစ်ယောက်စလုံး အံ့အားသင့်နေကြသည်။

"ဒီရသေ့တွေ . . ယောဂီတွေဟာ အဲဒီဘုရားစေတီတော်ကြီးဆီကို သွားနေကြတာပါ . ."

တစ်ဦးတစ်ယောက်က ကျောဘက်မှ ပြောလိုက်သံကြောင့် လှည့်ကြည့်လိုက်ရာ . . ဒေါက်ချာဆောင်းထားသော ရသေ့တစ်ဦးကို တွေ့လိုက်ရသည်။ ထိုရသေ့ငယ်ကို မြင်ဖူးသလိုလိုရှိနေမိကြသည်။ မည်သည့်နေရာမှာ မြင်ဖူးခဲ့မှန်း စဉ်းစား၍ မရကြ။

"ရှင်ရသေ့ကို မြင်ဖူးသလိုလိုရှိခဲ့တယ်၊ ဘယ်သူများပါလဲ"

ကောင်းမြတ်က မေးလိုက်ရာ . .

"ငါဟာ . . တခြားသူမဟုတ်ဘူး၊ မင်းတို့နဲ့ ဆုံဖူးခဲ့တဲ့ သူရှူးကြီးရာငိုင်ပဲ၊ ငါ့ကို ရှင်ရသေ့တွေက တောင်အောက်ကနေ

www.burmeseclassic.com

www.burmeseclassic.com

ခေါ်လာခဲ့ကြတယ်၊ ဒီတော်လဲတောင်ပေါ်ကို ရောက်တဲ့အခါမှာ ငါက. . ငါ့ဘဝနောက်ကြောင်းတွေကို အလိုလိုပြန်ပြီး သိလာခဲ့တယ်၊ သူတစ်ပါးပိုင်ဆိုင်တဲ့ပစ္စည်းတွေကို မတရားတပ်မက်တဲ့စိတ်၊ ဝိသမလောဘကြောင့် ပူလောင်မှုတွေကို ခံစားခဲ့ရတဲ့စိတ်သောက၊ ဒါတွေကို ပြန်မြင်လာခဲ့ရပြီး တရားရခဲ့တယ်လေ၊ ဒါ့ကြောင့်. . ငါ့ရဲ့ဆန္ဒအရ ရှင်ရသေ့တွေက မနေ့ကပဲ ရသေ့ဝတ်ပေးခဲ့ကြတယ်၊ သူရှူးကြီးရာပိုင် ကျွတ်သွားပြီပေါ့လေ. . "

"ဩော်. . သာဓုဗျာ. . သာဓု. . သာဓု"

မျက်နှာကြည်ကြည်လင်လင်နှင့် ရှိနေသော ရသေ့ရာပိုင်၏အသွင်သည်ကား ဖန်ရေစွန်းသော သင်္ကန်းနှင့် လွန်စွာမှကြည်ညိုဖွယ်ရာကောင်းနေလေတော့သည်။

"ကဲ. . ကဲ. . မဟာအတုလစေတီတော်ကြီးကို သွားဖူးလိုက်ကြပါဦး၊ ငါလည်း. . ရှင်ရသေ့တွေနဲ့အတူ လိုက်သွားဦးမယ်. . "

ရသေ့ရာပိုင် (ဘွဲ့အမည်မသိလိုက်) သည် စီတန်း၍ သွားနေကြသော ရသေ့များ၊ ယောဂီများ၏ နောက်ဆုံးမှ တန်းစီးကာ လိုက်သွားခဲ့လေသည်။

ရှင်နှောင်းသည် ပတ်ဝန်းကျင်ကို မသိမသာစေ့စေ့စောင်ပြီးကြည့်ကာ တစ်ဦးတစ်ယောက်ကို ရှာဖွေလျက်ရှိသည်။ သစ်နက်ကြီးကိုလည်း မတွေ့ရတော့။

"ငနက်ကြီးကော ရှင်နှောင်း. . "

"မသိဘူးလေ. . တောင်ပေါ်ကိုရောက်တော့ ငနက်ကြီးလည်း ပျောက်သွားခဲ့တာပဲ မဟုတ်လား"

"လာ. . ဟိုဘက်ကို သွားကြရအောင်"





နှစ်ယောက်စလုံး လိုက်သွားကြသည်ကား. . . မဟာအတုလစေတီတော်ရှိရာဆီကိုပင်ဖြစ်သည်။

➤ ➤ ➤

တော်လဲတောင်ပေါ်မှာ ပေါက်နေကြသည့် သစ်ပင်ကြီးတွေ. . ဝါးရုံပင်ကြီးတွေနှင့် မလှမ်းမကမ်းမှာ စေတီတော်ကြီးတစ်ဆူကို တည်ထားလေသည်။ ဉာဏ်တော်တစ်ဆယ့်နှစ်တောင်ခန့်မြင့်မည်ဟု ထင်ရသည်။ ရွှေစေတီတော်မြတ်ကြီးတစ်ဆူပင်ဖြစ်သည်။ ထိုအပြင် စေတီတော်၏ အရှေ့ဖက်နားတွင် လျောင်းတော်မူရုပ်ပွားတော်ကြီးတစ်ဆူကိုလည်း ဖူးတွေ့လိုက်ရလေသည်။

ရှင်ရသေ့များ၊ ယောဂီများသည် မဟာအတုလစေတီတော်ကြီး၏ ထံပါးတွင်သော်လည်းကောင်း၊ လျောင်းတော်မူဆင်းတုတော်မြတ်ကြီး၏ ရှေ့တော်မှောက်တွင်လည်းကောင်း၊ ဆွမ်း၊ ပန်း၊ ဆီမီးသောက်တော်ရေချမ်းများကို ကပ်လှူလျက်ရှိကြလေသည်။

မေတ္တာသုတ်တော်များကို ရွတ်ဆိုနေကြသည်။ သံပြိုင်ရွတ်ဆိုနေကြသံများသည် ရင်ထဲမှ လှိုက်လှဲမှုရှိနေကြ၍ ကြားရသူ ကြက်သီးမြမြထနေသည်အထိ ပီတိဖြစ်မိကြရသည်။

ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည် စေတီတော်မြတ်ကြီးကို ဝတ်ဖြည့်သည်။ ထို့နောက်. . လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးဆီသို့လည်း သွားရောက်ကာ ရှင်ရသေ့များ၊ ယောဂီများနှင့် နောက်မှာခပ်လှမ်းလှမ်း၌ ထိုင်ပြီးဝတ်ဖြည့်ကြသည်။ ထိုစဉ်အတွင်း ရှင်နှောင်းသည် တစ်ဦးတစ်ယောက်ကို ရှာဖွေလျက်ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင်. .

ရှင်ရသေ့များ၊ ယောဂီများသည် မိမိတို့ပြုဘွယ်ရာ အမှုများပြီးစီးသွားကြသည်နှင့် နေရာမှထ,လိုက်ကြသည်။ ကောင်းမြတ်ထို့၏ အနားမှဖြတ်သွားခဲ့ကြသည်။ ကောင်းမြတ်တို့နှစ်ယောက်ကို မသိမသာအကဲခတ်ပြီး ကြည့်သွားခဲ့ကြလေသည်။ မေးမြန်းခြင်း မပြုကြပါ။ သို့သော်. .

ဆင်းတုတော်ကို မျက်နှာမူကာ ထိုင်နေသော ရသေ့မကြီးတစ်ဦးကား ကျန်ရစ်ခဲ့လေသည်။ ရှင်နှောင်း၏ မျက်ဝန်းတွေသည် ထိုရသေ့မကြီးဆီကို ရောက်သွားခဲ့သည်။ လှုပ်လှုပ်ရှားရှားလည်း ဖြစ်သွားခဲ့ရသည်။ ထိုစဉ် ရသေ့မကြီးသည် သူတို့ဘက်ကို ကိုယ်လှည့်ကာ မျက်နှာမူလိုက်လေသည်။

"အ. . အဖွား"

ရှင်နှောင်း၏ နှုတ်မှ လွှတ်ကနဲဆိုထွက်သွားခဲ့ရပြီး. . ထိုရသေ့မကြီးဆီကို အပြေးတစ်ပိုင်းပင် ရောက်သွားခဲ့ရလေတော့သည်။

ကောင်းမြတ်သည် ထိုအမျိုးသမီးကြီးကို မြင်လိုက်ရသောအခါ. . အံ့အားသင့်သွားခဲ့ရသည်။ အကျည်းတန်အရုပ်ဆိုးသူတစ်ယောက်ဖြစ်နေခြင်းမို့ပင်တည်း၊ အသေးစိတ်ကိုတော့ စာမဖွဲ့တော့ပါ. . ။

ထိုအမျိုးသမီးကြီးသည် မျက်နှာက မလှပသော်လည်း တည်ကြည်ရင့်ကျက်သောသူဖြစ်ပြီး အတွင်းမနောက လှပသူဖြစ်ကြောင်းကို ကောင်းမြတ်ခံစားသိရှိမိသည်။

"အဖွား. . အဖွား၊ ဒီတောင်ပေါ်ကို ရောက်နေပြီး ကတည်းက သမီးသတိရနေတာ၊ သိပ်ပြီးတော့ လာချင်နေတာ



အခုမှပဲ ဆန္ဒပြည့်ဝတော့တယ်"

ထိုအခါ ရသေ့မကြီးသည် ရှင်နှောင်း၏ခေါင်းကို လက်ဖြင့် ပွတ်သပ်ပေးလိုက်ပြီး. .

"သမီးက အဖွားကို သတိရနေတာ၊ အဖွားက သံယောဇဉ်ကိုဖြတ်နေတာ၊ ဒီတောင်ပေါ်မှာ တရားဘာဝနာ ဆီးဖျန်းတဲ့အလုပ်ကို လုပ်နေရတဲ့အတွက် အဖွားက ကျေနပ်နေတာ. ."

"အဖွားရယ်၊ သမီးက အဖွားကိုလာပြီး အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး၊ အဖွားရဲ့အလုပ်ကို တစ်သက်လုံး ဆက်လုပ်သွားပါ။ အဖွားကို အလွမ်းပြေကြည့်ပြီးရင် သမီးတပြန်မှာပါ. ."

ဝမ်းနည်းဘွယ်ရာ စကားက ရှင်နှောင်း ဆီက ကြားလိုက်ရသည်။

"အဖွားက သမီးကို နှင်တာမဟုတ်ပါဘူးကွယ်. ."

"သမီးသဘောပေါက်ပါတယ် အဖွားရယ်၊ နှစ်တွေ အများကြီးကြာတဲ့အထိ ခွဲခွာနေရတဲ့ အဖွားကို အားပါးတရ ကြည့်ပြီးရင်. . ကန်တော့ပြီးရင်. . သမီးပြန်မှာပါ။ အခုလည်း သမီးကံကောင်းလို့ အဖွားနဲ့ဆုံဆည်းခွင့်ရခဲ့တာပါ. ."

ရှင်နှောင်းသည် တတွတ်တွတ်နှင့်ပြောနေရင်းက မျက်ရည်ကျလာသည်။ သူတို့နှစ်ဦး၏ အခြေအနေကိုကြည့်ပြီး ကောင်းမြတ်သဘောပေါက်သွားခဲ့ရလေပြီ။ ဤရသေ့မကြီးသည် ဒေါ်မင်းစိန်ပင်တည်း၊ တောင်လဲရွာတွင် အုတ်ဂူသွင်းဖို့ သဂြိုလ်ခဲ့သော ဒေါ်မင်းစိန်အမှန်ပင်တည်း။ ထိုစဉ် ရှင်နှောင်းက ကောင်းမြတ်ကို သတိရသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းမြတ်. . ဒါ ရှင်နှောင်းရဲ့အဖွား ဒေါ်မင်းစိန်ပါ၊ အဖွားရဲ့အသက်ဘေးနဲ့ ကံကြမ္မာအတွက် စိတ်မချရလို့ သေပြီဆိုပြီး သတင်းလွှင့်ခဲ့တာပါ၊ ပိုပြီးတော့ ယုတ္တိယုတ္တာရှိအောင်. . တော်လဲရွာသုသာန်မှာ ထိတ်ဘာဆိတ်ဂူသွင်းပြီး ကမ္ပည်းထိုးခဲ့တာပါ. .

ဂူထဲမှာ ငနက်လေးရဲ့ ရုပ်တုကိုပါ ထည့်ထားခဲ့တယ်လေ. . ဒါကို. ."

"ဟုတ်ပါတယ်၊ ဒီဂူကိုဖောက်ပြီး ဂူထဲက သစ်နက်ရုပ်တုလေးကို ထုတ်ယူခဲ့တဲ့သူက ငါပါ. ."

မမျှော်လင့်ပဲနောက်မှာ ရောက်လာပြီး ဝင်ပြောလိုက်သူကတော့ ရသေ့တဖြစ်လဲ ရာပိုင်. . ! ရသေ့ ရာပိုင်. . ။

ရသေ့ဦးရာပိုင်သည် သူတို့နှင့်အတူ ဝိုင်းပြီးထိုင်လိုက်ပြီး-

"ဒီသံသေတ္တာလေးထဲက သစ်နက်ရုပ်တုလေးဟာ ဒီက ရသေ့ဒေါ်မင်းစိန်နဲ့ပတ်သက်ခဲ့တယ်ဆိုတာ. . မနေ့ညနေကမှ ကာယကံရှင်က ပြောပြခဲ့လို့ သိခဲ့ရတာပါ၊ ရသေ့ဒေါ်မင်းစိန်က ငါ. . ဒီတောင်ပေါ်ကို ရောက်လာခဲ့ကတည်းက ငါ့ရဲ့ဖြစ်ကြောင်း ကုန်စင်ကိုသိနေခဲ့တယ်လေ၊ အဲ့ဒါလည်း. . အံ့အားသင့်စရာပါပဲ၊ ငါကလည်း မကွယ်မဝှက်ပဲ အုတ်ဂူကိုဖျက်ပြီး သံသေတ္တာလေးကို ရယူမိခဲ့တဲ့အကြောင်း ပြောပြမိခဲ့တယ်"

"ဩော်. . အကြောင်းက ဒီလိုကိုး. ."

ကောင်းမြတ်သည် ထူးခြားသော အဖြစ်အပျက်များကို စိတ်ဝင်စားသထက် ဝင်စားလာမိခဲ့သည်။

"တကယ်လို့များ. . ရတနာပစ္စည်းတွေကို ရခဲ့မယ်. . ရနိုင်ဦးမယ်ဆိုရင်. . စိတ်ထဲမှာ ဘယ်လိုခံစားမှုတွေများ



ရှိလာနိုင်မလဲ. . "

ရသေ့မကြီးဒေါ်မင်းစိန်က မေးရာ ရသေ့ရာပိုင်သည် ခေါင်းကိုတွင်တွင်ခါရမ်းလိုက်ပြီး. .

"လောဘကိုသတ်ပြီး ဒေါသ၊ မောဟကို ချေမှုန်းဖျက်ဆီးပစ်ခဲ့ပါပြီ၊ တစ်ကယ့်ရတနာအစစ်ဟာ မြတ်သောတရားပါ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကိုပဲ ရှုမှတ်ပွားများပါတော့မယ်"

"သာဓု. . သာဓု. . သာဓု"

ရသေ့မကြီးဒေါ်မင်းစိန်ဆီက သာဓုခေါ်သံက ထွက်ပေါ်လာခဲ့သည်။

"ဒါဖြင့်. . ခဏကလေးစောင့်ကြဦး၊ ဧည့်သည်တစ်ဦးလာဖို့က ရှိသေးတယ်. ."

ရသေ့မကြီး ဒေါ်မင်းစိန်က မည်သည်ကို ရည်ညွှန်းပြီး ပြောလိုက်သလဲ မသိပါ၊ ထိုစဉ် သစ်ပင်ကြီးတစ်ပင်၏ အကွယ်မှ သတ္တဝါတစ်ခုက ထွက်လာခဲ့လေသည်။ ထိုသတ္တဝါကား သစ်နက်ကြီးပင်တည်း။

➤ ➤ ➤

ဒေါ်မင်းစိန်သည် သစ်နက်ကြီးရောက်လာလိမ့်မည်ကို မည်သို့သိနေသလဲ မပြောတတ်ပါ၊ သစ်နက်ကြီးသည် သံသေတ္တာလေးကို ကိုက်ချီကာ တစ်ရွေ့ရွေ့နှင့် ဖြည်းညှင်းစွာ လှမ်းလာခဲ့သည်။ ရသေ့မကြီးဒေါ်မင်းစိန်၏အနားကို ရောက်သော. . သံသေတ္တာလေးကို အသာချလိုက်လေသည်။

ရသေ့ရာပိုင်သည် သစ်နက်ကြီးကိုသော်လည်းကောင်း

www.burmeseclassic.com

သံသေတ္တာလေးကိုသော့လည်းကောင်း၊ မမျှော်လင့်ပဲ တွေ့လိုက်ရသောအခါ အံ့အားသင့်သွားသယောင်ရှိသွားခဲ့ရသည်။ သို့သော်. . တခဏအတွင်းမှာပင် တည်ငြိမ်သွားခဲ့လေသည်။

သစ်နက်ကြီးသည် သံသေတ္တာလေးကို ချထားခဲ့ပြီးသည်နှင့် တန်ဆောင်းအပြင်ကို ထွက်သွားသည်။ ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝပ်လျှတ်ရှိသည်။

"နေက်ကြီးဟာ ငါ့ကို နှစ်ပေါင်းများစွာ ရှာဖွေခဲ့တယ်၊ သူ့ကို ငယ်ငယ်ကလေးကတည်းက မွေးထားခဲ့တဲ့အတွက် မိဘလိုတွယ်တာနေခဲ့တယ်၊ အပြန်အလှန် မေတ္တာသဘောမျိုး သက်ရောက်ခဲ့ကြတယ်ပေါ့ကွယ်. .

ငွဲကျောင်းလှတဲ့ နေက်ကြီးဟာ တစ်ရက်မှာ ဒီတောင်ပေါ်ကို ရောက်လာခဲ့တယ်၊ သူ့ရဲ့ စင်ကြယ်တဲ့ အပြုအမူကြောင့် သန့်ရှင်းတဲ့ မသိစိတ်ထဲမှာ ငါ. . ဒီမှာရှိနေတယ်ဆိုတာ အလိုလို သိလာခဲ့တယ် ထင်ပါရဲ့. .

ဒါ. . တိရစ္ဆာန်တစ်ကောင်ရဲ့ သစ္စာစောင့်သိမှုပဲ။ ခုတော့. . မိသားစုသုံးယောက်စလုံး ပြန်ပြီးဆုံတွေ့ခဲ့ကြပြီ ပေါ့လေ. ."

ရသေ့မကြီး ဒေါ်မင်းစိန်က တည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။ တော်လဲတောင်ကြီးပေါ်မှာ ငြိမ်သက်အေးချမ်းမှုက ကြီးစိုးနေဆဲ၊ ရှင်ရသေ့များ၊ ယောဂီများ၊ ရသေ့မများသည် မိမိတို့နှင့် သက်ဆိုင်ရာဂူများ၊ သစ်ပင်ကြီးများ၊ ချောက်များဆီမှာ တရားမှတ်လျက် တရားထိုင်လျက်ရှိနေကြသည်။.

"အဖွား. . တရားအလုပ်လုပ်ဖို့ အချိန်တွေ ဆုံးရှုံးကုန် လိမ့်ဦးမယ်. ."

ကောင်းမြတ်က ပြောလိုက်ရာ ဒေါ်မင်းစိန်က လက်ဝါးဖြင့် ကာပြလိုက်ပြီး. .

"ငါ့ရဲ့ တရားထိုင်ဖို့အချိန်က လိုပါသေးတယ်ကွယ်၊ အခုပြောမယ့်စကားက နောက်ဆုံးစကားမို့ပါ။ စကားအနည်းငယ်ပြောပြခဲ့ရဦးမယ်. . ငါ့လို ရုပ်ဆိုးအကျည်းတန်တဲ့ သူ့ကို သနားကြင်နာပြီး အိမ်ထောင်ဖက်ရွေးခဲ့တဲ့ သူကရှိခဲ့သေးတယ်၊ သူက. . ရှင်နှောင်းရဲ့ အဖိုးပဲ၊ သူဟာ ငါ့ရဲ့အကျည်းတန်ဘဝ အားနည်းချက်ကို အကြင်နာမေတ္တာနဲ့ အကာအကွယ်ပေးခဲ့တယ် ပစ္စည်းဥစ္စာတွေ ရှာဖွေပေးခဲ့တယ်. .

သမီးအရင်းခေါက်ခေါက်က မအေကို စွန့်ထွက်သွားတယ်၊ အဲဒါဘာလဲဆိုတော့. . ငါ့ကိုရွာက ရွာသူတစ်ယောက်၊ စုန်းမကြီးတစ်ယောက်လို့ ယိုးစွပ်ကြတာကို သူရှက်လို့ပဲ၊ မခံနိုင်လို့ပဲ၊ ငါ့မြေးရှင်နှောင်းကတော့ ဖွားအေနဲ့အတူနေပြီး ဖွားအေရဲ့ ဒဏ်ကို ခါးစည်းပြီးခံခဲ့ရတယ်၊ အေး. . အခုတော့ သူ့ဘဝရှေ့ရေးအတွက် စိတ်အေးရဖို့ဖြစ်လာပြီလို့ ထင်ပါတယ်"

ထိုစကားကိုပြောစဉ်၌ ကောင်းမြတ်နှင့် ရှင်နှောင်းတို့၏ မျက်နှာကို တစ်လှည့်စီကြည့်ကာ ပြောနေသည်။ သူတို့နှစ်ယောက်ကို မမေးပဲနှင့် သံယောဇဉ်တွယ်တာမှုများကို သိနေဟန်တူသည်။

"အေး. . ငါ့မြေးလည်း ကြင်ဖော်ကြင်ဖက်အစစ်အမှန် ရခဲ့ပြီလို့ ငါထင်တယ်လေ၊ ဒီတော့. . ရှေ့ရေးအတွက်. . ငါ. . စီစဉ်ပေးခဲ့မယ်၊ သား. . သံသေတ္တာလေးကိုဖွင့်ပြီး သစ်နက်ရုပ် လေးကို ယူလိုက်ပါ. ."

ကောင်းမြတ်က ရသေ့မကြီးဒေါ်မင်းစိန်ပြောင်းသည့် အတိုင်း သံသေတ္တာလေးကိုဖွင့်ကာ သစ်နက်ရုပ်လေးကို

www.burmeseclassic.com



ထုတ်ယူလိုက်သည်။

"ဗိုက်အောက်မှာ လှည့်ဖွင့်လို့ရတဲ့ စက်ပိုင်းလေးတစ်ခုရှိတယ်၊ သေသေချာချာကြည့်. . လှည့်ပြီးဖွင့်လိုက်. . "

သစ်နက်ရုပ်တုလေးကို ပြောင်းပြန်လှန်ပြီး ကြည့်လိုက်ရာ. . သေသေချာချာကြည့်မှ လက်သည်းခွံခန့် စက်ဝိုင်းပြားလေးတစ်ခုကို တွေ့လိုက်ရသည်။ သစ်ကတိုးမှ အခေါက်မွေးများနှင့်သဏ္ဍာန်၊ အရောင်တူနေ၍ တစ်သားတည်းဟု ထင်ရလေသည်။ ကောင်းမြတ်က ထိုစက်ပိုင်းလေးကို လှည့်ဖွင့်လိုက်ရာ အံဝှက်က ပွင့်သွားပြီး ရတနာပစ္စည်းများ ဝေါကနဲဆို ထွက်ကျလာခဲ့သည်။

"ဟင်. . အမှားက ရတနာတွေကို ဒီသစ်နက်ရုပ်တုလေးထဲမှာ ထည့်ထားတာကိုး. . "

ရှင်နှောင်းရော. . ကောင်းမြတ်ပါ အံ့အားသင့်သွားခဲ့ရသည်။ မိမိတို့၏ လက်ထဲ. . . တစ်ချိန်လုံးရှိနေသည့် ရုပ်တုလေးထဲမှာ ရတနာပစ္စည်းတွေထည့်ထားမှန်း အခုမှပဲ သိလိုက်ကြရလေတော့သည်။

"ဒါ. . ငါ့ရဲ့အတွင်းပစ္စည်းတွေပဲ၊ စင်စင်ကြယ်ကြယ်နဲ့ ရှာထားခဲ့တာ၊ အရင်းအနှီးတစ်ခုပဲပေါ့. . ကဲ. . ကဲ ပြန်ပြီးထည့်လိုက်. . "

ကောင်းမြတ်က သစ်နက်လေး၏ ဝမ်းဗိုက်ထဲကို ရတနာပစ္စည်းများ ပြန်ပြီးတော့ ထည့်လိုက်သည်။

ရသေ့ရာပိုင်သည် သစ်နက်ကလေး၏ ဝမ်းဗိုက်ထဲမှ ထွက်ကျလာခဲ့သည့် အဖိုးတန်ရတနာပစ္စည်းများကို တွေ့လိုက်ရသော်လည်း စိတ်လှုပ်ရှားမှု မရှိ တပ်မက်မှုမရှိတော့ပေ။



"ကိုယ်လိုချင်လို့ လောဘရမ္မက်တက်ပြီး တစ်ချိန်လုံးရှာဖွေနေခဲ့တဲ့ပစ္စည်းက ကိုယ့်လက်ထဲကိုရောက်လာခဲ့ပေမယ့်လည်း ရတနာတွေမှန်း မသိခဲ့ဘူး၊ ကိုယ်နဲ့မထိုက်လို့ကိုယ်မရခဲ့တာ၊ ဒါပေမဲ့. . သူတစ်ပါးရဲ့ပစ္စည်းကို မတော်လောဘနဲ့ တပ်မက်ခဲ့တဲ့အတွက် သူရူးကြီးဘဝကို ရောက်ခဲ့ရသေး၊ လူတစ်ယောက်ရဲ့အသက်ကိုလည်း သတ်မိခဲ့ရတယ်၊ အရေးကျင့်ကြံအားထုတ်ပြီး ကောင်းမှုကုသိုလ်တွေပဲ လုပ်တော့မယ်ဆိုစိတ်ပိုင်းဖြတ်ထားပေမယ့် အဲ့ဒီ အပြစ်ကြီးက ခေါင်းထဲကထွက်လို့မရခဲ့ဘူး. . "

ထိုအခါ. . ရသေ့မကြီး ဒေါ်မင်းစိန်က ရသေ့ရာပိုင်၏ မျက်နှာကို အေးဆေးစွာဖြင့် ကြည့်လိုက်ပြီး. .

"ရှင်ရသေ့က အပြစ်ကျူးလွန်ပြီးမှားခဲ့တာ မှန်ပေမယ့် အဲ့ဒီလူဟာ သေကံမရောက် သက်မပျောက်ခဲ့ပါဘူး၊ အသက်ရှင်လျက်ပါ. . ဒါကြောင့်မို့ တရားဘာဝနာအလုပ်ကို အေးအေးဆေးဆေးလုပ်လို့ရပါပြီ. . "

"ဟင်. . တကယ်လား. . အဟုတ်လား"

ရသေ့ရာပိုင်အံ့အားသင့်သွားခဲ့ရသည်။ ရသေ့မကြီးဒေါ်မင်းစိန်က တည်ကြည်သောအမူဖြင့် ခေါင်းညိတ်လိုက်ပြီး-

"ကြောင့်ကျစရာတွေကို ခေါင်းထဲမှာ ထည့်မထားနဲ့တော့. . ရှင်ရသေ့ရဲ့ တရားအလုပ်ကိုသာ စိတ်အေးချမ်းသာစွာနဲ့ လုပ်ပါ. . "

ဟု အေးဆေးစွာပြောလိုက်လေရာ ရသေ့ရာပိုင်သည် မိမိထက်. . အသက်အရွယ်ကြီးသော ဝါကြီးသော ရသေ့မကြီး ဒေါ်မင်းစိန်၏ တရားရင့်ကျက်မှုကို လေးစားမိသွားသောအား

www.burmeseclassic.com

www.burmeseclassic.com

မြန်း ၊ အမိအရာထားကာ ဦးချကန်တော့လိုက်လေတော့သည်။

"သာဓု . . သာဓု . . သာဓု"

ရသေ့မကြီး ဒေါ်မင်းစိန်က တည်ငြိမ်အေးဆေးစွာဖြင့် သာဓုခေါ် လိုက်လေတော့သည်။

"ကဲ . . သားနဲ့သမီးတို့ကသည်း ယောဒီ . . နေက်လေးနဲ့ အတူ ပြန်ကြပေတော့ . . သစ်နက်သတ္တဝါတွေဟာ သိပ်ပြီး နူးညံ့သိမ်မွေ့ကြတဲ့သူတွေပါ သူတို့ရဲ့ သားရေကိုတောင် သူတော်စင်တွေက အခင်းဖြူလုပ်ပြီး တရားထိုင်တတ်ကြတယ် သူကိုဆောင်ထားရင် ကောင်းကျိုးချမ်းသာအမြောက်အမြားရှိကြပါ လိမ့်မယ်၊ စိတ်ထားဖြူစင်ကြသူတွေအတွက် မည်သည့် ဘေးအန္တရာယ်မှ မသက်ရောက်စေရပဲ ကာကွယ်စောင့်ရှောက် ခံရမှုတွေ ရရှိကြပါလိမ့်မယ် . ."

"ဟုတ်ကဲ့ပါ အမွှား သမီးတို့ . . ဒါကိုယူပြီး တောင်ပေါ် ကပြန်ဆင်းကြပါတော့မယ် . ."

ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည် ရသေ့မကြီး ဒေါ်မင်းစိန်ကို ဦးချကာ ကန်တော့ကြသည်။

"သာဓု . . သာဓု . . သာဓု"

သာဓုခေါ်ပြီးအဆုံးမှာ ထူးခြားမှုတစ်ခုက ချက်ချင်း ထိုလို ဖြစ်ပေါ် လာခဲ့လေသည်။ ယင်းကား . . တော်လဲတောင်ကြီး တစ်ခုလုံး သိမ့်သိမ့်တုန်သွားခဲ့သောကြောင့်ပင်တည်း။

➤ ➤ ➤



(၂၈)

## သံယောဇဉ်အသစ်နဲ့ကြင်နာမယ်

တော်လဲတောင်ကြီးသည် တဟီးဟီးဖြင့် မြည်ကာ သိမ့်သိမ့်တုန်သွားခဲ့သည်။ ကျောက်တုံးကျောက်ခဲများသည်လည်း တောင်ပေါ် မှ ကျောက်ကမ်းပါးကြီးထဲကို တဝုန်းဝုန်းဖြင့် ထိုးကျ သွားခဲ့ကြလေသည်။

"ဝေါ . . ဝေါ . . ဝေါ . ."

"ဝုန်း . . ဝုန်း . . ဝုန်း"

တောင်ပေါ် မှာ တရားရှင်ကြဲအားထုတ်နေကြသူများ ကတော့ . . ကြောက်လန့်ကြ ပိုဝိုင်၏ အသံကိုဆက်ပြီးတော့ လန့်နေကြသည်။ တည်ငြိမ်နေကြသည်။ သစ်ပင်ကြီးများသည်လည်း ယိမ်းထိုးချင်းရိုက်ခတ်ကာ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြလေသည်။

ကောင်းမြတ်၊ ရှင်နှောင်းနှင့် ရသေ့ရာပိုင်တို့သည် ရုတ်တရက်ဖြစ်ပေါ် လာသည့် အခြေအနေကို သတိထား လိုက်ကြသော်လည်း ရသေ့မကြီး ဒေါ်မင်းစိန်ကတော့

www.burmeseclassic.com



ဤမြေမပျက်ပါ။

"မသူတော်တွေ လမ်းတွေ့သွားကြပြီ.. ဤမြေမပျက်နေကြပါ.."

ရသေ့မကြီး ဒေါ်မင်းစိန်က သတိပေးလိုက်လေသည်။

တော်လဲတောင်ကြီးဆီမှ ဆက်တိုက်ဟီးသံများကို အနီးအနားရှိ ရွာများဖြစ်ကြသော တော်လဲရွာ၊ သီလရွာ၊ တစ်ပင်တိုင်ရွာ၊ တို့အပြင်.. အတော်ခပ်ဝေးဝေးမှာရှိသည့် ရွာများပင်လျှင် ကြားလိုက်ကြရသည်။ သို့သော်.. ထိုသူများသည် တော်လဲတောင်ပေါ်မှာ ဖြစ်ပျက်နေသည်များကို မသိကြရပါ။

ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည် စိတ်လှုပ်ရှားနေကြသည်။ သစ်နက်ကြီးကတော့ ဘယ်ပျောက်သွားမှန်းမသိတော့။

တစ်ခဏကြာမြင့်သက်သွားပြီးသည့်နောက် တောင်ပေါ်ကို လူတစ်စုက တက်လာခဲ့ကြလေသည်။ ထိုသူတို့ကား မုဆိုးမှန်တိုင်းခေါင်းဆောင်သော မုဆိုးလေးယောက်ပင်တည်း။ သူတို့သည် ကောင်းမြတ်တို့တက်လာခဲ့ကြသော လမ်းမှ မဟုတ်ပဲ အခြားသော လမ်းတစ်လမ်းမှ တက်လာခဲ့ကြခြင်းပင်ဖြစ်သည်။

သူတို့အားလုံး.. မောဟိုက်နေကြသည်။ ခဏ်ရာတွေ ရထားကြသည်။ တောလုံးက ဗိုက်မှခဏ်ရာကို တစ်ဘက်မြင့် ရစ်ပတ်ထားလေသည်။

တကယ်တော့ သူတို့သည် ကောင်းမြတ်တို့ တော်လဲတောင်ပေါ်ဆီကို တက်သွားခဲ့ကြသည်ကို အဝေးမှ ထပ်ချပ်မကွာလိုက်လာရင်း မြင်လိုက်ကြရသည်။ သို့သော်.. တော်လဲ



တောင်ခြေသို့ ရောက်ကြသောအခါ.. ကောင်းမြတ်တို့ တက်သွားသော လမ်းသည် ပျောက်ကွယ်သွားခဲ့လေသည်။ သူတို့ရှာဖွေကြသော်လည်း မမြင်ကြရတော့ပါ။

"ဒီကောင်တွေ.. တော်လဲတောင်ပေါ်ကို တက်သွားခဲ့ကြတာ အားလုံးမြင်လိုက်ကြရတယ် မဟုတ်လား၊ အကြောင်းတော့ရှိကြလိမ့်မယ်.. ငါတို့ တက်လိုက်ကြမယ်"

"ဟာ.. ဆရာမှန်တိုင်း မတက်ပါနဲ့တော့ဗျာ.. ကျွန်တော်တို့အားလုံး ပင်ပန်းနေကြပြီ၊ ပြီးတော့ ဒဏ်ရာတွေလည်း ရထားတယ်လေ.."

"ဟေ့ကောင်.. ငတိုး မင်းယောက်ျား မဟုတ်လားဒါ.. သေလောက်တဲ့ဒဏ်ရာ မဟုတ်ဘူးကွ၊ ဒီတောင်ပေါ်မှာ ထူးခြားမှု တစ်ခုခုတော့ရှိနေပြီ၊ ကံကောင်းရင်.. ငါတို့ ရတနာသိုက်နဲ့ တိုးကောင်းတိုးနိုင်တယ်ကွ၊ လာ.. လမ်းရှာပြီးတော့ တက်ကြမယ်.. ပြီးတော့ ဟိုကောင်မလေးကိုလည်း မင်းတို့အတွက်.. ရထားပြီးသားပါကွ.. ဟဲ.. ဟဲ"

မှန်တိုင်းက မက်လုံးပေးလိုက်ရာ အားလုံးက စိတ်ဝင်စားသွားခဲ့ကြပြီး ငမိုက်သားတစ်စုက ပြေပြစ်မည်ထင်သော လမ်းတစ်ခုမှနေ၍ ခရာခဲဆစ်တက်လာခဲ့ကြခြင်းပင်ဖြစ်သည်။

တောင်တစ်ဝက်အရောက်တွင် တော်လဲသံကြီး မြည်ဟီးလာပြီး တစ်တောင်လုံးသွက်သွက်ခါသွားခဲ့သည်။ ကျောက်တုံးကျောက်ခဲများသည်လည်း လိမ့်ကျလာခဲ့ကြလေရာ ရင်တမမနှင့် ရှိခဲ့ကြရသေးသည်။ အခြေအနေကို မသုံးသပ်မိကြပါ၊ ဘာကြောင့်လည်းဆိုတာ မသိကြပါ။

"နိုးထိုးနေတဲ့ တောင်မှမဟုတ်တာ၊ နောက်ဆုံးမှာတော့

www.burmeseclassic.com

www.burmeseclassic.com



ငါတို့အပေါ်ကို ရောက်လာခဲ့ရပြီ မဟုတ်လား. . ဟား. . ဟား. . ဟား"

ငှိုက်သားတစ်စုသည် တောင်ပေါ်ကို ရောက်လာခဲ့ရလေပြီတည်း. .

"ဘယ်သူမှ တက်ခွင့်မရှိတဲ့ တောင်ပေါ်ကို ငါတို့ ရောက်လာခဲ့ပြီ ဟိုနှစ်ကောင်ကို ရှာကြစမ်း. ."

တော်လဲတောင်ပေါ်ကိုရောက်ကြသောအခါ မည်သည့် ရသေ့၊ ယောဂီကိုမှ မတွေ့ရတော့ပေ၊ အားလုံးရှင်းလင်းလျက် ရှိကြသည်။

သို့သော်. .

ရသေ့မကြီး ဒေါ်မင်းစိန်၊ ကောင်းမြတ်၊ ရှင်နှောင်းနှင့် ရသေ့အသစ်ရှာပိုင်တို့ကိုတော့ ကျောင်းတော်မှရှပ်မှားတော်ကြီး၏ရှေ့တော်မှောက်မှာ တွေ့လိုက်ကြရသည်၊ မှဆိုးလေးယောက်က သူတို့ကို တွေ့သွားခဲ့ကြလေသည်။

"ဟိုမှာကွ၊ ဟိုကောင်မလေးနဲ့ ဟိုကောင်း ရသေ့နှစ်ဦးက. . ဘယ်သူတွေလဲ. ."

အားလုံးသည် သူတို့ဆီကို လျှောက်လာကြသူများကို တည်ငြိမ်အေးဆေးသောအကြည့်များဖြင့် ကြည့်နေကြသည်။ မှန်တိုင်းသည် ရသေ့မကြီး ဒေါ်မင်းစိန်ကို သေသေချာချာ ကြည့်သည်။ ထို့နောက်. . တဖြည်းဖြည်းနှင့် ပြုံးဖြီးဖြီးဖြစ်လာခဲ့ရပြီး. .

"ဘယ်သူများလဲလို့ လက်စသတ်တော့. . ခင်ဗျားကြီးကိုး သေပြီဆိုပြီးတော့ သတင်းလွှင့်ထားခဲ့တာ. . လက်စသတ်တော့. . ဒီမှာ သူတော်ကောင်းလာလုပ်နေတာကိုး"



ထိုအခါ ရသေ့ရှာပိုင်က. .

"မှန်တိုင်း၊ သူတော်ကောင်းတစ်ယောက်ကို ဒီလိုမပစ်မှားပါနဲ့၊ ခံကျသင့်လိမ့်မယ်. . ဒီနေရာက မြန်မြန်ထွက်သွားကြပါ"

ရသေ့ရှာပိုင်ကိုလည်း မှန်တိုင်းက အကဲခတ်ပြီး စေ့စပ်စွာ ကြည့်မိလိုက်လေရာ. .

"အလို. . ဟို. . အရှုံကြီးရှာပိုင်၊ လက်စသတ်တော့ သူလည်း သူတော်ကောင်းအခေါ်ခံပြီး ဒီမှာလာခိုလှုံနေတာကိုး ဘဲ့ရောဗျာ. . ဘဲ့ရော. . ဟား ဟား ဟား ဟား"

ဟက်ပက်စွာရယ်မောနေပြီးမှ ရုတ်တရက်အရယ်ကို ရပ်လိုက်ပြီး မျက်လုံးတွေက သံသေတ္တာလေးကို မြင်သွားခဲ့လေသည်။

"အဲဒီ သေတ္တာလေးက ဘာလဲ၊ ပြောနေတာကြာတယ်၊ ဟေ့ကောင် ငမိုး. . မင်းသွားယူစမ်း၊ ဇလက တောင်မလေးကို ဆွဲခေါ်လာခဲ့. . ငါကတော့. ."

မှန်တိုင်းသည် ဇလ၏လက်ထဲမှ ဓါးကြီးကို ဆွဲယူလိုက်ပြီး. . သူ့အကြည့်က ရသေ့မကြီး ဒေါ်မင်းစိန်၊ ကောင်းမြတ်နှင့် ရသေ့ရှာပိုင်ဆီကို ရောက်သွားခဲ့လေသည်၊ ကောက်ကျစ်ယုတ်မာသည့်အကြံပင်တည်း၊ ကောင်းမြတ်နှင့် ရှင်နှောင်းတို့သည်. . လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်၊ ရှင်နှောင်းက ဓါးရှိုတို ကိုင်ပြီး ဓါးအိမ်ထဲမှ ထုတ်တော့မည်အပြု. .

"သမီး. . အတ္တသိုလ်မဖြစ်စေနဲ့၊ ဒီတောင်ပေါ်မှာ အတ္တသိုလ်အလုပ်. . လုပ်လို့မရဘူး"

ရသေ့မကြီး ဒေါ်မင်းစိန်က သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့. . အကုသိုလ်အလုပ်ကို ဆက်ပြီး လုပ်ကြရင် ဘေးတွေ့ကြလိမ့်မယ်၊ တောင်ပေါ်က အချိန်မီ ပြန်ဆင်းကြပါ"

ထိုစဉ်. .

ယောဂီကြီး ဦးကံစီနှင့် ဦးဘိုမောင်တို့သည်လည်း မမျှော်လင့်ပဲ ရောက်လာခဲ့ကြပြီး. .

"ဟုတ်တယ် မုန်တိုင်း၊ အကျိုးမထင်တဲ့ မင်းတို့ရဲ့ ရန်ငြိုးတွေကို မေတ္တာတရားနဲ့ ငြိမ်းသတ်လိုက်ပါ. . ငါ့စကားကို နားမထောင်ရင် မင်းတို့ ဘေးတွေ့ကြတော့မယ်. ."

"မင်းတို့ တောင်ပေါ်က မြန်မြန်ဆင်းသွားကြ. ."

မုန်တိုင်းက အသံလာရာဆီကို လှည့်ကြည့်လိုက်ရာ-

"ခင်ဗျားတို့. . ခင်ဗျားတို့က. ဟင်. . သူကြီး ဦးကံစီနဲ့ ဆေးဆရာကြီး ဦးဘိုမောင်၊ ဒီလိုဘဝမျိုးကို အားလုံးရောက်ကုန်ကြပြီလား၊ ဟုတ်လား. . ဟင်၊ ဘယ်လိုဖြစ်ကုန်ကြပြီလဲ၊ ဇောင်းနီရွာတစ်ရွာလုံးကို ရွာလုံးကျွတ်မွေခဲ့တဲ့ ဒီမိန်းမကြီးကြောင့်. . လူတွေဒုက္ခရောက်ခဲ့ရတယ်၊ မိသားစုတွေ သေကွဲကွဲခဲ့ရတယ်၊ ခင်ဗျားတို့က ဒါကို. . ဥပေက္ခာပြုပြီး ငြိမ်နေကြသလား၊ ဒီနေရာမှာ တစ်စုတည်းရှိနေကြပြီး. . သဘောထားတူညီနေကြတာ. . ဘာသဘောလဲ၊ အလိုတူ အလိုပါတွေလား ဟင်. ."

မုန်တိုင်းသည် ဒေါသတကြီးဖြင့် ဓါးကြီးကို တရမ်းရမ်းရှိနေလေရာ. . ယောဂီကြီး ဦးဘိုမောင်က တည်ငြိမ်အေးဆေးစွာဖြင့်. .

"ရသေ့မကြီး ဒေါ်မင်းစိန်မှာ ဘာအပြစ်မှ မရှိဘူး၊ သူဟာ လူကောင်းတစ်ယောက်ပါ၊ အကျည်းတန်တာနဲ့ စုန်းလို့ ယိုးစွပ်ခံရတာ လူတွေရဲ့ အယူသည်းမှုပဲ၊ မပြည့်ဝမှုပဲ၊ မင်း. . သူတော်ကောင်းကို တောက်လျှောက်ပစ်မှားလာခဲ့ပြီ မုန်တိုင်း"



"မလိုချင်ဘူးဗျာ၊ ကျုပ်သိတာကတော့ ဒီမိန်းမကြီးဟာ ရွာလူမကြီး၊ စုန်းမကြီး၊ ကျုပ်လက်နဲ့ သတ်ရမှာကို ကြေနပ်နိုင်မယ်. . ကိုင်း. ."

မုန်တိုင်းသည် ရူးသွပ်သွားသလို ရသေ့မကြီး ဒေါ်မင်းစိန်တို့ဆီကို ပြေးသွားမည်ပြုရာ မမျှော်လင့်ပဲ သစ်နက်ကြီးက လွှားကနဲဆို ခုန်ဝင်လာပြီး မုန်တိုင်း၏ အပြုအမူကို ကြားမှ တားဆီးထားလိုက်သည်။

"ဟင်. . ဒီမကောင်းဆိုးရွားကောင်ကြီးကလည်း ဒီကို ရောက်နေတာကိုး၊ ရှုပ်ပါတယ်ကွာ. . သင်းကို စပြီး ရှင်းပစ်ရမယ်၊ ဟောကောင်တွေ. . ဘာရပ်ကြည့်နေတာလဲကွ"

မုန်တိုင်းက သတိပေးလိုက်သည်နှင့် သူတို့တစ်တွေလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။ မုန်တိုင်းနှင့်အတူ ပြေးဝင်သွားခဲ့ကြရာတွင် ထူးခြားသော အဖြစ်အပျက်များက ဖြစ်ပေါ်လာခဲ့ရလေသည်။ လေးယောက်စလုံး နေရာမှ မရွေ့လျားနိုင်ကြတော့ချေ။ ထိုစဉ် လေပြင်းကျလာခဲ့သည်။ နားထဲမှာ တဝီဝီနှင့် အသံများကို ကြားလာခဲ့ကြရသည်။

ကျန်လူများ၏ ကိုယ်ပေါ်မှ အဝတ်များသည် တည်ငြိမ်လျက်ရှိကြသော်လည်း မုဆိုးလေးယောက်၏ ကိုယ်မှအဝတ်အစားများက တဖျတ်ဖျတ်နှင့် လှုပ်ခါလျက်ရှိနေကြသည်။

လူကိုယ်တိုင်လည်း ယိမ်းထိုးလျက်ရှိကြသည်။

"ဟင်. . ငါတို့ရဲ့ ခြေလက်တွေ လှုပ်ရှားလို့ မရတော့ပါလား. ."

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါတစ်ခုပမာ အကြောအချဉ်တွေ ဆိုင်းသွားခဲ့ကြသည်။ လေပြင်းက အဆက်မပြတ်တိုက်ခတ်လာခဲ့လေရာ. . သစ်ပင်ကြီးတွေကလည်း ယိမ်းထိုးလျက်ရှိကြသည်။ ဖုန်တွေကလည်း တသောသော ထလျက်ရှိကြလေသည်။

ထိုစဉ်. . မုန်တိုင်း၏ နားထဲမှာ အသံတစ်သံကို ကြားလိုက်ရသည်။

"မုန်တိုင်း. . မုန်တိုင်း လာခဲ့"

"ဟင်. . ငါ့ကို ခေါ်လိုက်တဲ့ အသံပါလား".

"မုန်တိုင်း၊ လာခဲ့. . ဒီကိုလာခဲ့. ."

အသံကိုထပ်ကာ ထပ်ကာ ကြားနေရသည်။ တောင်အောက်မှလာသော အသံကို သူတစ်ဦးတည်းသာ ကြားနေရသည်။ သူ့စိတ်ကို မထိန်းနိုင်ပဲဖြစ်လာခဲ့ရသည်။

"လာပြီ. . လာပြီ"

ဖုန်တသောသောကြားထဲမှာ မုန်တိုင်းပြေးထွက်သွားခဲ့သည်။

"ဟာ. . ဆရာ မုန်တိုင်းရဲ့နောက်ကို လိုက်ကြမယ်ဟေ့"

မုဆိုးသုံးယောက်လည်း မုန်တိုင်း၏ နောက်က ပြေးလိုက်သွားခဲ့ကြသည်။ ဖုန်လုံးကြီးတွေကြားထဲမှာ လေးယောက်စလုံးပျောက်ကွယ်သွားခဲ့ကြလေသည်။ ချောက်ကြီးထဲမှ အော်သံက ထွက်ပေါ်မလာတော့. .

➤ ➤ ➤



မကြာမီ. .

မုန်တိုင်းလည်း ပြန်ပြီးတော့ ငြိမ်သက်သွားခဲ့သည်။ ယခင်အတိုင်း အေးအေးဆေးဆေး ပြန်ဖြစ်သွားခဲ့သည်။

"ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ်ပြုခဲ့တဲ့ ကောင်းကျိုးမကောင်းကျိုးဆိုတာ အကုသိုလ်ကံ၊ ကုသိုလ်ကံအဖြစ်နဲ့ ကိုယ်ပဲပြန်ပြီးစံစားကြရမှာပဲ. . ကဲ. . ကဲ ဒီတောင်ကြီးပေါ်မှာ ကြာကြာမနေကြနဲ့. . ပြန်ကြပေဦးတော့"

ရသေ့မကြီး ဒေါ်မင်းစိန်က စိတ်မကောင်းစရာကိစ္စများကို တရားနှင့်သာ ဖြေသိမ့်မိလိုက်သည်။ ရှင်နှောင်းသည် မိမိတို့ကို နှင်ဓနမှန်းသိလိုက်သည်နှင့် မျက်ရည်တွေတွေ စီးကျလာကာ. . အဖွားဖြစ်သူကို ကန်တော့လိုက်လေသည်။ ကောင်းမြတ်ကလည်း ကန်တော့သည်။

"အဖွားကို သမီး ကန်တော့ပါတယ်၊ နှုတ်ဆက်ပါတယ်၊ အဖွားဆီကို နောက်ဘယ်တော့မှ မလာတော့ပါဘူး. . ဒုက္ခလည်း မပေးတော့ပါဘူး. . ဟင်. . ဟင့်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ ၃၁ ဘုံမှာ ကျင်လည်နေကြတဲ့သူမှန်သမျှ. . တွေ့ကြုံဆုံကွဲ. . အားလုံး ဓမ္မတာချည်းပဲ မဟုတ်လားကွယ်၊ သမီးလည်း ကိုယ့်ဘဝရှေ့ရေးကို. . ကိုယ်တိုင်ဖန်တီးလို့ရပါပြီ. . အဖွားကိုလည်း သံသရာက လွတ်မြောက်ကြောင်းအတွက် တရားရှာမှီးဖို့ ခွင့်ပြုပါလို့. . မေတ္တာရပ်ခံချင်တာပါကွယ်. ."

ရသေ့မကြီး ဒေါ်မင်းစိန်က ရှင်နှောင်း၏ခေါင်းကို ကိုင်ပြီး ပြောလိုက်လေသည်။ အသံကတော့ မသိမသာ တုန်ရင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ရှင်နှောင်းရယ်၊ အဖွားကို လွတ်လပ်စွာတရားရှုမှတ် ခွင့်ပြုလိုက်ပါ၊ သံယောဇဉ်ပြတ်မှသာ ဒီအလုပ်ကိုစိတ်အေးချမ်းသာစွာနဲ့ လုပ်လို့ရမှာမဟုတ်လား. ."

ကောင်းမြတ်ကလည်း ရှင်နှောင်းကို ဖျောင်းဖျလိုက်သည်။

"ဟုတ်ပါတယ်လေ၊ ရှင်နှောင်းနားလည်ပါပြီ၊ သမီးတို့အတွက် စိတ်ချပါ အဖွား၊ အဖွားသာ ဒီတော်လဲတောင်ကြီးပေါ်မှာ စိတ်အေးချမ်းသာစွာနဲ့ တရားအားထုတ်ရင်း နေရစ်ခဲ့ပါတော့. ."

ရှိုက်သံမပျောက်သေးသော ရှင်နှောင်း၊ နှစ်ဦးအတူ ရသေ့မကြီး ဒေါ်မင်းစိန်ကို ကန်တော့ကြသည်၊ ရသေ့ရာပိုင် ယောဂီ ဦးကံစီနှင့် ဦးဘိုမောင်တို့ကိုလည်း ကန်တော့ကြအညီး ဆုပေးကြသည်။

"ကဲ. . ငနက်ကြီး၊ နင်. . သူတို့ကို ပြန်လိုက်ပို့၊ နင်လည်း ငါ့ဆီကို နောက်ထပ်မလာခဲ့နဲ့တော့. . ကြားလား၊ အေးလေ၊ လာမှာလည်းမဟုတ်ပါဘူး. . နင့်အကြောင်းနဲ့နင်ရှိနေပြီကိုး. ."

ရသေ့မကြီး ဒေါ်မင်းစိန်က သွယ်ဝိုက်သော စကားတို့ဆိုသည်၊ အဓိပ္ပါယ်ရှိသည်၊ ငနက်ကြီးသည် ရသေ့မကြီး ဒေါ်မင်းစိန်၏အနားကို တိုးကပ်သွားကာ ရင်ခွင်ထဲတိုးဝင်သည်။

ခေါင်းနှင့်ကိုယ်နှင့် ပွတ်တိုက်သည်၊ သစ်နက်ကြီး၏ ရှုလက်သော မျက်လုံးမှ မျက်ရည်များက တွေတွေစီးကျလာခဲ့သည်၊ ထို့နောက်. . ရသေ့မကြီး ဒေါ်မင်းစိန်၏ရှေ့မှာ ဝပ်ချလိုက်လေ၏။ ကန်တော့သည့်အသွင်မျိုးဖြစ်ဟန်တူပါသည်။





ရသေ့မကြီး ဒေါ်မင်းစိန်သည် ကိုယ်ကို လှောင်အိမ်ဆင်းတုတော်ကြီး၏ဘက်ကို လှည့်လိုက်သည်၊ အာရုံကိုကျောပေးလိုက်သည်၊ မျက်လွှာကိုချကာ တရားမှတ်နေလေသည်။

"ကဲ. . သားနဲ့ သမီးတို့ကို တောင်အောက်ပြန်ပို့ပေးမယ်၊ ရသေ့မကြီးကို အနှောင့်အယှက်မပေးကြပါနဲ့တော့ကွယ်"

ဦးကံစီက သတိပေးလိုက်သည်။ ငနက်ကြီးသည် သံသေတ္တာကို ကွင်းမှ ကိုက်ချီလိုက်ကာ ထိုနေရာမှ လှည့်ထွက်လိုက်သည်။ ထွက်သွက်လက်လက် မဟုတ်တော့၊ ခြေလှမ်းတွေက လေးပင်နေအည်။

ထို့နောက်. .

ရသေ့မကြီးဒေါ်မင်းစိန်ကို အဝေးရောက်မှ တစ်ချက်လှည့်ကြည့်မိလိုက်သေးသည်၊ ရသေ့မကြီးကတော့ သူတို့ကိုလှည့်မကြည့်တော့ပါ၊ ယောဂီကြီးနှစ်ဦးကတော့ သစ်နက်ကြီး၏နောက်မှလိုက်သွားခဲ့ကြသည်။ သူတို့နောက်က ကောင်းမြတ်နှင့်ရှင်နှောင်း၊ ရသေ့ရာပိုင်က. . တောင်ထိပ်အဆင်းနားအထိလိုက်ပို့သည်။

"ကဲ. . သွားကြပေတော့ကွယ်၊ ငါလည်း. . မိတ်ဆွေတွေကို တရားရေနဲ့ တိုက်ချွတ်ဆေးကြောရဦးမယ်၊ ကံများနဲ့ရင်ပြန်ဆုံကြသေးတာပေါ့၊ မင်းတို့နှစ်ယောက်အိမ်ထောင်ကြသည်အထိ ပေါင်းနိုင်ကြပါစေ. ."

ရသေ့ရာပိုင်၏ ဆုပေးစကားကြောင့် ရှင်နှောင်း၏ မျက်နှာလေးက ပန်းနုရောင်ပြောင်းသွားခဲ့သော်လည်း ကောင်းမြတ်က . .

www.burmeseclassic.com

www.burmeseclassic.com



"မေးတဲ့ဆုနဲ့ ပြည့်ရပါစေ. ."

ထိုအခါ. . ရှင်နှောင်းက ကောင်းမြတ်ကို မျက်စောင်းလေးထိုးလိုက်လေတော့၏။

တော်လဲတောင်ပေါ်မှ အဆင်းလမ်းသည် အတက်လမ်းအတိုင်းပင်ဖြစ်၏။ တောင်တစ်ဝက်သို့ရောက်ကာနီးမှာ တောင်ထိပ်ရှိ မဟာအတုလစေတီတော်ဆီက ဆည်းလည်းသံတချွင်ချွင်ကို ကြည်နူးဖွယ်ရာ ကြားလိုက်ကြရသည်။

ကောင်းမြတ်စဉ်းစားမိသည်။ မုဆိုးလေးယောက်တို့၏ကံကြမ္မာသည် မည်သို့အဆုံးသတ်သွားခဲ့ကြလေသလဲဟု သူတော်ကောင်းတွေ သီးခြားစုပြီးနေကြသော တော်လဲတောင်ကြီးကို မည်သူမှ မတက်ကြ၊ မသွားကြသော်လည်း ယခု ထူးခြားစွာပင် သူတို့က ရောက်ခဲ့ကြသည့်အကြောင်းကို သီလရှင်ဘလူကြီးများ သိခဲ့ကြလျှင်. . မည်သို့ဝေဖန်ကြမည်နည်း။

တောင်အတက်သည် ကြာသယောင်ထင်မိသော်လည်း တောင်အဆင်းခရီးသည် အောက်ကိုတစ်ခဏလေးနှင့် ရောက်လာခဲ့သည်ဟု အံ့အားသင့်ဖွယ်ရာ သိလိုက်ရသည်။

ထိုစဉ်. .

သစ်နက်ကြီးသည် တစ်ချက်လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။ မျက်လုံးအစုံသည် ခပ်လှမ်းလှမ်းရှိ ချုံဆီကို ရောက်သွားခဲ့သည်။ ကျောလျားရှည်သော သဏ္ဌာန်ကြီးတစ်ခုကို ခပ်ပါးပါးတွေ့လိုက်ရလေသည်။

"ဟင်. . ဟိုချုံကွယ်မှာ ဘာပါလိမ့်. ."

ကောင်းမြတ်က လက်ညိုးထိုးပြီး ပြောလိုက်သည်။



ချက်ချင်းလိုလိုပင် ထိုသဏ္ဌာန်က ချုံကွယ်မှထွက်လာခဲ့သည်။

သစ်နက်ကြီးတစ်ကောင်. .

သစ်နက်မကြီးပင်တည်း။

နက်ကြီးသည် သစ်နက်မကို မြင်လိုက်ရသောအခါ ပို၍ ဂနာမငြိမ်တော့ပင်ဖြစ်နေသည်။

"သစ်နက်မ တစ်ကောင်ပါလား ကိုကောင်းမြတ်. ."

"ဟုတ်တယ် ရှင်နှောင်း၊ ဒါ. . နက်ကြီးရဲ့အဖော်ပဲ၊ လက်စသတ်တော့ နက်ကြီးဟာ ကြင်ဖော်ကိုရှာတွေ့ထားခဲ့ပြီကိုး၊ သစ်နက်မဟာ နက်ကြီးကို ဒီမှာလာစောင့်နေတာပဲ"

"နက်ကြီးလည်း လောကီဘုံ သားပဲကွယ်၊ ကာမဂုဏ်ဝဲဩဃထဲက ဘယ်လွတ်နိုင်မလဲ၊ ဒီက လူသတ်ယောကျ်ားတွေကို တွယ်ငြိပြီး နှစ်တာရှည်စွာ လိုက်ရှာနေရင်းက သူ့ရဲ့ဘဝသံယောဇဉ်ကိုလည်း တစ်ဖက်က ရှာတွေ့ခဲ့တာကိုး. ."

ယောဂီ ဦးကံစီက ပြောလိုက်လေသည်။

"ကဲ. . ငါတို့လည်း တောထဲကို ပြန်သွားတော့မယ်၊ အကျွတ်တရားရတဲ့သူတွေ တွေ့လာခဲ့ရင်လည်း တော်လဲတောင်ကြီးပေါ်ကို ခေါ်သွားပြီး ရသေ့ပဲ ဝတ်ဝတ်၊ ယောဂီပဲဝတ်ဝတ်၊ တရားကျသိလ်၊ မမှုကျသိလ်ရှာကြရတာ. . ငါတို့ရဲ့အလုပ်ပဲပေါ့ကွယ်၊ ကဲ. . ဦးကံစီ. . ကျုပ်တို့ တာဝန်ကုန်ပါပြီ. . သွားကြစို့ရဲ့. ."

ယောဂီကြီးနှစ်ဦးတို့သည် ကောင်းမြတ်နှင့် ရှင်နှောင်းတို့ကို နှုတ်ဆက်ပြီး တောနက်တွင်းတစ်နေရာဆီကို ထွက်သွားခဲ့ကြလေသည်။

နှစ်ယောက်စလုံး မြင်ကွင်းထဲမှ ပျောက်ကွယ်သွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်အထိ ကြည့်နေမိကြသည်။

ထိုစဉ်. .

နေကြီးသည် ကိုက်ထားသော သံသေတ္တာကို ခြေမှာချလိုက်သည်။ ကောင်းမြတ်နှင့် ရှင်နှောင်းတို့ကို သူ၏ ခေါင်းဖြင့်. . ကိုယ်လုံးဖြင့် ပွတ်သပ်သည်။ အတန်ကြာသည် မခွာသေး။

"ကဲ. . ကဲ နေကြီးရယ်၊ နှင့်အဖော်က စောင့်နေပြီ၊ နင်သွားမယ့်ကိစ္စရှိနေတာ. . သွားပါတော့. . "

ရှင်နှောင်းက သတိပေးလိုက်သည်။ နေကြီးသည် သူတို့အနားမှနောက်ဆုတ်၊ နောက်ဆုတ်နှင့် ထွက်သွားခဲ့သည်။ သစ်နက်မသည် သစ်နက်ကြီးကို ဖွဲ့ကောင်းစွာဖြင့် စောင့်နေလျက် သစ်နက်နှစ်ကောင်အတူတူယှဉ်မိသွားသည်။

လွန်စွာမှ ကြည့်ကောင်းလှသော သစ်နက်မောင်နှံပင် ဖြစ်သည်။ ကျနေခြည်အောက်မှာ မဟူရာအရောင်အသွေးများ ကတောက်ပြောင်လျက်ရှိနေကြသည်။ သစ်နက်ကြီးနှစ်ကောင်၏မျက်လုံးတွေက စူးလက်တောက်ပြောင်နေကြသည်။ ကောင်းမြတ်နှင့် ရှင်နှောင်းတို့ကို အတန်ကြာစွာ ကြည့်နေကြပြီးသည့်နောက်. . တောနက်ထဲကို တူယှဉ်ကာ ပြေးဝင်သွားခဲ့ကြလေသည်။ ရှင်နှောင်းသည် သက်ပြင်းဝေ့ဝေ့တစ်ချက်ချမိလိုက်သည်။

"တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဦးပြီးတစ်ဦး. . သံယောဇဉ်တွေ ဖြတ်သွားခဲ့ကြပြီ၊ ရှင်နှောင်းကို သူတို့ထားခဲ့ကြပြီ. . "

"အားမငယ်ပါနဲ့ ရှင်နှောင်းရယ်၊ ရှင်နှောင်းရဲ့အနားမှာ





ကိုယ်ရှိပါသေးတယ်၊ ဒီသံယောဇဉ်က ဘယ်တော့မှ မပြတ်ဘဲ တစ်သက်လုံးစောင့်ရှောက်သွားမှာပါ၊ လာ. . ကိုယ်တို့သွားကြပါစို့. . "

ရှင်နှောင်းက ကောင်းမြတ်၏ ပခုံးပေါ် ခေါင်းတင်ကာ ကိုယ်ကိုလည်း မှီနွဲ့လိုက်သည်။ လျှို့ဝှက်ဂူလိုဏ်ဆီကို တစ်လှမ်းချင်း လျှောက်သွားကြသည်။ ကောင်းမြတ်၏ လက်ထဲမှာ သံသေတ္တာလေးကို ကိုင်ထားသည်။

ထိုစဉ်. .

"ချလွင်. . ချလွင်. . ချလွင်. . ချလွင်"

တော်လဲတောင်ကြီးပေါ်မှ ဆွဲလွဲသံလွင်လွင်က ထွက်ပေါ်လာခဲ့လေရာ. . ခြေလှမ်းတွေ ရပ်သွားခဲ့ကြသည်။ နှစ်ဦးသား၏ မျက်နှာများက တောင်ကြီးပေါ်ကို မော့ကြည့်လိုက်ကြလေသတည်း။ ။

*ကြိုးစားပါ ဦးမည်။*

*မင်းခက္ခ*

<u>မှီငြမ်းစာ</u>

ဖုတ်ပြိတ္တာများနှင့် ကမ္ဘဝါစာအလွမ်း (တက္ကသိုလ်သျှင်သီရိ)
သစ်နက်ရေ ( ဦးအောင်ထွန်းမြတ် (နက္ခတ္တ) )
စာရေးသူ၏ အတွေ့တွေ့ဗဟုသုတ
မြင်စရာ၊ သင်ဆရာ၊ ကြားဆရာများအား ရိုသေစွာ ကန်တော့ပါ၏။



www.burmeseclassic.com